www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ဝိုပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်။

# လရောင်ကျူးရင့်

# ခွင့်ပြုပါ
# ခွင့်လွှတ်ပါ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၂၂၆၀၂၀၉

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၂၉၁၀၃၀၉

အကြိမ် – ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊ မေလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀/–

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ – ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

လရောင်ကျူးရင့်

ခွင့်ပြုပါ ခွင့်လွှတ်ပါ / လရောင်ကျူးရင့်။ – ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၀၉။

၂၈၃ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) ခွင့်ပြုပါ ခွင့်လွှတ်ပါ




## အခန်း (၁)

သေနတ်တစ်လက်၊ စုတ်တံတစ်ဖက်နှင့် လူတစ်ယောက်။ တောင်ပတ်လမ်းအတိုင်း ပြေးတက်ကျော်ဖြတ်လာခဲ့ပြီးမှ မျက်ဝန်းထောင့်မှာ ဖျတ်ခနဲငြိသွား၏။

ပြေးနေသည့်ခြေလှမ်းတွေလည်း ရပ်သွားခဲ့သည်။ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ မြင်ကွင်းက ကွယ်သွားပြီဖြစ်၏။ လွှမ်း မကျေနပ်ပါ။

ချက်ချင်း နောက်ပြန်လှည့်သည်။ ထိုနေရာသို့ပြန်ရောက်တော့ ထိုသူသည် သေနတ်ရှည်ကြီးတစ်လက်ကို ပဝါတစ်စနှင့် သေချာတိုက်ချွတ်နေလျက်ပဲရှိသည်။

သစ်မြစ်ဆုံကြီးတစ်ခုထက်မှာ လူကထိုင်လျက်၊ မိခင်တစ်ယောက် ကလေးနို့တိုက်သလို သေနတ်ကို တယုတယပွတ်သပ်တိုက်ချွတ်နေ၏။

သူ့ရှေ့ ဆယ်ပေကျော်ကျော်လောက်မှာ ဒေါက်တင်ထားသည့် ဆွဲလက်စပန်းချီကားတစ်ချပ်ရှိနေသည်။ ထိုနောက်မှာတော့ မြူခြေဆိုင်းလျက် မှုန်ဝါးဝါးမြင်နေရသော မန္တလေးမြို့နှင့်ဝန်းကျင်အလှအပတွေပဲ ဖြစ်၏။

သို့သော် ပန်းချီကားထဲမှာတော့ လွှမ်းမောဖွယ်ရာရှုခင်းပသာဒ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှမပါဘဲ စွင့်ကားလန်းဆန်းနေလျက်နှင့် ကျိုးကျလုလုဖြစ်နေသော ပန်းတစ်ပွင့်၏ပုံပဲရှိသည်။

ရှုခင်းရယ်၊ ပန်းချီကားထဲကပုံရယ်၊ ပြီးတော့ သေနတ်နှင့် စုတ်တံကို ဘယ်လိုသဘောထားပြီးကိုင်တွယ်နေမှန်းမသိသည့်လူရယ်...၊

လွှမ်း ၏စိတ်ဝင်စားမှု ကိုယ့်ကိုယ်ကိုပင် မေ့လျော့သွားခဲ့သည်အထိ။

ပန်းချီကားကို အနက်ရောင်မကျတကျခဲလျက် ငွားငွားစွင့်စွင့်ကြီးနှင့် ကျိုးကျနေသောပန်းပွင့်က အနီရင့်ရောင်၊ ပန်းအိုးလေးရှိပေမယ့် မပီပြင်ပါ။ အပင်ရယ်၊ အကိုင်းအခက်တွေရယ် ရှုန်းစိုလန်းဆန်းနေပုံကိုတော့ ပီပြင်အောင်ဆွဲထား၏။

ဒီပုံကိုမြင်လိုက်တာနှင့် ကြွေချိန်မတန်ဘဲ ကြွေလွင့်သွားခဲ့ရှာသည့် တစ်စုံတစ်ယောက်ကို ရည်ညွှန်းလိုက်မှန်းလည်း သိသာစေသည်။ ဒီလူကြီးက ဘာလဲ၊ စုတ်တံနဲ့သေနတ်ကို ရောသမမွှေချင်တာလား။

အကွယ်မှာရပ်နေရင်းကနေ ရှေ့ကို နည်းနည်းထပ်တိုးမိသည်။ သုံးချိုးတစ်ချိုးမြင်နေရသည့် လူ၏မျက်နှာကျပုံက လေးထောင့်မကျတကျ။ လှိုင်းတွန့်ဆိုတာထက် ပိုချင်နေသော ဆံပင်ခပ်အုပ်အုပ်က သိသာစွာကောက်တွန့်နေ၏။

ဂျင်းဘောင်းဘီအပြာနှင့် မိုးခိုးရောင် လောင်းကုတ်ကြီးကိုဝတ်ထားသည်။ မျက်နှာကို သေချာမမြင်ရသည်မို့ ရှေ့ကို ထပ်တိုးမိပြန်သည်။

ထိုအခါ ခြေထောက်က အမာခံထင်ပြီး အားပြုတက်လိုက်ကာမှ မြေစိုင်ခဲက ပဲ့ကြွေကျသွားသဖြင့် ကံကောင်းလို့ ခြေခေါက်မလဲခဲ့တာဖြစ်သည်။

လွှမ်း ကိုယ့်ခြေထောက်ကိုယ် ပြန်ငုံ့ကြည့်ပြီး မျက်နှာမော့လိုက်လျှင်...

"အမယ်လေး"





နှစ်လုံးပြူးပြောင်းရှည်သေနတ်ကြီးက လွှမ်းဝဲဘက်ရင်အုံမှာ တံည့်ဘည့်ချိန်ထား၏။ လူက ထိုင်နေရာမှ မထသေး နှစ်လုံးပြူးသေနတ်မောင်းကိုဖြုတ်ချလိုက်ဖို့ ကွေးတင်ထားသည့်လက်က အ သဲ ယား ခရာပင်။

ချိန်ထားတာက ဝဲဘက်ရင်အုံမှာ တံည့်တည့်။

"ခိုးချောင်ခိုးဝှက်နဲ့ ဘာလာချောင်းတာလဲ"

"ဘယ်မှာချောင်းလို့လဲ၊ ကြည့်တာ"

"မကြည့်နဲ့၊ ငါ ပန်းချီဆွဲတာ လူတွေကြည့်ဖို့မဟုတ်ဘူး"

"ပန်းချီကို မကြည့်ပါဘူး၊ ခင်ဗျားကိုကြည့်နေတာ"

BURMESE CLASSIC .com

ထိုသူ့မျက်နှာ ဝင်းခနဲဖြစ်သွားသည်။ ချိန်ထားသည့်သေနတ်အထက်မှာ ပေါ်နေသည့်မျက်ဝန်းတစ်စုံ၏ စူးရဲမှုက အရောင်တွေ ထွက်နေသလိုပင်။

ပိုသေချာသွားတာက ဤလူ တကယ်ချောပါသည်။ ခပ်စောင်းစောင်းကြည့်တုန်းက ထင်ခဲ့သလို မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေရှိနေနိုင်သည့် အချက်လည်း လွဲခဲ့၏။

ဝင်းပန့်ပန့်မျက်နှာမှာ နှမြောတ်လျက် ထူထဲလွန်းသည့် မျက်ခုံးနှစ်ဖက်ကလည်း အကြည့်ရမဆိုးပေ။ ကုတ်ခြင်း၊ ကော့ခြင်း မဖြစ်ဘဲ နှာတံထိပ်ဖျားမှာ ထိဆက်လုလု ညို့နေသည်။

လွှမ်း က သေချာအနုစိတ်ကြည့်မိလိုက်ပြီးမှ ပါးချိုင့်ကလေးတွေပေါ်အောင် ပြုံးလိုက်ပြီး ခေါင်းညိတ်၏။

"တကယ်ချောတယ်၊ ဒါနဲ့ ခင်ဗျား ဒီမြို့ကလား၊ ဧည့်သည်လား"

"ဟိတ် မင်းထွက်သွားစမ်း"

မေးဖျားအောက်ထိ ပင့်တင်၍ချိန်ထားသောသေနတ်ကို မျက်နှာပေါ်လာသည်အထိ နိမ့်ချလိုက်ပြီး ခေါက်ဆတ်ဆတ်လှမ်းကော်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လိုလူမျိုးနဲ့ မတွေ့ရအောင် ဝေးဝေးနေတာတောင်မှ ... တောက်"

သေနတ်နှင့်စုတ်တံတစ်ဖက်ကိုင်လျက် ထရပ်လိုက်သည်။ လွှမ်းက ဘယ်လိုလူစားမျိုးကိုမှ ကြောက်သွေးပါမလာခဲ့သူဖြစ်သည်။ နေရာမှ ဆတ်ခနဲ ထရပ်ကာ လက်လေးပိုက်၍ ...

လောကကြီးမှာ လူသူမရှိတဲ့နေရာဆိုတာ ရှိမလား၊ ကိုယ်နေချင်တဲ့နေရာမှ နေပါ၊ လူမမြင်ချင်ရင် မမြင်စေချင်တဲ့လူက မမြင်ရတဲ့နေရာမှာ နေပြီး သူများတကာကို မလာရဘူး၊ မသွားရဘူး အမိန့်ပေးရအောင် ခင်ဗျားက ဘာလဲ"

"မင်း ..."

ကိုသူ ဒေါသဖြစ်သွားပုံက မျက်ဝန်းတွေ ကျဉ်းမြောင်းစူးရဲသွားလိုက်၊ နှုတ်ခမ်းသားတွေမှာ အရောင်ရင့်သွား၏။ သေချာကြည့်နေပြီးမှ လွှမ်းက ပခုံးလေးတွန့်ပြလိုက်ပြီး နောက်ဆုတ်သည်၊ ဒေါသတွေပဲပေးတော့လည်း ရတာကိုယူသွားပြီး နှုတ်ဆက်ဖို့ ...

"အဟွန်း... တကယ်ပြောတာနော်၊ ခင်ဗျား တကယ်ချောတာ၊ ဘိုင်"

လက်လေးတစ်ဖက်မြှောက်ပြကာ လှစ်ခနဲပြေးထွက်ခဲ့၏။

တော်တော်ထူးဆန်းပါလား။ လောကနှင့်ချိုးပြီးပြောရလျှင် ချောတယ်ပြောလို့ စိတ်ဆိုးဒေါပွသွားတဲ့လူမျိုး လောကမှာ ဘယ်နှစ်ယောက်လောက်ရှိနိုင်မလဲ။





## အခန်း (၂)

"သမီးက ခက်နဲ့လိုက်နေရမယ်" လို့ပြောလိုက်တော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ ဘွားကတော့ မျက်မှောင်ကြုတ်လျက် ဟိုဘက်လှည့်နေသည်။ အစကတည်းက မြေးချွေးမဖြစ်သူကို ဘွားက ကြည့်မရခဲ့တာဖြစ်သည်။

"မင့်သမီး ဖြစ်ပါ့မလား သက်ရာ၊ တော်ကြာ ဟိုမှာ ကူဖော်လောင်ဖက်မရဘဲ ဒုက္ခပေးသလိုဖြစ်နေမှဖြင့် ..."

"အလိုတော် ကူဖော်လောင်ဖက်လို အောက်သက်ကျေနေအောင် ကျုပ်မြေးက အိမ်မှာရော ဘာတွေများ မိုင်းကောင်းကျောက်ဖိ လုပ်နေရလို့လဲ။ စကားကိုကြည့်ပြော ရွှေခိုင်၊ 'သမီးယောက်မ အတုအပ' တဲ့။ ကိုယ်ကနိမ့်ရင် အနင်းခံရမယ်၊ မြင့်နေရင် ဆွဲချဖို့ကြိုးစားလိမ့်မယ်၊ ဒါ သဘာဝ၊ လင်ယူလို့ ကိုယ်ဝန်ရတဲ့ကိစ္စ ဘာမှမဆန်းဘူး၊ ကလေးတစ်ယောက်မွေးဖို့ကို မင်းတို့ခေတ်ကျမှ ငို့ကာချဲ့နေကြတာ"

ဦးရွှေခိုင် ပါးစပ်ပိတ်သွားကာ ဇနီးဖြစ်သူကို မသိမသာလှမ်းကြည့်သည်။ ဒေါ်သက်မြစ် က ပြုံးလိုက်ပြီး ...

"ဒီလိုပါ မေမေရယ်၊ ခက် က နှလုံးအားနည်းတဲ့ရောဂါ ရှိတယ်၊ သူ့မိဘတွေ၊ ဆရာဝန်တွေ၊ ကလေးမယူသင့်ဘူးလို့ ပြောနေကြတဲ့ကြားက သားနဲ့ အိမ်ထောင်ရေးမှာ သာယာစိုပြည်ချင်လို့ သူ့ခများ ရင်နဲ့ရင်းထားခဲ့ရရှာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြဆက်က ဆတ်ခနဲလှည့်ကြည့်သည်။

"ဒီမိန်းမတိုင်း ရင်းနှီးကြရတာပဲ၊ ရောဂါရှိတဲ့လူမှ အာအာနည်မိန်းမ ဖြစ်ရတာလား။ ဟွန်း... ကျုပ်က အဘွားကြီးပီပီသသ နေရာတကာ မပါချင်လို့ မသိသလို မမြင်သလိုနေတာနော်၊ ညည်းချွေးမနဲ့ ခမည်းခမက်တွေ ဒီကလေးကို မလိုချင်လို့ ပြူးပြူးပျာပျာတွေဖြစ်ကုန်ကြတာ မသိတာ မှတ်လို့၊ ဘယ်လိုမှ တားဆီးမရတော့လို့ အရှုံခံလိုက်ရတာ၊ ဒါကိုများ ..."

"မေမေရယ် ခက် ကြားသွားပါ့မယ်"

ဒေါ်မြဆက် က ကလေးဆန်ချင်နေသည့်မျက်စောင်းတစ်ချက်နှင့် ဟိုဘက်လှည့်သွားကာ ...

"ကြားမှာစိုးရင် ညည်းတို့လဲ ကျုပ် လက်မခံနိုင်တဲ့ ထော်လော်ကန့်လန့်တွေ မပြောကြနဲ့၊ ကြားရင် ပြောရမှာပဲ၊ ကလေး လွယ်လိုက်ရပြီဆိုမှ 'အကာန်း ရေတွင်းကျ'စကားပြောနေတာ ညည်းတို့ပဲ ကျေးဇူးတွေတင်နေ"

ဒေါ်မြဆက် ဆိုသောနာမည် ပြင်ဦးလွင်မြို့မှာ ကျော်ကြားနေခဲ့တာဟာ မာနကြီးလွန်းလို့ပဲဖြစ်သည်။ ဒါပေမယ့် မောက်မာတာမျိုးတော့ မဟုတ်ပါ။ သူမ ငယ်ငယ်က သူမ မွေးပြီးသည်နှင့် ဖခင် ဆုံးသွားခဲ့သည်။

လူကြီးမိဘတွေက ဒေါ်မြဆက် ကို စနေသမီးမို့ ခိုက်သည်၊ ဘာညာနှင့် အစွဲအလမ်းဖြစ်ခဲ့ကြသည်။ ထို့ကြောင့် မိသားစုထဲမှာ မျက်နှာငယ်စွာနှင့် ကြီးပြင်းခဲ့ရတာဖြစ်သည်။

မှုန်ကုပ်ကုပ် မာကျောကျောနေတတ်ခြင်းက ထိုကတည်းက စခဲ့သည်။ နောက်ဘဝကျမှ ဘာပဲဖြစ်ဖြစ်၊ ဒေါ်မြဆက် မိဘတွေကိုတောင် ခပ်တန်းတန်းတည်တည်ပဲနေခဲ့၏။

သူမ၏နာမည် 'နှင်းမြဆက်'ကနေ 'နှင်း'တစ်လုံးပြုတ်သွားခဲ့သဖြင့် 'မြဆက်'ပဲဖြစ်နေရခြင်းအကြောင်းကို အရွယ်လေးရောက်လာတော့ သိခဲ့ရသည်။





လူ့သဘာဝအတိုင်း မရတာကိုမှ ပိုလိုချင်တာမျိုး။ 'နှင်းမြဆက်'ဆိုသည့်နာမည် နွဲ့နွဲ့လှလှလေးကို သူမ နှမြောဘသစွာဖြစ်ခဲ့ရင်း မိဘတွေကိုပါ မကြည်မလင် မြင်လာခဲ့သည်။

ထို့ကြောင့် မိုက်မိုက်ကန်းကန်း ဆုံးဖြတ်ပစ်လိုက်တာက မိဘတွေ ဘယ်လိုမှမထင်မှတ်သည့်အချိန်မှာပဲ အသက်ငယ်ငယ်နှင့် လက်ထပ်ပစ်လိုက်ခြင်းဖြစ်၏။ အသက်ကသာငယ်သည်၊ မာနက မိုးထိအောင်တင်ထားခဲ့တာမို့ မိဘတွေချမ်းသာကြွယ်ဝကြတာကိုလည်း အားကိုးစိတ် မရှိ။

နုနုငယ်ငယ်အရွယ်လေးဆိုပြီး ယောက္ခမ၊ ယောက်မ ဆရာလုပ်လာတာကိုလည်း သူမက မခံပေ။ အသက်ရှစ်နှစ်ပိုကြီးခဲ့သော ခင်ပွန်းဖြစ်သူကိုယ်တိုင်က ဘယ်လိုမှ အထင်အမြင်မသေးနိုင်တော့အောင် ဒေါ်မြဆက်က တော်သည်၊ ထက်လည်းထက်သည်။

ဘယ်လောက်မှမကြာလိုက်ဘဲ နှစ်ဖက်မိဘနှင့် စီးပွားရေးမှာ နင်လားငါလား ဖြစ်လာလောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

ထို့ကြောင့် ဒေါ်မြဆက် ဒီနေ့ထိ မာနကို လက်တစ်လုံးမှမချခဲ့ပေ။ စိတ်ဆတ်၍ အပြောဆိုးတာကျတော့ အားနည်းချက်တစ်ခုပါပဲ။ သူမမှာ 'သက်မြစ်' ဆိုသည့် သမီးလေးတစ်ယောက်ပဲမွေးသည်၊ သက်မြစ်က တော့ 'နေအရောင်' နှင့် 'မြရောင်လွှမ်း' မောင်နှမနှစ်ယောက်တို့၏ မိခင်ဖြစ်လာခဲ့၏။

မြေးနှစ်ယောက်ကို သူမ သည်းသည်းလှုပ်ချစ်သည်။ ဒါပေမယ့် 'နေအရောင်'၏အိမ်ထောင်ဖက်ကို ဒေါ်သက်မြစ် တို့က သူမတို့စိတ်ကြိုက်ရွေးခဲ့လိုက်ခြင်းမှစ၍ မိဘနှစ်ပါးကိုရော နေအရောင် ကိုပါ ခပ်စိန်းစိန်းနေခဲ့တာ ဒီနေ့ထိပင်။ မင်္ဂလာကိစ္စ တိုင်ပင်ကတည်းက ...

"တမာခက် ဆိုတဲ့ ကောင်မလေးက ရောဂါသည်လေးဆို၊ ဘာဖြစ်လို့ သဘောတူနေရတာလဲ၊ အိမ်ထောင်တစ်ခုက တည်ပြီးပြီဆိုရင် တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လပ်၊ တစ်လင်ကွာလဲ မကောင်းဘူး၊ မုဆိုးဖို မုဆိုးမ ဖြစ်ရတာရော ကောင်းလား၊ တစ်ယောက်ပြီးတစ်ယောက်နဲ့ လက်ထပ်တာ ရှက်စရာ ကောင်းသလို တစ်ပင်လဲတစ်ပင်ထူတာလဲ မတတ်သာလို့ ဆုံးဖြတ်ရတာမျိုးပဲ ကောင်းတာ၊ ကိုယ့်သား မုဆိုးဖိုဖြစ်ကျန်ခဲ့မှာကို သိရက်နဲ့ ဘာတွေ မက်ပြီး သဘောတူနေရတာလဲ"

"မက်တာမဟုတ်ပါဘူး မေမေရယ်၊ ခက် က ရောဂါသည်လဲမဟုတ်ပါဘူး၊ ငယ်ငယ်က နှလုံးသွေးအားနည်းဖြစ်ပြီး ခဏခဏ ဖျားဖူးတာရှိလို့ သူ့မိဘတွေက စိုးရိမ်တာ၊ အခု ဘာမှမဖြစ်တော့ဘူး"

ဒေါ်သက်မြစံ က ဖွတ်စီစဉ်ပစ်သည်။ သူမကို မိဘလို သဘောမထားဘူး၊ ဂရုမစိုက်ဘူးဆိုသည့်ပုဒ်မနှင့် ဒေါ်မြဆက် က ခပ်ကင်းကင်းပဲ နေခဲ့တော့၏။

ထို့ပြင် ခက် ၏မျက်နှာမှာ မိတ်ကပ်ရောင်စုံတွေ အချိန်ပြည့်ရှိနေတာကိုလည်း သူ မကြိုက်ပေ။

သူမ အကြိုက်၊ သူမနှင့် သင့်တင့်သူက လွှမ်း တစ်ယောက်ပဲကျန်၏။ လွှမ်း ကိုထိပါးသည်ဟုထင်လာသောကြောင့် ဒီပြဿနာ စခဲ့ရခြင်း ဖြစ်သည်။

ဦးရွှေခိုင် ကတော့ သူ့ဘက်ကကြည့်တော့ ယောက္ခမဖြစ်နေသည်မို့ ဘာမှပြန်မပြောပါ။ ဒေါ်သက်မြစံ ကတော့ နည်းနည်းအတွန့်တက်ဖို့ အခွင့် အရေးရှိနေသဖြင့် ..."

ဘာပဲဖြစ်ဖြစ်ပေါ့ မေမေရယ်၊ ခက် က သားအပေါ်မှာ ချစ်ကြောက် ရှိသေရှာပါတယ်၊ ဒီကလေးကို အစက မလိုချင်တာမျိုးဖြစ်ခဲ့ဖူးရင်တောင် ကိုယ့်အသက်ထက်တော့ ဘယ်သူက ပိုပြီးတန်ဖိုးထားနိုင်မှာလဲ၊ ဒါကို ခက် တို့က နားလည်ပေးရမှာပေါ့၊ အခုက နှစ်ယောက်စလုံး စီးပွား တစ်ဖက်၊ ကိုယ်နွဲ့ကမရှိနဲ့ မအားလပ်ကြဘူး၊ ကိုယ်ဝန်က ရင့်နေပြီလေ၊ သူ့





မိဘတွေက အပေးမှာဆိုတော့ ..."

"အိမ်မှာခေါ်ထားပေါ့အေ၊ မီးဖွားပြီးမှ ကိုယ့်အိမ်ကိုယ်ပြန်နေလဲ ရတာပဲ"

မဖြစ်နိုင်တာကို ဒေါ်မြဆက် ကပြောသဖြင့် ဒေါ်မြသက်စံ မျက်နှာ မကောင်းနိုင်တော့ပေ။ ဟိုဘက်ကလည်း တမာခက် က တစ်ဦးတည်း သောသမီး၊ ဒီဘက်မှာလည်း မောင်နှမနှစ်ယောက် ဆိုပေမယ့် ဒေါ်မြဆက် က 'ကိုယ့်မှာလည်း မြေးလေးတစ်ယောက်ပဲရှိတာ' ဟု ကပ်သပ် ပြော၏။ ထို့ကြောင့် တကယ်တမ်းလက်ထပ်ပြီးလို့ သူ့ဘက် ကိုယ့်ဘက် ဘယ် မှာနေမလဲဖြစ်လာတော့...

ဘယ်မှာမှမနေစေတော့ဘဲ နှစ်ဖက်မိဘက တင့်တင့်တယ်တယ် ထု ထောင်ပေးခြင်းဖြင့် နှစ်ယောက်တည်းကို ခွဲထုတ်ပေးလိုက်ရသည်။ ဒါ တောင်မှ ခက် တို့မိဘတွေ ရန်ကုန်ကိုပြောင်းသွားကြတော့ ခက် က ဒီ ဘက်မှာ ကျန်နေခဲ့သလိုဖြစ်သွားသဖြင့် သမီးဖြစ်သူကို အားမလိုအားမရ ကြိတ်ဆူသွားခဲ့သေးသည်ဟု သိခဲ့ရ၏။

နှစ်ဖက်သဘောတူလို့ပေးစားခဲ့တာမှန်သော်လည်း မိဘတို့ရင်ထဲမှာ ကိုယ့်သားသမီးကို ကိုယ့်အရိပ်ထဲမှာပဲ ထားချင်ကြသည်မို့ မကျေလည်မှု လေးတွေတော့ ရှိခဲ့ကြ၏။

ဒါကို အိမ်မှာနေပါလားလို့ ဘယ်လိုသွားပြေ့ရမလဲ။

လူကြီးတွေ အမီပွားယ်ထဲမှာ ဘာသဘောတွေပဲဖြစ်နေနေ လွှမ်း ကတော့ 'နေအရောင်'တို့နဲ့ သွားနေရမည့်လမ်းကြောင်း ပျက်သွားမှာ စိုးရိမ်နေလျက် ...

"ဘွားနဲ့မေမေကလဲ ဖြစ်စရာမရှိ သားအမိချင်း ပြန့်ဖြစ်နေရသယ်၊ မမ ခက် က ကိုကိုနဲ့လက်ထပ်ထားတာပဲ၊ သူ့မိဘတွေနဲ့လဲ လိုက်သွားတာ မဟုတ်ဘူး၊ ဟိုအိမ်မှာပဲနေနေ၊ ဒီမှာနေနေ နီးတာက လွှမ်း တို့နဲ့ပဲ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

"ကဲ... အငယ်လေးတောင် ပြောနေပြီ"

လွှမ်း ဝင်ပြောလိုက်ကာမှ ဒေါ်မြသက်စံ ပြောအားရှိသွားသလို ပြုံးနိုင် ရယ်နိုင်ဖြစ်လာခဲ့၏။ ဒေါ်မြဆက်၏အကြည့်တွေက လွှမ်း ထံသို့ ပြောင်းလဲရောက်ရှိသွားကာ ...

"ဟွန်း... ကောင်းတယ် ညာ်းတို့သားအမိ"

မျက်နှာတင်းတင်းကြီးနှင့် ထို ရာမှထသွားလေသည်။ မြစ် နီရတော့ မယ့်အရွယ်အထိ ဒေါ်မြဆက် က အရွယ်တင်ကျန်းမာနေဆဲဖြစ်သည်။ ထိုင်ထ သွားလာတာ၊ စကားပြောတာက အစ သူမကိုယ်သူမ မြစ်တို့၏ ဘွားဒေါ်ဖြစ်ရတော့မှာကိုတောင် သတိရရဲ့လားမသိ။

ဦးရွှေခိုင် က ဒေါ်မြဆက် ၏ကျောပြင်ကို ပျောက်ကွယ်သွားသည် အထိ ပင့်သက်တစ်ရှိုက်နှင့် လိုက်ကြည့်နေခဲ့သည်၊ ပြီးမှ ဒီဘက်ပြန်လှည့်၍ ...

"မင်းလုပ်မယ်ဆိုလဲ သေချာလုပ်ပါကွာ၊ တော်ကြာ မင်းအမေရဲ့ ဒေါသတွေ ငါ့ဘက်ကို လှည့်လာပဦးမယ်"

"ဒီလိုပဲပြောနေကျ ကိုခိုင်ရယ်၊ မေမေက သူ့မြေးတွေကို ဆူးခြစ်ရာ ထင်တာတောင် မကြိုက်တဲ့ဟာ"

"အေး မကြိုက်ပေမယ့် မင်္ငသားနဲ့ချွေးမကို သူ့စကားနားမထောင်တဲ့ အုပ်စုထဲထည့်ပြီး ငါတို့အားလုံးကိုရော စကားကောင်းကောင်း ပြောတော့ လို့လား"

"အဲဒါထားလိုက်ပါ ဖေဖေရာ"

လွှမ်းက-ပခုံးအောက်ထိ ရှဲ့စင်းကနေသည့် ဆံပင်တွေကို ကျော အောက်သို့ အားလုံး သိမ်းဖယ်ပစ်လိုက်ပြီး ဒေါ်မြသက်စံ ရင်ခွင်ထဲ ဝင် သည်။ ပြီးတော့ ခါးကိုဖက်ထားလိုက်ကာ ...





"မေမေ"

"ဟင်"

လွှမ်း ကိုကိုဆီကို ဘယ်နေ့သွားရမှာလဲ"

"ဒီနေ့ပဲ မေမေက လွှတ်ချင်တာ၊ အဲဒီစိတ်ကူးနဲ့ သန္တာကိုတောင် သမီးငယ်အဝတ်အစားတွေ သေချာထုပ်ထားဖို့ ပြောပြီးပြီ"

"ဒါဆို သွားမယ်လေ၊ ဘွားကို လွှမ်း တစ်ချက်လောက်နမ်းလိုက်ရင် ပြီးပါတယ်"

ဟုတ်မှပြော ဆိုသည့် မျက်လုံးကြီးဝင့်ကာ ဦးရွှေခိုင် က နေရာမှ ထ၏။

"ကိုခိုင် ရှင်ကလဲ ပြောဦးလေ"

ဒေါ်မြသက်စံ က လွှမ်းပခုံးလေးကို ဖက်ထားရင်း မော့ကြည့်မေး၏။ ဦးရွှေခိုင် သည် လှမ်းဆွဲထားရင်တောင် ပြန်လှည့်ကြည့်မှာမဟုတ်တော့ သည့် ခြေလှမ်းများဖြင့် ထွက်သွားရင်း ...

"မင်းတို့သားအမိပဲလုပ်ကြကွာ၊ ငါ တကယ်ကြောက်တာ၊ အပို မပြောဘူး"

ဦးရွှေခိုင်တို့ အဲဒီလောက်ထိ ယောက္ခမကို မိုးသေလေသည်။ မိုး မသေလို့လဲမဖြစ်။ ဒေါ်မြဆက် က ဒေါသဖြစ်ပြီဆို အရင်းအဖျား ရွေးနေ တဲ့သူ မဟုတ်။ ဦးရွှေခိုင် တို့ကလည်း မျိုးရိုးပုဂ္ဂိုလ်မနု နိမ့်ကျတဲ့သူတွေမှ မဟုတ်တာ။

တစ်ဖက်က 'ဒေါင်' ဆိုလျှင် ကိုယ်က ပြန်ပြီး 'ဒင်'လိုက်လို့ရသည်။ သူကိုယ်တိုင်လည်း နားညည်းခဲ့သူဖြစ်ကာ ဒေါ်မြဆက်ကို ဒေါသကြီးကြီး မာမာ က မသေးကွေးလှသော ယောက္ခမအဖြစ် နားလည်စိတ်မွေးထားသူဆို တော့ ဘာဖြစ်ဖြစ် သည်းခံဖို့ချည်းပဲ သူ့ဘက်က ဖြစ်နေသည်။

အစကတည်းက တစ်ချက်မှမော်မကြည့်ခဲ့သူမို့ ခုလည်း သူပဲ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြသက်စံ က ဖွတ်ထထွက်သွားသည့် ဦးရွှေနိုင် ကိုလိုက်ကြည့်၍ မဲ့ရွဲ့ကာ ...

"အဲဒါကိုကြည့် သမီးဖေဖေ့ကို ..."

"ဘာဖြစ်လို့လဲ မေမေ"

"ဘာဖြစ်ရမှာလဲ၊ ရိုးလွန်းတော့ 'အ'၊ သည်းခံလွန်းတော့ ကြောက်တာတဲ့၊ ကိုယ့်မိဘကိုရိုသေနေတာ စိတ်တော့ချမ်းသာပါရဲ့၊ ဘာတစ်ခုမှကို အတိုက်အခံမလုပ်လွန်းလို့ တစ်ခါတစ်ခါ ထုရိုက်ပစ်ချင်တယ်။ သူ့မိဘတောင် သူ အဲဒီလိုကြောက်ခဲ့တာမဟုတ်ဘူး"

လှွမ်း က ဒေါ်မြသက်စံ ပြောနေတာကို ရယ်နေရင်း ပါးကိုလည်းနမ်းကာ ...

"ဟုတ်တယ်၊ ဖေဖေက ဒုရဲအုပ်သင်တန်းတောင်ဆင်းပြီးနေမှဟာ၊ တာဝန်ထမ်းဆောင်ကာနီးကျမှ အကြောင်းတစ်ခုနဲ့နားနေလိုက်ရတာ၊ ကြောက်တတ်ပုံမလား၊ အဲဒါက မေ့ကိုချစ်လို့ ဘွားကိုရိုသေတာပေါ့"

ဒေါ်သက်မြစံ က နှုတ်ခမ်းမဲ့မဲ့ကြီးနှင့် ခေါင်းခါသည်။

"ဒုရဲအုပ်သင်တန်းဆင်းဆိုတာ မေမေဖြင့် မယုံလို့မဖြစ်လို့ ယုံလိုက်ရတာ၊ သမီးအဖေက ကဗျာတွေစပ်နေရမယ်ဆိုရင် ထမင်းမေ့၊ ဟင်းမေ့"

လှွမ်း မျက်လုံးထဲမှာ ပန်းချီဆွဲရင်း သေနတ်တိုက်နေသည့်သဏ္ဌာန်တစ်ခုကို မြင်ယောင်သွားခဲ့သည်။ ဒီလိုလူမျိုးတွေ ဘာဖြစ်လို့ ရှိနေခဲ့တာလဲ၊ ထိုသူတို့၏နှလုံးသားဟာ အနီရောင်ရင့်နေသလား၊ ပန်းနုရောင်လား။

သို့သော် ထိုလူဟာ ဖေဖေ့လို သည်းခံနားလည်စိတ်တွေ ပြည့်သိပ်နေအောင် ထားနိုင်မည့်သူတော့ မဖြစ်နိုင်ပေ။ သူ့မှာရှိတာတွေဒေါသတွေ။





## အခန်း (၃)

"တီ"

နောက်က ကားဟွန်းတီးသံကို ကြားလိုက်သဖြင့် သူ ဘေးကပ်ပေးလိုက်သည်။ သို့သော် ပခုံးပေါ် မှာထမ်းထားသည့် စတီးတန်းနှစ်ချောင်း၏ ဖြန့်ကြက်မှုက မလွတ်နိုင်မှန်းတွေးလိုက်မိ၏။ ထို့ကြောင့် နေရာယွဲ့၍ တိမ်းပေးလိုက်ဖို့ ခေါ်ကူးဖြစ်လိုက်သော်လည်း ..

"ဒုတ်"

"ဟာ"

"ဘုန်း"

ကား၏အလယ်အပေါ် တန်းနှင့် စတီးတန်းချိတ်မိသွားပြီး ထမ်းထားသည့်အထုပ်တစ်ခုလုံးကို တမင်တကာ ဆွဲယူချလိုက်သလို ဗုန်းခနဲပြုတ်ကျသွား၏။

ကားက ရှေ့ကိုလွန်သွားပြီးမှ ဖြည်းဖြည်းပြန်ဆုတ်လာသည်။ မီးခိုးရောင်အမိုးပွင့်ဂျစ်ကားလေးက မိတ်မိတ်လက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကို ပြန်ကောက်ဖို့ စိတ်ကူးမဖြစ်သေးဘဲ ကားနဲ့လူကို စူးစိုက်ကြည့်နေမိတာက စိတ်ဝင်စားလွန်းလို့မဟုတ်ပေ။

ကားပေါ်က မိန်းကလေးကို သူ သိနေသည်၊ ဒါပေမယ့် အဖြူရောင်ကိုင်းနှင့် မျက်မှန်နက်ရှည်ရှည်လေးကို တပ်ထားသဖြင့် သိပ်တော့မသေချာ။

ပြီးတော့ အဖြူရောင်သိုးမွေးဦးထုပ်လေးကို ဆောင်းထားသည်။

လည်ပင်း အစေ့ာ်ဟိုက်သည့် စပို့ရှပ်ပေါ်ကနေ အဖြူရောင် ဂျက်ကက်လက်ရှည်ကို ထပ်ဝတ်ထားသေးသည်။

တစ်ကိုယ်လုံးမှာ အဖြူ အနက်တွေပဲစီးမျောလျက် နှုတ်ခမ်းထူပြည့်ပြည့်လေးတွေမှာလည်း ခရမ်းရင့်ရောင်တင်ထားသဖြင့် အနက်ရောင်ပြေးနေ၏။

ဖြန့်ချထားသည့်ဆံပင်တစ်ခုကပဲ ဖြစ်နိုင်ခြေရှိတာမို့ သူမကို စိုက်ကြည့်နေမိခြင်းမှ မျက်နှာလွှဲလိုက်သည်။ ဘယ်မိန်းကလေးပဲဖြစ်ဖြစ် ဘာလုပ်ဖို့လဲ။

ဖျတ်ခနဲ လွဲချော်သွားသည့်စိတ်ကူးကို ဒေါသမကင်းဖြစ်ရင်း ပြုတ်ကျသွားသောအထုပ်ကိုပဲ ပြန်ငုံ့ကောက်လိုက်မိ၏။

သူ ခါးမတ်မတ်ပြန်ရပ်လိုက်တော့ သူမက သူ့ရှေ့မှာ မတ်တတ်ရပ်လျက် ...

"ခင်ဗျားပစ္စည်းကြောင့် ဒီမှာ ချိုင့်ရာထင်သွားပြီ၊ အဲဒါ ဘယ်လိုလုပ်မလဲ"

ပေါက်ကွဲတော့မယ့် ရှုးသွယ်နေသောမျက်ခုံးနှစ်ဖက်က တစ်ဆစ်ချိုးသွား၏။ သူ့မျက်လုံးထဲမှာ ခြေသလုံးတစ်ဝက်သာသာ ဘောင်းဘီအဖြူကျပ်ကျပ်၊ အော်စကားဖိနပ်နှင့် လှမ်း ကို ဘယ်လိုသတ္တဝါဟု ထင်သွားသည်မသိ။





တစ်စုံတစ်ရာပြောဆိုတော့မလို ပါးစပ်ပြင်ပြီးမှ မျက်နှာလွှဲသည်။ တေးတန်းနှစ်တန်းပူးလျက် နောက်ထပ် ပစ္စည်းတချို့နှင့်ထုပ်ပတ်ထားသည့် သူ့အထုပ်ရှည်ကို ပခုံးပေါ်ပြန်တင်၏။

"ဒီမှာ ..."

လှမ်း က သူ့ရှေ့မှာ ပိတ်ရပ်ပစ်လိုက်၏။

"ခင်ဗျားကိုပြောနေတာ မကြားဘူးလား၊ ဟိုတန်းမှာ ချိုင့်ရာထင်နေတယ်၊ အဲဒါကိုရှင်း"

"မင်းပါးစပ်ကိုပိတ်ပြီး ရှေ့ကဖယ်လိုက်၊ ငါ အပိုစကားတွေ မပြောချင်ဘူး"

"ဘာ... ဘာ..."

လှမ်း ဆတ်ဆတ်ခါ ဖြစ်သွားသည်။ သူက ဂရုမစိုက်စွာ ခြေလှမ်းပြင်၏။

"မရဘူးနော်၊ ခင်ဗျား လမ်းပေါ်မှာ ပစ္စည်းတွေ ဖရိုဖရဲနဲ့ ထင်သလိုသွားနေလို့ ဒီလိုဖြစ်တာ၊ လှမ်း ရဲ့ကားတန်ဖိုး ဘယ်လောက်ရှိသလဲ သိရဲ့လား"

"မသိဘူး၊ စိတ်လဲမဝင်စားဘူး၊ မင်း ဘာဖြစ်လို့ အမှိုက်သိမ်းနိုင်တာတွေပြောပြီး ရစ်နေတာလဲ"

"ခင်ဗျားရုပ်ကြီးက ရစ်ချင်စဖွယ်ဖြစ်နေလို့"

လှမ်း မျက်နှာက စောစောက ရန်လိုမှုတွေ ဖြုတ်ခနဲပျောက်သွား၏။ လက်ပိုက်ပြီး ထိုသူ့မျက်နှာကို သေချာမျက်လွှာပင့်ကြည့်သည်။

"ခင်ဗျား လှမ်းကို မှတ်မိတယ်မဟုတ်လား"

"ငါ့ကိုယ်ငါကလွဲပြီး ဘာမှစိတ်မဝင်စားဘူး"

"ခင်ဗျားကတော့ တော်တော်စိတ်ဝင်စားဖို့ကောင်းတယ်"

လှမ်း ကပြောပြီး ကားပေါ် တက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြောင့် ကား အလယ်ကာန်း ချိုင့်သွားတာနော်၊ ညာပြောတာ မဟုတ်ဘူး။ ဒါပေမယ့် အလျော်တောင်းလဲ လျော်ပေးနိုင်မယ့်ပုံမရှိတော့ မတောင်းတော့ပါဘူး။ ဘိုင်..."

လက်ချောင်းကလေးတွေလှုပ်ခတ်၍ လက်တစ်ဖက်ပြနှုတ်ဆက်ရင်း မောင်းထွက်လာခဲ့သည်။ မျက်ဝန်းတွေကတော့ နောက်ကြည့်မှန်ထဲကနေ သူ့ပုံရိပ်ကို စူးစူးစိုက်စိုက်ကြည့်နေမိဆဲဖြစ်၏။

သူ့ကိုယ်သူ ရုပ်ရှင်မင်းသား မှတ်နေလို့လား ...။





အခန်း (၄)

ကုန်းမြင့်ပေါ် မှာရှိသည့်ခြံဝင်းကို တစ်ချက်ပဲလှမ်းကြည့်ပြီး ခေါင်းငုံ့လျှောက်ခဲ့သဖြင့် ခြံထဲဝင်လာသည့်အထိ နောက်ထပ် မော့မကြည့်ဖြစ်ခဲ့ပေ။

မော့လိုက်မိသည့်အချိန်တွင် သူသည် တိုက်ပုကလေး၏ ပေါ်တီကိုအောက်ကို ဖြတ်သန်းတော့မည်ဖြစ်လေ... တိုအောက်မှာ ခိုပြာရောင်အမိုးဖွင့်ဂျစ်ကားလေး။

သူ့ခြေလှမ်းတွေ တုံ့သွားသည်။ ပေါ်တီကိုကနေမဖြတ်တော့ဘဲ ခြေလှမ်းတို့ကို ခြံ၏နောက်ဘက်သို့ဦးတည်ခဲ့၏။

"ဟား ဟား ဟား"

တိုက်ကလေးက ပြားပြားသေးသေးလေးမို့ အထဲက စကားကျယ်ကျယ်ပြောလျှင် ကြားရ၏။ ဒီလိုရယ်သံမျိုးကျတော့ နားထဲဝင်လာသည်ကဘာ ရှုးခနဲ။

"နေပါ မမခက်ရယ်၊ လွှမ်းက စောင့်ရှောက်ရမယ့်ဟာ ဖယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ နောက်ကျတော့ စောင့်ရှောက်ပါ။ အခု တို့က အိမ်ရှင်ဆိုတော့ တိုင်ခနလို့ဖြစ်မလား။ အဲဒီအိတ်လေးတော့ ပေးနော်"

တိုက်လေးထဲမှာ လွှမ်းနှင့်ခက် ကတော့ သားရေသေတ္တာတစ်လုံးနှင့် လက်ဆွဲအိတ်သေးသေးလေးတစ်လုံးကို သူဆွဲ ကိုယ်ဆွဲဖြစ်နေရင်း အဝေမတည့်နိုင်။

"ဖုန်းသာဆက်ရတာ မောင်က လွှမ်း ကို လွှတ်ပေးမယ်လို့မထင်ဘူး သိလား။ ဘွားက ခွင့်ပြုမှာမဟုတ်ဘူးတဲ့၊ အဲဒါကြောင့် ဟိုတယ်မှာတည်းနေတဲ့ တို့အစ်ကိုဝမ်းကွဲတစ်ယောက်ကို သူကိုယ်တိုင်သွားခေါ်ပြီး ထားပေးခဲ့ တယ်၊ နှစ်ရက်တောင်ရှိပြီ"

"ဩော် မလွှတ်ဘဲနေပါ့မလား မမခက်ရယ်၊ ဘွားကတော့ ဒီလိုပါပဲ၊ ဟိုအရင်ကတည်းက မေမေနဲ့ဖေဖေ ဘာလုပ်လုပ် ဘွားက တစ်ခုခုနဲ့ ကန့်ကွက်တာတဲ့ဘဲ အကျင့်လိုဖြစ်နေတာ၊ စိတ်ကောင်းစေတနာတော့ ရှိပါတယ်"

လွှမ်း က အဘွားဖြစ်သူအကြောင်း ကာကွယ်ပြောတော့ ခက် က ပြုံးနေသည်။ ပြင်ဆင်ထားပြီးသား အခန်းလေးထဲမှာ အဝတ်အစားအိတ်ကို နေရာချထည့်ကြရင်း ခက် က တစ်ယောက်အိပ်ခုတင်လေးမှာ တင်ပါးလွှဲထိုင်လိုက်၏။

"ဘွားကို တို့လဲ နားလည်ပါတယ်၊ အဲဒါကြောင့် မောင်ကလဲ ဒါကိုပြောတော့ လွှမ်းကိုမခေါ်ဖို့ တို့က တားတာ၊ ကိုလေး ပြောင်းလာတဲ့နေ့ပဲ မောင် သွားတာပေါ့"

"အဲဒါ လွှန်တယ် သိလား။ မေမေရော၊ လွှမ်း တို့ရော ကိုကို ဘယ်နေ့သွားမယ်ဆိုတာကို မသိဘူး၊ အခု နှစ်ရက်တောင်ရှိပြီ ကြည့်ပါဦး၊ အိမ်မှာ မမခက် တစ်ယောက်တည်း မပေါ့မပါးကြီးနဲ့"

ဘေးမှာဝင်ထိုင်လိုက်ရင်း လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့





ခက် က လိုလက်ပေါ်ကနေ ထပ်အုပ်ကိုင်ကာ ...

"[illegible]ရင်းခန်းမှာ ကိုလေး ရှိပါတယ် လွှမ်း ရယ်၊ ချက်ပြုတ် လျှော်ဖွပ်တဲ့လူ[illegible] ရှိနေတဲ့ဟာ ဖြစ်ပါတယ်၊ ပြီးတော့ ကိုယ်ဝန်က ခုမှ ခုနစ်လ ကျော်ကျော်ပဲရှိသေးတာ"

"တချို့ဆို ခုနစ်လနဲ့လဲမွေးတာပဲဆို၊ ခုနစ်လနဲ့မွေးရင် ကလေး အသက်ရှင်တယ်တဲ့၊ အဲဒါကို မေမေက ဟဖွဖွပြောနေတာ"

"မေမေလဲ တစ်နေ့ နှစ်ခေါက်လောက်လာပါတယ်"

"ဘာလဲ၊ မမခက် က မေမေတို့၊ လွှမ်း တို့ကူညီတာကို မခံချင်တဲ့ သဘောလား"

လွှမ်း နှုတ်ခမ်းလေးစူတော့ ခက် က လွှမ်းရဲ့မေးဖျားလေးကို ခပ်ဖိဖိ ကိုင်ပြီး ဆွဲလှုပ်ပစ်၏။

"မဟုတ်တာတွေပြောတော့မယ် ယောက်မရယ်၊ တို့က ဘွားနဲ့ မေမေတို့ တို့ကြောင့် အဆင်မပြေဖြစ်ကြမှာစိုးလို့ပါ၊ ပြီးတော့ မွေးဖွားရမယ့်ရက်လဲ မဟုတ်သေးဘူးလေ၊ တကယ်လို့အပ်မှ အရေးတကြီးခေါ်တော့မယ် ဘာဖြစ်ဖြစ် မကြည်ဖြူလို့မရတော့ဘူးလေ"

"မမခက်ရယ် ဘွား ပြောဆိုတာတွေကို စိတ်ထဲမထားပါနဲ့၊ ဘွားက ခရိုနီထိ သူ့သမက်အရင်းခေါက်ခေါက်ကြီးကိုတောင် ခါးထောက် လက်ညှိုးထိုးပြီး ဆူချင်ဆူတာ"

"မောင်က ပြောပါတယ်"

ခက် ၏မျက်နှာပေါ်မှာ မကျေလည်သည့်ရုပ်ထွေးမှုမျိုးတော့ ရှိမနေပါ။ သို့သော် ဘွားကို သေချာမပေါင်းသင်းရသဲနှင့် တော်တော်လေးလန့်နေပုံတော့ရှိသည်။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ကိုယ်လုံးလေးလည်း သွယ်သည်။ ဆံပင်တွေလည်း ခါးအောက်လောက်ထိရှည်သော ခက် သည် သူမ ပြု



www.burmeseclassic.com

www.burmeseclassic.com



တာ၊ သွားလာလှုပ်ရှားပုံလေးကိုက နုနုရွရွရှိသည်၊ သိမ်မွေ့သည်။

ဒါကို ဘွားကတော့ ဤသို့မပြောပါ။

"ဘယ်ရှုထောင့်ကကြည့်ကြည့် ရောဂါသည်ပုံပေါက်နေတဲ့ဟာ ဘာကိုသဘောကျပြီး ရွေးလိုက်ကြတာလဲဟင်၊ ကြည့်စမ်း ပိုးဟပ်ဖြူလေး ကျနေတာပဲ" တဲ့။

လွှမ်း က ခက် အကြောင်းကိုတွေးရင်း မျက်လုံးက ဟိုဒီ ဝေ့ကြည့်ကာ ...

"ဒီအခန်းက အစက အလွတ်ကြီးနော်"

ဟု ပြောရင်း တစ်ခြမ်းကာထားသည့်လေးထောင့်ကွယ် ခန်းဆီးတိုင်တွေဆီ မျက်လုံးရောက်သွားသည်။

"မမခက် ကဟိုဟာကာထားပြီး ဘာဖြစ်လို့ သပ်သပ်အိပ်မှာလဲ၊ ခုတင်ချင်းကပ်ထားလိုက်မပဲလေ၊ လွှမ်း နဲ့ အတူတူအိပ်မှာပေါ့"

ခက် က လွှမ်းကြည့်လိုက်သည့်တစ်ဖက်ကအိပ်ခန်းဆီသို့ လိုက်ကြည့်ပြီး လက်ဝါးလေးကာပြ၏။

"အဲဒါ မဖြစ်ဘူး၊ အဟွန်း တို့က ခဏခဏ ဆီးသွားတော့ ချိုးချိုးချွတ်ချွတ်နဲ့ တစ်ညလုံးပဲ၊ လွှမ်း အိပ်ရေးပျက်မှာ"

"မပျက်ပါဘူး၊ လွှမ်း က အိပ်ရေးလဲဆတ်တယ်၊ ဒါပေမယ့် ခေါင်းချလိုက်တာနဲ့ ပြန်အိပ်ပျော်တာပဲ၊ မမခက်ကို စိတ်မချလို့ လာနေတာဥစ္စာ သပ်သပ်ခွဲမအိပ်ချင်ပါဘူး၊ ခုပဲ ပြန်ရွှေ့မယ် မစ်မှီရေ ..."

ပြောရင်းနှင့် တစ်လက်စတည်း အိမ်ဖော်ကောင်လေးကိုပါ လှမ်းခေါ်လိုက်ကာ ...

"ခဏလာပါဦး၊ ဒါလေးတွေ ရွှေ့ချင်လို့"

ခက် မှာလည်း မလုပ်ပါနဲ့တားနေရင်းပဲကြည့်နေရတော့သည်။ လွှမ်းကို အဲဒါကြောင့်ပဲ သူမ မြင်မြင်ချင်း ချစ်ခဲ့မိတာဖြစ်သည်။ သူ့အစ်ကိုနဲ့





လက်ချင်းတွဲပြီးဝင်သွားကတည်းက လိုလားမျှော်လင့်စွာ ဆီးကြိုသူက လွှမ်းပဲဖြစ်၏။

ဒီနေ့ထိ ယောက်မဆန်ဆန်မျက်လုံးနဲ့လည်းမကြည့်၊ စကားအရာတွေနဲ့လည်း ခွဲခြားဖက်ပြိုင်ခဲ့ခြင်းမရှိပေ၊ အစ်ကိုကိုချစ်သလောက် သူမအပေါ်မှာ အစ်မတစ်ယောက်လို ချွဲတတ်သည်၊ လွတ်လပ်ပေါ့ပါးစွာ နေထိုင်တတ်သလောက် သဘောဖြူသူလေးပါ။

"ကဲ ရပါပြီ၊ တော်ပါတော့ လွှမ်းရယ်၊ ခုပဲရောက်တယ် မွေးတွေလဲ ထွက်ကုန်ပြီ၊ မစ်မှီ ထမင်းပွဲပြင်လိုက်တော့ သွား၊ ညီမလေး ဒီမှာ စိတ်တိုင်းမကျတာရှိရင် ပြန်ပြင်လို့ရတယ်နော်၊ ကြိုက်သလိုလုပ်၊ တို့ ကိုလေးကို ထမင်းစားဖို့ သွားခေါ် လိုက်ဦးမယ်"

ခက် က ပြောလိုက်ပြီး ထိုင်ရာကထတော့ ပူဖောင်းနေသည့် ဗိုက်ကလေးကို လက်တစ်ဖက်နဲ့ အသာလေးထိန်းကိုင်ပြီးမှ ဖြည်းဖြည်းထရသဖြင့် လွှမ်း ကလက်မောင်းလေးကို ဖေးမတွဲ၍ ...

"ဘယ်မှာမို့လို့လဲ၊ မမခက် ထိုင်နေပါ။ လွှမ်း သွားခေါ် လိုက်မယ်"

"လွှမ်း... အဲ... သွားလေ"

လွှမ်း ကတော့ ခက် စကားတွေ ထစ်ငေါ့၍ မျက်နှာတစ်ချက်ပျက်သွားသည်ကို သတိမပြုမိပေ။ ခေါင်းထားသည့်ဦးထုပ်လေးကိုချွတ်၍ နဖူးပေါ်သို့ ပြိုဆင်းလာသည့်ဆံပင်တွေကို မျက်နှာမော့ရင်း ခါထုတ်ဖယ်ရှား၏။

ပြီးတော့ အခန်းဝထိ လျှောက်သွားပြီးမှ ပြန်လှည့်ကြည့်ကာ ...

"မမခက်ရဲ့ ကိုလေးဆိုတာ နာမည် ဘယ်သူတဲ့လဲ"

"ချစ်သောမောင်"

"ဟမ် ..."

လွှမ်း၏ကိုယ်လေး တောင့်ခနဲဖြစ်သွားပြီး ပြန်လှည့်ကြည့်တော့ ခက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးမှာလည်း ပြုံးချင်ပေမယ့် မပြုံးနိုင်ဖြစ်နေရင်း ...

"ဟို.. ဒါပေမယ့် အဲဒီလိုမခေါ် လိုက်နဲ့ သိလား၊ သူကလေ ဆက်ဆံရေး နည်းနည်းကျဲတယ် လွှမ်းရဲ့"

"ဟင်.. နာမည်မခေါ် လို့ လွှမ်းက ဘယ်လိုခေါ် ရမှာလဲ၊ အစ်ကိုကြီး ဦးလေးကြီး ဘကြီး တစ်ခုခုလား"

မေးလိုက်တော့မှ ခက် သဘောကစွာရယ်သည်။ အနားကို လျှောက်လာပြီး လွှမ်းရဲ့ပခုံးလေးကိုဖက်၍ ...

"အဲဒီလောက်လဲ မဟုတ်ဘူးလေ၊ အသက်က သုံးဆယ်တောင်မှ မရှိသေးတဲ့ဟာ၊ တို့က ညီမလေး ပွင့်လင်းတတ်တာကိုသိလို့ပါ၊ တော်ကြာ ကိုလေးက မချေမင်တာ တစ်ခုခုပြောလိုက်ရင် မကျေလည်တာတွေ ဖြစ်ကုန်မှာစိုးတယ်"

လွှမ်း နားလည်သွားသည်။ မမခက် ကိုပြုံးပြပြီး ခေါင်းညိတ်လိုက်၏။

ဒီဘက်ပြန်လှည့်လိုက်တော့ မျက်ခုံးပင့်၍ နှုတ်ခမ်းလေးတွေ မဲ့ကျသွားကာ...

ပြောကြည့်ပါလား မချေမင် ...





## အခန်း (၅)

"ဦးချစ်သောမောင် ဒီမှာ.. ဗျို့ ဦးချစ်သောမောင်"

"ဘာကိစ္စလဲ"

"အမေ့ ..."

တစ်ခြမ်းပွင့်နေသည့်တံခါးရွက်ကနေ အထဲကို ခြေဖျားထောက်အော်လို့ကောင်းနေတုန်း နောက်ကကပ်လျက်ပေါ် လာသည့်အသံနှင့်အတူ လူရိပ်ကို ဖျတ်ခနဲမြင်လိုက်သဖြင့် လွှမ်း အထိတ်တလန့်လှည့်ကြည့်မိ၏။

"ဟင်.. ခင်ဗျား..."

ကိုယ့်မျက်စိကိုပင် မယုံနိုင်။ ညနေခင်းချမ်းမြမြမှာ တောင်ပေါ် လေက မြူးနေသေးသည်။ ထိုသူ့ကိုယ်မှာ စွတ်ကျယ်ချိုင်းပြတ်အဖြူနှင့် ရှမ်းဘောင်းဘီအညိုရောင်ပွပွကြီးပဲရှိသည်။

ရင်အုပ်ကျယ်မှာ ကြမ်းရှသောမွေးညင်းတချို့ကို မြင်နေရ၏။ ပြီးတော့ ကြွက်သားတွေ ဖုထစ်လုံးကြွမနေသော်လည်း ကျစ်လျစ်ပါးလျသောကိုယ်ဟန်က သူမမျက်နှာထက်မှာ မိုးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေက စောစောကလိုမဟုတ်တော့တာမှန်သည်။ ဒါပေမယ့် လွှမ်း ဟာအံ့တသြဖြစ်နေခြင်းသည် ဘယ်လိုမှ မထင်မှတ်သည့်နေရာမှာ လာတွေ့လိုက်ရသောကြောင့်သာ ...

"ခင်ဗျား.. ခင်ဗျားက ချစ်သောမောင်"

သူက ဟုတ်တယ်လည်းမပြော၊ ခေါင်းလည်းမခါဘဲ လွှမ်းမျက်နှာလေးကနေ ခြေဖျားထိ တစ်ပတ်ငေးကြည့်သည်။ ပြီးမှ မျက်နှာလေးထက်မှာ အကြည့်တို့ကို စူးစိုက်၍ ...

"မင်းက နေအရောင် ရဲ့ညီမလား"

"ခင်ဗျားက လွှမ်း ကိုသိတယ်"

သူမချည်းပဲ အံ့သြရခြင်းတွေဖြစ်လျက် သူကတော့ ဝတ်ထားသည့် ရှမ်းဘောင်းဘီပွပွ ခါးစည်းကြိုးပေါ်မှာ ခပ်နွဲ့နွဲ့ ခါးထောက်ရင်း လွှမ်းကို သူခိုးဖမ်းသလိုလို...၊

ရုတ်တရက်မို့ ထိန်းသိမ်းမရလောက်အောင် အံ့သြသွားပေမယ့် လွှမ်း ချက်ချင်း သတိရသည်။

မျက်နှာကို ပြုံးပြုံးပြုံးဖြစ်သွားခဲ့ခြင်းကနေ အမြန်ဆုံး ပြုံပြင်လိုက်ပြီး ...

"ခင်ဗျားက မမခက်ရဲ့ အစ်ကိုဝမ်းကွဲပေါ့"

"မင်းကို ငါမေးတာ အရင်ဖြေ"

"ဟုတ်တယ်၊ ကိုကို့ရဲ့ အဲ.. ကိုကိုနေအရောင်ရဲ့ညီမ၊ 'မြရောင်လွှမ်း' တဲ့"

လွှမ်း ကျေကျေနပ်နပ် အလျှော့ပေးပစ်လိုက်မိတာ ကိုယ့်ကိုယ်ကို အံ့သြသွားမိသည်။ မပိုက်ရိုင်းဘူးဆိုပေမယ့် လွှမ်းက လိမ်လိမ်မာမာမရှိခဲ့တာတော့ သေချာ၏။

သူနဲ့ကျမှ ...





"အခု ကိုကို ခရီးသွားတုန်းခဏမှာ မမခက်ကို အနီးကပ်စောင့်ရှောက်ဖို့ ရောက်လာနေတာ၊ အခု ဒီကိုလာတာလဲ ချစ်သောမောင် ဆိုတဲ့လူကြီးကို ထမင်းစားဖို့ သွားခေါ် ပေးပါ ဆိုလို့ မမခက်က ခိုင်းလို့ ..."

ဆံပင်လေးတွေ ပါးလေးနှစ်ဖက်မှာ ယိမ်းနွဲ့ဖြာကျလာသည်အထိ မျက်နှာလေးပါအောင် ပြောပြနေသည့် လွှမ်း ကို သူက မျက်မှောင်ကြုတ်လျက်နှင့်ပဲ စိုက်ကြည့်နေ၏။

"ကဲ ရပြီလား၊ ခင်ဗျားက ချစ်သောမောင် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဖြေတော့"

သူက မျက်တောင်တွေ ဖျတ်ခနဲစိုက်ချလျက် ငြိမ်သွား၏။ ရှည်တာ၊ ကော့တာမဟုတ်ဘဲ တိုစိပ်စိပ်ထူသိပ်နေသည့် မျက်တောင်တွေကို လွှမ်း သတိထားမိပြန်သည်။

မျက်တောင်သည် အပေါ် ရော အောက်မျက်ခမ်းမှာရော စံနစ်တကျရှိနေသဖြင့် သူ့မျက်ဝန်းတွေက ပို၍ရှူးလက်နေကြသည်။ မျက်မှောင်ကြုတ်ထားလေ ကြည့်လို့ကောင်းလေလေပဲဖြစ်၏။

ညနေခင်းချမ်းမြမြ လေညင်းတသုန်သုန်မှာ စွတ်ကျယ်ချိုင်းပြတ်အဖြူလေးတစ်ထည်နှင့် ရှမ်းဘောင်းဘီရှည်ပွပွကို ပုဆိုးသနမ်းနဲ့ဝတ်ထားပေမယ့် လွှမ်း မျက်လုံးထဲမှာ မိုးကျရွှေကိုလိုဖြစ်နေသည်။

ဒါဟာ သူ့ကို သုံးကြိမ်မြောက်ဆုံစည်းခဲ့ခြင်းဖြစ်လျက် မြင်လိုက်ရတိုင်း လွှမ်း ရဲ့မြင်လွှာတွေ ပြိုးပြက်လက်ကုန်ခဲ့ရသည်။

မျက်ခုံးနှစ်ဖက်က မာနကြီးစွာ တွန့်ကုတ်နေရင်း လွှမ်း ငေးနေသည့်ရှေ့ကနေ ဘာမှလည်းမဖြေဘဲ သူက အထဲကိုလှမ်းဝင်သွား၏။

"အို... ဒီကမေးတာ မဖြေသေးဘဲနဲ့..."

လွှမ်းက သူ့ဘေးကကပ်လိုက်ပြီး အထဲကို အတူရောပါသွားခဲ့သည်။ ထိုအခါ သူ့ခြေလှမ်းတွေက ခေါ်သလိုကြီး တုံ့ရပ်သွားကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလိုက်လုပ်တာလဲ"

"ခင်ဗျားကကော မာနကြီးလှချေလား၊ အမေးရှိရင် အဖြေရှိရတယ်။ မဖြေချင်လို့ဖြစ်ဖြစ်၊ မပြောချင်တာဖြစ်ဖြစ် လူမှုရေး ဆိုတာရော မထားတော့ဘူးလား"

"ဟုတ်တယ်၊ ငါ့မှာ လူမှုရေးမရှိဘူး၊ မင်း အခု ငါ့အိပ်ခန်းထဲက ထွက်သွား"

"လွှမ်း... အို... ကိုလေး ခဏနေကြပါဦး"

လွှမ်း မျက်နှာလေး ရဲတွတ်ညိုမောင်းလာ၏။

ရှက်၍လား၊ ဒေါသဖြစ် ၍လားမသိဘဲ မျက်ရည်တွေလည်း မျက်ဝန်းအိမ်မှာ ပြည့်သိပ်နေသည်။

အခန်းတံခါးဝမှာ ပေါ်လာသည့် ခက် က နှစ်ယောက်ဖြစ်နေကြပုံကို ခဏရပ်၍ အကဲခတ်ပြီးမှ အပြေးတစ်ပိုင်း ဝင်လာသည်။

" ခက် သိတယ်၊ အဲဒါကြောင့် စိတ်မချလို့ လိုက်လာတာ၊ ကိုလေးရယ် ..."

ခက် က နှစ်ယောက်၏အလယ်မှာရပ်လိုက်ပြီး မောင့်ဘက်ကိုလှည့်ကာ ...

"ကိုလေး သူက မောင့် ညီမလေးပါ၊ မြရောင်လွှမ်း တဲ့၊ မောင် မသွားခင်နေ့က သူ့ညီမကိုလဲ ခေါ်ထားပါတယ်လို့ ပြောသွားတယ်လေ၊ လွှမ်းက အရမ်းပွင့်လင်းတာ၊ ကလေးဆန်ပေမယ့် နားလည်တတ်တဲ့မိန်းကလေးပါ။ ဒီနေ့ ရောက်လာမယ်မထင်လို့ ကိုလေးကို ခက် က သေချာပြောပြမထားမိတာ"

ကတိုက်ကရိုက်ရှင်းပြရင်း လွှမ်း ဘက်ကို ပြန်လှည့်ပြန်သည်။

"လွှမ်း ..."

"မပြောနဲ့တော့ သိပြီးပြီ၊ အဲဒီလူကြီး သိပ်စိတ်ပုပ်တယ်၊ မာနတွေ





အလကားရတိုင်း ကြီးပြနေတာ"

"ဟော ..."

"ခင်ဗျား မဟုတ်လို့လား"

လွှမ်း ၏ဒေါသက သေးသေးလေးမဟုတ်ပေ၊ အကျယ်ကြီးအော်ပြော၍ ရှေ့တစ်လှမ်းတက်ကာ မောင့်ရင်ဘတ်ကို အားရှိပါးရှိ တွန်းပစ်လိုက်သည်။

"လွှမ်း မလုပ်ရဘူး"

"မင်းနော်.. တောက်"

"ဘာလဲ ဘာတက်ခေါက်တာလဲ၊ ဘာဖြစ်ချင်လဲ၊ လုပ်လေ၊ လူကိုခွေးမောင်းသလို မောင်းထုတ်ရအောင် မြရောင်လွှမ်း ဆိုတဲ့ မိန်းမကို ဘယ်လိုအစားမှတ်လို့လဲ"

ပြောပုံက စိန်ခေါ် လိုက်သလိုပင်။ ခါးလေးလည်းထောက်ထားသေးသည်။

သို့သော် လွှမ်း မျက်ရည်တွေကျကာ ရှိုက်သံသဲ့သဲ့ပါလာ၏။

တင်းတင်းမာမာကြီးဖြစ်သွားခဲ့သော မောင့်မျက်နှာ ဖျတ်ခနဲ အရောင်ပြောင်းသွားသည်။ လွှမ်း ငိုနေတာကိုစိုက်ကြည့်နေရင်း တဖြည်းဖြည်းမျက်နှာလွှဲပစ်၏။

"လွှမ်းရယ် အဲဒါတွေ မမခက် ပြောပြပါ့မယ်၊ လာပါနော်၊ လာပါလွှမ်းရယ်"

"မကျေနပ်ဘူး ခင်ဗျားကို... ခင်ဗျားကို သိလား"

ခက် ဆွဲခေါ်သွားသည့်နောက်ကို ဆုတ်ကန် ဆုတ်ကန်နှင့် ပါသွားရင်း လည်ပင်းလေးလိမ်အောင် ပြန်ကြည့်ကာ အော်သွားသေးသည်။

"ကျွတ်"

မောင် မျက်လုံးတွေကို အတင်းကာပ်ပိတ်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စာကြည့်စားပွဲ ရှေ့မှာ နှမ်းလျှစွာ ထိုင်ချလိုက်ခြင်းနှင့် တစ်ဆက်တည်း ရင်ထဲမှာ ဆုံးဖြတ်လိုက်သည်။

ဒီကနေ့ ထွက်သွားမို့။

လောကနှင့် ကံတရားသည် ခြုလွှာအမျိုးမျိုးနှင့် အရုပ်မျက်နှာအသီးသီးမှနေ၍ လက်နက်ဆန်းများနှင့် တိုက်ခိုက်နေပြီဖြစ်၏။

တကယ်တမ်းကျတော့ ကိုယ်သွားလို့ရတာက အရုပ်မျက်နှာတစ်ဖက်ကည်းပဲမဟုတ်ဖူးလား။





## အခန်း (၆)

"လွှမ်း ထင်သလို မဟုတ်ဘူး၊ တကယ် လုံး၀ မဟုတ်ပါဘူး။ ပြောပြတာကို နားထောင်ပါ"

လွှမ်း က နှပ်ညှစ်လိုက်၊ မေးဖျားလေးပါသွားအောင် ရှိုက်လိုက်နှင့် မငြိမ်ချင်ဘဲ ငြိမ်နေပေးလိုက်ရသော နှုတ်ခမ်းသားလေးတွေက တုန်ယင်နေခဲ့။

"မစံမို ထမင်းဟင်းတွေ ပြန်သိမ်းထားလိုက်ဦး၊ စားဖြစ်ကြမှာမဟုတ်သေးဘူး"

ထမင်းစားဖို့ သတိပေးရန်ရောက်လာပြီး လွှမ်း ငိုနေတာကိုမြင်လိုက်သဖြင့် အခန်း၀မှာရပ်တန့်သွားသည့် မစံမိုကို ခက် က လှမ်းပြောလိုက်သည်။ မစံမို ထွက်သွားမှ လွှမ်း ပခုံးလေးကို ဖက်ထားလိုက်ပြီး ပြောလက်စ စကားကို ပြန်ဆက်၏။

"ပြောတာကို ယုံပါ ယောက်မရယ်၊ ကိုလေးက ဟိုတုန်းကဆို အပေါင်းအသင်းကလဲများ၊ ရုပ်ကလဲချောတော့ 'ချစ်သောမောင်' ဆိုတဲ့ နာမည်နဲ့ မိန်းမလှလေးတွေပါးစပ်ဖျားမှာ မပါမပြီး ဖြစ်ခဲ့တဲ့သူ"

"အဲဒါနဲ့ လှပါး ပုလင်းကွဲရှု လည်လွှန်းတဲ့ဘီး ချေးဘွေ့ ဆိုတာမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရောမဟုတ်လား၊ ချစ်တဲ့သူလဲတွေ့ရော အသည်းကွဲ၊ လူကြမ်းကြီးဖြစ် ဒါတွေ ရိုးနေပြီ အလကားလူကြီး၊ သူ့ကိုယ်သူ ချောတယ်ဆိုပြီး မာန်တက်နေတာ၊ မိန်းကလေးတွေက စကြိုက်တာကို ဖီးလ်ဖြစ်ချင်တာ"

လွှမ်း အားရပါးရချီးကျူးထောပနာပြုနေသမျှ ခက် က ဘာမှ ဝင်မပြောဘဲ ပြီးစီးရပ်နားသွားတဲ့အထိ စောင့်သည်။ ထိုနှုတ်ခမ်းလေးတွေ ပိတ်ကျသွားမှ ...

"ဟုတ်တာတွေလဲပါတယ်၊ ဒါပေမယ့် ကိုလေးက အဲဒီလို ပွေတော့ မပွေပါဘူး"

"ဟွန့်"

မယုံပါဘူးဆိုသည့် နှုတ်ခမ်းက ပါးတစ်ဖက်စီမှာ တစ်ချက်စီ ပြေးဆောင့်၏။ ခက် က လွှမ်း မှဲ့ရွဲ့နေတာကို စိတ်ဆိုးသည့်အပြင် လက်မောင်းလေးကို ဖျစ်ညှစ်လိုက်ပြီး ပြုံးလိုက်သေးသည်။ သို့သော် ...

ထိုအပြုံးသည် ခဏလေးပဲဖြစ်ကာ စိတ်မကောင်းဖြစ်သွားသော မျက်ဝန်းတို့က မှိုင်းရီသွားလျက် ...

"ကိုလေးက မိန်းကလေးသူငယ်ချင်းလဲများတယ်၊ သူ့ကိုချစ်ကြတဲ့ မိန်းကလေးတွေလဲ အများကြီးပဲ၊ ပြောရရင် ရုပ်ရှင်မင်းသားတွေလိုပဲ၊ သူမသိတဲ့မိန်းကလေးတွေက ဖုန်းဆက်၊ စကားလိုက်ပြောပြီး မိတ်ဆက်ကြနဲ့ ကိုလေးက သဘောလဲကောင်းတယ်လေ၊ ဒါပေမယ့် ရည်းစားမထားခဲ့ဘူး"

"အဲဒါ သဘောကောင်းတာမဟုတ်ဘူး၊ တချို့ယောကျ်ားလေးတွေ ပြောသလိုပေါ့ ဘယ်ပစ္စည်း ဘယ်လောက်တန်ဖိုးကြီးကြီး၊ ဘယ်လောက် လှလှ ဝယ်လိုက်ရင် တစ်ခုပဲရမယ်၊ မဝယ်ဘဲလိုက်ကြည့်တော့ အားလုံး ကိုယ်ကြိုက်သလိုခံစားနိုင်တယ်တဲ့၊ မမခက် အစ်ကိုက မဝယ်ချင်တဲ့ လူမျိုး ဖြစ်မှာပေါ့"





"ဪ.. ကဲ တို့ပြောတာကို ခဏလေးငြိမ်ပြီး နားထောင်စမ်းပါ ယောက်မရယ်၊ အာမမခနိုင်ပေမယ့် ကိုလေးက အဲဒီလောက်မဆိုးဘူးဆိုတာတော့ တို့ ပြောရဲတယ်၊ တစ်ခုရှိတာက ရည်းစားမထားဘူးဆိုတော့ ပိုပြီး ပေါ် လွင်တာမှန်တယ်၊ ဆိုင်သူမရှိသေးဘူးဆိုတာ မိန်းကလေးတွေ အတွက် ရင်ခုန်စရာပဲလေ၊ သူ ရည်းစားမထားခဲ့တာကတော့ လွှမ်း ပြောသလို မဟုတ်လောက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုလေးက သဲလေးစွဲကြီးတတ်တဲ့သူပါ။ သူချစ်တဲ့မိန်းကလေး ရှိလာတဲ့အချိန်မှာ သူ့ကို ဘယ်သူတားတား မရဘူး၊ အနှိတ်မျိုးကလေ သူ့သားကို ငယ်ငယ်ကတည်းက ဖတာဆိုးလေးဆိုပြီး ရွှေပေါ်မြှတင်ထားပြီးချစ်ခဲ့တာ၊ ကိုလေးကလဲ အနှိတ်မျိုးကို ချစ်တာပဲ၊ ဒါပေမယ့် ရည်းစားထားတတ်လာတော့ အဲဒီစိတ်တွေ ပြောင်းသွားတယ်"

လွှမ်း မျက်ဝန်းမှာ စိတ်ဝင်စားမှုတွေ ပြည့်သိပ်လာသည်။ မျက်တောင်ဖျားတို့မှာ စိုကပ်နေကြသည့် မျက်ရည်စတွေကို လက်ခုံလေးနဲ့ ပွတ်သုတ်ပစ်ကာ ခက် ဘက်ကို ကိုယ်တစောင်းလှည့်ထိုင်သည်အထိ ပြောင်းလဲသွားခဲ့သည်။

"ရည်းစားက ဘယ်သူလဲ၊ ဘာဖြစ်လို့ မညားခဲ့တာလဲ"

"သူ မရှိတော့ဘူး"

"ဪ.."

စာနာသံလေးတော့ ထွက်လာသည်။ ဒါပေမယ့် လွှမ်း မျက်နှာလေးက သတိတရ ပြန်မဲ့သွားကာ ...

"အဲဒါရော ဘာထူးလို့လဲ မမခက်၊ လူပါး ပုလင်းကွဲရှုတာပဲမဟုတ်ဘူးလား၊ ကိုယ် တကယ်ချစ်တာကျတော့ မရတော့တာ အတူတူပဲ၊ အဲဒါကြောင့် အခု လူကြမ်း စိတ်ကြမ်းနဲ့.."

"စိတ်ရော လူရော မကြမ်းပါဘူး လွှမ်းရယ်၊ ကိုလေးလေးက ရုပ်ရည်



www.burmeseclassic.com

www.burmeseclassic.com



နဲ့လိုက်အောင် မျက်နှာချိုတာ ကိုလေးပါပဲ။ သူ... သူ ဒီလိုမျက်နှာမျိုးဖြစ်အောင် တမင်နေခဲ့တာ"

"ဘာ... ဘယ်လို မမခက်"

"ဟုတ်တယ်"

ခက်က ခေါင်းလေးညိတ်ပြီး မွေ့ရာစပ်ကနေ ထ,လျှောက်သွား၏။ ဘေး ပြတင်းပေါက်နားမှာ ရပ်လိုက်ကာ ခေါင်းရင်းဘက်မှာ အစိမ်းရောင်နှင့် အဝါစပ်ကြားလေးခြယ်ထားသည့် အပန်းဖြေတိုက်ခန်းလေးရှိရာကို လှမ်းကြည့်သည်။

တရုတ်ဘုံကျောင်းတွေလို ပုပုပြားပြားလေးဖြစ်ပေမယ့် အချွန်၊ အညွှန့်တွေမပါပေ။ ထို့ပြင် ကုန်းမြင့်လေး၏အစွန်းနားမှာမို့ ပိုလှသည်။ ဘေးတံခါးတွေဖွင့်ထားလျှင် ပတ်ဝန်းကျင်မိုးသားရှုခင်းအားလုံးကို ထိုင်ရာမထ ကြည့်ရှုခံစားလို့ရ၏။

အလုအပကိုကြိုက်သူ၊ သူ့ကိုယ်သူ သန့်စင်ချောမွေ့နေဖို့လည်း ဂရုစိုက်တတ်သည့် 'ချစ်သောမောင်'သည် ဒီကုန်းမြင့်လေးပေါ် ရောက်လာပြီး ဒီအိမ်ကလေးကို မြင်ပါမှ နေထိုင်မည်ဟု ခေါင်းညိတ်ခဲ့တာဖြစ်၏။

ထိုမျှထိ လှပသာယာခြင်းကိုခံစားတတ်ခဲ့သူတစ်ယောက်ဟာ ဤသို့သော ခက်ထန်မှုမျိုးတွေကို ထာဝစဉ် သိုသိပ်သိမ်းဆည်းထားခဲ့တာ ဖြစ်နိုင်ပါ့မလား။

"ညီမလေးပဲ တွေးကြည့်ပါဦး"

အတွေးစိတ်ထဲမှာ အတိတ်နှင့်ပစ္စုပ္ပန်က တွန်းထိုးရုန်းကြွလာကာ ခက် မျက်နှာ ဖျတ်ခနဲလှည့်လာလျက် ဝါကျတစ်ကြောင်းလည်း တစ်ထပ်တည်းပါလေသည်။

"တက္ကသိုလ်မှာဆိုရင် အနုပညာအသင်းမှာ သူက အဓိကလူပဲ၊ ပန်းချီလဲ အရမ်းတော်တယ်"





"သေနတ်ပစ်ရော ..."

လှမ်း မေးလိုက်မှ သတိရသွားသလိုမျိုး ခက် ၏စကားတွေ အနည်းငယ် ဆွံ့အသွား၏။ ဒါပေမယ့် ခပ်သွက်သွက်ခေါင်းညိတ်ပြီး လှမ်းဘေးမှာ ငြိမ်ထိုင်၏။

"ဟုတ်တယ်၊ ဒါပေမယ့် သေနတ်ကိုင်တတ်တိုင်း လူကြမ်းလို့ သတ်မှတ်လို့မရဘူးလေ၊ သေနတ်ပစ်၊ မြားပစ်သူ အကုန်လုံးတတ်တယ်၊ ဒါပေမယ့် အပေါင်းအသင်းစုံလို့ ပညာစုံတာမျိုးပါ၊ ဝါသနာကြီးလို့ စူးစိုက်တာမဟုတ်ဘူး"

ဒါပေမယ့်တွေ ထပ်ဆင့်သုံးကာ ပြောနေရင်းနှင့် ပြောမကုန်အောင်ဖြစ်လာခဲ့ရင်း 'ချစ်သောမောင်'နှင့်ပတ်သက်သော မလှပခဲ့သည့်ဒဏ္ဍာရီ တစ်ပုဒ်ကို အစဖော်လေသည်။

ဒဏ္ဍာရီထဲမှာ 'မောင်'သည် 'ချစ်သောမောင်'ပဲဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"မင်းမှာ ချောပုံ သောပုံနဲ့ နာမည်တွေကြီး၊ ရွေးချယ်စရာတွေလဲ ရိုက်သတ်လို့မကုန်၊ ဒါကို မဟောသီမြောက်မယ်ဆိုပြီး လက်ညှိုးထိုးလိုက်တာ ထမင်းဆိုင်က စားပွဲထိုးမိန်းကလေး ဟုတ်လား မောင်"

ဆိုဖာပေါ်မှာ ဒူးနှစ်ဖက်ပေါ် တံတောင်ထောက်၍ လက်ဖဝါးနှစ်ဖက်ဆုပ်ကာ ခပ်ငုံ့ငုံ့ငြိမ်နေသည့် မောင့်မျက်နှာ ဆတ်ခနဲမော့လာ၏။

ထိုအခါ စောစောက ငုံ့ချထားသည့် မောင့်မျက်နှာမှာ နာခံနေခြင်း မဟုတ်ကြောင်းကို ထင်ရှားစွာမြင်နိုင်သော နီမြန်းတင်းမာနေခြင်းက ပြည့်သိပ်လျက် ...

"မေမေ အဲဒီလို စောစောကတည်းကမေးရမှာ၊ ကျွန်တော့်ကို ဘာမှ မမေးမမြန်းဘဲနဲ့ ပုံရိပ်ကို ဘာဖြစ်လို့ သွားစော်ကားတာလဲ၊ အဲဒါ မေမေတို့ ဘာကာယ်လွန်တယ်"

မေမေတို့ပြောလိုက်သဖြင့် ဘေးမှာရှိနေသည့် ဒေါ်မှုဆွေက ဆတ်ခနဲဖြစ်သွား၏။ သူမက ဒေါ်မျိုးမျိုးနဲ့ ညီအစ်မဝမ်းကွဲဖြစ်သည်။ သူမက အကြီးဖြစ်ပြီး ဒေါ်မျိုးမျိုးက အငယ်။ ဆွေမျိုးပေမယ့် ဟိုအရင်တော့





ဒီလိုရော ရင်းနှီးခဲ့တာ သိပ်မရှိပါ။ သူမ၏ခင်ပွန်းက တရားသူကြီးမို့ သမီးလေးကိုမွေးပြီး သိပ်မကြာခင်မှာ ရန်ကုန်ကို တာဝန်နှင့်ပြောင်းရွှေ့ခဲ့ရသည်။

ထို့ကြောင့် ညီအစ်မချင်း နီးနီးနားနားနေရအောင် ခြံချင်းကပ်လျက်မှာနေဖြစ်ခဲ့သဖြင့် ဟိုတုန်းကထက် ပို၍ချစ်ခင်ရင်းနှီးလာခဲ့ခြင်းဖြစ်သည်။ ဝမ်းကွဲဆိုပေမယ့် ဒီထက်ပိုရင်းသည့်မွေးချင်းညီအစ်မလည်း မရှိကြတာမို့ ဘာဖြစ်ဖြစ် ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ဖြစ်ခဲ့သည်။

ဒါ့ကြောင့် ဒီကိစ္စ ဒီလိုဖြစ်နေသည်၊ လိုက်ခဲ့ပါလို့ခေါ် လို့ လိုက်သွားတာ အပြစ်ရှိသလား။ ထို့ပြင် သားသမီးရေးမို့ မိဘချင်း ကိုယ်ချင်းစာခဲ့တာ ဘာဖြစ်လို့လဲ။

ဒေါ်မှုဆွေ 'ဝါ့မှာအပြစ်ရှိနေလို့လား' ဟု မေးလိုက်သလို မျက်လုံးကြီးဝင်းလာတာကို မောင်က သိသည်။

ဒါပေမယ့် သူမဘက်ကို လုံးဝ မလှည့်ခဲ့ဘဲ ...

"အစက ဘာမှမဟုတ်ဘူး၊ ကျွန်တော်က ဟုတ်ချင်နေတာတောင် သူက လက်မခံလို့ မဟုတ်ခဲ့ရဘူး"

စိတ်ထဲမှာတင်းကျပ်နေသဖြင့် စကားလုံးဖြောင့်အောင် ပြောလို့လည်းမရပေ။

တစ်ခွန်းထွက်ဖို့ကို လက်ဖဝါးချင်းပွတ်လိုက်ရ၊ ဆံပင်တွေကိုသပ်မိရနှင့် ...

"ပုံ က မေမေ ထင်သလိုမဟုတ်ဘူး"

"ဘာ ပုံ ဟုတ်လား၊ မင်းက ဒီလောက်ထိရင်းနှီးတွဲသွားနေခဲ့ကြတာကိုတောင် ဘာမှမဟုတ်ဘူးလို့ ငြင်းသေးတယ်ပေါ့"

ဒေါ်မျိုးမျိုးကလည်း သူမ အတိအကျသိထားခဲ့သမျှကို ဘယ်လိုငြင်းငြင်း စွပ်စွဲနေ၏။ မောင်ကလည်း လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



“ပုံရိပ် ကို ပုံ လို့ခေါ်တာ ဘာဖြစ်လို့လဲ မေမေ။ သူ့မိဘ၊ သူ့အသိုင်းအဝိုင်းမှာ အားလုံး ဒီလိုပဲခေါ်ကြတာ၊ မေမေတို့လဲ ကျွန်တော့်ကို မောင်လို့ မခေါ်ဘူးလား”

“ဒီမှာ မောင် ...”

ဒေါ်မူဆွေက မနေသာသည့်အသံနှင့် ဝင်ပါလာ၏။

“ဒီကိစ္စက အန်တီတွေပါတာ မှန်တယ်၊ ဒါက ကိုယ့်တူလေးလဲဖြစ်လို့ ပြီးတော့ မျိုးမျိုးက ငါ့ညီမလေး၊ တို့ညီအစ်မ တိုင်ပင်ကြတာ၊ ကူညီကြတာ ဒါလောက်တော့ ရှိမှာပဲ၊ ဒါပေမယ့် မေမေတို့ မေမေတို့နဲ့ မင်းပြောတာကြီးကို အန်တီဆွေ ဘဝင်မကျဘူး”

“မေမေ ...”

သုံးယောက်စကားဝိုင်းထဲမှာ အသံလေးတစ်သံ ဝင်လာသည်။ ဝင်လာတုန်းက ခြေလှမ်းသွက်သွက်နဲ့ဖြစ်ပြီး အားလုံးရှေ့ရောက်တော့မှ ခက်၏ခြေလှမ်းတွေက တုံ့နှေးသွားကာ ...

“မေမေ ပြန်မယ်လေ”

မောင်တို့သားအမိကို ငေးကြည့်လိုက်ရင်း မိခင်ဖြစ်သူကို လှမ်းခေါ်သည်။ ဒေါ်မူဆွေကလည်း ခေါင်းညိတ်လိုက်ပြီး မျက်ချင်းထရပ်၏။

“ငါ ပြန်ဦးမယ် မျိုးမျိုး၊ အကြောင်းရှိရင် ဖုန်းဆက်လိုက်”

ဒေါ်မူဆွေ့မျက်နှာက တည်တည်ပဲဖြစ်သည်။ သူမက အကြီးပီပီ တရားသူကြီးကတော်လည်းဖြစ်နေသေးသည်။ ရုပ်ရည်အားဖြင့် ခန့်သလောက် မာနကလည်းကြီး၏။

ခင်ပွန်းဖြစ်သူကိုယ်တိုင်က ရောက်တဲ့အရပ်မှာ ဘေးကင်းလုံခြုံစွာ နေတတ်ဖို့၊ ပတ်ဝန်းကျင်မှာ သက်ဘ်ရှင်းရခြင်း၊ မသင့်တင့်ခြင်းအပေါင်းနှင့် ကင်းရှင်းဖို့ ဒါကိုပဲ မကြာခဏ သတိပေးရင်းမှာတတ်၏။

သူမကိုယ်တိုင်လည်း စပ်စုရောထွေးချင်လို့ မဟုတ်ပေမယ့် ညီအစ်မ





မို့ မနေနိုင်တာပါ။ ကိုယ့်ရဲ့တူဖြစ်သူက မလေးမစားဘဲပြောလိုက်တာကို ရင်ခံသွားမိ၏။

ခက် ရောက်လာပြီး ပြန်ဖို့ခေါ်တာကိုက ပြဿနာရှုပ်နေတဲ့ထဲမှာ နောက်ထပ် ဒေါသတွေနှင့် ထပ်ဝင်ပါမိမှာစိုး၍မှန်း သူမ နားလည်သည်။

ဒါပေမယ့် ဒေါ်မူဆွေ ပြန်သွားသည့်နောက်ပိုင်းမှာလည်း မောင် နှင့် ဒေါ်မျိုးမျိုးတို့သားအမိ၏ အဆင်မပြေမှုက ငြိမ်းချမ်းမသွားခဲ့ပါ။ ဒေါ်မျိုးမျိုးဘက်ကကြည့်တော့ ကိုယ်က မိဘ၊ မိဘတိုင်း သားသမီးကို အလိုလိုက်ကြတာ မှန်ပေမယ့် ဒီလိုကိစ္စမျိုးမှာ သားသမီး သဘောကျ ကြိုက်တာကောက်ယူလိုက်ဆိုပြီး ခွင့်ပြုကြည်ဖြူထားကြတဲ့မိဘကော ရှိလို့လား။ ပြီးတော့ ခုမှ ပညာသင်နေတုန်း၊ ဖိုင်နယ် ဆိုပေမယ့် ကျောင်းပြီးခြင်း မပြီးခြင်း ဆိုတဲ့ကာလနှစ်ခုကြားမှာ လူက သိသာစွာ ကြီးရင့်ပြောင်းလဲသွားတာမဟုတ်။

ဒီလိုအချိန်မှာ သူတို့သဘောကျ ဆုံးဖြတ်ခွင့်မပေးနိုင်ပါ။

“မင်း အဲဒီမိန်းကလေးကို လုံးဝ အဆက်အသွယ်ထပ်မလုပ်ပါနဲ့၊ မေမေကတော့ သားအတွက် လူကြမ်းလုပ်ရမှာပဲ၊ အေး အဲဒီအတွက် အနိုက်အတန့်အားဖြင့်တော့ အမုန်းခံရလိမ့်မယ်၊ တစ်ချိန်ကျရင် မင်း နားလည်လာမှာပါ”

ဒေါ်မျိုးမျိုးက သတိပေးခြင်း၊ ကြိမ်းဝါးခြင်းကို တစ်ပြိုင်တည်း ပြောသည်။ မောင်ကလည်း မနာခံပေ။ တက္ကသိုလ်ဝင်းထဲက ကင်န်တင်းမှာ သူ စိတ်ရှည်လက်ရှည် ထိုင်စောင့်သည်။

ဘယ်လိုမှမတွေ့တော့ အတွင်းဘက်ကို ထသွားမိ၏။

“အန်တီထား ပုံ ဘာဖြစ်လို့ထွက်မလာတာလဲဟင်၊ သူ ...”

ဒေါ်ထားထားက သူ့ကိုမြင်လိုက်သည်နှင့် မျက်နှာကိုတင်းပစ်သည်။ ဟင်းအိုးဖုံးတစ်ခုကိုဖွင့်လိုက်ပြီးမှ ပြန်ပိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

သူ့ကို စကားပြောဖို့မော့လိုက်တော့ မျက်နှာကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ပြင်ဆင်ထားသည့်ပုံစံနှင့် ...

"မင်းအမေ ဒီကိုလာသွားတာ မင်း သိတယ်နော်"

မောင့်မျက်နှာ ငုံ့ကျသွား၏။ ပြီးမှ မျက်နှာကို တစ်ချက်ပွတ်ပစ်လိုက်ပြီး ခေါင်းညိတ်သည်။

"သိပါတယ်"

"အေး အဖြေက အဲဒါပဲ"

"အန်တီထား ..."

ဒေါ်ထားက ပိတ်ထားလိုက်သည့်အိုးဖုံးကို ပြန်ဖွင့်၏။ ကြက်သားဟင်းနံ့က ဆူပွက်နေသည့် အငွေ့ဖြူဖြူများနှင့်အတူ နှာခေါင်းထဲကို မွှေးပျံ့စွာဝင်လာသည်။

ဒေါ်ထားက သူခေါ်တာကို လှည့်မကြည့်ဘဲ ဘေစင်ကနေ ရေတစ်ခွက်ယူသည်။ ပြီးတော့ ပြန်လာပြီး ဟင်းအိုးထဲကို ထည့်၏။

ဆူပွက်နေသည့်ဟင်းအိုးက အငွေ့ဖြူဖြူတွေ ရုတ်ခနဲအညွန့်ကျိုးသွားကာ အဖုံးကို ပြန်ပိတ်လိုက်သောကြောင့် ဟင်းနံ့မွှေးမွှေးလည်း ပျောက်ကွယ်သွားလေသည်။

ဒေါ်ထားက ရေခွက်ကို ဘေစင်အပေါ်တန်းမှာ သွားပြန်တင်သည်။ တစ်ဆက်တည်း ကန်စွန်းရွက်တွေခြွေထားပြီးသည့်ဆန်ခါကြီးကို သွားယူပြန်သည်။

ဒေါ်ထားသွားသည့်နောက်ကို တကောက်ကောက်လိုက်နေမိသည့် မောင့်အဖြစ်က မိခင်ကို အရုပ်ပေးဖို့ ဖွဲ့နွဲ့နှင့်ပူဆာနေသော ကလေးငယ်တစ်ယောက်နှင့် တူနေပြီထင်၏။

ဒါပေမယ့် မတတ်နိုင်ပါ။ ပုံ နဲ့သူက ဘာမှဖြစ်ကြသေးတာမဟုတ်၊





သူ့ဘက်က မရိုးသားတာတွေကို ပုံ သိနိုင်ပေမယ့် သူ ဖွင့်မပြောရသေးပေ။ ဒါကလည်း သူငယ်ချင်းတွေ တားဆီးကြ၍ဖြစ်သည်။

"သွားမစပါနဲ့ကွာ၊ မင်းအမေ လုံးဝကြည်ဖြူမှာမဟုတ်ဘူး၊ ပုံ ကဆင်းရဲဘာမှ ရိုးရိုးတောင်မဟုတ်ဘူး။ အန်တီထားရဲ့ ဘယ်နှစ်ဝမ်းကွဲတုန်းမမှန်းမသိတဲ့အပြင် အဖေက မရှိ၊ အမေက နောက်အိမ်ထောင်နဲ့ နေတော့လဲ တောပိုင်းမှာကွာ၊ မင်း စဉ်းစားကြည့်ပါဦး၊ သူပြောပြတာ သူ့ဘဝ ဘယ်လောက်ဆိုးလဲ၊ နောက်အိမ်ထောင်ပြုတဲ့ အမေကိုယ်တိုင်က ခကြင်နာတဲ့အဖြစ်နဲ့ ပညာလဲမတတ်ဘူး၊ ရှစ်တန်းအောင်ရုံပဲရှိတာ၊ မင်းနဲ့ဖြစ်နိုင်ဖို့က အဝေးကြီးပဲကွာ၊ လုံးဝ သွားမစပါနဲ့၊ အားလုံး စိတ်ဆင်းရဲရလိမ့်မယ်"

သူငယ်ချင်းတွေတားကြတာလည်း မှန်သည်၊ ပုံ ကရိုးသား၍ လှလည်းလှသည်၊ စကားပြောတာလေးလည်း ပွင့်လင်း၏။ တခြား မိန်းကလေးတွေလို ကိုယ့်ဘဝကို အားငယ်ပြီး တောသူပုံလည်း ပေါက်ကာ ရိုးအအ ငြိမ်ကုပ်ကုပ်လေးမဟုတ်ပေ။

သွက်သွက်လက်လက်နှင့် ချစ်စရာလေးဖြစ်သည်။ ပုံနဲ့သူ ဆုံစည်းခဲ့ပုံက ကျောင်းအဝင်ဝနားမှာ။

ပုံ စီးလာသည့်စက်ဘီးက သူ့ကို နောက်ကနေ ဝင်ရိုက်မိခြင်းကြောင့် စခဲ့မိကြတာဖြစ်သည်။ စက်ဘီးနောက်မှာ ဈေးခြင်းတောင်းကြီးပါလာသည်။ ကြိုးနဲ့တုပ်ချည်ထားတာမို့ စက်ဘီးနဲ့ခြင်းက ပူးလျက်ပဲရှိသော်လည်း အထဲကပစ္စည်းတွေ လမ်းပေါ်မှာ ဖိတ်စဉ်ပြန့်ကျဲကုန်၏။

"ရှင် ဒီလောက်ထိ နှမော်နှမဲ့သွားနေရလားဟင်၊ နောက်ကနေ ဘဲလ်တီးနေတာကို နည်းနည်းလေးမှ ငဲ့မကြည့်ဘူး"

ပေါင်တစ်ဖက်အောင့်သွားသဖြင့် ထိုနေရာကိုဖိထားရင်း ပထမ မြင်သွားသည်က ဒေါသ၊ သူမကိုကြည့်လိုက်တော့ ဒေါသဖြစ်လို့မရလောက်အောင် သူမကပဲ ရန်တွေ့၊ သူမကပဲ မှန်နေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဘာကြည့်နေတာလဲ၊ နောက်ကလဲ ဝင်တိုက်သေးတယ်လို့ ပြောချင်တာလား၊ ဒီက ပစ္စည်းတွေကိုအဆုံးခံပြီး ရှင့်ကို ဝင်တိုက်ပစ်ရအောင် ရှင် ဒီနေရာမှာ အရိုးအဆစ်တွေ တစ်စစီပြုတ်ထွက်ကုန်တော့ကော ကျွန်မခြင်းထဲမှာ ကြက်တစ်ကောင်တိုးပွားလာမှာမို့လို့လား"

"အဲမှာ မင်းချည်းပဲ ပြောနေပါလား"

"ရှင်ပြောစရာရော ဘာရှိလို့လဲ"

ပုံ ကစက်ဘီးကို သေချာဒေါက်ထောက်၍ ထွက်ကျကုန်သည့် ခရမ်းသီးတွေ၊ အာလူးတွေ တစ်လုံးစီလိမ့်ထွက်နေတာကို ပြေးလွှားကောက်သည်။

ဘာတွေမှောက်ကျပြီး ဘာအရည်တွေမှန်းမသိပေမယ့် လမ်းပေါ်မှာ စိုရွှဲကျန်ခဲ့သည့် အရာတွေဟာ ဆီနှင့်ငံပြာရည် တစ်ခုခုဖြစ်နိုင်၏။

သူမသည် တစ်ယောက်တည်းပြေးလွှားနေပြီး ပြန်ကျုံးယူ၍မရဟော့သော ထိုအရည်တွေကို နှမြောတသစွာကြည့်၍ သူ့ထံ ပြန်ရောက်လာသည့်မျက်ဝန်းလေးတွေက စူးရဲနေကြသည်။

"ပြန်ရောက်ရင်တော့ အဆူခံရတော့မယ်၊ ဟွန့် ရှင့်ကြောင့် …"

ပြော၍ မျက်စောင်းထိုးသည်။ စက်ဘီးဒေါက်ကို ဂျိုင်းခနဲမြည်အောင် ကန်ထုတ်၍ ဖြုတ်၏။

"ဟာ မင်းကလဲ အနာတရဖြစ်အောင် နောက်ကဝင်တိုက်သေးတယ်"

ဘေးက သူငယ်ချင်းတွေ မကျေမနပ် ဝင်ပါလာကြသည်။ သူမက ဂရုမစိုက်စွာ မဲ့ရွဲ့ပြန်ကြည့်ကာ …

"သေလိုက်"

မောင် စိတ်ဝင်စားခဲ့ခြင်းက စလိုက်ပြီဆိုကတည်းက အမြစ်တွယ်ပြီးသားဖြစ်နေခဲ့၏။ ပုံ က ဆံပင်တွေ ခါးလောက်ထိရှည်သည်။ သူမ၏ဆံပင်





တွေ အုပ်ခဲထူသိပ်နေခြင်းအား နောက်ပိုင်းမှ ခင်မင်သွားကြတော့ ခေါင်းလျှော်၍ဖြန့်ချထားတိုင်း သတိထားမိခဲ့၏။

များသောအားဖြင့်တော့ ကျစ်ဆံမြီးနှစ်ဖက်ခွဲ၍ ကျစ်ထားတတ်တာများကာ စကားပြောတိုင်း ထိုဆံပင်နှစ်ဖက်စလေးကိုကိုင်၍ ခေါင်းလေးငုံ့မေးလေးပင့်တတ်၏။ ရယ်လိုက်တိုင်း ချစ်စရာကောင်းသည်။ အမြဲ မြင်ရတတ်သည့် အစိမ်းရောင်ကော်စေ့နားဆွဲလေး ခါယမ်းနေလျှင် ရယ်နေသည့်သူမမျက်နှာလေးမှာ အားလုံး ပြည့်စုံနေသလိုပင်။

ပုံ နဲ့သူ ကင်န်တင်းမှာ ခဏခဏ ပြန်ဆုံ၍ ခင်မင်သွားခဲ့ကြသည်။ အစကတော့ အမှတ်တရခင်မင်ခဲ့မိသူ အဖြစ်ပါပဲ။ နောက်တော့ သွားသွားစားစား သူမကိုပဲ သတိရနေခဲ့သည်။

"မင်းဟာ ရိုးမှရိုးရဲ့လား မောင်၊ ကိုယ့်မှာ ရွေးချယ်စရာတွေ ဒီလောက်ပြည့်နေတာကို ကျော်ပြီး အဲဒီကောင်မလေးကို လွမ်းနေတာ ဘာဖြစ်တာလဲ"

ဟု သူငယ်ချင်းတွေက စုံစမ်းလာခဲ့ကြ၏။ သူ့ရင်ထဲမှာ ဘာဖြစ်နေမှန်း သူကိုယ်တိုင် ဆန်းစစ်မိလာတော့လည်း ဝန်ခံပါသည်၊ သူတို့တွေက မဖြစ်နိုင်တာကို ထောက်ပြအကြံပြုကြတာလည်း သဘာဝကျနေသည်မို့ သူ တွေဝေနေခဲ့သည်။

တကယ်ဆို ပုံ နဲ့သူ စကားအချိတ်အဆက်လေးတွေနှင့် ဘာလိုလိုရင်းနှီးနေခဲ့တာမှန်သော်လည်း ကိုယ်ကလည်း ရှေ့တိုးဖို့ မစဉ်းစားရသေးပါ။ ပုံ ကလည်း သူ့ကိုဖြားယောင်းခဲ့တာ ဘာမှမရှိ။ မေမေ ခုလို ကြားဝင်မွှေနှောက်ပစ်လိုက်တာက လွန်လွန်းသည်။

ကင်န်တင်းက ပြန်လာကြတော့ မောင့်မျက်နှာ နီရဲတင်းမာနေ၏။

"အန်တီထားက ဘာပြောလိုက်လို့လဲ"

ကောင်းစျာန်က သူ့မျက်နှာကို အကဲခတ်ရင်း ငြိမ်သက်သွားပါလာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲဝင်ကာနီးကျမှ မေးသည်။ သူလည်း တော်တော်နှင့် ပြန်မဖြေဖြစ်ပါ။ အတန်းထဲမှာ အတူတူထိုင်လိုက်ကြပြီးမှ စာအုပ်ကို စားပွဲပေါ်ဖြန့်း ခနဲပစ်ချ၍ ...

"မေမေတို့ပြောသွားပြီးကတည်းက သူ့ကို တောပြန်ပို့လိုက်သတဲ့"

ကောင်းချာန် ဘာမှထပ်မမေးတော့ပေ။ စိတ်မကောင်းဖြစ်သွားတာ မှန်း မပြောပေမယ့် မောင် ကသိသည်။ သူ့ရင်ထဲမှာလည်း နင့်နေလို့ပါ။ ရန်ကုန်မှာနေရတာ ပုံ အရမ်းသဘောကျခဲ့သည်၊ ဟိုမှာဆို အမေဖြစ်သူကလည်း မကြင်နာ၊ ပထွေးနဲ့မို့ မတင့်တယ်တာကတစ်မျိုး၊ စိတ်ညစ်ရသည်ဟု ရင်ဖွင့်ခဲ့ဖူးတာ ကောင်းချာန်တို့လည်း သိကြသည်ပဲ။

ခုတော့ သူ့ကြောင့် ပြန်သွားရရှာပြီ၊ ပုံကို သနားသည့်စိတ်က နေ့နေ့ညည နှိပ်စက်နေသဖြင့် ကင်န်တင်းချောက်တိုင်း အန်တီထားနဲ့ စကားပင် ပြောမိ၏။ ပုံ့ အကြောင်း မေးမိတာပါ။

"ဟိုမှာတော့ သူ မပျော်ဘူးပေါ့ကွယ်၊ မြလေးက အမေဆိုပေမယ့် သူ့ယောကျ်ားလောက် သားသမီးကို ဂရုစိုက်တာမှမဟုတ်တာ"

"သူ့အမေနဲ့မနေဘူးလို့ပြောတာပဲ၊ ပုံ က မိန်းကလေးပေမယ့် မာနတော့ကြီးတယ်ကွ၊ နေတာက တောပိုင်း ဆိုပေမယ့်လဲ သူက သူများမိန်းကလေးတွေလို လယ်ယာအလုပ်လဲ မလုပ်တတ်ဘူး၊ အစကတည်းကိုက မလုပ်ခဲ့တာလေ၊ တောက စပါးပိုင်တွေ၊ သားငါး ပုစွန်ပိုင်တွေရှိတယ်၊ အဲဒီမှာ စာရေးမလုပ်လိုက်၊ ရန်ကုန်ကိုလာတဲ့အခါ အလှအပကုန်ပစ္စည်းလေးတွေဝယ်သွားပြီး ပြန်ရောင်းလိုက်၊ အလုပ်မည်မည်ရရ သတ်မှတ်တာတော့ မရှိဘူးပေါ့"

"အခု သူ ဒီမှာပဲနေတော့မယ်ဆိုပြီး ရောက်လာတာ၊ အန်တီကလဲ ခေါ်ထားလိုက်ဖို့ ဆုံးဖြတ်တယ်လေ၊ အန်တီ့မှာလဲ သွေးရင်းသားရင်း တိုးတိုးဖော်လိုတယ်၊ သူ့အတွက်လဲ အဆင်ပြေအောင်လို့ ပထွေး ဆိုတဲ့





လူက အရက်သမားဆိုတော့ စိတ်မချဘူးမဟုတ်လား၊ ရေရှည်နေသွားဖို့မှ မဖြစ်နိုင်တာ"

ဒေါ်ထားထားက မပြောချင်ပြောချင်နဲ့ပဲ ပြန်ပြောခဲ့ပါသည်။ မောင်တို့က ကျောင်းသားကွေဖြစ်သည့်အပြင် ဆိုင်မှာ စားသောက်နေကျဖောက်သည်တွေမို့ မလိုလားပေမယ့် အောင့်အီး ဆက်ဆံတာမျိုးလည်း ဖြစ်နိုင်၏။

မောင့်မှာသာ ပုံ့သတင်းတွေ တစ်ခုပြီးတစ်ခု ကြားရလေ စိတ်မကောင်းလေဖြစ်ကာ ...

"ငါ ပုံ တို့ရွာကိုလိုက်သွားချင်တယ် ကောင်းချာန်"

စာမေးပွဲပြီးတာနှင့် သူ ဆုံးဖြတ်သည်။ ကောင်းချာန်က တားသည်။

"မဖြစ်နိုင်တာကို ထားခဲ့လိုက်ပါတော့ကွာ၊ သူ့ဘဝက အစကတည်းက ဒီလိုပဲရှိခဲ့တာပါ။ မင်းကြောင့်ဆိုတာ ဘာမှမဟုတ်ဘူး။ သနားစရာကောင်းတယ်ဆိုတာကတော့ ချမ်းသာတဲ့လူနဲ့ယှဉ်ပြိုင်လာရင် ဆင်းရဲတဲ့သူ ရှုံးမှာပဲ၊ ရှုံးသွားတဲ့လူကို သနားမိတာ သဘာဝကျပါတယ်၊ မင်းသဘာဝမကျတာတွေ ထပ်မလုပ်ပါနဲ့တော့"

နောက်ဆုံး တားမရတော့ ကောင်းချာန်က မောင့်ကိုဖွင့်ပြောလိုက်မည်ဟု အမုန်းခံ၍ ခြိမ်းခြောက်တား၏။ သူက ဂရုမစိုက်ပါ။

"မင်းလုပ်လေ ငါ အခု ပုံ့ ကို သွားတွေ့မှာ.. မေမေ ပြောဆိုလိုက်တာတွေကို တောင်းပန်ချင်လို့၊ ပြီးတော့ သူ အခက်အခဲတွေရှိနေရင် ကူညီဖို့၊ အခု ငါ့ကြောင့်ဆိုတဲ့ နာကျင်မှုကြီးကို ငါ ဖြေဖျောက်လိုက်ချင်တာပါပဲ၊ မင်း မေမေ့ကို ပြောင်ပေးလိုက်လို့ ဒီတစ်ခါ ငါ့ကို ပြုံးပြုံးလုပ်လို့ကတော့ တစ်ခါတည်း လက်ထပ်ပစ်လိုက်မယ်"

သူ ကတတယ်ပြောမှန်း သိသဖြင့် ကောင်းချာန်ကလည်း မတားတော့ပါ။ တခြားကောင်တွေလည်း လက်လျှော့သွားကြ၏။ ဒါပေမယ့် သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးဆုံး ကောင်းဈာန်က သူ့ဘေးမှာပဲနေကာ ...

"အေး တားမရရင်လဲ သွားကွာ၊ ငါလဲလိုက်မယ်"

ကျောင်းပြီးသွားလို့ တခြားသူတွေ ကိုယ့်ရပ်၊ ကိုယ်ဒေသမှာ နေသားတကျပြန်ဖြစ်ကုန်ကြသည်။ ကောင်းဈာန်ကတော့ ပဲခူးမှာနေပေမယ့် သူ့ဘေးမှာလိုလိုချည်း ရှိနေခဲ့သည်။

သူငယ်ချင်းတစ်ယောက်၏မြို့ကိုအလည်လိုက်သွားမည်ဟု အကြောင်းပြန်၍ မောင်နဲ့ကောင်းဈာန် ပုံ ရှိသည့်ရွာကလေးသို့ ထွက်ခဲ့ကြ၏။

မေမေက ယုံကြည်ခဲ့သလား၊ မယုံခဲ့ဘူးလား ဘာမှမသိတော့ပေမယ့် ခက် နဲ့တိုင်ပင်တော့ မျက်လုံးမျက်ဆန်ပြူး၍တားခဲ့၏။

"မသွားပါနဲ့ ကိုလေးရယ်၊ အန်တီမျိုးမျိုး ခုတစ်လော နေမကောင်းဖြစ်နေတာလဲ သိသားနဲ့ အဲဒါ ကိုလေးကြောင့် သိလား၊ ပြီးတော့ အမေတို့လဲ ဖေဖေ နယ်ပြောင်းဖို့ အော်ဒါထွက်နေပြီ၊ မေမေက အလုပ်ရှုပ်တော့ အန်တီမျိုးမျိုးဘေးမှာ သိပ်ရှိနိုင်မှာမဟုတ်ဘူး၊ ကိုလေးတို့ကိစ္စ ထပ်ဖြစ်ရင် အန်တီမျိုး သနားပါတယ်"

"သနားပေမယ့် မေမေက ရွှေကတ္တီပါခြုံပြီး မြသလွန်ပေါ်မှာပါ၊ ဆူးချုံပေါ်မှာကျနေတဲ့ ပန်းတစ်ပွင့်ကို အနာအဆာကင်းကင်းနဲ့ ပြန်ရအောင် ငါ အချိန်မီကယ်မှဖြစ်မှာ"

"ကိုလေးက အဲဒီတစ်ယောက်ကို ယူမလို့လားဟင်"

"နင် မစပ်စုပါနဲ့"

ဘယ်သူတားတား မောင် ဂရုမစိုက်ခဲ့ပါ။ ရွက်လွှင့်ခဲ့တာမဟုတ်ပေမယ့် သူ့ဘ၀ လေလွင့်ခဲ့ခြင်း အဲဒီမှာပဲ စ,လေသည်။





အခန်း (၈)

ရွာ ဆိုပေမယ့် သိပ်ခေါင်လှသည့်နေရာမျိုး မဟုတ်ပါ။ ရန်ကုန်နှင့် ပဲခူးကြားမှာမို့ နီးနီးလေးပဲဖြစ်သည်။ ပြီးတော့ ကားလမ်းမကြီး၏ တစ်ဖက်တစ်ချက်မှာ ရွာက နှစ်ခြမ်းခွဲထားသလိုဖြစ်နေသဖြင့် စည်လည်းစည်ကား၏။

ကောင်းဈာန်ကတော့ ပြောသည်။

"အဲဒါကြောင့် ပုံ က တောပုံစံ သိပ်မရှိတာကိုး" တဲ့။

ရွာထဲကိုဝင်တာနှင့် ထမင်းဆိုင်မှာစုံစမ်းတော့ ဒေါ်ထားထားပြောလိုက်သည့် ပုံ တို့မိသားစုအကြောင်းက နှစ်ခါထပ်မေးဖို့ပင်မလို။

"ဒေါ်မြလေးတို့ သားအမိလား၊ သူတို့သားအမိက ညီအစ်မလိုပဲကွ၊ စကား ခဏခဏမျှား ရန်ဖြစ်၊ ကောင်မလေးက ဖွာတယ်၊ မအေကိုလဲ ပြန်ပြောတာပဲ၊ ပထွေးနဲ့ဆို လုံး၀ မတည့်ဘူး၊ အဲဒါကြောင့် အိမ်မှာလဲ မမြဲဘူး၊ အလုပ်သွားလုပ်လိုက်၊ ပြန်လာလိုက်ပဲ"

"ဘာလုပ်တာလဲ"

"ဟိုတစ်လောကတော့ ကြာအင်းရွာမှာ သူ့သူငယ်ချင်းနဲ့နေပြီး အလုပ်လုပ်နေကြတယ် ကြားတာပဲ၊ ကြာအင်းက တို့ရွာထက်ခေါင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်နေလဲတော့မသိပါဘူး။ ဒါပေမယ့် ပုံ က စာရိတ္တတော့ကောင်းရှာပါတယ်"

ဒေါ်မြလေး နာမည်ကြီးတာက တစ်မျိုး၊ ပုံ့ ကိုလူသိများတာက ရွာလို့ ထက်လို့။ ဦးကြွယ် ဟုနာမည်ရှိသော ပထွေးဖြစ်သူအကြောင်း နောက်ဆုံးသိလိုက်ရတော့ ဒီလူကြီးက ပုံ့ ကို ကြံစည်ချင်နေသည်တဲ့။

မယားပါသမီးကို ပထွေးက မရိုးသားတာ မဆန်းသော်လည်း ဦးကြွယ်ကတော့ အရက်မူးမူးနှင့် မကြားဝံ့မနာသာတွေ ပြောနေသည်ဟု သတင်းထွက်လာခဲ့၏။ အဆုံးသတ်ပြောကြတာကား ...

"ဒေါ်မြလေးလိုမအေမျိုးကရှားလည်းရှားပါတယ်" ဆိုသည့် ကဲ့ရဲ့သံ။

မောင်နဲ့ကောင်းချာန်ကတော့ ဘယ်သူဘာပြောပြော ပုံ့ ဆီကို ရောက်အောင်သွားခဲ့သည်။ ပုံက သူ့ကိုတွေ့တော့ မဲ့သလို ရွဲ့သလိုလေး ဖြစ်သွားပေမယ့် ကောင်းကောင်းမွန်မွန်ပဲ ပြန်ပြောခဲ့သည်။

"ကိုမောင့်အမေပြောသွားတာ မှန်ပါတယ်၊ ပုံ က ဘာမှမဟုတ်တဲ့ မိန်းကလေးမျိုးပဲဥစ္စာ"

"အဲဒါကိုကျေပါကွာ၊ ပုံ့ ကို ကိုယ် တောင်းပန်ဖို့လိုက်လာခဲ့တာပါ"

"ဟုတ်လို့လား ကိုမောင်၊ ပုံ ကြားတာတော့ ငါးပုံစက်ပိုင်ရှင် ဦးထွန်းလူရဲ့သားက ကိုမောင့်သူငယ်ချင်းဆို၊ သူ့ဆီလာလည်တာမဟုတ်ဘူးလား"

"ဟာ မဟုတ်ဘူး။ ဇော်ကိုနဲ့ကိုယ်တို့ ဒီဘက်ကိုကူးလာမှ တွေ့ကြတာပါ။ ကျောင်းမှာလဲ ကိုယ်တို့အုပ်စုထဲမှာ သူ မပါဘူး၊ ခင်ခင်မင်မင်ရှိခဲ့ဖူးရုံပဲ၊ ဒီမှာ အမှတ်မထင်တွေ့ကြပြီး သူ့ဆီမှာတည်းဖြစ်သွားတာ၊ အဲဒါကြောင့် ကိုယ်တို့ ဒီမှာ ကြာကြာနေနိုင်ဖို့ အခွင့်အရေးတွေ ရခဲ့တာပေါ့"

ပုံ့ ဆီကို သူတို့ရောက်မသွားကြခင်ကတည်းက ပုံ က သူတို့ရောက်





ကြတာကို သိထားမှန်း ကြားလိုက်ရတော့ အံ့ဩသွားမိသည်။ ဒါပေမယ့် ရွာလေးက ကျဉ်းကျဉ်းလေးမို့ လူစိမ်းရောက်လာတာနှင့် သိနိုင်တာ ဆန်းဘူးဟု ဇော်ကို ကတော့ပြောသည်။

သူတို့ တကယ်လည်း ညာခဲ့တာမဟုတ်ပါ။ ဇော်ကို နဲ့ဆုံမိ၍သာ နေရေးထိုင်ရေး အားလုံး အဆင်ပြေခဲ့ရတာဖြစ်သည်။

'ငါတို့ ကြာအင်းရွာကို ကူးလာခဲ့မိတာ ကံကောင်းသွားတာပေါ့" ဟု ကောင်းချာန်က ပြောနေသေးသည်။

ကြာအင်းရွာမှာ ပုံလည်း ရှိသည်။ သူတို့အတွက် တည်းခိုစရာအိမ်လည်းရခဲ့သည်။ ဇော်ကို က သူ့အရပ်ဒေသမှာသွားတွေ့လိုက်မှ ပို၍ တောင်ဖော်ရွှေသေးသည်။

"ငါက ဒီရွာဇာတိကွ၊ ဦးထွန်းလူက ငါ့အဖေပဲ၊ စမ်းချောင်းမှာက အဖေ့သူငယ်ချင်းလေ၊ လူပျိုကြီး အပျိုကြီး မောင်နှမတွေပေါ့၊ ငါ့ကို အမွေစား အမွေခံ မွေးစားခဲ့တာ၊ ဒါပေမယ့် အဖေကလဲ မုဆိုးဖိုဖြစ်နေပြီ၊ သူတို့ချင်းလဲ သူငယ်ချင်းတွေဆိုတော့ ငါကတော့ ကျောင်းပိတ်တိုင်း ရွာမှာပဲလာနေတာပဲ၊ အခု ကျောင်းပြီးပြီဆိုကော့ လွတ်လွတ်လပ်လပ်ပဲ၊ ဘယ်မိဘကမှ ဟိုမှာနေပါ၊ ဒီမှာနေပါ မပြောဘူး"

ဟု သူ့အကြောင်းကိုလည်း ပြောသေးသည်။ ညညဆို အနီးအပါးက သူတို့အိမ်နီးချင်း သူငယ်ချင်းယောကျ်ားလေးတွေပါရောက်လာပြီး အိမ်ရှေ့မှာ စုဝေးထိုင်ဖြစ်ကြသည်။

ကောက်ညှင်းထုပ်နှင့်ငါးခြောက်ဖုတ်ကလည်း မကြိုက်ဘဲ မျိုချဖြစ်ရင်း ခံတွင်းတွေ့လာခဲ့သည်။ ထိုစဉ်က လဆန်းရက်များပေမယ့် ကောင်းကင်က ကြည်စင်နေသည်မို့ လရောင်က လှဲ့နေသည်။

ပတ်ဝန်းကျင်အားလုံးကလည်း သာယာနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ပုံ တို့ပြန်တော့မယ်၊ ကိုးနာရီလောက်ရှိပြီထင်တယ်"

ပြောပြီး ပုံ က ထ,ရပ်လိုက်သည်။ သူမနှင့်အတူနေသည်ဆိုသော သီသီ ကလည်း လက်ဖက်သုပ်နဲ့ မြေပဲကြော်ကို ပါးစပ်ထဲမှာ တစ်လုံးပြည့် အောင်သွင်းပြီး ထရပ်၏။

"သီသီ ဟဲ ဟဲ... သိပ်စားမကောင်းဘူးထင်တယ်"

သူငယ်ချင်း ဖော်ကို က နောက်သည်။ စထိုင်တုန်းက လက်ဖက်သုပ် ပဲရှိတယ်ပြောတော့ 'ဟင် လက်ဖက်သုပ်ကြီးလား'ဟုပြောပြီး မဲ့ရွဲ့ကျသွား တာ သီသီဖြစ်၏။ ခုဏမှ လက်ဖက်တွေပြန်ထွက်မကျအောင် ပါးစပ်ပိတ် ရယ်ကာ 'ဘာဖြစ်လဲ'ဆိုသည့် မျက်စောင်းနှင့် ဟိုဘက်လှည့်သွား၏။

"တို့ ပြန်ပို့မယ်လေ"

"ငါတို့ရောလား"

မောင် တစ်ယောက် မတ်တတ်ရပ်လိုက်တာနှင့် ထိုင်နေကြသူ‌ေ၊ အကုန်လုံး ထ,ရပ်ကြ၏။





လရောင်အောက်မှာ ရွာလယ်လမ်းကလေးက ဖွေးနေသည်။ နေ့ ဘက်မှာ စိမ်းညို့နေတတ်သော သစ်အုပ်ချုံနွယ်တွေကျတော့ မှောင်မိုက် သည့် ညအရောင်ဖြစ်နေသည်။

ထိုအခါ လရောင်ရယ်၊ လမ်းကလေးရယ်က ချစ်၍ ရင်ခုန်ကြသော မောင် တို့နှစ်ယောက်ကို စိတ်ကူးသစ်များနှင့် ကြည်နူးတက်ကြွစေလျက် ညဥ့်လေအေးကြောင့် ခြေလှမ်းတို့က အိမ်ကိုမရောက်ချင်ကြဘဲ ပို၍ ဘုံ့နှေးနေကြသည်။

မောင် နဲ့ ပုံ က ရှေ့မှ တစ်လှမ်းချင်းလျှောက်နေရင်း ပခုံးချင်းထိသွား လိုက်၊ အနည်းငယ် ဘေးကိုယိုင်သွားလိုက်၊ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်၍လည်း ရယ်မိကြသေးသည်။

နောက်မှာ သီသီ့ကို စ,နောက်ကြရင်း တဂါးဝါးပါလာကြသည့် ရယ်သံများကလည်း စိုပြည်နေသည်။

"ပုံ ကိုယ်လိုက်လာတာကို ဘယ်လိုမြင်လဲဟင်"

"ဟင့်အင်း ဘယ်လိုမှမမြင်ပါဘူး"

"မဟုတ်ဘူးလေ၊ တွေ့စတုန်းက ပုံ က တို့ ဖော်ကို့ဆီကိုလာတာ လို့ ထင်ခဲ့တာမဟုတ်လား"

"အင်း"

"ကိုယ်က ပုံ့ဆီကို တကူးတက လာခဲ့တာဆိုတော့ ပုံ ဘယ်လိုခံစားမိ လဲလို့"

လမ်းကလေးကို နှစ်ယောက်စလုံး ငုံ့ကြည့်လျှောက်နေရာမှ ပုံက မော့ကြည့်လိုက်တော့ သူကလည်း ပြန်ငုံ့ကြည့်၏။

"ဘယ်လိုခံစားမိရမှာလဲ ကိုမောင်ရယ်၊ ပုံ က ဘာမဟုတ်တဲ့ မိန်း ကလေးလို့ အပြောခံခဲ့ရတာကို စိတ်မဆိုးခဲ့တဲ့သူပါ၊ အဲဒါကြောင့် ... ဒေါ် က ပြန်လွှတ်တာနဲ့ ခေါင်းညိတ်ပြီး ပြန်ခဲ့တယ်၊ လူဆိုတာ ကိုယ့်မာနနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တော့ ရှိကြတာပဲလေ၊ ယောကျ်ားလေးရှင်က အဲဒီလိုပြောလိုက်တာကို ခံရတဲ့အတွက် ရှက်မိတာ အမှန်ပဲ၊ ဒါပေမယ့် ကိုမောင့်ကိုတော့ စိတ်မဆိုးပါဘူး။ ပုံနဲ့ ကိုမောင် က ရှိုးသားခဲ့ကြတာပဲဟာ"

"ဟုတ်တယ်လေ၊ အဲဒီတုန်းက ရိုးသားသလိုနေခဲ့ကြတာပါ၊ အဲဒါကို စွပ်စွဲခံလိုက်ရတော့ ကိုယ့်ကို ..."

"ဟင့်အင်း ကိုမောင့်ကိုတော့ ပုံ တကယ် စိတ်မဆိုးခဲ့တာပါ"

"ကိုယ်ကတော့ စိတ်ဆိုးစေချင်တာ"

"ဟင် ..."

ပုံ က သူ့ကို ဘေးတစောင်းလေးသွားနေရင်း မော့ကြည့်၏။ လရောင်လေးနဲ့ ဆွတ်ဖျန်းမှုက ခပ်ရေးရေးပါပဲ၊ ဒါပေမယ့် တစ်ယောက်၏မျက်လုံးတဲ့ကို တစ်ယောက် မြင်နေရသည်။

ရင်ထဲထိထွင်းဖောက်၍ ရှင်းလင်းစွာ သိမြင်နေရတာမျိုး။

ဒီနေရာမှာ ဘယ်လိုလင်းအားဖြင့် ထွင်းဖောက်မြင်နိုင်ခဲ့တာလဲ။

ကျစ်ဆံမြီးနှစ်ဖက်စလေးကို ကိုင်ရင်း ပုံ က မျက်နှာလေးပြန်ငုံ့၏။

"ပုံ ..."

သူ ခေါ်တော့ မျက်နှာလေးမော့လာ၏။ သို့သော် သူ့ထံသို့ တည့်တည့်မကြည့်မိခင်မှာ ပြန်ငုံ့သွားခဲ့သည်။

"ကိုယ် ကျောင်းပြီးသွားပြီ"

"အဲဒါ ဘာဖြစ်လဲ"

"ပြောကြည့်တာပေါ့"

နှစ်ယောက်သား တိုးတိုးကြိတ်ကြိတ် ရယ်မိကြသည်။

"ဟိုတ် ရှေ့ကနှစ်ယောက် ဘာလဲ၊ ရယ်စရာရှိရင် နောက်ကိုအကြောင်းဘာလေးကြား၊ ကိုယ့်ဟာကိုယ်ပဲ ကြိတ်ရယ်မနေကြနဲ့ သူတို့ကိုလဲ လိုက်ပို့ရသေးတယ်"





"အဲဒယ် ဘယ် သူတို့လဲ၊ ရှေ့မှာ ပုံ တစ်ယောက်တည်းရယ်နော်၊ ကိုမောင် မပါဘူး"

ဒီသီ က သွက်သည်။ ဘာလိုလိုစကားကို သူမ၏သွက်လက်မှုက ပို၍ ဘာလိုလိုဖြစ်သွားစေကာ ...

"အေးလေ ရှေ့မှာ ပုံ နဲ့ မောင် နှစ်ယောက်မို့လို့ ပြောလိုက်တာ ဘာဖြစ်လဲ"

"နှစ်ယောက်ပေမယ့် ငါတို့ကလဲ နင်နဲ့ ပုံ နဲ့ နှစ်ယောက်ကို ရည်ရွယ်ပြီးပြောတာပါ၊ မတော်တဆ သူတို့ ခုနေ ချစ်သူဖြစ်သွားကြပြီဆိုရင်လဲ..."

"ဟိုတ်ကောင်"

"ဘာလဲ"

သူတို့အချင်းချင်း ပြန်၍တွန်းထိုးရိုက်ပုတ်ရင်း ရယ်ကြပြန်သည်။ မောင် က ပုံ့ မျက်နှာကလေးကို ငုံ့မိုးကြည့်ပြီး ပြုံးနေသည်။ ပုံ ကလည်း ခေါင်းမမော့ရဲဘဲဖြစ်သွားရင်း အမှတ်တမဲ့ ပခုံးချင်းတိုက်မိသွား၏။

ပုံ ဒီဘက်ကို ပြန်ယိုင်သွားတော့ မောင် က ပုံ့ လက်ဖျားလေးကို ဖမ်းဆုပ်ထားလိုက်သည်။ ပုံ သူ့ဘက်ကိုပြန်ပါလာကာ အလန့်တကြားမျက်နှာလေးနှင့် မော့ကြည့်၏။ ပြီးတော့ လက်ကို ပြန်ရုန်းသည်။ မောင် က ခပ်ဖိဖိဆုပ်ထား၍ ...

"ပုံ့ ကို ကိုယ် ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"မင်းပဲ ပြောတော့ တောင်းပန်ချင်တာဆို"

"ဟုတ်တယ်"

"မေမေက ဆက်တားနေရင်တော့ ရွှံ့မှာပဲလို့ မင်းပဲပြောတာ"

"အင်း"

"ငါကလဲ မင်းရွှံ့မှာစိုးလို့ ဒီထိလိုက်ခဲ့ပေးတာနော်"

"အဲဒီတော့ ဘာဖြစ်နိုင်လဲ"

"မင်း ဒုက္ခရောက်တာပေါ့ကွ၊ အခု ချစ်သူတွေဖြစ်နေပြီလေ"

"အချစ်ကို ကုန်သတ်ချုပ်ချယ်လို့မရဘူး ကောင်းချာန် ကတိသစ္စာဆိုတဲ့ထဲမှာ ထည့်ပိတ်ချုပ်နှောင်ထားလို့လဲမရဘူး၊ ဒီကို ငါ လာခဲ့တာ ဒီလိုဖြစ်ဖို့တော့မဟုတ်ဘူး၊ ဒါပေမယ့် ခုဖြစ်သွားတယ်၊ အဲဒါ ငါ မတတ်နိုင်ဘူး"

ကောင်းချာန် ခေါင်းတခါခါဖြစ်သွားခဲ့၏။ ကိုယ်လဲ လူငယ်ပါပဲ၊ ချစ်တတ်ကြတာကို မစာနာတတ်လို့မဟုတ်ပေ၊ ဒါပေမယ့် ကြိုးတန်းလမ်းလျှောက်နေသူဟာ အောက်မှာ လှံတွေ၊ ဓားတွေထောင်ထားမှန်းသိလျက်နဲ့ ကူးလျှောက်ရဲနေတာ မှန်သည်။





ဒါက သူ့ရဲ့ယုံကြည်ချက်၊ ခံယူထားတဲ့သဘောတရား စသည်အကြောင်းအရပ်ရပ်နှင့် သက်ဆိုင်နေနိုင်၏။ ကြည့်နေရသူ့ရင်ထဲမှာတော့ သူ့ထက်ပို၍ စိတ်လှုပ်ရှားရင်ခုန်နေရသည်။

ဘေးကနေရင်း ချွေးပြန်မည်၊ အသက်ရှူဖို့တောင် မေ့နေတာတွေဖြစ်မည်။ အဲဒီလို ကာယကံရှင်ထက် ပို၍ခံစားရပါသည်ဆိုလျှင် ပိုတယ်လို့ပြောနိုင်သလား။

ဒီနေရာမျိုးမှာ ကြားမဝင်သင့်တာကို ကောင်းချာန် သိသည်။ ဝင်လည်းမဝင်ချင်ပါ။ ဖျောင်းဖျနားချရအောင် သူက မောင့်ရဲ့ အုပ်ထိန်းသူလူကြီးသူမလည်း မဟုတ်။

သို့သော် မသင့်တော်ဘူးဆိုတာကို မောင်က မဆင်ခြင်နိုင်ပေမယ့်သူကတော့ သိနေသည်။ ပွဲ့ရဲ့ဘဝ၊ လက်ရှိ သူမ နေထိုင်ရသည့်စရိုက်၊ အဆင့်အတန်း၊ ဘာဆိုဘာမှ ကောက်ယူထုပ်ပိုး၍ မြတ်နိုးချင်စရာ မရှိ။

ကိုယ့်ဘဝ၊ သူ့ဘဝ ဘာမှ အပ်စပ်မှုမရှိဘဲ ရှေ့ဆက်တိုးကြမည်ဆိုလျှင် ...

"မောင် ..."

"....."

"ကောင်းချာန် ဘယ်မှာလဲ"

"ဟေး ဒီမှာ"

ခေါ်သံတွေရော၊ ဓာတ်မီးရောင်တွေရော ခြံဝကနေပေါ်လာသည်။ ကောင်းချာန်ကပဲ အသံပေး၍ ထိုင်ရာကနေ ထရပ်လိုက်၏။ ထိုအခါ ဓာတ်မီးရောင်တွေက သူတို့ရှိနေသည့်ဘက်သို့ ဝေ့ဝဲကျလာကာ ...

"အံမာ နှစ်ယောက်သား ကုန်းဖြူပေါ်မှာ ကြည့်စမ်း"

"အေးလေ ညကြီးမိုးချုပ်"

ရွှာခံဖြစ်သည် တာရာနှင့် ငမုန်းတို့က ထိတ်လန့်သံတွေနှင့်ပြောကာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့က အရင်ရောက်လာကြ၏။ ညညဆို အိမ်ရှေ့ကပြင်လေးမှာ သူတို့အလာကို မောင်တို့က စောင့်နေကြကျပါ။ ဒီညကျမှ စော်ကို က သူ့အဖေဆန့်စက်ထဲကို ကိစ္စနှင့်ပါသွားသည်။ သူတို့နှစ်ယောက်လည်း စကားပြောနေရင်း လေညင်းခံ၍ ဒီ ကုန်းဖြူဖြူလေးပေါ်မှာ ထိုင်မိကြခြင်းဖြစ်သည်။

အဝေးကကြည့်လျှင် ကုန်းမို့လေးက ဖြူနေသည်။ ထိုအပေါ်မှာ ဘာပင်မှလည်း မပေါက်၊ ကျောက်သားအုတ်ခဲလည်း မဟုတ်ဘဲ မြေပြင်က မို့ပြီးမာနေသည်။

ပတ်ဝန်းကျင်အထက်မှာ မိုးပေါက်မြင့်တက်နေသည်မို့ လေတဖြူးဖြူးနှင့် နေလို့ပိုကောင်း၏။

မေ့န်းက ကုန်းဖြူပေါ်မှာလို့ထည့်ပြောလိုက်မှ ကောင်းချန်က သတိထားမိကာ ...

"ဪ... ဒီကုန်းလေးကို ကုန်းဖြူလို့ ခေါ်တာလား။ အေးနော် ဖြူလဲဖြူနေတာကိုး"

"ဖြူ့ငသို့ခေါ်တာ မဟုတ်ဘူးဟ"

"ဟိတ်ကောင် ..."

မေ့န်း ပါးစပ်ကြီးတပြင်ပြင်နှင့်ပြန်ပိတ်သွားသည်။ ဆက်မပြောဖို့ လက်ကိုတို့လိုက်သော တာရာ့မျက်နှာက ဟိုကြည့်ဒီကြည့်။

"လာကွာ ခြံထဲပြန်သွားမယ်၊ ဘယ့်နှယ် ထိုင်စရာရှားလို့ မင်းတို့ကလဲ ဒီနေရာမှာ.."

"မင်းက ဘာဖြစ်နေတာလဲ"

ကောင်းချန်က စိတ်ဝင်စားသွားသဖြင့် ဘေးဘီကို သူ့လိုပဲ လိုက်ဝေ့ကြည့်ပြီး ပြန်မေး၏။ အချိန်က ရှစ်နာရီလောက်ပဲ ရှိဦးမည်။ ဒီနေရာမှာတော့ သန်းခေါင်ယံညဉ့်နက်နက်ကို ရောက်နေသလိုပဲဖြစ်သည်။





စကားပြောနေတုန်းက မသိသာပေမယ့် စကားသံ အားလုံး တိတ်ကျသွားတော့ အနိမ့်ပိုင်းခပ်ဝေးဝေးမည်းမှောင်နေသော ညကာမွှလာနှင့် သဏ္ဍာယာက ရှိုးသားမှုတွေ ကွာကျသွားခဲ့သည်လား...။

ညကလည်း မှောင်ချင်သည်၊ လကလည်း အလင်းရောင်ကြုံလွှာဟင်ပေးထားပြီး ညအမှောင်ထဲမှာ သိပ်သည်းမှုတွေထည့်၍ ...။

ဘယ်သူမှ စကားမစရသေးမီ ခဏလေးအတွင်းမှာ လေညင်းတစ်သုတ်က ဖြူးခနဲ ဝေ့ရိုက်သွား၏။ ဓာဂလေးပဲမြည် ... ပြန်၍ ပျောက်ကွယ်သွားခဲ့သဖြင့် တစ်စုံတစ်ယောက် သက်ပြင်းချလိုက်တာနှင့် တူပြန်သည်။

"ဒီနေရာက '၈' ရှိတယ်ကွ၊ မပြောချင်ဘူး၊ အိမ်ရောက်မှပြောမယ်လာ"

လေသံက မှုမမှန်။ ပြောပြီး မေ့န်းက နောက်ကို ပြန်လှည့်၏။

"ဘာ '၈'ရှိတာလဲ"

မောင် က လက်ကိုလှမ်းဆွဲထားလိုက်ပြီး ဘေးကို ဝေ့ကြည့်လိုက်သေးသည်။ ထိုစဉ်မှာပဲ နောက်ထပ် လေညင်းတစ်ချက် ဟူးခနဲ ပြေးရိုက်သွားပြန်သည်။

"ဟ ဘာနံ့ကြီးလဲ"

ကောင်းချန် ကပြောလိုက်သဖြင့် အားလုံး၏နှာခေါင်းတွေ ပွစိပွစိဖြစ်ကုန်ကြ၏။

မေ့န်းနဲ့တာရာတို့ လက်ချင်းချိတ်လိုက်ပြီ.ဖြစ်ကာ မေ့န်.ဟ ကောင်းချန်ကို လှမ်းဆွဲ၏။ တာရာက မောင့်လက်ကို လှမ်းပုတ်ကာ ...

"အဲဒါပဲ၊ ညိုစိုစို ပုခွေးခွေးလေကြီးတိုက်ပြီး နံတာ၊ ဒီကနေ ဟိုအနားမှာ မြင်နေရတာ အဲဒါ သင်္ချိုင်း ..."

"ဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ကောင်းချာန် တွန့်ခနဲဖြစ်သွား၏။ ကြောက်တတ်လွန်းလို့တော့ မဟုတ်ပေ။ မြို့မှာဆို ဒါမျိုးတွေ ကြုံဖူး ကြားဖူးခဲ့တာမဟုတ်၊ ကြောက်တတ်တာ၊ မကြောက်တတ်တာလည်း ကိုယ့်ကိုယ်ကိုတောင် ပြန်မစမ်းသပ်ခဲ့ဖူးပါ။

ခုကျတော့ အချိန်ဒေသ အနေအထားနှင့် သူတို့ ကြောက်နေကြပုံကြောင့် သူ့မှာ ကြက်သီးတွေ တဖြန်းဖြန်းထလာခဲ့ရင်း ...

"မင်း ... မင်းတို့ပြောတော့ ဒီကနေကြည့်ရင် သာယာကုန်းကိုသွားတဲ့ လမ်းဆို"

"ဟုတ်တယ်"

"လှည်းတွေ၊ စက်ဘီးတွေမစီးဘဲ လမ်းလျှောက်သွားတဲ့လူတွေ တောင်ရှိတယ်၊ အရမ်းသာယာတာပဲဆို"

"ဟုတ်ပါတယ်၊ အဲဒါက မနက်ပိုင်းလေ၊ ညနေစောင်းတာနဲ့ ဖြတ်သွားတဲ့လူ သိပ်မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"သရဲခြောက်လို့"

"ဟင် ..."

ကောင်းချာန် ခေါင်းကြီးဘေးကို တစ်ပေပတ်လည်မျှ ကားထွက်သွားသလား ထင်ရ၏။

နောက်ထပ် လေတစ်သုတ် မလာမီ ညိုစိုစိုအနံ့ကြီးကို ထပ်၍ မရှုရှိုက်ရသေးမီ သူတို့ ထိုနေရာမှ သွားခဲ့ကြလေသည်။

ဘာမှမသိဘဲထိုင်နေကြတုန်းက အကောင်း၊ ဒီကောင် မေ့မုန်း ...





## အခန်း (၁၁)

"ဘာ မေ့မုန်းလဲ၊ ငါက တကယ်ပြောတာ၊ မင်းတို့ရဲ့ဖော်ကို လာရင် မေးကြည့်"

"မေးဖို့မလိုဘူး၊ ဖော်ကို ဘာမှမပြောဖူးဘူး"

ထပ်ပြောလာမှာကိုမလိုချင်၍ ကောင်းချာန်က တွင်တွင်ငြင်းသည်။ မောင်က သူ့ကို ပြန်ကြည့်၍ မျက်မှောင်ကြုတ်၏။

ဖော်ကိုနဲ့သူတို့ ဒါတွေပြောဆိုကြလောက်အောင် ရင်းနှီးခဲ့ဖူးတာမရှိ၊ ထို့ကြောင့် မေ့မုန်းတို့ဘက်ကို မေးဆတ်၍ ...

"ဆက်ပြော"

"မပြောနဲ့တော့ကွာ၊ ဒီအချိန်ကြီး"

တာရာကတော့ ဘယ်ဘက်ကမှမပါဘဲ ကြောက်ကိုကြောက်သူဖြစ်သည်။ ဒါပေမယ့် စည်းရုံးရေးဆင်းဖို့မလိုဘဲ ကောင်းချာန်နဲ့သူက တစ်ဖက်ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မင်းကို ပုံ ဆီကို လိုက်ပို့ရဦးမှာနော် မောင်၊ ပေါက်ကရတွေ လျှောက်မေးမနေနဲ့

"အေးလေ ခေတ်လူငယ်ဖြစ်ပြီးတော့ သရဲကို ယုံ..."

"ဝုန်း"

"အမယ်လေးဗျ"

ကောင်းချာန် စကားမဆုံးခင် အိမ်ကလေးက သိမ့်သိမ့်တုန်သွား၏။ ငမုန်း ငယ်သံပါအောင်အော်သည်။ မအော်တဲ့ မောင်တို့အားလုံးလည်း ထိတ်လန့်ကုန်ကြတာတော့ သေချာ၏။

"ဘာဖြစ်တာလဲ တာရာ"

"တံစက်မြိတ် ခါသွားတာပဲ၊ အုန်း...အုန်းသီး ကြွေတာထင်တယ်"

တာရာ့အသံက မှုမမှန်ချင်။ ခု စာစောကတော့ သရဲခြောက်တဲ့ အကြောင်းကို ပြောချင်လွန်းလို့ သင်းပဲ ပါးစပ်တပြင်ပြင်။

ငမုန်းက ခနိမိုးနှင့် ခေါင်းပေါ်ကိုအုပ်အုပ်ဖားဖားလေးမိုးကျနေသော တံစက်မြိတ်ကို မရဲတရဲမော့ကြည့်ပြီး တံတွေးမျိုချသည်။

တာရာက လိုက်မော့ကြည့်ပြီး သူ့ပခုံးပေါ်မှာရော နားရွက်ထိပ်ကြားမှာပါ တင်ကျန်နေခဲ့သည့် နီခြောက်အမှိုက်တို့ကို ခါချသည်။

ဝုန်းခနဲဟုန်ခါသွားပြီး ပတ်ဝန်းကျင်တစ်ခုလုံးက အပ်ကျသံကြား လောက်အောင် တိတ်ကျသွား၏။ မောင်လဲ ဘာပြောရမှန်းမသိအောင် ဖြစ်သွားပြီးမှ ပြုံးလိုက်သည်။

"ဘာဖြစ်သွားကြတာလဲ၊ အုန်းသီးကြွေတာဖြစ်မှာပေါ့"

ဟု ထပ်ပြောတော့ ငမုန်းက ရေခွေးပန်းကန်တွေထဲမှာရော သူတို့ ပေါင်ပေါ်မှာရော အတိုအစ ပြန့်ကျဲကျနေသည့်အမှိုက်တွေကို ပြန်ရှုံ့ကြည့် ၍ ...

"အုန်းပင်တွေက နောက်မှာပါကွာ၊ အိမ်နဲ့ကပ်နေတာ တစ်ပင်မှမရှိ





ဘူး"

ဟု ပြောကာ တာရာ့နားကို မသိမသာတိုး၍ ...

"ငါတို့ပြန်မယ်ကွာ"

"ဟာ မင်းတို့ကလဲ ဖော်ကိုတို့ပြန်လာအောင်စောင့်ကြပါဦး၊ ပြီးတော့ မောင့် ကို..."

"အဲဒါ ဖြစ်မှာမဟုတ်ဘူးကွ"

ကောင်းချာန်က ဟှာဟှာသလဲတား၏။ ငမုန်းက ခေါင်းခါသည်။ တာရာနဲ့ မောင်ကတော့ ဘာမှန်းမသိတာကို စိတ်ဝင်စားနေခြင်းသာဖြစ်ပြီး သူတို့ လောက်တော့ မဖြစ်ကြပေ။ ထိုစဉ် ခြံဝကနေ ကာဘ်မီးရောင်တွေ ပြိုးပြက်လာပြီး ဖော်ကိုတို့သားအဖ ပြန်ရောက်လာကြသည်။

"တော်သေးတာပေါ့ကွာ မင်းတို့ ပြန်လာလို့၊ မဟုတ်ရင် ဒီ ငမုန်း ကြောင့် ငါတို့ချည်းပဲကျန်ခဲ့တော့မှာ"

ဖော်ကို့အဖေက သူတို့ကိုနှုတ်ဆက်ပြီး အိမ်ပေါ်တက်သွား၏။ ဖော်ကို က သူတို့နဲ့အတူ အိမ်ရှေ့ပြင်လေးမှာ ဝင်ထိုင်နေခဲ့သည်။

ကောင်းချာန်၏လေသံက ချက်ချင်းတက်ကြွနေလျက် ...

"ခုနက ဝုန်းဆို ခေါင်မိုးတစ်ခုလုံးတုန်ခါသွားတယ်ကွ၊ ဒီမှာတွေ့လား တံစက်မြိတ်ကအမှိုက်တွေ"

ဟု ဘောင်းမှာ ပြန့်ကျဲနေဆဲရှိသည့် ခနိခြောက်ဖတ်တွေကို ပြသည်။

"အဲဒါ ဘာဖြစ်တာလဲ"

"မင်းကလဲ အဲဒါ သရဲခြောက်တာ၊ စောစောက မပြောချင်လို့"

"မပြောရဲလို့ ပြောပါ"

တာရာ့ကို ကောင်းချာန်က ဝင်ရှဲ့သည်။ သူတို့အဖော်ချင်းကိုတော့ မိုး က သိပ်မခံသနင့် ...

"မင်းက ညည်းသည်ပီပီ ဘာမှမသိဘဲနဲ့ကွာ၊ ဖော်ကို့အဖေ ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်က စစ်မှုထမ်းဟောင်းကြီးကွ၊ အဲဒါကြောင့် ဒီနေရာမှာနေရဲ့တာ
တစ်ရွာလုံးမှာ ကုန်းဖြူက အဆိုးဆုံးနေရာပဲ၊ ကြည့်ပါလား ဒီကနေ ကုန်း
ဖြူကို လှမ်းမြင်နေရတာ မင်းတို့က ညကြီးမင်းကြီး ကုန်းဖြူမှာ သွားထိုင်
လိုက်သေးတယ်"

"ကုန်းဖြူက ဘာဖြစ်လို့လဲ"

မောင် က စိတ်ဝင်တစား ဝင်မေးသည်။ ခုကျမှ အားလုံးက ကြော
စိတ်မရှိတော့သလိုဖြစ်သွားကြကာ စကားသံတွေ ပြန်ထွက်လာကြ

အိမ်ထဲမှ ဦးကျောက်၏ ဘုရားရှိခိုးသံ ကြားလိုက်ရတော့ မေ
မျက်နှာ ရယ်ရယ်မောမော ပြန်ဖြစ်လာကာ ...

"ကုန်းဖြူက ရာဇဝင်နဲ့ကွ၊ ရာဇဝင်ဆိုးလို့ ဒီအစွန်အဖျားမှာ ဟိုတု
က ဘယ်သူမှ မနေကြဘူးတဲ့၊ ငါ့အဘိုးတို့ပြောပြတာ ဦးလေးကျော
အခြေချလာတော့မှ သူက ငွေကလဲရှိတော့ ဒီနားက မြေရိုင်းတွေကို ရှ
ပစ်လိုက်ပြီး ထိပ်ပြောင်ခေါင်းကြီးလိုဖြစ်နေတဲ့ ကုန်းဖြူနားကိုလဲ ရှင်းလို
တယ်၊ အဲဒါကြောင့် ကုန်းဖြူက အခုအကြည့်ရမဆိုးဘဲ မင်းတို့လိုကော
တွေ မျက်စိကျပြီး သွားထိုင်ချင်လောက်အောင် လှနေတာပေါ့"

"ဘာဖြစ်လို့လဲ ပြောပါဆိုကွာ"

"အဲဒီမှာ မပု ဆိုတဲ့ မိန်းမတစ်ယောက်ကို သူ့ယောကျ်ားက ခေါ
ဖြတ်သတ်ထားတာ"

"ဟာ် ..."

ကောင်းချာန် မျက်လုံးပြူးသွား၏။ လူသတ်ခံရတာ၊ ပိုးထိလို့သေ
တာ၊ ဒါတွေကို အစိမ်းသေဟု သတ်မှတ်ကြသည်။ အစိမ်းသေတွေက
သရဲဖြစ်တာတောင် အလွန်အတင့်ရဲကြသည်ဟု သူ ကြားဖူးနားဝရှိ၏
"မင်းကလဲ ကြောက်တော့အသေကြောက်တယ်၊ ဘာဖြစ်လို့ နှာမည်
တွေ ထည့်ပြောနေရတာလဲ"





တာရာလည်း နားမချမ်းသာတော့ပါ။ တဖြည်းဖြည်း
ဖို့ရွယ်ခြင်းကို စွန့်ဖို့ ကြိုးစားနေပြီဖြစ်သည်။ ပတ်ဝန်းကျင်မှာ၊
တိတ်ဆိတ်နေလျက် ည ကိုးနာရီခွဲလုလုအချိန်ဟာ တောဆန်စွာ ခြောက်
သွေ့ အကျည်းတန်နေ၏။

မြို့နဲ့တောက မတူ၊ တောချင်းကွာတာတောင်မှ သာယာကုန်းနဲ့ ကြ
အင်းမတူတာတွေ အများကြီးရှိသည်။ တောဂျပ်ကာလေ အပြောအဆို
အသွားအလာ ဆင်ခြင်ရခလေဖြစ်သည်။ ထို့ကြောင့် ...

"ဒီလိုပါကွာ၊ အဲဒီမိန်းမက တို့ရွာကတော့မဟုတ်ဘူး၊ ဒီမှာ သူတို့
လင်မယား အခြေချမလို့ဆိုပြီး ရောက်လာကြတော့ တစ်နှစ်လောက်ကြာ
တယ်တဲ့၊ အဲဒီမှာ သူ့ရဲ့လင်ကြီး လိုက်လာမှ သူက နောက်လင်နဲ့လွှက်ပြေး
လာတာမှန်း သိကြတာ၊ လူကြီးက ရောက်လာတာနဲ့ အဲဒီမိန်းမကို မြင်
တယ်ဆို ဓားခွဲလိုက်တယ်၊ လူတွေလဲ အံ့အားသင့်ပြီး ဘယ်သူမှ တားရ
မှန်း ဆွဲရမှန်း မသိကြဘူးတဲ့၊ တားလဲမတားရဲကြတာဖြစ်မှာပေါ့၊ အဲဒီမိန်းမ
ကို ဒီကုန်းထိပ်မှာ သွားပြီး နောက်ကနေဓားကိုပိုင်းလိုက်တာ တစ်ချက်
တည်းနဲ့ ပြတ်ထွက် ..."

"ဒုန်း"

"အမယ်လေး ကြီးတော် ကယ်ပါ"

ပြောပြနေသည့် တာရာ့ကိုယ် မြောက်ခနဲကြွကာ ပေနဲ့ဖုပ်ခအော်၏။
အိမ်နှင့်ဆက်ထားသည့် သူတို့ထိုင်နေကြသော ကြမ်းခင်း ဟုန်ခါသွား
သဖြင့် အားလုံး အိမ်ထဲကိုပဲ လှမ်းကြည့်လိုက်မိကြသည်။

အထဲက ဦးကျောက်၏ လှုပ်ရှားသံကို ကြားရကာမှ ...

"မင်းတို့ကလဲကွာ အဖေ တစ်ခုခုလွှတ်ကျတာဖြစ်မှာပါ"

"ဖိုးဖော်"

"ဗျာ အဖေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ကြတာလဲ၊ ဒီမှာ အကြမ်းပန်းကန်တောင် မှောက်သွား

"အယ် ..."

ဇော်ကို မျက်နှာကြီး ရှုံ့မဲ့သွား၏။ ထိုစဉ် ငမိုး ဝမ်းသာအားရနှင့် ...

"ဟာ ဒီမှာ.. ဒီမှာ အုန်းသီးခြောက်ကြီးကွ"

ဖျဉ်ရဲ့အောက်မှာ ကုန်းကောက်လိုက်ပြီး ပုဆိုးတွက်၍ အမြေရသွားသောကျောင်းသားလို ဝမ်းသာအားရ၊ သို့သော် ကောင်းစျာန်က တစ်စက် မြိတ်ကနေ လွတ်အောင်ခေါင်းထွက်ပြီး အပေါ်ကို လိုက်မော့ကြည့်ကာ...





## အခန်း (၁၂)

ညအမှောင်မှာ ဒူးတုန်အောင်ကြောက်ခဲ့ကြပြီး မိုးလင်းတော့လည်း ရယ်စရာဟာသတွေဖြစ်ကုန်၏။ ဇော်ကိုနဲ့ သူတို့နှစ်ယောက် ရွာထိပ်က အကြော်တဲလေးမှာ အကြော်တစ်ပွဲ၊ အကြမ်းအိုးတစ်အိုးနှင့် မနက်စာ စားသောက်ရင်း ...ကအဖြစ်ကို ပြန်ဆက်ဖြစ်ကြသည်။

"ငမုန်းနဲ့တာ... သရဲကြောက်တာ ရာဇဝင်တွင်တယ်ကွ၊ ဒီကောင်တွေက လူချင်းဖိုက်ခဲ့ဆိုရင် နေရာမရွေး အချိန်မရွေးဘဲ၊ သရဲနဲ့ပတ်သက်ရင်တော့ မရဘူး၊ အဲဒါ မင်းတို့ကို ခင်လွန်းလို့ သူတို့ ဒီဘက်ကို ညဘက်သာကြတာ"

"ဟုတ်တယ်၊ သူတို့နှစ်ယောက် ငါတို့ကို ကုန်းဖြူမှာ လာခေါ်ကတည်းက အသံတွေတုန်နေကြတာ သိသာတယ်။ နေပါဦး အဲဒါတွေဖြစ်ပြီးတော့ ဆက်ဖြစ်လို့လဲ၊ ဒီမိန်းမကြီးက ခြောက်လို့လား"

ကောင်းစျာန် မေးတာကို ဇော်ကိုက ခေါင်းညိတ်ပြ၏။ ပြီးတော့ သစ်ရွက်ကြော်တစ်ခုကို မန်ကျည်းသီးမှည့်နှင့် ရောတ်မှုန့် ရောစပ်ပြီး အချဉ်ရည်လုပ်ထားသည့် ပန်းကန်လေးမှာ နှစ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောကြတာပဲ၊ ငါကတော့ ရွာမှာ သိပ်မနေတော့ လက်တွေ့မသိဘူး"

"ဘယ်လိုခြောက်တာလဲ"

မောင် က ဇော်ကို လိုပဲ အကြော်တစ်ခုကို အချဉ်ရည်ထဲမှာနှစ်ပြီး ပါးစပ်ထဲထည့်ရင်း မေး၏။

"ကုန်းပြူထဲမှာ ညဘက်ရပ်ပြီး အဲဒီအောက်ဘက်က သချိုင်းကို သေချာကြည့်နေရင် မပုတို့ က ခေါင်းပြတ်ကိုယ်လုံးကြီးနဲ့ တက်လာတာပဲတဲ့"

"ဟာကွာ မဖြစ်နိုင်တာ"

"ငါလဲ မယုံပါဘူး ဒါပေမယ့် အဖေကတော့ ညဘက်ဆို ငါ အဲဒီဘက်သွားတာ မကြိုက်ဘူး၊ ခြေရင်းဘက်ဆိုတော့ အပြင်ကပြန်လာပြီး နောက်ကိုမဝင်တော့ဘဲ အဲဒီဘက်မှာပဲ အပေါ့အပါးသွားလိုက်တာလဲရှိတယ်လေ အဲဒါမျိုးတောင် အဖေက မလုပ်ရဘူးတဲ့"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ"

"မင်းကလဲ စည်းနဲ့ကမ်းနဲ့သွားစေချင်လို့ဖြစ်မှာပေါ့ကွ"

မောင် ပြောတာကို ဇော်ကို က ခေါင်းတညိတ်ညိတ်နှင့်ရယ်သည်။

"ငါလဲမသိဘူး၊ ဒါပေမယ့် အဖေ့ရဲ့ညီဝမ်းကွဲတစ်ယောက် သာယာကုန်းကနေ ဒီမှာ ဘုရားပွဲအလည်လာရင်း ညလာအိပ်တာ၊ အပေါ့ထွက်သွားရင်းနဲ့ သတိလစ်သွားတယ်"

"ဟင် ..."

"ရွာကိုပြန်ရောက်ပြီး ဆေးကုတာတောင်မှ ရက်နှစ်ဆယ်လောက်ရူးကြောင်မူးကြောင်ဖြစ်နေသတဲ့"

"တကယ်လား အဲဒါ"





"အဖေကတော့ အဒေါ်က ကျန်းမာရေးမကောင်းလို့လို့ ပြောတာပဲ"

ကောင်းချွန် တစ်ယောက် အကြော်တစ်ခုပဲမျိုချရသေးသည် နောက်ဆပ် စားလိုစိတ်လည်းမရှိတော့ပေ။ မနက်ခင်းကြီးမှာပေမယ့် ကြောက်ဘာမဟုတ်သောခံစားချက်က ပြန်လည်ရောက်ရှိလာမည့်ညပိုင်းကာလသို့ ကြိုမြင်မိတာဖြစ်သည်။

"ဒါဆို ငါတို့ကို ညက အုန်းသီးခြောက်နဲ့ ပေါက်တာ ..."

"ကောင်းချွန် ..."

မောင် က သူ့စကားကို ဖြတ်ခေါ်လိုက်ကာ အကြော်ပန်းကန်ကို သူ့ရှေ့ရောက်အောင်တွန်းပို့လိုက်ပြီး ...

"ဘာတွေအယူသည်းမလို့လဲ၊ ရော့ စားမှာစား"

"မစားချင်ဘူးကွာ"

ကောင်းချွန်ကလည်း ပန်းကန်ကို မောင့် ဘက်ပြန်တွန်းကာ ...

"မင်းကတော့ ညဘက်ဆို ရည်းစားကိုသွားခေါ်၊ စကားတွေပြောပြီးတော့ ပြန်ပို့၊ ပြန်လာတော့ ဒိုင်ယာရီစာအုပ်လေးဖွင့်ပြီး ရေးချင်တာရေး၊ တွေးချင်တာတွေး၊ ဟုတ်နေတာကိုး"

"မင်းလဲ ရေးချင်ရေးလေ၊ ဒိုင်ယာရီရေးတယ်ဆိုတာ ကိုယ့်ကိုယ်ကို ဆန်းစစ်ခြင်းတစ်မျိုးပဲကွ၊ တစ်နေ့ကုန် လှုပ်ရှားတွေးမှတ်ခဲ့သမျှ ရင်ထဲမှာ ဘာတွေတင်ကျန်ခဲ့သလဲ၊ ကျန်ခဲ့တဲ့ဟာကိုပဲ ဒိုင်ယာရီထဲမှာ ထည့်ထားဖြစ်တာ၊ ကိုယ့်ရဲ့အမှတ်တရအားလုံးကို ဘယ်တော့မှ မေ့မသွားဖို့လဲပါတယ်"

"အလကား စိတ်ကူးယဉ်"

"ဘာဖြစ်လဲ ကိုယ့်စိတ်ကူးကို ကိုယ်ပိုင်တယ်"

"ဟုတ်တယ်၊ ငါ့စိတ်ကူးကို မင်း ပိုင်လို့မရဘူး၊ အဲဒီတော့ ဒီတစ်ရက်နှစ်ရက်ပြီးရင် ပြန်ကြမယ်လို့ ငါ ဆုံးဖြတ်တယ် ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင် ကလက်သုတ်ပဝါကို စားပွဲပေါ် မှာပဲ ဖိဆုပ်ချေ၍ရယ်သည်။

"ပြန်ကြမယ်ဆိုတာ မင်းရဲ့စိတ်ကူးတစ်ခုတည်းမှ မဟုတ်ဘဲ၊ ငါ့စိတ်ကူးအရ မပြန်ဘူး ဒါပဲ"

"မင်းတို့ကလဲကွာ ..."

ဓော်ကို က ရယ်ရင်း ဝင်ထိန်းသည်။ ကောင်းစျာန်က မျက်စောင်းတစ်စင်းဖြင့် မျက်နှာလွှဲပစ်ရင်း မဲ့နေ ၏။ ထိုစဉ် သူ မျက်နှာလွှဲလိုက်မှပဲ မျက် စိရှေ့တည့်တည့်မှာ ပုံ နှင့် သီသ။

"လာပြီ ဟိုမှာ၊ ဒိုင်ယာရီစာအုပ် ပါလာလား"

မောင် က နောက်ပြန်လှည့်ကြည့်လိုက်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ပြီးတော့ တစ်လွှာလောက် ခုံပြားလေးမှာထိုင်နေရာမှ ထရပ်လိုက်ရင်း ...

"ဒိုင်ယာရီက ညကျမှပါ၊ အခုက နှလုံးသားနဲ့မှတ်ရမှာ"





## အခန်း (၁၃)

ညနေခင်းရဲ့လေပြည်နုနုက တသုန်သုန် တိုးဝှေ့နေသည်။ ဆံပင်တွေ ဖြန့်ချထားသည့် ချစ်သူ၏မျက်နှာလေးကလည်း ကြည့်မဝနိုင်အောင် လှနေ၏။

နှစ်ယောက်အတူတူ ယှဉ်တွဲလျှောက်လာကြရင်း မနက်ပိုင်း ကောက်ညှင်းပေါင်းရောင်းသည်ဆိုင်အမိုးရိပ်လေးဘေးမှာ တိုင်ပင်မထားဘဲနှင့် အတူရပ်မိကြ၏။

"ကိုမောင်က ဘာကြည့်နေတာလဲ"

"ပုံ က သိပ်လှနေလို့"

"ကိုမောင်ကရော.."

"ဘာဆိုင်လို့လဲ"

ပုံ့ နှုတ်ခမ်းသားလေးထက်မှာ နာကျင်သည့်အပြုံးလေး မသိမသာ စွန်းထင်းသွား၏။ မျက်နှာလေးလွှဲသွားပေမယ့် မောင် မြင်နေရသည်။

ပုံ က သူ့ကိုမကြည့်ဘဲ ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်က ကျောင်းမှာကတည်းက နာမည်ကြီးတဲ့ ရွှေမင်းသားပါ"

"အလကား လျှောက်စနေကြတာပါကွာ"

ပုံ အားငယ်မှာစိုးလို့ မောင် က ကွာခြားမှုတွေကို ဘာမှဆွဲထုတ်နှိုင်းယှဉ်ခွင့်မပြုခဲ့ပါ။

သို့သော် ...

"အလကားမဟုတ်ပါဘူး ကိုမောင်ရယ်၊ တစ်နှစ်လုံး ကျောင်းဝင်းထဲမှာ နေလာတာ ပုံ သိတာပေါ့ ကိုမောင် ချမ်းသာတယ်၊ တစ်ဦးတည်းသောသား၊ ပြီးတော့ ..."

ပုံ က သူ့ ကို မျှော်ငေးသလိုလေး မော့ကြည့်လာကာ ...

"ကိုမောင်က အရမ်းချောတယ်"

"မင်းလဲ သိပ်လှတာပဲ ပုံ၊ တစ်ကျောင်းလုံး ဘယ်မိန်းကလေးကိုမှ ကိုယ် စိတ်မဝင်စားခဲ့ဘူး၊ မင်းကိုကျမှ ..."

"ပုံ့ ကို ကိုမောင့်အမေက ပြောဆိုသွားခဲ့တာကို ကိုမောင် သနားတာပါ၊ ဒီကိုလိုက်လာတာလဲ အလည်လာရင်း ပုံ့ ကိုတွေ့ရင် တောင်းပန်ဖို့မဟုတ်လား၊ ပုံ အရမ်းဆင်းရဲတာကို လက်တွေ့မြင်လိုက်ရလို့ ပိုပြီး.."

"အဲဒါတော့ မဟုတ်ဘူး ပုံ၊ သနားစိတ်နဲ့ ချစ်လို့ရတာ၊ မရတာတော့ ကိုယ် မသိဘူး၊ ပုံ့ ကို ကိုယ်တစ်ချိန်လုံး မေ့လို့မရလို့ ဒီထိလိုက်လာခဲ့တာပါ၊ အလည်ဆိုတာက အိမ်ကထွက်လို့ကောင်းအောင် ပြောခဲ့တဲ့စကား၊ မင်းကို လက်ထပ်နိုင်အောင်ကြိုးစားဖို့လဲ ကိုယ် ဆုံးဖြတ်ပြီးပြီ"

ပုံ့ မျက်ဝန်းလေးတွေ အရောင်လက်လာ၏။ သူ့ မျက်နှာကို အကြာကြီးငေးကြည့်နေပြီးမှ ...

"တကယ်ပြောတာလား ကိုမောင်"

"တကယ်ပါ ပုံရယ်၊ အချိန်တွေပြောင်းရွှေ့ ရွေ့တိုးလာတိုင်း ကိုယ့်ဆုံးဖြတ်ချက်တွေ ခိုင်မာလာခဲ့တာပါ၊ အိမ်ထောင်တစ်ခု တည်ဆောက်ဖို့မှာ





မိဘအရိပ်ကိုခိုမှ၊ အားလုံး ပြီးပြည့်စုံနေမှဆိုတာတွေ မလိုမှန်း ဒီကိုရောက်တော့မှ ပိုပြီးနားလည်လာတယ်၊ ဆင်းရဲပေမယ့်လဲ ကိုယ့်ဘဝလေးတွေနဲ့ကိုယ် ရှန်းကန်ရှာဖွေရင်းက စိတ်ချမ်းသာနေကြတာပဲ၊ ပုံနဲ့ကိုယ် ဘယ်ဘဝမှာပဲဖြစ်ဖြစ် ပျော်နိုင်တယ်၊ အဲဒါကြောင့် ဆုံးဖြတ်ခဲ့တာ"

"ကိုမောင်ရယ် ..."

ပုံ့ မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်သိပ်လာ၏။ တဆတ်ဆတ်လှုပ်ခတ်လာသည့်နှုတ်ခမ်းသားလေးတွေက ပြုံးယောင်သမ်းနေလျက် ...

"ပုံ ... ပုံ ဝမ်းသာလိုက်တာ"

ဟု ပြောရင်း သူ့ ပခုံးတစ်ဖက်ပေါ်မှာ မှီနွဲ့လာသည်။ ထိုအခါ မျက်တောင်များတို့ စိုက်ချလိုက်သည်နှင့် မျက်ရည်တွေက အစက်အပေါက်များဖြစ်ကာ ပြိုးပြက်လက်၍ ကြွေဆင်းသွားကြလေသည်။

မောင်က ပုံ့ ပခုံးလေးကို ခပ်ဖွဖွလေး ပြန်၍ဖက်ထားကာ တရော်ကင်ပွန်းနံ့သင်းနေသည့် ဆံစပ်ကို ငုံ့နမ်းသည်။

"ပုံ လေ ကိုမောင့်ကို အရမ်းချောတာပဲဆိုပြီး ဟိုတုန်းကတည်းက ကွယ်ရာကနေ ခဏခဏ ချောင်းကြည့်ခဲ့ဖူးတယ်၊ ပုံ့ ရဲ့ ချစ်သူဖြစ်ခဲ့ရင် ဆိုတဲ့ စိတ်ကူးမျိုး မယဉ်ဝံ့ခဲ့ဘဲ ကြည့်နေရတာကိုပဲ ကျေနပ်ခဲ့တာ၊ အဲဒါကြောင့် မတူဘူး၊ မတန်ဘူးနဲ့ ကိုမောင့်အမေ လာပြောတာလဲ စိတ်မနာခဲ့ဘူး၊ ကိုမောင်နဲ့ ပတ်သက်ခွင့်ရ၊ လို့ အပြောခံရတာဆိုပြီး ကြံဖန်ဖြေလိုက်တယ်"

"ပုံရယ်"

"ဟုတ်တယ်လေ၊ ပုံ့ ကို ကျောင်းသူတွေလဲ သတိထားမိသွားကြတယ်၊ ကိုမောင်က ရွှေမင်းသားဆိုရင်တောင် ပုံ ကတော့ စင်ဒရဲလားမဖြစ်နိုင်ဘူးလို့ တွက်ထားမိခဲ့တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမောင်နဲ့ ဆုံစည်းခွင့်ကို ပုံ နည်းနည်းလေးမှ မမျှော်လင့်ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက အားလုံးထက်ပိုလှပြီး ချစ်စရာလဲကောင်းတဲ့ မိန်းကလေးပါ ပုံရယ်"

"အခုတော့ ပုံ ပျော်သွားပါပြီ၊ ကိုမောင်ပြောတာ ဘာကယ်ဖြစ်ဖြစ် ညာပြောတာဖြစ်ဖြစ် ပုံ ကျေနပ်တယ်၊ တကယ်ချစ်တာဆိုရင် ပုံ အရမ်းကံကောင်းလို့ပေါ့၊ ညာသွားပြီဆိုရင်လဲ ညာတဲ့သူကို အပြစ်မယူဘဲ အညာခံရတဲ့ ကိုယ့်ကိုယ်ကိုပဲ ဖြေနိုင်အောင်ဖြေမယ်"

ပုံပြောသည့်စကားတွေကိုပဲ နားထောင်ရင်း သူ့ရင်ထဲမှာ ကရုဏာစိတ်တွေ များပြားစွာ သိုသိပ်ဖြစ်ပေါ်နေခဲ့၏။ ထို့ပြင် ပုံ ပြောဆိုနေထိုင်သည့် ပွင့်လင်းပုံအရ သူမမှာ ဤသို့သော အားငယ်ဖြေသိမ့်နေရခြင်းနှင့် သက်ဆိုင်သော ခံစားချက်မျိုးတွေ မရှိနိုင်ဟု ထင်ခဲ့တာ မှားသွားခဲ့မှန်းလည်း သိလိုက်ရ၏။

ဘာပဲဖြစ်ဖြစ် သူကတော့ ပုံ့ ကို ချစ်ခဲ့မိတာ မှန်သောသစ္စာပါ။ ကောင်းချွန် သတိပေးခဲ့တာတွေ၊ မေမေ သဘောမတူနိုင်တာတွေ ဘာရှိရှိ ဒီအချိန်မှာ ပုံ့ မျက်နှာလေးကိုပဲ ဦးစားပေးဆုံးဖြတ်ဖို့တွေ ရင်ထဲမှာ ဖြစ်နေ၏။

"ကိုမောင်"

"ဟင် ပြောလေ"

"ကိုမောင်တို့ ဘယ်နေ့ပြန်မှာလဲဟင်"

ထိုမေးခွန်းကြောင့် ရင်ထဲမှာ ယိုက်ခနဲပွသွားခဲ့၏။ ဟုတ်သည်၊ ကိုယ်က ဧည့်သည်ပဲ၊ အချိန်တန်လျှင် ပြန်ရမည်သာ။ ပုံနဲ့ သူ့ရဲ့အနာဂတ်အတွက် သူ့ဘက်မှာ ဘာမှ အဆင်သင့်ပြင်ဆင်ထားတာ မရှိခဲ့။

သူ့မျက်နှာကို ပုံ က ငေးကြည့်နေပြီးမှ ...

"ရွာထဲမှာ ပုံ နဲ့ ကိုမောင်တို့အကြောင်းကို ပြောနေကြပြီ သိလား"

"ဟုတ်လား၊ ဘာတဲ့လဲ"





"ကဲ့ရဲ့ကြတာပေါ့ ကိုမောင်ရယ်၊ ဒါတွေကိုထားလိုက်ပါ၊ ပုံ ပြောချင်တာက ဟို ..."

ပုံ မျက်လွှာလေးချသွားကာ စကားသံလည်း တိတ်သွား၏။ ပြီးတော့ မျက်ရည်စို့ထားခဲ့သော မျက်ဝန်းတို့ပေါ် ကို လက်ချောင်းထိပ်များကလေးများဖြင့် သာသာလေးတို့ထိသုတ်ပစ်နေသည်။

"ပြောလေ ပုံ၊ ပုံ ပြောချင်တယ်ဆိုတာ ဘာလဲ"

ပုံက တော်တော်နှင့်မပြောပေ။ သူ့ မျက်နှာဆီ အကြည့်ရောက်မလို မော့လာပြီးမှ ပြန်ငုံ့ကာ ...

"ပုံ မပြောရဲတော့ဘူး"

"ဘာမို့လို့လဲ၊ ပြောပါ၊ ကိုယ့်ဘက်က တစ်ခုခုစွမ်းဆောင်ပေးရဖို့လား၊ ပုံနဲ့ကိုယ့်ရဲ့ ကိစ္စနဲ့ပဲပတ်သက်မယ်ထင်တယ်၊ ဘာလဲဟင်"

"ပုံ့ ကို ကိုမောင် အထင်သေးသွားမှာစိုးလို့"

"မေးစရာလား ပုံရယ်၊ မင်းလဲ ပွင့်လင်းရဲတဲ့မိန်းကလေးတစ်ယောက်ပါ၊ မင်းနဲ့ကိုယ့်အတွက် အချိန်ဆိုတာ သိပ်မရှိတော့ဘူးလို့ထင်တယ်၊ ခုချိန်မှာ ကိုယ် ဘာလုပ်ရမှန်းမသိတာလဲ အမှန်ပဲ၊ ပုံ စဉ်းစားထားတာရှိရင် ပြောလေ"

ပုံ့ မျက်နှာလေးမှာ ကြည်နူးလေးစားခြင်းများနှင့် ပြည့်သိပ်လျက် တဖြည်းဖြည်းမော့၏။ လက်ဖဝါးလေးတစ်ဖက်က သူ့ရင်ဘတ်မှာ ဖွဖွလေးကပ်၍ ပွတ်သပ်လာတော့ ထိုလက်ကလေးကို သူ ပြန်၍ဖိဆုပ်ကိုင်ထားလိုက်မိသည်။

"ပုံ လေ ဟို... ကိုမောင့်ကို မပြန်စေချင်ဘူး"

"ဟင်..."

"ပုံ တို့ ဒီမှာဖြစ်ဖြစ်၊ တခြားတစ်နေရာကိုဖြစ်ဖြစ်သွားပြီး နှစ်ယောက်တစ်ဘဝ ထူထောင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘာစကားမှပြန်မပြောနိုင်ဘဲ ဖြစ်သွားခဲ့သည်။ သူတို့ နှစ်ယောက်ပေါင်းကြဖို့က ဒီနည်းအပြင် အခြားမရှိနိုင်တာကို သိပေမယ့်တကယ် စွန့်စားကြဖို့ဆိုတာကလည်း ပြောသလောက်တော့ မလွယ်ပေ။

စွန့်စားကြဖို့တော့ သတ္တိမွေးနိုင်ကြပြီး ရင်ဆိုင်ကြဖို့တွေကို သတ္တိမရှိလို့မဖြစ်။ စွန့်စားဖို့ ရင်ဆိုင်ဖို့ အနာဂတ်အတွက် နိုင်မာစွာ ဆုံးဖြတ်ပြီးပြီဆိုရင်လည်း ထိုဆုံးဖြတ်ချက်ဟာ တစ်ယောက်တည်းမှာပဲ နိုင်မာနေလို့မဖြစ်ပေ။

ထိုအခါ နှစ်ဦးနှစ်ဖက်နားလည်မှုနိုင်မာကြဖို့က မစဉ်းစားလို့ဖြစ်မလား။

"ပုံ စဉ်းစားပြီးပြီ ကိုမောင်၊ ကိုမောင် ဒီကပြန်သွားတာနဲ့ ပုံ နဲ့ကိုမောင်ပြန်ဆုံကြရမှာမဟုတ်တော့ဘူး၊ ကိုမောင့်ဘက်က ပုံ့ ရဲ့ ဘဝကို ဘယ်လိုမှလက်ခံနိုင်ဖို့မလွယ်ဘူးဆိုတာ ကိုမောင်လဲ သိမှာပါ၊ ကိုမောင့်ကို ပုံ ဆုံးရှုံးမခံနိုင်ဘူး၊ ဘယ်မှာပဲနေနေ အဆင်မပြေ မပြည့်စုံမှုတွေ ရှိလာမှာပဲ၊ အဲဒါတွေကို ပုံ မကြောက်ဘူး။ ကိုမောင် ပုံ ရဲ့ ဘေးမှာရှိနေမယ်ဆိုရင် သူဌေးသားကိုသူထားပြီး ဆင်းဆင်းရဲရဲအလုပ်သွက်လုပ်တာ မမြင်ရက်လို့ ကိုယ်ပဲ ဦးဆောင်ရှာဖွေတဲ့မိန်းမ ပုံ ဖြစ်ပါစေ ..."

"ဟာ မဟုတ်တာ ပုံရယ်"

"ဟုတ်တယ်၊ ကိုမောင် ပုံ့ ကိုလက်ထပ်ရင် ဆင်းရဲကြမှာပဲလို့တွေးပြီး ..."

"တွေးမိတာက ကိုယ့်ဘက်ကချည်းပဲကြည့်တာမဟုတ်ဘူး ပုံ၊ ဆင်းရဲတဲ့ဒဏ်ကိုမခံနိုင်ကြတာက ပုံတို့မိန်းကလေးတွေပဲမဟုတ်ဘူးလား၊ အချိန်နည်းနည်းယူမှဖြစ်မယ်"

"အဲဒီအချိန်ကို ကိုမောင် ပြန်ပြီးမှဆိုတဲ့နောက်မှာ မသတ်မှတ်ပါနဲ့၊ ကိုမောင့်ကို မျက်စိအောက်ကပျောက်သွားမှာ ပုံ ကြောက်နေတယ်၊ ကိုမောင် နဲ့ ပုံ့ ရဲ့ ဆုံစည်းမှုကို အိပ်မက်လို့ ခုထိ ထင်နေတုန်းပဲ သိလား၊





အဲဒီအိပ်မက်ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ဆုပ်ဖမ်းထုပ်ပိုးပြီး ဖွက်ယူထားလိုက်ချင်တယ်၊ ပုံ့ ရဲ့ အိပ်မက်တွေကို ပိုင်ဆိုင်ခွင့်ပေးပါနော်"

သူ ပုံ့ ရဲ့ ပခုံးလေးကို ခပ်တင်းတင်းဖက်ထားလိုက်မိသည်။ သွက်လက်ပွင့်လင်း၍ သူ့ ဘဝလေးနဲ့သူ ပုံ ကျေနပ်ပျော်ရွှင်နေခဲ့သော မိန်းမလှလေးတစ်ယောက်ကို သူ ဒုက္ခပေးခဲ့မိပြီမှန်းလည်း နားလည်လိုက်သည်။

ပုံ သည် သူမ၏ရင်ဘတ်ထဲ၊ ခေါင်းထဲမှာ အဖြူထည်သက်သက်လေးနှင့် ဘဝမှာ ဘာကိုမှ ဂရုမစိုက်၊ အမြင့်ကိုမျှော်မကြည့်သလို နိမ့်ရာကို စုန်ဆင်းချင်တာမျိုးလည်းမရှိ၊ ကိုယ့်ဘဝကို နားလည်ကာ ထိုဘဝမှာပဲ နေသားတကျရှိနေခဲ့သော မိန်းကလေးဖြစ်၏။

သူ့ ကိုလည်း မတူတန်သောဘဝနှစ်ခုအဖြစ် ခင်မင်စိတ်လေးသာဖြစ်ခဲ့ပြီး တပ်မက်ခြင်း၊ ခြားနားခြင်းကိုလည်း သပ်သပ်စီခံစားထားခဲ့ပြီး ဖြစ်လိမ့်မည်။

သူ့ ဘက်က ခုလို နီးစပ်ဖို့ကြိုးစားလာခဲ့သောအခါကျကာမှ မျှော်လင့်မထားခဲ့သောအဖြစ်တို့အပေါ် မှာ ရယူပိုင်ဆိုင်လိုခြင်းတွေ၊ မယုံကြည်မဝံ့ရဲခြင်းတွေ စုပြုံခံစားနေရရင်း ရှေ့မှာ ဘာတွေရှိရှိ ဖွတ်တိုးဖို့သာ ဆုံးဖြတ်ချင်နေခြင်းဖြစ်၏။

အိပ်မက်ထဲမှာ ရတနာပုံပေါ် ထိုင်ပြီး အိပ်မက်က နိုးထလျှင် ဒါတွေပျောက်ကုန်မှာလည်းသိကာ ဘယ်လိုထုပ်ပိုးသိမ်းဆည်းရမှန်းမသိဘဲ ရူးမတတ်ဖြစ်နေခဲ့သူလို ပုံ့ ခံစားချက်လေးကို မောင နားလည်သွားခဲ့၏။

ပုံ့ ကို သူ ပို၍ သနားကရုဏာဖြစ်သွားမိသည်။ တစ်စုံတစ်ရာသော ဆုံးဖြတ်ချက်ဖြင့် သူမ၏မျှော်လင့်ချက်လေးတွေကို အလင်းရောင်ပေးလိုက်ဖို့လည်း တွေးမိလာသည်။

"ကိုမောင် ဘာတွေစဉ်းစားနေတာလဲဟင်၊ ပုံ့ ကို လက်ထပ်ဖို့မှာ.."

"လက်ထပ်ဖို့ပဲ တွေးတာပါ၊ ကိုယ်က ဦးဆောင်ပြီးဖက်ပြုရမယ့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား၊ ကိုယ့်ဘက်က နိုင်မာဖို့က အဓိကပဲ ပုံ၊ မင်းက စွန့်စားရဲပြီ ဆိုရင် ကိုယ် မတွေဝေပါဘူး၊ ဘာလုပ်သင့်သလဲဆိုဘာကိုပဲ တွေးတာ"

ပုံ ဝမ်းသာအားရဖြစ်သွားပုံလေးက ကလေးဆန်လွန်းနေ၏။ သူ့ ရင်ခွင်ထဲကနေ လူးလွန့်ရုန်းဖယ်ကာ ပြုံးနေသည့်မျက်နှာလေးနှင့် မော့ကြည့်သည်။

"ပုံ ပြောပြီးပြီပဲ ကိုမောင်ရယ်၊ ကိုမောင်သာ ပုံ့ အနားမှာရှိနေပေးပါ ပုံ့ အတွက် ဘာမှမလိုတော့ဘူး၊ ခုလေ အမေ ခေါ်နေလို့ ပုံ ရွာကို ခဏ ပြန်ရဦးမယ်"

"ပြန်မယ် ဟုတ်လား"

"ခဏပဲ ကိုမောင်၊ ညအိပ်ဖြစ်ရင်တောင် တစ်ည အလွန်ဆုံးပဲ"

"ကိုယ်တို့က ..."

"ဒီမှာပဲနေလေ၊ ကိုမောင် ပြန်မသွားရဘူးနော်၊ အမေခေါ်တာလဲ ကိုမောင်နဲ့ ပုံ့ သတင်းကိုကြားလို့ပဲနေမှာ၊ အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာနေတော့ ကြားနေကျ ဆုံးမစကားတွေလိုပဲ 'ညည်း ကျန်ခဲ့လိမ့်မယ်၊ အဆင်ပြေဖြတ်' ဆိုတာမျိုးတွေပေါ့"

"ဖွတ်အတင်းခွဲပစ်ရင် ဘယ်လိုလုပ်မလဲ ပုံ၊ မင်း ပြန်လာလို့မရတော့ရင် ..."

ပုံ က နှုတ်ခမ်းသားလေးကိုပဲ မဲ့ပစ်လိုက်ပြီး မျက်နှာထက်မှာ ပြုံဆင်းနေသည့် ဆံစ,တချို့ကို သာသာလေး သပ်တင်လိုက်၏။

ဆုံးဖြတ်ချက်ခိုင်မာထားပြီးသည့် မျက်ဝန်းတွေမှာ အေးစက်ခိုင်ကြည်လျက် ...

"ဘာလို့ပြန်မလာနိုင်ရမှာလဲ ကိုမောင်၊ ငှက်ကလေးတွေတောင်မှ အတောင်ကျိုးနေရင် ပျံနိုင်မှာမဟုတ်ဘူး။ ပုံ က အတောင်မပါပေမယ့် ဆုံးဖြတ်ပြီးရင် ဖြစ်အောင်လုပ်တတ်တယ်၊ ပြီးတော့ ပုံ အစွဲအလမ်းကြီး





တတ်တာ အမေ သိတယ်၊ ဒါကို ဖြတ်တောက်ဖို့ ဇွတ်ကြိုးစားရင် ပုံ့ ကို အသေရိုက်သတ်လိုက်မှရမယ်၊ ဒါတောင် ခန္ဓာကိုယ်ကပဲသေမှာ၊ ပုံ့ ရဲ့ အချစ်၊ ပုံ့ ရဲ့ ဝိညာဉ်က ကိုမောင့်ဆီကို ရောက်အောင်လာမှာပဲ"

အနိုင်အမာပြောနေပြီး လေသံလေးတွေ ပြန်ပျော့ကျသွားကာ ...

"ကိုမောင် ..."

မောင့်မျက်နှာကို အဖြေရှာသောမျက်ဝန်းလေးများနှင့် ငေးမောရင်း...

" ကိုမောင့်ကို ပုံ သိပ်ချစ်တယ် သိလား"

"ကိုယ်လဲ မင်းကို သိပ်ချစ်တယ်၊ စိတ်ချပါ ပုံ၊ မင်း စိတ်ချမ်းသာစေရမယ်၊ ကိုယ့်ဘက်က ဆုံးဖြတ်ချက်တွေနဲ့ မျှော်လင့်ချက်တွေ ထားခဲ့ပြီးမှ မင်းဘက်က မပျက်ဖို့ဘဲ ကြိုးစားပါ"

စကားလုံးပေါင်းများစွာ ပြောနေသလို ပုံ က နှုတ်ခမ်းလေးကို ဖိပိတ်လျက်နှင့်ပြုံးသည်။

"ပုံ့ ကိုလဲ စိတ်ချပါ၊ ကိုမောင့်ကို ပုံ ဘယ်လောက်ထိချစ်တယ်ဆိုတာ သက်သေပြမယ်၊ ဒီတစ်ဘဝတည်းမဟုတ်ဘူး၊ နောက်ထပ် ဘဝ ဘဝတွေ ပိုင်ဆိုင်ရသမျှ ကိုမောင့်ကို ချစ်နေမှာ၊ ပုံ့ ဘေးမှာ ကိုမောင်ပဲရှိရမယ်၊ ကိုမောင့်ဘေးမှာလဲ ပုံ က လွဲပြီး ဘယ်မိန်းမမှမရှိရဘူး၊ ကိုမောင်က ပုံ့ ကိုပဲချစ်မှာမဟုတ်လားဟင်"

ခေါင်းတစ်ညိတ်ဟာ တစ်သက်တာအတွက်ပါ။ သူ ပုံ့ကစ်ကိုယ်လုံးကို သိမ်းကျုံးဖက်၍ ပါးပြင်လေးကို တရှိုက်မက်မက် နမ်းချင်သည်။

ဆံနွယ်ရှည်ရှည်ထဲမှာ မျက်လုံးတွေမှိတ်၍ တိုးတိုက်နမ်းရှုပ်ရင်း မိနစ်ပေါင်းများစွာ ဖိနှစ်ငြမ်းချင်၏။ ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မေ့မူးတာတွေ၊ အချစ်ထူးတာတွေ ညည်း မပြောနဲ့၊ လူငယ်တွေဘက်မှာ ဘယ်လိုရှိတယ်၊ ဘာတွေခံစားနေရတယ် ငါ ဘာမှဂရုစိုက်မှာ မဟုတ်ဘူး၊ ဒီမှာ မိပုံ ..."

ဒေါ်မြကြင်က ပုံ့ရှေ့ကို ဆိုးဆိုးဆတ်ဆတ်လျှောက်လာပြီး မျက်နှာငုံ့နေသည့် ပုံ့နဖူးကို ဆောင့်တွန်း၍ မော့စေလိုက်သည်။ ဟိုတုန်းကတည်းက အကြင်နာဆိုတာ ရှာမတွေ့ခဲ့သော ဒေါ်မြကြင်၏မျက်ဝန်းများမှာ မီးဝင်းဝင်းတောက်နေသည်။

သမီးလေး ဒီတစ်ယောက်ပဲရှိသည်၊ ဒီတစ်ယောက်ဟာ သူမဘဝအတွက် အမှီက်။ လင် မရှိတော့ပေမယ့် ကိုယ့်မှာ လုပတဲ့အရွယ်၊ ကာလေးအမေဆိုပေမယ့်လည်း မိန်းမပျိုလေးတချို့ လုကြတယ်ဆိုတာ မြကြင်တို့က ရယ်ချင်သည်။

ထို့ကြောင့် ကိုယ့်ကိုယ်ကို လှအောင်နေသည်၊ လှတော့ လူကြီး





လူငယ် အားလုံး ဂရုစိုက်လာသည်၊ သတိထားလာသည်၊ မြကြင် ဆိုသည့် သမီးတစ်ယောက်အမေ၊ တစ်ခုလပ်မလေးက ပေါ်လွင်လာ၏။ ကိုယ် လှလို့ကြည့်တာ ဘာဖြစ်လဲ၊ ဒါပေမယ့် လူတွေက လက်ညှိုးထိုးကြသည်။

"မွေးထားတာ သမီးလေး"

"အေးလေ သားလေးမွေးထားရင် တော်သေးတယ်"

"သမီးမိန်းကလေးမွေးထားပြီး ခုတည်းက အနေအထိုင် အသွားအလာ မဆင်ခြင်ရင် ဒီကလေး ကြီးလာရင် ဘယ်လိုလုပ်မလဲ" တဲ့။

ကဲ့ရဲ့ခြင်းတွေက ပုံရိပ် ကို လက်ဆွဲ၍ ဟိုသွား၊ ဒီသွား ခေါ်လို့ရတဲ့ အရွယ်မှ စလာခဲ့တာဖြစ်၏။ ထိုစဉ်ကတည်းက 'ငါ သမီးမွေးထားမိလို့' ဟု မရှင့်မရဲဖြစ်ရသည့်ဒေါ်သစိတ်က ဒီကလေးကို ငုံ့ကြည့်မိတိုင်း ဘာရိုပ်ရိုပ်တက်သည်။

ကိုသိမ်းမောင်နဲ့ လက်ထပ်လိုက်တော့လည်း အိမ်နီးပါးနီးနဲ့ ရပ်ရွာ လူကြီးတွေကို ပင့်ဖိတ်ပြီး လက်ဖက်ရည်တိုက်တာတောင် လူမစည်ခဲ့ပေ။

"သမီးလေးက မြီးကောင်ပေါက်နဲ့ အရက်သမားကို သင်းမို့ ယူရဲ တယ်၊ အလကားတိုက်တဲ့ အဲဒီလက်လက်ရည်ကိုတောင် မျိုမချချင်ဘူး" ဆိုတာတွေ...။

"အဲဒီကောင်မ သမီးလေးမွေးထားပြီး ကြင်နာရမှန်းလဲမသိပါဘူး၊ တော်သေးတာပေါ့၊ ကောင်မလေးက အနေအထိုင်တတ်လို့၊ မဟုတ်ရင် ပထွေးစာပဲ"

"သမီးကို သမီးမှန်း ဘယ်သိမလဲ၊ သူ့မှာ ဒီလင်အတွက် တစ်စိတ်ပဲ ရှိတော့တာ"

ပြောကြ ကဲ့ရဲ့ကြတာတွေ မိုးမွှန်နေသည်။ အားလုံးက သမီး တစ် ယောက်ကို မွေးခဲ့ခြင်းကြောင့် မသင့်တော်တာတွေပဲဖြစ်၏။

ကိုယ့်ဘဝ၊ ကိုယ့်အနာဂတ်ကို ဒီကလေးတစ်ယောက်အတွက်ပဲ ပုံချ



www.burmeseclassic.com

www.burmeseclassic.com



စတေးထားလိုက်ရမှာလား။

ပုံရိပ် မျက်နှာကိုမြင်တိုင်း ပတ်ဝန်းကျင်မှာ အမြဲတမ်း မျက်နှာမလှ ဖြစ်နေခဲ့ရသော ကိုယ့်ဘဝကို ကိုယ် မကျေနပ်နိုင်။ ဒေါ်မြကြင်၏ဒေါသ တွေက အခြေအနေရယ်၊ ပုံရိပ်ရယ်၊ ပတ်ဝန်းကျင်ရယ် ဒီသုံးခု အကြောင်း တိုက်ဆိုင်လာတိုင်း ဖြစ်သင့်သည်ထက် ပိုမိုသောပေါက်ကွဲခြင်းက ဆင်မြ တံ့တရားကင်းမဲ့နေတတ်ခဲ့၏။ ခုတော့ ကိုယ့်ကြောင့်မဟုတ်ဘဲ သမီး ကြောင့် လူပြောသူပြော ခံခဲ့ရပြီ။

"ညည်းနဲ့ အဲဒီသူဌေးသား ကင်းရှင်းကြရဲ့လား"

"ဘာ.. အမေ"

စူးစူးရဲရဲကြီး စိုက်ကြည့်နေလိုက်တာ မျက်နှာ၊ လည်ပင်း၊ ရင်ဘတ်က အစ ခြေဖျားအထိ စုန်ချီဆန်ချီ 'ထရပ်လိုက်စမ်း' လို့ ထပ်ခိုင်းပြီးတော့များ ရှေ့နောက်ဝဲယာ ကြည့်ဦးမှာလားဟု တွေးမိရသည်အထိ။

သို့သော် မေးလာလိုက်သည့်မေးခွန်းက မကြားဝံ့မနာသာ။ ဒီလိုမေး မလို့ ဒီလိုကြည့်တာမှန်း ပုံ နည်းနည်းမှ မတွေးမိခဲ့ပေ။

ပုံ အထိတ်တလန့်ဖြစ်သွားတာကိုမြင်တော့ ဒေါ်မြကြင်က ဓါးနှစ် ဖက်ထောက်လိုက်ကာ ...

"ညည်းက မိဘကို လူပြောခံရအောင် တမင်တကာ ကြာအင်းကို ပြောင်းနေတာမဟုတ်လားဟင်၊ မြို့မှာသွားနေတာ ဘယ်လောက်မှ မကြာသေးဘူး ပြန်လာတော့ နောက်ကပါလာတယ်၊ အဲဒီကောင် ညည်း ကို တကယ်ယူမယ်များ မှတ်နေသလား"

"အမေကလဲ ပုံ့ ကို ဘာမှမမေးသေးဘဲနဲ့ ဘာဖြစ်လို့ထင်ရာတွေ ပြောနေတာလဲ"

"ထင်ရာတွေပြောနေတာမဟုတ်ဘူး။ ညတိုင်း ညည်းတို့ချိန်းတွေ့နေ ကြတာ ကြာအင်းကနေ ဒီထိ သတင်းတွေထွက်နေတာလေ၊ တစ်ညလုံး





သန်းခေါင်ကျော်ကျော်မှ လူချင်းခွဲကြတာရော၊ နေ့ခင်းမရှောင်၊ ညနေမရှောင် ရွာထဲမှာ တွဲသွားတွဲလာ ..."

"ကိုမောင်က လူကြီးလူကောင်း မိကောင်းဖခင်သားသမီးပါ အမေ၊ သူများသားသမီးကို အဲဒီစိတ်နဲ့ စော်ကား မော်ကား ကျူးလွန်မယ့်လူမျိုး မဟုတ်ဘူး"

"ဘာ.. ဘာပြောတယ်"

ဒေါ်မြကြင် ဆတ်ဆတ်ခါ ဖြစ်သွားသည်။ ပုံ့ ရှေ့ကနေ တစ်လှမ်း နှစ်လှမ်း ခွာသွားလိုက်၊ ချာခနဲပြန်လှည့်လာလိုက်နှင့် ဝါးကြမ်းခင်းထား သော ထရံအိမ်လုံးလေးမှာ ဒေါ်မြကြင်၏ ကမူးရှူးထိုးလှုပ်ရှားမှုကြောင့် သိမ့်သိမ့်ခါနေတော့သည်။

"ပြန်ပြောစမ်း၊ ပြန်ပြောလိုက်စမ်း မိပုံ၊ မိကောင်းဖခင်သားသမီး ဟုတ်လား၊ လူကြီးလူကောင်း ဟင်.. ပြောစမ်းပါ၊ အဲဒီလိုလူက ညည်းလို မိန်းကလေးကို အတည်အတံ့ စိတ်ကူးနေတယ်ပေါ့၊ ချစ်ခင်စွဲလမ်းလွန်း လို့ လိုက်လာ-ာယ်လို့ ထင်တယ်ပေါ့"

ဒေါ်မြကြင် ပြောနေတာက ခုနစ်အိမ် ရှစ်အိမ်ကြားအောင် အော်နေ ရုံမကဘဲ တစ်ရွာလုံးကြားနိုင်လောက်သည်။ အမေနဲ့ ပုံ အမြဲတမ်း အတိုက် အခံ ပြောနေကျပေမယ့် ဒီကိစ္စမှာတော့ အမေ့ကို ပြန်ခံပြောဖို့ထက် ရှက် သည့်စိတ်ကပဲ မင်းမူနေခဲ့သည်။

ပြီးတော့ အမေ့ကိုလည်း မယုံနိုင်စွာ မော့ကြည့်နေမိ၏။ ဒါ သမီး တစ်ယောက်ကို ဆုံးမနည်းတဲ့လား။

"မြို့သား သူဌေးဆိုတာနဲ့သာ ညားသွားမယ်ဆိုရင် ဘယ်မိဘက သဘောမတူဘဲနေပါ့မလဲ မိပုံရယ်၊ မိဘက ညည်းလို ဖြုတ်ဦးနှောက်နဲ့ မြင်တာမှမဟုတ်တာ၊ အရှည်ကို အများကြီးမြင်တယ်၊ ဒီကောင် ညည်းကို ဒီထိလာပြီး အယုံသွင်းနေတာ၊ အချိန်တန်ရင် လုံချင်တာရတော့နဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"အမေ ..."

ပုံ ရှက်ရှက်နှင့် အမေ့အသံတိတ်သွားအောင် ဖြတ်အော်ပစ်လိုက်

သည်။ ထိုင်ရာကနေ ဝုန်းခနဲထရပ်လိုက်တော့ သားအမိနှစ်ယော

မျက်နှာချင်းဆိုင် ရပ်ပြီးသားဖြစ်၏။

"အမေ့ကို ပုံ နားကိုမလည်တော့ဘူး။ အမေ ပုံ့ ကို ဆုံးမနေတာလာ

ကဲ့ရဲ့နေတာလား၊ ဒါမှမဟုတ် တမင်အရှက်ခွဲနေတာလား"

"ဘာပြောတယ်"

အမေးနှင့်အတူ ရိုက်ချက်က ဖြန်းခနဲကျ၏။ ပုံ စောစောက ထိုင်

သည့်ခုံပေါ် သို့ ဖရိုဖရဲ လဲကျသွားသည်။ ခုံက ထရံဘက်ကို ထပ်၍ယို

သွားသဖြင့် ခုံရော လူရော မသက်သာ။

"ဟော့ ဘာဖြစ်ကုန်တာလဲကွ"

ဦးသိမ်းမောင် အိမ်ရှေ့မြေပြင်ပြန့်ပြန့်မှာ ခုံတစ်လုံးနှင့် စားပွဲခင်း

ပုလင်းထောင်နေတာဖြစ်သည်။ ဘယ်လောက်သောက်သောက် မူးမှ

မသိသာအောင် ချိုးကပ်နေသည့်မျက်နှာက နီနေပေမယ့် တကယ့်တည

ကြည်ရှိုးသားမှုများနှင့် ...

"ဘာတွေဖြစ်နေကြတာလဲ မြကြင်၊ ကလေးကို ဆုံးမတာ ဒီလော

ထိဖြစ်စရာလားကွာ"

ပြောရင်းနှင့် ပုံ လဲကျနေသည့်နားကိုလျှောက်လာသည်။ ခြေလှမ်

မမှားဘူးဆိုပေမယ့် ယိုင်ချင်ချင်၊ ဘယ်လိုပဲဟန်ဆောင်ထားထား အရက

သမားကိုယ်ဟာ အရက်နံ့တထောင်းထောင်းနဲ့သာ။

"ဖယ်... ဖယ်"

လူထက်အရင် အရက်နံ့က ရောက်လာသည်။ ပုံ့ လက်မောင်း နှ

ဖက်ကို ငုံ၍တွဲထူဖို့ကိုင်လိုက်သည်နှင့် ပုံ က ဆတ်ဆတ်ထိမခံဘဲ ပုတ

ထုတ်ခါချပစ်လိုက်၏။





"ဟာ ..."

"ဝုန်း ..."

နဂိုကတည်းက ဟန်ဆောင်ပန်ဆောင် ထူမတ်လာခဲ့ရတာဖြစ်သော ဦးသိမ်းမောင်၏ကိုယ်ကြီးက ပုံ တွန်းပစ်လိုက်သည့်အရှိန်နှင့် ကြမ်းပေါ်သို့ ဝုန်းခနဲပစ်ခတ်လဲကျသွားလေသည်။

"ကြည့်စမ်း ကြည့်စမ်း မိုက်ရိုင်းလိုက်တဲ့ဟာမ"

ဒေါ်မြကြင် မျက်လုံးထဲမှာ မီးပွင့်သွား၏။ ပုံ့ ဘေးကိုချက်ချက်ရောက်သွားကာ ...

"ထွက်ခဲ့စမ်း၊ ညည်း ထွက်လိုက်စမ်း"

ဒေါသတကြီးပြောရင်း ပုံ့ နားမှာရှိသည့် လဲပြိုနေသောပစ္စည်းမှန်သမျှကို တစ်ခုပြီးတစ်ခု ဆွဲလွှဲလွှင့်ပစ်၏။ ပြီးတော့ ပုံ့ အလှည့်ဖြစ်ကာ ...

"မိုက်ရိုင်းဦး၊ စေတနာကို စော်ကားဦး"

"အား ..."

"ညည်းကိုညည်း ဘာမှတ်နေလဲ မိပုံ၊ ကဲဟယ် ကဲ ..."

"အမေ ..."

နာလည်းနာသည်။ အသည်းကရော၊ အသားကရော နှစ်ခုစလုံးဖြစ်နိုင်၏။ ပုံ ငိုဖို့ပင်သတိမရဘဲ အမေ့ရိုက်ချက်တွေကိုရှောင်ရင်း ရှင်းပြဖို့ကြိုးစားတာ ဘယ်လိုမှမရ။

"ဒီလူတွေ ကျွေးမွေးစောင့်ရှောက်ခဲ့လို့ ညည်း လူဖြစ်ခဲ့တာ၊ ခွေးတိရစ္ဆာန်မ"

"အမေနော် အမေ..."

"ဖယ်စမ်း၊ ညည်းက ငါ့ကိုများ ခံလုပ်ချင်တာလား"

"မဟုတ်ဘူး၊ အမေယောက်ျား ..."

"တော် တိတ် မပြောနဲ့ မပြောနဲ့ ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး.. ဒေါ်လေးမြ တော်ပါတော့"

"မမြရယ် ခက်တော့တာပဲ"

ဘွေးကျွက်သံယိုတွေဖြစ်လာတဲ့အထိ မရပ်သေးတော့ ဘေးအိမ်က ပုလုံးတို့သားအမိ ပြေးဝင်လာပြီး ဆွဲကြ၏။ ဒေါ်ဖွေးက ဒေါ်မြကြင်ကိုဆွဲကာ ပုလုံးက ပုံ့ ကို ပြေးထူ၏။

"သားသမီးပဲ မမြရယ် တော်ရုံကိစ္စဆို ပြောဆိုဆုံးမကြည့်ပါဦး။ ဒါ အောင်ကြီးတစ်ကျယ်တွေဖြစ်ရမယ့်ကိစ္စမှမဟုတ်တာ"

"အဲဒါပဲကြည့်တော့ မဖွေးရေ ကျုပ်က အမြင်မတော်လို့ ဝင်ဆွဲတာပါ"

ဦးသိမ်းမောင် လဲနေရာမှ လူးလဲထလာသည်။ မျက်နှာမှာ ဒေါသမပါ ယူကျုံးမရကြေကွဲနေသောဟန်များနှင့် ...

"ကိုယ့်သမီးကိုယ်ဆုံးမတာ လူမကြားဘူးလားဗျာ ကဲ ..."

"ညည်း.. ဒီဟာမ စော်ကားနေတာကျတော့ ပန်းနဲ့ပေါက်နေတာလို့ ရှင်က ထင်လို့လား"

လင်မယားနှစ်ယောက် အတိုင်အဖောက်ညီနေတာကိုကြည့်ကာ ဒေါ်ဖွေး ခေါင်းခါမိသည်။ နောက်ကိုပြန်ကြည့်လိုက်တော့ ပုလုံး လက်ထဲမှာ မခိုင့်တခိုင် ထရပ်လိုက်သည့် ပုံ့ မျက်နှာလေးမှာ အညိုအမည်းစွဲကာ နှုတ်ခမ်းထောင့်မှာလည်း သွေးစတွေနှင့် မြင်မကောင်း။

ဒေါ်မြကြင်က ဦးသိမ်းမောင်နှင့်ယှဉ်တွဲရပ်နေရင်း ဒေါသမပြေသည့် မျက်နှာနှင့် ...

"ဒီနေ့ကစပြီး ညည်းနဲ့ငါ သိမယ် မိပုံ၊ မြကြင်က သမီးကို မနိုင်ဘူး၊ မနိုင်ဘူးလို့ လူတွေပါးစပ်ထဲမှာဖြစ်နေတာ မှန်တယ်၊ ဒါပေမယ့် ငါက မနိုင်လို့ကြည့်နေလိုက်တာမဟုတ်ဘူးနော်၊ မပြောချင်လို့ကိုနေတာ၊ ဆုံးမချင်စိတ်မရှိလို့ လွှတ်ထားလိုက်တာ၊ ဒီမှာ ကိုယ်မွေးထားတဲ့သားသမီးကိုမှ





နိုင်ဘူးဆိုရင် အမြင့်ကို လှေကားထောင်တက်ပြီးမှ ခုန်ချသေပစ်လိုက်ယ်၊ မယုံမရှိနဲ့ ညည်းနဲ့ပတ်သက်ပြီး ငါ လူကဲ့ရဲ့ခံခဲ့ရတာတွေ ညည်း့ရဲ့ ကြက်တမ်းတစ်လျှောက်လုံးပဲ၊ အားလုံး ဒီနေ့က စပြီး မရတော့ဘူး"

ပြောပြီးတော့ လျှောက်လာပြန်သည်။ ပုံ့ ကိုတွဲ၍ အခန်းလေးထဲ ခေါ်သွားဖို့ဖြစ်သည့် ပုလုံးနဲ့ ပုံ့ရှေ့မှပိတ်ရပ်ကာ ...

"ဘာမှမဟုတ်သေးဘဲနဲ့တောင်မှ ငါ့မှာ အပြောခံလိုက်ရတာ၊ ခုနေ သာ ညည်း မဟုတ်တရုတ်ဖြစ်သွားကြည့် မြကြင်က အသုံးအမမှမရှိတာ လူ့လင်ကိုပဲ ဂရုစိုက်နေတာ၊ အမယ်လေး ပြောလာမှာတွေ မတွေးရဲဘူး၊ ဒီနေ့ကစပြီး အိမ်ပေါ်ကနေ အိမ်အောက်ကို ခြေချတာနဲ့ သေပြီမှတ်"

ရပ်မပေါ် အောင်ဖြစ်နေသည့် ပုံ့ မျက်နှာလေးကို ထပ်မံရိုက်ပုတ်လိုသောမျက်လုံးစူးစူးများနှင့်ကြည့်၍ မဲ့လိုက်သေးသည်။

"ညည်း ခုလိုမျိုး တစ်ခါမှမခံခဲ့ရဖူးမဟုတ်လား၊ အဲဒါ မှတ်ဟား။ မြကြင်က ကိုယ်စိတ်ချမ်းသာမှုကလွဲပြီး ဘာမှဂရုစိုက်ခဲ့တဲ့မိန်းမ မဟုတ်ဘူး၊ ညည်းကို ဆုံးမမနိုင်လို့ ကြည့်နေခဲ့ရတာလား၊ အလုပ်ရှုပ်မခံချင်တာလားဆိုတာ သဘောပေါက်တော့၊ ငါ့ကို ဆန့်ကျင်ပြီး ရှေ့တိုးဖို့ကြိုးစားတာနဲ့ ဘာဖြစ်သွားနိုင်သလဲဆိုတာလဲ သိချင်ရင် စမ်းကြည့်"

ထဘီစတစ်ဖက်က မှ၍ ဝါးကြမ်းခင်းတွေ တဖြောင်းဖြောင်းမြည်သွားလောက်အောင် လျှောက်ထွက်သွား၏။

"ကိုသိန်း"

"ဟော ..."

"ရှင် အဲဒီဟာမကို ကြည့်ထားစမ်းပါ၊ အမြင်မတော်လုပ်လို့ကတော့ ရိုက်သတ်ပစ်လိုက်"

"ခက်ပါလား မြကြင်ရယ်"

ဦးသိမ်းမောင်၏ အသားမည်းမည်း ရှည်မျောမျောမျက်နှာကြီးက



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နာတစ်ကောင်လို ကုတ်ကျမှေးဖျော့လျက် 'ဘယ့်နှယ်လဲ ကြားတယ်နော်' ဟု မေးလိုက်သလို မျက်လုံးများကတော့ ကောက်ကျစ်စွာ ရီဝေလျက်ရှိ၏။

ထိုမျက်လုံးအစုံသည် ပုံ့ ကို စူးစနဲ့ကြည့်ကာ ဒေါ်ဖွေးဥတို့ကိုပါ ဝေ့ဝဲလျက်...

"မဖွေးတို့ကို တောင်းပန်ပါတယ်ဗျာ၊ ဒီမိန်းမက စိတ်တိုလာရင် မျက်နှာစိမ်းစိမ်း ကျက်ကျက် မရွေးတော့ဘူး၊ တော်ကြာ သူ့သမီးနားကပ်ပြီး ဘာတွေဘာတွေ ပြောပါတယ်၊ ဆိုပါတယ်နဲ့ ပြောလာနိုင်သေးတယ်"

ဒေါ်ဖွေးဥ မျက်နှာ ကွက်ခနဲပျက်၏။ ဦးသိမ်းမောင်က တဟဲဟဲ ရယ်လိုက်ပြီး နားနားဟန့်နှင့် ...

"သူ့စိတ်ကိုသိလို့ ကြိုပြောပြတာပါ၊ ခြေရင်းခေါင်းရင်း မျက်နှာ မပျက်ချင်လို့ ..."

"သိတယ်၊ ကျွန်မတို့ကလဲ အမြင်မတော်လို့ ဝင်ပါမိတာပါ၊ ပုလုံး လာ ပြန်မယ်"

"ဟုတ်ကဲ့ ခဏလေးပါ အမေ"

ဒေါ်ဖွေးကလည်း ပုလုံး ပါလာသည်၊ ပါမလာသည်ကို လှည့်မကြည့်ပါ။ မျက်နှာတည်တည်ကြီးနှင့် ချက်ချင်းဆင်းထွက်သွား၏။ ဦးသိမ်းမောင်၏မျက်နှာက ဒေါ်ဖွေး ထွက်သွားသည်နှင့် တစ်မျိုးပြောင်းသွားသည်။ ပုံနှင့်ပုလုံးတို့ကို မြုံ့ဝိုင်ကြည့်၍ 'သတိထားနေကြ' ဆိုသည့် မျက်လုံးများနှင့် စကားပြောသွားသေးသည်။

အိမ်ရှေ့ကို ဦးသိမ်းမောင် ပြန်ရောက်သွားသည်အထိ လိုက်ကြည့်နေပြီးမှ ပုလုံးက ခပ်ကြိတ်ကြိတ်တက်ခေါက်သည်။ ပြီးတော့ အံတင်းတင်းကြိတ်ရင်း မျက်ရည်ကျနေသော ပုံ့ ကိုပြန်ငုံ့ကြည့်ကာ ...

"နင်ကလဲ ပဒိုတုန်းက ပုံရိပ် လိုနေစမ်းပါ၊ ရည်းစားထားလိုက်တာမှ





ဘာဖြစ်လာတာလဲ"

ပြောလိုက်ကာမှ ပုံ့ အင့်ခနဲရှိုက်၏။ နှစ်ယောက်သား အခန်းထဲကို အတူဝင်လာခဲ့ကြပြီး သင်ဖြူးလေးပေါ်မှာ ထိုင်လိုက်ကြ၏။ ပုလုံး က ပုံ့ မျက်နှာလေးကို မော့ယူပြီး စေ့စေ့စပ်စပ်ကြည့်သည်။ သူမမျက်ဝန်းမှာသည်၊ မျက်ရည်တွေဝေ့သီလို့ပါ။

"အဲဒါတွေဖြစ်ကုန်တာ နင့်ပထွေးရဲ့စနက်တွေပဲ သိလား၊ နင် ဟိုဘက်ရွာမှာ ရည်းစားထားနေတဲ့ကိစ္စရော၊ ဘယ်နေ့ ဘယ်ည ဘယ်ညနေမှာ ချိန်းတွေ့တာ၊ တွဲလျှောက်တာ သူပဲ ဒေါ်လေးမြကို သတင်းစုံပေးနေတာ၊ တကယ်ပါဟယ် ဘယ်ကနေ သိသိလာမှန်းကိုမသိပါဘူး။ ငါတို့က အိမ်ချင်းကပ်နေတော့ ညတိုင်း သူတို့ပြောနေကြတာတွေကို မကြားချင်မှ အဆုံး၊ သိတယ်မဟုတ်လား နင့်အမေက ပြောရင် တိုးတိုးတိတ်တိတ် မဟုတ်ဘူးလေ"

"ငါသိပါတယ်၊ ဒီလူကြီး ငါ့ကို ချွေးချောင်းချောင်းနေတာ အမေက လွဲရင် အကုန်လုံးသိကြတယ်၊ အဲဒါကြောင့် ရွာမှာ ငါ ဖင်ပူအောင်မနေရဲတာ"

"ဟုတ်ပ၊ အဲဒီကိစ္စကို အမေက ပြောသေးတယ်၊ ဒေါ်လေးမြက ဘာပြောတယ်မှတ်လဲ၊ သူတို့လင်လိုချင်လာတော့ မအေကိုငဲ့ပြီး မယူဘဲနေမှာ မဟုတ်ဘူးတဲ့၊ လင်မရှိ၊ သားမရှိနဲ့ မိန်းမငယ်ငယ်ရွယ်ရွယ်ဘဝ၊ ဘယ်လောက်ဒုက္ခကြီးတယ်မှတ်လဲ၊ ပတ်ဝန်းကျင်က တစ်မျိုး၊ စားစရာမရှိတာက တစ်မျိုးတဲ့၊ ပထွေးမို့ မသင့်တော်ဘူးထင်ရင် ကိုယ့်အန္တရာယ်ကို ကြည့်ရှောင်တဲ့"

ပုံ့ ရင်ထဲမှာ နာသွားသည်။ ပုလုံး ကတော့ ခြေကော လက်ကော အမူအရာတွေလည်းပါကာ ခရေစေ့တွင်းကျ ပြောနေဆဲဖြစ်၏။

မကြင်နာတာ မဆန်းတော့ပါ။ ဂရုမစိုက်ဘူးဆိုတာကိုလည်း ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီလောက်ထိ ရင့်သီးစွာပြောထွက်ဘာကျတော့ ရက်စက်လွန်းပါ၏။ ဟိုတုန်းက သူမကိုပယ်တိုင်လည်း အမေ့ကို ဤသို့တိုင် ပြောခဲ့ဖူးသည်။ ဒီစကားမျိုးတွေကိုပဲ အမေ ပြောခဲ့၏။

"ပထွေးပဲအေ ညည်းအဖေမှမဟုတ်တာ၊ ဒါမျိုးဆိုတာက မိန်းကလေးက သိုသိုသိပ်သိပ် ဆင်ဆင်ခြင်ခြင်နေတတ်ရင် ဘာမှမဖြစ်ဘူး။ ကြည့်နေပေါ့" ဘဲ့။

ဒီလူကြီးကိုတော့ ပထွေးဆိုသည့်ပါဂ် အပြည့်ပေးထားခဲ့သည်။ မရိုးသားဘူးဆိုလည်း ပထွေးမို့ သင့်တော်သည်။ အနေအထိုင်ပက်စက်တာ၊ အပြောအဆို ရင့်သီးတာ၊ ဘာဖြစ်ဖြစ် ပထွေးဆိုတာ ပထွေးလိုပဲနေမှာပေါ့ဟု အပြစ်မတင်။

ဝမ်းနည်း၍မဟုတ်ဘဲ နာကျင်သောမျက်ရည်တို့က နှလုံးသားမှ စိမ့်ယိုကျလာသလို တလှိုက်လှိုက် တလိမ့်လိမ့်ဆင်းလာခဲ့သည်။

"ပုံ နင်က တကယ် သူဌေးသားနဲ့ကြိုက်နေတာလားဟင်၊ အဲဒီအုပ်စုရွာထဲမှာ နင့်အကြောင်း လာစုံစမ်းသွားကတည်းက လူတွေ သိကုန်ကြတာ"

"နှစ်ယောက်တည်းပါ ပုလုံးရယ်၊ ကြာအင်းကျမှ ဖော်ကိုတို့အဖွဲ့နဲ့ ခင်သွားကြတာ"

"သူက တော်တော်ချမ်းသာတာလားဟင်၊ နင်… နင့်ကို ချစ်တာ ဟုတ်ရဲ့လား"

မရဲတရဲမေးလိုက်ရင်း ပုံ က မော့ကြည့်လိုက်တော့ မျာမျာသလဲလေး လက်ကာပြကာ …

"ငါက နင့်အမေပြောသလိုသဘောနဲ့မေးတာမဟုတ်ပါဘူး ပုံ ရယ်၊ ယုံပါနော်၊ နင့်အပေါ်မှာ စေတနာသန့်သန့်နဲ့ပါ။ ငါလေ ကြားသုံးကြား မဝင်ကောင်းဘူးလို့ အမေ ခဏခဏ ပြောနေတာ ကြားပေမယ့် နင့်အမေက





ရက်စက်လွန်းလို့ မခံချင်ဖြစ်မိတာတော့ အမှန်ပဲ၊ အဲဒါကြောင့်လဲ အခုဘမင်တကာ နင့်ဘေးမှာ နေခဲ့တာ"

ဘာလုပ်မလို့လဲဆိုသည့်အကြည့်နှင့် ပုံ က ဘာမှမပြောဘဲ ကြည့်နေ၏။ မျက်ရည်ရစ်ဝိုင်းသောမျက်ဝန်းလေးတွေကိုငေးကာ ပုလုံးက သူမဘကယ်ပြောတာဖြစ်ကြောင်း ခေါင်းလေးတွင်တွင်ညိတ်ပြလျက် …

"နင်တို့ တကယ်သာချစ်နေကြတာမှန်ရင် ငါ ကူညီမယ် သိလား၊ နင်နဲ့ငါက အိမ်ချင်းကပ်နေကြတာဆိုတော့ ငါ နင့်အတွက် ကူညီနိုင်ပါတယ်"

"ပုလုံး… ပုလုံး နင် တကယ်ပြောတာနော်"

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားမိရင်း ပြုံးသောနှုတ်ခမ်းနှင့် ငိုနေသောမျက်ဝန်းလေးတွေက ချိတ်ဆက်မိစွာ …။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

အချစ်တွေများစွာထဲမှာ သူ နေခဲ့ဖူးပေမယ့် ရင်ဘတ်ထဲကိုထည့်ခဲ့ဖူးတာကတော့ တစ်ချစ်တည်းပဲဖြစ်သည်။ ချစ်ခဲ့ဖူးပြီ ဆိုသော်လည်း မလွမ်းခဲ့ဖူးတာ အမှန်ပါ။

လွမ်းဆွတ်တမ်းတခြင်းဝေဒနာ ဘယ်လောက်ဆိုးရွားမှန်း ကိုယ်တိုင်ခံစားဖူးလာမှ နားလည်ခဲ့သည်။ ခဏလေးပဲ၊ တစ်ညလေးပဲဟု ပြောသွားခဲ့ပြီး ပုံ ပြန်ရောက်မလာတော့ မောင့်မျက်နှာ အိုမင်းရင့်ရော်လာခဲ့၏။ သူများအိပ်နေပေမယ့် သူ အိပ်လို့မပျော်။ သူများတွေ စားသောက်နေတာမြင်တော့လည်း စားချင်စိတ် မဖြစ်။

"မင်းကလဲ လွန်တယ်ကွာ၊ ခုမှ သုံးရက်မပြည့်သေးပါဘူး ဟိုမှာ သူ့အဘွားကြီး ပွမ်နေတယ်လို့ ပြောသံမကြားဘူးလား၊ အခက်အခဲ နည်းနည်းပါးပါးရှိလို့ဖြစ်မှာပေ့ါ"

"အေးလေ၊ ဦးသိမ်းမောင် ဆိုတဲ့ ကစော်သမားကြီးကလဲ အဲဒီရွာမှာ တကယ့်လူမိုက်ကွ၊ ကစော်သမားအားလုံး သူ့လူတွေချည်းပဲ၊ ဇော်ကိုတို့လဲ မင်းကို ကူညီဖို့ သွားတော့သွားကြသားပဲ၊ ဒါပေမယ့် ..."





"ငါသိပါတယ်ကွာ"

သူငယ်ချင်းတွေ စိတ်မကောင်းဖြစ်နေကြတာကိုလည်း သူ နားလည်ပါသည်။ အားလုံး ကူညီချင်ကြတာကိုလည်း သိသည်။ ဒီကိစ္စမှာ ဘယ်သူ့ချို့ယွင်းချက်မှမပါ၊ ဘယ်သူ့မှာမှ အပြစ်မရှိပေ။

သူနဲ့ ပုံ့ အတွက် ကံကြမ္မာက ဘယ်လိုကြိုးဆွဲပြီး ဘယ်လိုကကွက်ဆန်းတွေ ထွင်ဦးမည်ဆိုတာကပဲ ဆုံးဖြတ်ချက်ဖြစ်သည်။

"မောင်... မောင်ရေ.."

"ဟော ..."

ဇော်ကို့ အသံကြားလိုက်သဖြင့် ကောင်းဈာန်က အရင်ထရပ်လိုက်၏။ ထိုစဉ် သူတို့ရှိနေသည့် ကောက်ရိုးပုံကြီးဆီသို့ ဇော်ကို ရောက်လာသည်။

သူ့ဆီမှာ ဆံပင်ကျစ်ဆံမြီးလေးနှစ်ဖက်နှင့် ခပ်ဖိုင့်ဖိုင့်မိန်းကလေးတစ်ယောက်လည်းပါလာ၏။

"မောင် ..."

ဇော်ကိုက မောင့်ကိုခေါ်ပြီး မိန်းကလေးကို ပြန်ငဲ့ကြည့်ကာ ...

"သူက ဟိုဘက်ရွာကကွ၊ ပုံ့ သူငယ်ချင်းပဲ၊ နာမည်က စံပယ် တဲ့၊ အိမ်နာမည်ကတော့ ပုလုံးတဲ့ကွာ"

"အင်း"

တစ်ခုခုတော့ထူးခြားနေပြီဆိုတာကို နားလည်လိုက်မိသည်။ ထိုဟာသည် ဘယ်လိုမှ ကံကောင်းလို့မဖြစ်နိုင်မှန်းလည်း သိလိုက်ပြီဖြစ်၏။

"ပုလုံး..."

ပြောချင်တာပြောလိုက်လေဆိုသည့် မျက်လုံးနှင့် ဇော်ကိုက မောင့်ကို မေးဆတ်ပြ၍ ...

"မောင် ဆိုတာ သူပဲ၊ နာမည်က ချစ်သောမောင် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲပြောပြပြီး ကောင်းချာန့်တို့ကိုပါ မျက်ရိပ်ပြခေါ် ထုတ်သွားခဲ့၏ မောင် ရင်တွေပူနေပါပြီ။ ပုလုံးက မောင့်မျက်နှာကို တမေ့တမော ငေးကြည့်နေပြီးမှ ရှက်ကိုးရှက်ကန်းဖြစ်သွား၏။ မျက်နှာလေး ကမျာကယာလွှဲပစ်လိုက်ရင်း ...

"ကျွန်မကို ပုံ ကလွှတ်လိုက်တာပါ"

ပြော၍ စာခေါက်လေးတစ်ခုကို ထုတ်ပေးသည်။ မောင်က စာကို တစ်ချက်ပဲငုံ့ကြည့်ကာ ...

"ပုံ ဘာဖြစ်နေလို့လဲ မပု၊ အဲ မစ်ပယ်၊ ဟိုကအခြေအနေလေးကိုပဲ အရင်ပြောပြပါလား၊ ကျေးဇူးတင်ပါတယ်ဗျာ"

ပုလုံး မျက်နှာ ပြန်မော့လာသည်။ ပုံ့ ကို တကယ်ချစ်မယ့်သူမဖြစ်နိုင်ဟု မြင်မြင်ချင်း သဘောပေါက်သွားခဲ့သဖြင့် ရင်ထဲမှာ ကြိတ်၍ ဗျာများသွားခဲ့သော သံသယက အံ့ဩခြင်းတွေ ပြောင်းသွားခဲ့တာဖြစ်၏။

မောင် ဆိုသောလူ၏မျက်နှာထက်မှာ နူးညံ့နွေးထွေးသော မေတ္တာတရား၏ အငွေ့အသက်တို့က အကဲခတ်စရာမလိုဘဲ မြင်နေရသည်။ သူမ ချက်ချင်းပဲ ဝမ်းသာအားရဖြစ်လျက် ...

"သူ့အမေက အတင်းအကျပ်တားဆီးထားတယ် ကိုချစ်သောမောင်"

ပုလုံးက မောင့် မျက်နှာကို တည့်တည့်ကြီးကြည့်တာမဟုတ်ဘဲ ဝေ့ဝဲကြည့်လိုက်၊ မျက်ဝန်းလေးတွေ လွှဲထားလိုက်နှင့်နေလိုက်၊ စကားပြောတာကတော့ သွက်သွက်လက်လက်ပဲဖြစ်သည်။

ပုံ တို့၏အိမ်တွင်းရေးတွေကို စိတ်ရှည်လက်ရှည် ပြောပြနေပြီးမှ ဘာပြောရဦးမလဲ စဉ်းစားပြီးတော့လည်း ခရေစေ့တွင်းကျ ထပ်ရှင်းပြသည်။ နောက်တော့မှ သူကိုင်ထားသည့်စာကို မေးထိုးပြ၍ ...

"သူ့စာထဲမှာ ပါမှာပါ၊ ရှင် ဖတ်ကြည့်ဦးလေ၊ ဟို ... သူ...သူ ရှင့်ကို ချိန်းထားတာဖြစ်မယ်၊ ဟိုဥစ္စာလုပ်ဖို့ ..."





"ဗျာ..."

"ဟိုဟာလေ၊ အဲဒါလုပ်ဖို့ သူ ပြောတာပဲ၊ ဒီထဲမှာ ရေးထားမယ် ထင်တယ်"

ပုလုံး စကားတွေမှားပြီးရင်းမှားနေကာ စာကိုပဲ လက်ညှိုးထိုးပြနေသဖြင့် မောင် စာကိုဖွင့်ဖတ်လိုက်မိသည်။

ကိုမောင် ...

ပုံ ဘယ်လိုမှ ပြန်လာလို့ မလွယ်တော့ဘူး၊ ကိုမောင် ပုံ့ ကို တကယ်ချစ်တယ်ဆိုရင်တော့ ပုံ စွန့်စားခဲ့မယ်၊ ပုံ တို့ ဒီကနေ ထွက်ပြေးကြရအောင်နော်၊ ကိုမောင် ပြောသလို အချိန်ယူဖို့က လုံးဝ မဖြစ်နိုင်ဘူး ဆိုတာ နားလည်ပေးပါ ကိုမောင်ရယ်။

ဒါပေမယ့်လေ ကိုမောင်က စွန့်စားကြဖို့ သတ္တိမမွေးနိုင်သေးဘူး ဆိုရင်လဲ ပုံကတော့ စွန့်စားရမှာပဲ၊ ဒီအချုပ်အနှောင်ထဲကနေ ရအောင် ထွက်မယ်၊ ဒီကလွှတ်ရင် ဘာဖြစ်ဖြစ် သွားမှာပဲ၊ ကိုမောင် ခေါင်းညိတ်သည်ဖြစ်စေ၊ မညိတ်ဘူးဖြစ်စေ ပုံ က နားလည်မှာပါ။

ဒါပါပဲ ကိုမောင်၊ ပုံ့ ကိုနားလည်ပေးနိုင်တယ်ဆိုရင်တော့ ဒီည ဆယ်နာရီမထိုးခင် သာယာကုန်းရွာထိပ်က လဲနေတဲ့လက်ပံပင်အိုကြီးနားက စောင့်နေပါ။

ပုံရိပ်

သူ စာဖတ်နေတာကို ပုလုံးက စိတ်စောနေသည့်မျက်နှာလေးနှင့် လိုက်ကြည့်နေခဲ့၏။ သူ ဖူးပင်ခနဲမော့လိုက်မှ မျက်ဝန်းလေးတွေ ကမျာကယာ လွှဲပစ်၏။ သို့သော် ချက်ချင်း ပြန်မော့လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာကို နားထောင်ခဲ့ဖို့ မှာလိုက်တယ်၊ ပို့ ကို ကျွန်မ ဘာပြ
ပြောရမလဲဟင်၊ ဒါမှမဟုတ်ရင် စာရေးဦးမလား၊ ကျွန်မ စောင့်ယူသွားပေး
မယ်"

မောင် ခေါင်းညိတ်လိုက်၏။

"ကျေးဇူးပဲ မစံပယ်၊ ကျွန်တော် စာရေးမှဖြစ်မယ်၊ သူ ကျွန်တော့်ကို
ယုံကြည်မှုနည်းနေတယ်"





## အခန်း (၁၆)

လက မပြည့်သေးပါ။ ဒါပေမယ့် လောကတစ်ခွင်မှာတော့ ထွန်းလင်း
တောက်ပနေသည်ဖြစ်၏။ မလင်းတာက ပုံ ရပ်နေသည့်ညောင်ခြေထောက်
ပင်ကြီး၏အောက်မှာသာ ...

ဒီနေရာဟာ နေ့မှာလည်း နေကြောက်မထိုး၊ လသာနေလည်း လရောင်
ပေါက်နိုင်သော အမြဲတမ်း အရိပ်ဖြစ်နေတတ်သည့်နေရာ ဖြစ်သည်။
ညောင်ပင်၏အောက်တည့်တည့်ကိုမသွားရဲပေမယ့် အလင်းရောင်အောက်
မှာလည်း ရပ်နေလို့မဖြစ်ပေ။

ဒီအချိန် လူသွားလူလာ ပြတ်နေပြီဖြစ်ပေမယ့် ကြာအင်းရွာကနေ
ဘောင်းကစားပြီးပြန်လာတဲ့လူတွေ၊ အရက်သမားတွေ မကြာခဏဖြတ်
သည်။ တချို့ကျတော့ အကြောင်းကြီးငယ်နှင့် သွားလာနေကြတာလည်း
ရှိ၏။

ဒီထဲမှာ ဦးသိမ်းမောင်နှင့်ပတ်သက်သည့်လူတွေ ပါနိုင်သည်။ ဘယ်
သို့လူပဲတွေ့တွေ့ ကိုယ်က မိန်းကလေးမို့ မသင့်တော်ပါ။ ပုံမှာ အလင်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်အောက်ကိုသွားဖို့ ဘယ်လိုမှမဖြစ်နိုင်သည့်အခြေအနေများကြော ကိုမောင့်ကိုချိန်းထားသည့် လက်ပံပင်တုံးလုံးကြီးရှိနေသောနေရာဆီ လည်ပင်းရှည်၍သာ မျှော်ရတော့သည်။

လက်မောင်းလေးပင့်၍ နာရီလေးကိုငုံ့ကြည့်တာ မမြင်ရပေ။ ကြောင့် လရောင်ရသည့် ညောင်ပင်ရိပ်အစပ်ကို တိုးသွားပြီး ကြည့်မိ ကိုးနာရီခွဲပြီး ဆယ်မိနစ်။

လှမ်းမျှော်ကြည့်လိုက်တော့ ကြာအင်းရှာဘက်က ဒီကိုလာသည် လမ်းကလေးကို လရောင်အောက်မှာ အဝိုင်းသားမြင်နေရသည်။ တော့ ချိန်းထားခဲ့သော လက်ပံပင်တုံးလုံးကြီး၏ဖင်ထောင်နေသည့် သ မြစ်ဆုံကားကား အစွန်အတက်တွေ။

ဒီအပင်ကြီးက လဲနေတာ နှစ်ပေါင်းများစွာကြာပြီဖြစ်၏။ ကြီးမာ လွန်းသောကြောင့် ဘယ်သူမှလည်း ထင်းအဖြစ်မသုံးနိုင်။ သစ်ပင်အဖျာ က လမ်း၏ညာဘက်ချိုင့်ကြီးထဲမှာ ကျနေသဖြင့် ဆွဲတင်ဖို့လည်းမလွယ် အမိက ဘာကြောင့်မှန်းမသိသော်လည်း လမ်းနဲ့လည်းလွတ်နေသော ကြောင့်ထင်သည် ဒီတိုင်းပဲရှိနေခဲ့သည်။ တစ်ခါတလေ ခရီးသွားတချို့က ထိုသစ်မြစ်ဆုံကြီးကို အရိပ်သုပ်၍ အောက်မှာ ဝိုင်းဖွဲ့ပြီး ထမင်းစားကြ နားကြ လုပ်ကြသေးသည်။

ထိုမျှထိုကြီးမားပါသည်။ ကိုမောင့်ကို ချိန်းဖို့လည်း သိလွယ် မြင်လွယ် ဒီနေရာ ဒီအမှတ်အသားပဲရှိတာမို့ ချိန်းလိုက်ရခြင်းဖြစ်သည်။

ကိုမောင် တစ်ယောက်ကတော့ နချိန်ထိ အရိပ်အယောင်ပင် မမြင် ရသေးပေ။

ဆယ်နာရီမထိုးခင် ရောက်အောင်လာပြီးစောင့်နေဖို့ သူမလည် ထွက်ခဲ့ဖို့ သေချာချိန်းထားကြပြီးသားဖြစ်သည်။





ညဥ့်လေက မြူးလာ၏။ ပင်ယံထက်က သစ်ရွက်ကြွေသံလား၊ မြေ ပြင်ထက်က သစ်ရွက်ခြောက်တို့၏ လူးလိမ့်ရွေ့လျားနေသံလား ဘာမှန်း သိသော တမြောမြောမြည်သံတွေက ကိုယ့်ထံသို့ ပြေးလွှားလာကြသံ နှင့်လည်းတူ၏။

ထို့ပြင် လေတိုးသံ ပြတ်တောက် ပြတ်တောက်က ပင့်သက်ရှိုက် လိုက်သလိုလို၊ သက်ပြင်းချလိုက်သည်လား ပါးစပ်ပိတ် ချောင်းဟန့်လိုက် ဘာလား။

ပုံ ပန်းလေးကျ နေပြီဖြစ်၏။ ကြက်သီးမွေးညင်း ဖြန်းခနဲထသွားခြင်း ကို ထိုဆီမှာ အာရုံမရောက်အောင် ကိုမောင် လာမည့်လမ်းဆီသို့ စိတ်ကို ကို တွင်တွင်ပို့ထားမိသည်။

သူမက ညောင်ပင်ရိပ်၏အစပ်နားမှာရပ်နေတာဖြစ်သည်။ သူမနှင့် နှစ်ပြန်နီးပါးလောက်အကွာ ညောင်ပင်အောက်ခြေမှာ လူတွေနားဖို့ ထိုးထားသည့် တန်းလျားရှည်ကြီးတစ်ခု ရှိသည်။ ထိုဆီရောက်အောင် တော့ ပုံ မသွားဝံ့ပေ။ ဒါပေမယ့် လှသံသွသံကြားလျှင်တော့ ထိုဆီမှာ ပြေးပုန်းဖို့ စိတ်ကူးထားသည်။

ဒါကြောင့်လည်း ညောင်ပင်အောက်မှာပဲ ရပ်နေခဲ့တာဖြစ်သည်။ ရောင်လွင်ပြင်အောက်က သစ်မြစ်ဆုံကြီးဆီကိုလည်း မကြာမကြာ ကြည့်မိသည်။ ပတ်ဝန်းကျင်သည် လေတိုးသံကြောင့် သစ်ရွက်ခြောက် တွေ ရွေ့လျားနေသံကိုသာ ကြားနေခဲ့ရသည်။ သစ်ပင်တန်းတို့ကွယ်နေ ဖြင့် ရွာထဲကိုလည်း ပြန်ကြည့်လို့မဖြစ်၊ ကြာအင်းရွာစုဘက်မှာလည်း ငြင်နှင့်မည်းမည်း။

သချိုင်းဘက်မှ ခွေးအူသံကြီးက ဆွဲဆွဲငင်ငင် ထွက်ပေါ်လာ သေးသည်။ ချစ်သူကို မျှော်လင့်မိသည့်စောဖြင့် ထွက်လာခဲ့ နားက ပုံ



www.burmeseclassic.com

www.burmeseclassic.com



မှာ မှောင်တာတွေ၊ ကြောက်တာတွေ မရှိခဲ့ပေ။ ကိုယ်ရောက်သွားတာ နှင့် ချစ်သူမျက်နှာကို မြင်ရမှာ တစ်ခုတည်း။

ခုကျတော့ သူမမှာလည်း လူလစ်တုန်းထွက်ရတာမို့ စောဓောသွက် ခဲ့မိသလိုဖြစ်သွားသည်။ ကိုမောင်ကလည်း ကြို့ရောက်မနေခဲ့ပေ။

"ဟင်း ..."

"အမေ့ ..."

ဘေးမှာကပ်လျှက်ကနေ သက်ပြင်းချလိုက်သံကိုကြားလိုက်ရ၏ ကြောက်စိတ်တွေ ဝင်နေပြီမို့ ပုံ မျက်လုံးထဲမှာပြာသွားကာ လန့်အော် လိုက်မိသည်။

ကြည့်လိုက်တော့လည်း ဘာမှမမြင်။ မျက်ရည်တွေရစ်ဝိုင်းတက်လာ ခဲ့သည်။ ကိုယ်ပေါ်မှာ အပေါ်ယံအရေပြားတွေက ဖုံမျက်နှာပြင်ကဲ့သို့ တုန်ခါနေပြီဖြစ်သည်။

ကိုမောင်ရယ် လာပါတော့၊ မြန်မြန်လာပါတော့ ကိုမောင်ရယ်၊ ပုံ ကြောက်လို့သေတော့မယ် သိလား။

ပုံ နှုတ်ခမ်းကိုဖိကိုက်ပိတ်ထားသည့်ကြားက ရှိုက်ငိုမိလေသည်။ ထို စဉ် ဓာတ်မီးရောင်တွေ အဝေးကနေကျရောက်လာ၏။

"ဟင် ..."

လူတွေမှန်းသိလိုက်ပေမယ့် အဖော်ရပြီအမှတ်နှင့်လည်း ဝမ်းမသာ နိုင်ခဲ့ပေ။ ဒါ ဦးသိမ်းမောင်နဲ့အမေတို့ ဖြစ်နိုင်သည်။ သူမ ဘယ်ကိုပြေး ရမလဲ။

ကြောက်နေသည့်ကြားကနေ လရိပ်မှာ လက်ကလေးပြေးခံပြီး နာရီ ကြည့်လိုက်မိ၏။ ဆယ်နာရီထိုးဖို့ ရှစ်မိနစ်ပဲလိုတော့သည်။

ကိုမောင် မလာတော့ဘူးလား၊ လာမှာလား၊ သူမ အမေတို့လက်ထဲ





မှာ အမိခံလိုက်လို့တော့မဖြစ်ပေ။ ဘာမှ မဆုံးဖြတ်ရသေးမီ ညောင်ပင် ကြီး၏အောက်ခြေကို ပြေးမိသည်။

ပခုံးပေါ်မှာ လွှားခြုံထားသည့် အဖြူ ရစ်ကလေးပါသော ပဝါအနက် က လျှောခနဲကျကျန်ခဲ့၏။

သူမ ဝတ်ထားတာက အဖြူကွက်ကျားလေးပဲဖြစ်သည်။ ဒါကို ကာ ကွယ်ဖို့ ပဝါအနက်ကိုရွေးပြီး ခြုံခဲ့သော်လည်း ပဝါမှာလည်း အနားမြိတ် ခင်းက အဖြူဖြစ်နေ၏။

ပဝါ ကျကျန်ခဲ့ပြီကို သိလိုက်သောအချိန်တွင် သူမသည် ပဝါနှင့် ခြေလှမ်းများစွာ ကွာဝေးသွားပြီဖြစ်သည်။ ပြန်ကောက်ဖို့ ခြေလှမ်းပြင် လိုက်ပေမယ့် လူတွေနှင့် ဘယ်လိုမှမလွတ်နိုင်တော့မှန်း သိကာ တန်း လျားရှည်ကြီး၏အောက်ကိုပဲ ကုန်းကွတိုးဝင်ခဲ့မိ၏။ တစ်နိုင်တစ်နိုင် ထုပ် ပိုးသယ်လာခဲ့ရသည့် ဟန်းဘက်အိတ်အညိုလေးကို ရင်ခွင်ထဲမှာ ကျပ်နေ အောင် ပိုက်ထားရင်း၊ ဓာတ်မီးရောင်များနှင့် မြေပြင်ကိုသာ ရင်တမမနှင့် အသက်အောင့်၍ ကြည့်နေခဲ့မိသည်။

"ကိုသိမ်း ... ခင်ဗျားဟာက ဟုတ်လို့လားဗျ"

"ဟုတ်တယ်၊ ချိန်းထားတဲ့စာကို ကျုပ်ကိုယ်တိုင် ဖတ်လိုက်ရတာ"

"ဒါဆို ပါသွားပြီဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်လို့ပဲ ခု ရှိမှမရှိတော့တာ"

"ဟွန်.. ဒီဟာမလေး ပါသွားလို့ကိုမရဘူး၊ ရှာ..၊ ဟိုတန်းလျား အောက်ကို လက်နှိပ်ဓာတ်မီးထိုးလိုက်၊ မရှိတာသေချာလို့ကတော့ မြေ လှန်ရှာပြီး နှစ်ယောက်စလုံး ..."

"ဟာ ဟို... ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



စကားသံတွေက ညဥ့်ယံထဲမှာ ဆူညံလာခဲ့ကြပြီး သစ်ရွက်ခြောက်တွေပေါ်မှ ဟိုဒီဝေ့ဲပြေးနေသည့် ခေတ်မီးရောင်က ပုံ့ မျက်နှာလေးဆီကို ဝင်းခနဲကျရောက်လာသည်။

ပုံ ပြေးပေါက်မရှိတော့ပေ။ သူမရှေ့မှာမြင်နေရသည့် ခြေထောက်တွေကြားထဲကနေ ဘယ်လိုတိုးထွက်ပြေးရမလဲ။

"ဟား ဟား ဟား မိပုံ ... မိပုံ"

ဓာတ်မီးကို ပုံ့ ထံသို့ထိုးတော့ဘဲ တန်းလျားအောက်ကို ကုန်းကြည့်နေသည့် ဦးသိမ်းမောင်က သူ့မျက်နှာကြီးကို သူ ပြန်ထိုးထားသည်။

အသားမည်းကြုတ်ကြုတ်မှာ တစ်နိုင်ငံလုံး နာမည်ကြီးသမျှ ဘယ်လိုသွားတိုက်ဆေးနဲ့တိုက်တိုက် ဖြူလာနိုင်မှာမဟုတ်သော သွားဝါဝါ ဖြူးဖြူးပြုပြုကြီးတွေနှင့် ရယ်နေသေး၏။

ဦးသိမ်းမောင်သည် လက်တစ်ဖက်က တန်းလျားအစွန်းကို ကိုင်ထားရင်း ဓာတ်မီးတစ်ဖက်နှင့် ကုန်းကွကြည့်နေရင်း ...

"နင် ထွက်လာမှာလား၊ ငါ ဝင်လာရမှာလား မိပုံ ပြောစမ်း"

အမေ့ရှေ့မှာ အားအင်ကုန်ခန်းဆွေးမြေ့နေသည့်လေသံတွေနှင့် သူ တော်ကောင်းလုပ်နေခဲ့သော မျက်နှာကြီးလည်း မရှိတော့ပေ။ စကားပြောပုံက ပုံ့ ကို တစ်ခုခု တစ်စုံတစ်ရာ ဒုက္ခပေးဖို့အတွက် ပိုင်နိုင်စွာ ဆုံးဖြတ်ထားခြင်းနှင့်တူကာ ...

"မိပုံ ..."

လှသတ်ချင်နေသောလေသံမာမာကြီးနှင့် ထပ်ခေါ်ပြီး သူ့ခေါင်းကြီးကို တန်းလျားအောက်ထဲထိ လျှိုဝင်လိုက်၏။ ပုံ မျက်လုံးတွေပြူးကျယ်သွားခဲ့ပြီး ...

"ပုံ့ ဘာသာ ကိုယ့်ချစ်သူနောက်ကိုယ်လိုက်တာ ဘာဖြစ်လို့လဲ၊





ဦးသိမ်းက ပုံ့ အဖေလဲမဟုတ်ဘူး၊ အစ်ကိုလဲမဟုတ်ဘူး၊ ခု ရှေ့ကဖယ်ပေး"

"ဘာ ... ဟား ဟား ဟား"

ဦးသိမ်းက ပတ်ဝန်းကျင်အနီးအနားမှာ သူတို့အပြင် ဘယ်သူမှရှိမနေတာကို သိနေသလိုမျိုး မဲ့ရွဲ့ရယ်ရင်း ခေါင်းညိတ်လျက် ...

"ဟုတ်တယ်၊ ငါက နင်နဲ့ ဘာမှမတော်ဘူးလေ၊ အဲဒါကြောင့်ပေါ့...၊ ပေသီးနဲ့အောင်စိုး ..."

"ဟင်"

"မင်းတို့ တော်ရာမှာသွားနေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

လဏ်မာနက အားလုံးရဲ့ မော့ကြည့်ငေးမောခြင်းကို လိုလားနေ
သည်။ လူတွေ အမှတ်တမဲ့ရှိနေခိုက်မှာပဲ အားလုံး၏ဦးခေါင်းထက်
ရောက်အောင် အမောတကော ကြိုးစားနေလေသည်။

ရှေ့မှာ ခပ်ကွေ့ကွေ့ဖွေးစင်းနေသော လမ်းကလေးကို ငေးလို
အားစိုက်နင်းလိုက်နှင့် စိတ်ကစောနေရင်း ခေါင်းပေါ်ကို မော့ကြည့်လို
တော့ ပိုမောသွားသည်။

"လမွန်းတည့်တော့မယ်ကွာ၊ ဒုက္ခပါပဲ"

'စက်ဘီးကို ကားဖြစ်လိုက်စမ်းပါတော့' တစ်ဆက်တည်း တွေးဖြ
ရင်း ညည်းမိသည်။

"မင်းကလဲ လပြည့်ကျော်မှမဟုတ်သေးတာ လမွန်းတည့်လဲ ဘာဖြ
လဲ"

"အေးလေ မင်း စွတ်နင်းနေတာနဲ့ လိုက်နင်းနေရတာ ဒီမှာ ကျွင်းထဲ
ကျလိုက်၊ ခဲနင်းမိလိုက်နဲ့ ငါ့စက်ဘီး တစ်စစီဖြစ်တော့မယ်၊ သူက တ
ယောက်တည်းနင်းနေပြီးတော့ ဟွန့် ..."





ဇော်ကိုက ကောင်းချာန်ကို နောက်မှာတင်ပြီး နင်းနေရတာဖြစ်သည်။ မောင် ရှေ့ကနေ တဟူးဟူး တနိုင်းဒိုင်း ဖိနင်းနေသမျှ မီအောင်လိုက်နေရ တော့ လေသံထဲမှာ မောတာရော စိတ်မရှည်ဖြစ်လာတာရော စုပြုံနေ သည်။

တောလမ်းမှာ စီးနေကျစက်ဘီးတွေက ဒဏ်ခံနိုင်ပေမယ့် တကျွိုင်း ကျွိုင်းမြည်သံတွေ ထွက်နေသဖြင့် စိတ်ကလည်း မချမ်းသာ။

"မင်းတို့ကွာ ဟိုကိုခေါ် ရမှာပဲဥစ္စာ ဒီကို ပြန်လာနိုးရသေးတယ်၊ ပုံက လဲ ဟိုကိုပဲ ပြေးလာခဲ့ရင် ပြီးတာပဲ"

"မင်းကလဲ တစ်မျိုး"

ကောင်းချာန်က ရှေ့ရေးနောက်ရေး စိတ်ပေးနေသူမို့ နားညည်းလာ သလိုဖြစ်ကာ ဇော်ကို့ခါးကို နောက်ကနေထုဏ်။

"အဲဒါဆိုရင် ယောကျ်ားလေးက နိုးတာမဟုတ်ဘဲ သူက ပြေးလာ တာဖြစ်မှာပေါ့ကွ၊ သူလဲ အဲဒီလိုမခံချင်လို့ ဖြစ်မှာပေါ့"

"ဘာ ..."

"မဖြစ်ချင်တာကိုပြောတာ"

မောသံကြီးနှင့် ဇော်ကိုက ခွီးခနဲရယ်သည်။ ထိုစဉ် ခွေးအူသံကြီးတွေ ထွက်လာသဖြင့် ဇော်ကို့ပါးစပ်ပိတ်သွားသည်။

"ခွေးတွေ ဘာဖြစ်လို့ ဒီလောက်အူနေတာလဲ"

ရန်ကုန်မြို့ပေါ်မှာပဲနေလာခဲ့သည့် ကောင်းချာန်က အထူးတဆန်း ဖြစ်နေသည်။

"ဒီနားမှာ သချိုင်းကုန်း ရှိလို့လား"

"ခွေးအူတာနဲ့ပဲ သချိုင်းမေးရသလားကွ"

"အေးလေ ဝါက ရုပ်ရှင်တွေထဲမှာ သချိုင်းကနေ ခွေးအူတာပဲ ကြည့် ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



မော်ကို ကတော့ စက်ဘီးနင်းရင်း ဟိုဒီ လိုက်ကြည့်လာမိ၏။ ဒီနား မှာ သစ်ပင်ကြီးမရှိပါ။ ရှိတာက ဟိုဘက်အထွက်ထိပ်မှာပဲ ဖြစ်သည်။

ရှေ့မှာ ညောင်ပင်အိုကြီး၏သဏ္ဌာန်က ဒေါသကြီးနေသော ကြက်သားအုပ်မတစ်ကောင် တောင်ပံတွေဖြန့်ကားထားသလိုပင်။

ပြီးတော့ ထီးတစ်ချောင်း၏ပုံသဏ္ဌာန်နဲ့လည်း တူသည်။ မြင်နေရသမျှ မည်းမှောင်နေသော သစ်ပင်တောတန်းတို့၏အထက်မှာ ညောင်ပင်ကြီး၏အပေါ်ရိပ်ကြီးက ထိုးထွက်သင်္ချုင်းနေ၏။ ချွေးအုံသံတွေက ရှေ့တည့်တည့်ကပဲဖြစ်ရာ ထိုဆီမှပဲဖြစ်၏။

"မောင် ဟေ့ကောင်"

"ဘာတုံးကွာ"

'မောင် က သူ့ကိုစောင့်ပါဦး' လို့ ပြောမှာစိုးနေသည့်လေသံနှင့် လှည့်မကြည့်ဘဲ ထူး၏။

"ဖြည်းဖြည်းနင်းကွ၊ ရှေ့မှာရောက်နေပြီ ချွေးတွေတအားအုနေတာ မကြားဘူးလား"

"ကြားတော့ ဘာဖြစ်လဲ၊ ငါ နောက်ကျနေတော့ ပုံ ငါစ်ယောက်တည်း စောင့်နေရှာမှာ"

သူ စိတ်စောနေပေမယ့် တဒုန်းဒုန်းဆောင့်တုန်နေသည့်စက်ဘီးက သွက်လက်စွာမပြေးနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ဒီဘီးက ပေါက်နေသည့်ဘီးဖြစ်သည်။

သွားလာခါနီးမှ ပေါက်နေမှန်းသိတော့ ဖာချိန်မရတော့ဘဲ လေတင်း အောင်ထိုးပြီး ဒီတိုင်းစီးခဲ့ရသည်။ အခု လေ တစ်စက်မှမရှိတော့ဘူးဆိုတာ ကိုလည်း သူ သိသည်။

သို့သော် ဒီဘီးကို ကောင်းချာန်က ပြန်စီးသွားမှာဖြစ်ကာ သူက ပုံ့ကို ခေါ်ပြီး ကြာအင်းကိုမပြန်ဘဲ တခြားဘက်ကဖောက်ထွက်ပြေးမှာဖြစ်၏။





နောက်ပိုင်း ဘာဖြစ်နေနေ လောလောသယ်မှာ ပုံရှိရာကို မြန်မြန်ရောက် ဖို့ပဲလိုသည်။

"တောက်... မိန်းမစိုးမယ့်ညကလဲ လသာရက်ကြီးဖြစ်နေသေးတယ်၊ မောင်ရေ မင်း ချောချောမောမောပြေးနိုင်ရင် ကံကောင်းပဲကွ၊ ဟိုအရက် သမားကြီးနဲ့ ငြိမိလို့ကတော့ ဘယ်လိုမှ ကိုယ်ယောင်ဖျောက်ဖို့မလွယ်ဘူး"

"ဘာဖြစ်လဲ' ဟု မောင် တွေးလိုက်မိ၏။ ဆုံးဖြတ်ပြီးကာမှတော့ ဖြစ် လာမှာကို စိုးရိမ်စိတ်တထိတ်ထိတ်ဖြစ်နေဖို့ မလိုတော့ပေ။ နောက်က တကောက်ကောက်လိုက်နေရင်းနဲ့ပဲ ကောင်းချာန်ကလည်း တတွတ်တွတ် သတိပေးနေ၏။

"မင်း စဉ်းစားဦးကွာ၊ ချစ်တဲ့စိတ်က တစ်စိတ်ပဲရှိပေမယ့် ကိုယ့်ရင်ခွင် ထဲမှာ ပွေ့ပိုက်ပြီး တစ်သက်လုံးပေါင်းသင်းသွားဖို့ထိ ချစ်ဖို့ဆိုတာ မမြင်နိုင် တဲ့ သယံဇာတတွေ အများကြီးလိုအပ်တယ်၊ အရိပ်ကောင်းတဲ့သစ်ပင် တစ်ပင်ဖြစ်ဖို့ အမြစ်တွယ်ခြင်းက အဓိကဖြစ်သလိုပေါ့ကွာ"

'သူ့ကို မင်း တကယ်ချစ်တာ ဟုတ်ရဲ့လား' ဟု မကြာခဏ မေးခဲ့တာ အခု ထွက်မလာမီအချိန်ထိဖြစ်သည်။ သူ သိနေတာရှိသည်၊ ဒါက ဘာလဲ ဆိုရင် အချစ်အတွက် စုံမက်မြတ်နိုးဖို့ သူ့မှာ ဘာမှအဆင်သင့်ရှိမနေခဲ့ဘဲ ချစ်ခင်စုံမက် လက်ထပ်ခြင်းအမှုကို တိုတောင်းသောကာလလေးတစ်ခု အတွင်းမှာ မြန်ဆန်စွာဆုံးဖြတ်ပစ်လိုက်ခြင်းအတွက် ကောင်းချာန် စိုးရိမ် နေတာပဲဖြစ်သည်။

"မင်း သေချာစေချင်တယ်ကွာ"

"ငါတော့ မထင်ဘူး"

စသည် စကားတို့ကို ခေါင်းတယမ်းယမ်းနှင့်ဆိုနေဆဲဖြစ်၏။ သူကတော့ ဘယ်လိုပဲတွေးတွေး ပုံ့ ကို ဘယ်လိုမှမပစ်ခဲ့နိုင်သော သံယောဇဉ် နှင့် ဆုံးဖြတ်ခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်၊ မေတ္တာ၊ သံယောဇဉ် တစ်ခုခုသောချည်နှောင်မှုရှိနေပြီဆိုလျှင် ဒါဟာ ဘဝနှစ်ခုပေါင်းစပ်နိုင်သည့် အချိုးတူနားလည်ခြင်းပဲဟုယုံကြည်၏။

ယုံကြည်မှုတွေကိုပဲ သူ အင်အားအဖြစ် စုစည်းထားခဲ့သည်။ ပုံ့ ကို ခေါ်ပြီး သူ့ဘက်ကိုယ့်ဘက် နှစ်ရပ်စလုံး၏ နယ်နိမိတ်မှ ကင်းလွတ်ရာသို့ သွားကြဖို့လည်း စိတ်ထဲမှာ အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ဝင်လာနေသည်။

ဘယ်ကိုသွားကြမည်၊ ဘယ်လိုလုပ်ကြမည် စသဖြင့် တိကျနိုင်မာသောလမ်းကြောင်းတစ်ခုကို မမြင်ရသေးပေမယ့် ကိုယ်လျှောက်မည့်လမ်း ကိုယ်ကိုင်တွယ်ရတော့မှာက သေချာပြီးသားဖြစ်၏။

"ဟော ဟိုမှာ ပုံ"

ခပ်ကွေ့ကွေ့လမ်းကတစ်ဖြောင့်တည်းတန်းသွားသည့်နေရာရောက်သည်နှင့် ရှေ့ကမြင်ကွင်းက ဘွားခနဲဝင်လာသည်။ မောင့် စိတ်ကူးတွေရပ်တန့်ပျောက်ပျက်ကုန်လျက် ဝမ်းသာရင်ခုန်ခြင်း၊ စိုးရိမ်ခြင်း စသောစိတ်လှုပ်ရှားခြင်းတွေဖြစ်လာ၏။

မောင် ပြောလိုက်မှ နောက်က ကောင်းချာန်ကလည်း စက်ဘီးနင်းနေသည့် ဇော်ကို့ ကိုယ်လုံးကြီးကိုကျော်ပြီး လှမ်းကြည့်သည်။

အနည်းငယ် အလှမ်းကွာသေးပေမယ့် စက်ဝိုင်းပုံသဏ္ဌာန်သစ်မြစ်ဆုံကြီးကို မည်းမည်းလုံးလုံးကြီး လှမ်းမြင်နေရသည်။ ထိုရှေ့နားမှာ ပုံ က ရပ်နေ၏။

ဖားလျားဖြန့်ချထားသည့်ဆံပင်တွေနှင့် ဒီဘက်ကိုမျှော်ငေးရပ်နေတာ ဖြစ်သည်။ ဇော်ကို က လှမ်းကြည့်ပြီး မျက်မှောင်ကြုတ်သွား၏။

မြို့နဲ့သိပ်အလှမ်းကွာသော်လည်း တောက တောပဲဖြစ်သည်။ ဒီအရပ်၊ ဒီအထာက ညမိုးချုပ်ပြီဆိုတာနှင့် ဆံပင်ရှည်တွေ ဖြန့်ထားတတ်တာမျိုး သိပ်မရှိ။





ညဉ့်နက်သန်းခေါင်ဆို ပိုရှောင်ကြသည်။ အချိန်မတော် ဒီလိုနေရာမျိုးမှာ ပုံ ဆံပင်တွေကိုဖြန့်ချထားတော့ ဘဝင်မကျသလိုဖြစ်သွား၏။

ချစ်သူလာမှာမို့ လှလှပပလေးပြင်ဆင်ထားတာဆိုလည်း မောင်ရောက်မလာခင်မှာ သူမတစ်ယောက်တည်းမဟုတ်ဘူးလား။

စက်ဘီးနှစ်စီးက ဘေးချင်းယှဉ်လျက်ဖြစ်သွားပြီး သူတို့၏မျက်လုံးတွေကတော့ ပုံ့ ကိုပဲကြည့်နေခဲ့ကြသည်။ ရှေ့ကိုနင်းခဲ့ကြရင်း နီးလာတော့ ဇော်ကို က အရှိန်လျှော့ချလိုက်ကာ ...

"မောင် ... မင်းသွားတော့၊ ငါတို့ ဒီကနေစောင့်မယ်၊ သူ ဘယ်လိုစီစဉ်ထားသလဲဆိုတာလဲ မင်း မေးပေါ့ကွာ၊ ငါတို့ စီစဉ်ထားသလိုမဟုတ်ဘဲ သူ့အစီအစဉ်က ပိုကောင်းနေရင်လဲ လက်ခံလိုက်ပါ"

ဇော်ကို က ခြေထောက်ထောက်ပြီးရပ်လိုက်တော့ ကောင်းချာန် က ဆင်းသည်။ မောင် ကလည်း ခြေထောက်တစ်ဖက်ထောက်၍ ရပ်နားထောင်ပြီးမှ ခေါင်းညိတ်သည်။

သူတို့နဲ့ ပုံ သိပ်မကွာတော့ပါ။ ကိုက်သုံးဆယ်လောက်ပင် ဝေးမည်မထင်။ သူမ ဝတ်ထားသည့် အင်္ကျီအဖြူရောင် ကွက်တိကွက်ကျားကိုပင် လှမ်းမြင်နေရ၏။

တကယ်ဆို သူမလည်း မြင်မှာပဲ၊ ပြေးလွှားတောင်ကြိုဖို့မသင့်ဘူးလား။ စကားပြောနေရပေမယ့် ဇော်ကိုနဲ့ ကောင်းချာန်တို့ ပုံ့ ကိုပဲလှမ်းကြည့်၍ အတွေးတွေလည်း တူနေကြသည်။ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြပြီး မောင့် ကို အကဲခတ်တော့ မောင် ကတော့ သူတို့လို မတွေးမိလို့လား။

"အေး ငါ စကားနည်းနည်းပြောပြီးမှ မင်းတို့ကိုခေါ် လိုက်မယ်"

ဟု ပြောကာ ဆက်နင်းသွား၏။ ပုံ သည် ထိုအချိန်ထိ တောင့်မတ်စွာ ရပ်နေဆဲဖြစ်၏။ ထိုစဉ် ညောင်ပင်၏ဒီဘက်တစ်ခြမ်းမှ ကျိုးကန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲထပျံကုန်ကြသည်။ ဖိုးဘိုးဖတ်သပ် တောင်ပံခတ်သံများနှင့် ကျီးကန်းအုပ်ကြီးက လရောင်အောက်မှာ မည်းမည်းလှုပ်နေ၏။ ဇော်ကို မော့ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"ဘာဖြစ်တာလဲ၊ ဘာကောင်တွေလဲ"

ကောင်းချွန်ကတော့ သိပုံမပေါ်။ ဒါဟာ ကျီးပြုခြင်းဟုခေါ်သည်။

နိမိတ်ဆိုးဟစ်ခုကို ပုံဆောင်သည်။ ဒါတွေကို ဇော်ကို ကတော့ ကြားဖူးနားကျွံထား၏။

"ဝူ… ဝူး …"

ခွေးအူသံက သံရှည်ကြီးဖြစ်တော့မလို အစပြုပြီး တိခနဲပြတ်ကျသွား၏။ သိပ်မကြာလိုက်ဘဲ ညောင်ပင်အောက် မှောင်မည်းမည်းထဲကနေ ခွေးတွေထွက်ပြေးသွားကြပြန်သည်။

မောင့် မျက်လုံးတွေလည်း စက်ဘီးနင်းခြင်းမရပ်တန့်ဖြစ်သော်လည်း ကျီးကန်းတွေ ဖရိုဖရဲ ပျံသန်းနေတာကိုလည်းကြည့်ဖြစ်သည်၊ ခွေးတွေဆီလည်း ရောက်၏။ ပြန်ကြည့်လိုက်တော့ ပုံ က ညောင်ပင်အောက်ထဲကို ဝင်သွားပြီဖြစ်ကာ ကျောပြင်လေးကိုပဲ မြင်လိုက်ရ၏။

"ပုံ …"

မောင် စိတ်ပူသွားသောကြောင့် ထိန်းသိမ်းဖို့မေ့သွားသည်။ သူ လာနေတာမြင်ကာမှ ဘာဖြစ်လို့ထွက်သွားတာလဲ၊ နောက်ကျနေတာကို စိတ်ဆိုးမှန်းသိအောင် တမင်ရပ်စောင့်နေပြီးမှ ကျောခိုင်းပြေးတာလား။

ပုံ က ဒီလိုလုပ်မှာမဟုတ်ဘူးဟုလည်း ယုံကြည်မိပြန်သည်။

"ပုံ … ပုံ … ခဏ…"

သူ့ စက်ဘီးပေါ်ကဆင်းကာ ကပျာကယာ ဒေါက်ထောက်လိုက်သည်။ လမ်းဘေးမှာ ဖြစ်သလိုထားပစ်ခဲ့ပြီး ပုံ့ နောက်ကို လိုက်ခဲ့၏။

"ပုံ …"





အလင်းရောင်ထဲကနေ အမှောင်ထဲရောက်သွားတော့ မျက်လုံးထဲမှာ မည်းခနဲဖြစ်သွား၏။ ရှေ့ ခပ်လှမ်းလှမ်းကို ဘာမှမမြင်ရပေ။

"ပုံ …"

မျက်နှာကို ပုံ က လေငွေ့ နွေးနွေးနှင့်မှုတ်လိုက်တာမှန်းသိတော့ လက်က ပုံ့ ဆီသို့ လှမ်းကိုင်ပြီးသားဖြစ်သွား၏။ ဒါပေမယ့် ဘာကိုမှ မကိုင်မိပါ။

မျက်ခုံးတွေကို တွန့်ကုတ်ကျုံလာသည်အထိ စူးစိုက်ကြည့်မိသည်။ ရှေ့မှာ လမ်းဘက်က တန်းလျားရှည်ကြီးတစ်ခု၏ပုံသဏ္ဌာန်ကို မြင်လာသည်။

ပြီးတော့ ညောင်ပင်ကြီးဆီမှ မြေကြီးထဲထိလည်းကောင်း၊ လေထဲမှ တွဲလွဲဖြစ်လျက် လည်းကောင်း၊ ခြေထောက်များသဖွယ်ရှိနေသော နွယ်တွေကိုလည်းမြင်ရ၏။

ထိုထဲမှာ ပုံတော့ မပါပေ။ ပုံ ဘယ်ရောက်သွားခဲ့သလဲ။

"မောင် ဘာဖြစ်လို့လဲ"

သူ အမှောင်ထဲလိုက်ဝင်သွားကတည်းက ကောင်းချွန်တို့လည်း ရှေ့တိုးလာကြတာဖြစ်သည်။ မောင့် ဘေးမှာ တစ်ဖက်တစ်ချက်နေရာယူလိုက်ကြပြီး မျက်လုံးအသားကျအောင် ခဏငြိမ်ပြီးမှ သေချာကြည့်၏။

"ပုံ ဘယ်ရောက်သွားတာလဲ"

"မသိဘူး"

မောင့် လေသံက တုန်ခါနေသည်။ မထင်မှတ်ခြင်း၊ စိုးရိမ်ခြင်းထဲမှာ တစ်ခုခုဖြစ်နေခဲ့ပြီမှန်း ခံစားမိသောကြောင့် မဖြေနိုင်။

"ငါတို့ သေချာမြင်လိုက်တာပဲဟာ"

"အေးလေ ဒီအောက်ဝင်သွားတာ"

မောင် ကတော့ စကားတစ်ခွန်းမှ မဆိုနိုင်တော့ပေ။ ဘယ်ဘက် မျက်လုံးအောက်စပ်နားမှာ ရိုက်[illegible]သွားသည့်လေငွေ့ နွေး[illegible] ခုထိ နွေး



www.burmeseclassic.com

www.burmeseclassic.com



နေဆဲ။

"ဟာ ဒါ ဘာလဲ"

ကောင်းချာနံက ခြေထောက်ကို ကပျာကယာရွှေ့ဖယ်လိုက်ပြီး ခဲကိုထောင့်မှန်ကျသွားတဲ့အထိ ကုန်းကြည့်၏။

နောက်ထပ် သေချာထပ်ပြူးကြည့်ကာ သစ်ကိုင်းခြောက်တစ်ခုနှင့် ယူထိုးကြည့်လိုက်သည်။ သစ်ကိုင်းဖျားမှာပါလာသည့် အဝတ်စတစ်စမှန်း သေချာမှ လက်နှင့်ကိုင်ပြီးကြည့်လျှင် ...

"ပဝါလေးကွ၊ ဒါ ပုံ့ ပဝါပဲဖြစ်မယ်၊ ဖော်ကို မင်း ဓာတ်မီးထုတ်လိုက် စမ်းပါ"

ဖော်ကို က ခါးကြားထဲမှာထိုးလာသည့် ဓာတ်မီးကို စမ်းလိုက်၏။

"သွားပြီ"

"ဘာလဲ"

"စက်ဘီးဆောင့်တာနဲ့ ဘယ်မှာကျကျန်ခဲ့မှန်းမသိတော့ဘူး"

"မင်းကလဲ အရေးထဲမှာ"

မောင် က အနားတိုးလိုက်ကာ ကောင်းချာနံလက်ထဲက ပဝါလေးကို ဆွဲယူကြည့်၏။ နမ်းကြည့်လိုက်တော့ သေချာသွားသည်။ ပုံ့ ဒီနေရာကို လာတာပဲ၊ ဘယ်ရောက်သွားခဲ့တာလဲ။

"ဘာလဲ ပုံ့က ဘာလုပ်သွားတာလဲ၊ ငါတို့လာတာမြင်မှ ..."

ကောင်းချာနံ၏ မကျေမနပ်သံထွက်လာသည်။

"ပုံ့ ..."

မောင် က မျိုသိပ်မထားနိုင်။ ရှေ့ကိုတိုးသွားရင်း အသံအုပ်အုပ်နှင့် ခေါ်လိုက်၏။

"ပုံ့ ကိုယ် တောင်းပန်တယ်ကွာ၊ စိတ်မကောက်ပါနဲ့၊ ကိုယ် ဒီကို အချိန်မီထွက်ခဲ့ပါတယ်၊ လမ်းမှာ ပြဿနာနည်းနည်းရှင်းနေရလို့ ကြာသွား





ဘာကွာ၊ တကယ်ပြောတာ"

"မောင်"

ကောင်းချာနံက သူ့နားရောက်လာပြီး လက်မောင်းကို ဆွဲလှုပ်၏။

"မင်းအသံကြီးက မြင့်တက်လာတယ်ကွ၊ လူတွေသိကုန်မယ်"

"ဘယ်သူသိသိကွာ"

မောင် က ကောင်းချာနံလက်ကို ဖယ်ချပစ်လိုက်ပြီး တန်းလျားကြီး ရှေ့ထိသွားကာ လက်တင်ရပ်လိုက်၏။

"ပုံ့ ... ပုံ့ ထွက်ခဲ့ပါ၊ ကိုယ်တို့ ရှေ့ဆက် အစီအစဉ်ဆွဲကြရဦးမှာ၊ မင်း ကျေနပ်အောင် ကိုယ် ရှင်းပြပါ့မယ်၊ ထွက်လာခဲ့ပါကွာ"

ထိုစဉ် ညောင်ပင်၏ ဟိုဘက်နောက်မှာ လူရိပ်တစ်ရိပ် ပေါ်လာ၏။ ဖျတ်ခနဲပြန်ပျောက်သွားပေမယ့် ဆံနွယ်ရှည်တွေ ဝေ့ကျန်ခဲ့တာကို မြင်လိုက်ရသည်။

"ပုံ့ ..."

မောင် က ပြေးလိုက်၏။ ကောင်းချာနံကလည်း ပြေးလိုက်ရသည်။ ဖော်ကို ကတော့ နေရာမှာပဲရပ်နေကာ မျက်လုံးတွေလည်းမနား၊ နားတွေကိုလည်း စွင့်ထားမိသည်။ သို့သော် ...

မျက်လုံးနှင့်နားနှင့်မသက်ဆိုင်ဘဲ နှာခေါင်းထဲကို ညှီစို့စို့အနံ့အသက် တစ်ခုက ဝေ့ခနဲကျီစယ်သွားသည်။ ညှီနံ့နှင့်လေငွေ့က ပူရှိန်းရှိန်းကြီးဖြစ် နေခြင်းကြောင့် ကြက်သီးတွေဖြန်းခနဲထသွားမိ၏။ တိုက်ဆိုင်စွာပင် ခွေး တွေအူကြသဖြင့် ပတ်ဝန်းကျင်က ချက်ချင်းကြီး ဆူပွက်သွားလေသည်။

"တောက်... သွား"

စောစောက ထွက်ပြေးသွားကြသည့် ခွေးတွေပဲဖြစ်မည်။ လမ်းပေါ် မှာ လေးကောင်သားရပ်လျက် သူခိုးဟောင်တာမျိုးမဟုတ်ဘဲ လည်ပင်း တွေစင်းကျနေအောင် အူနေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြိတ်ကြိတ်မောင်းထုတ်ကြည့်တော့လည်း မရ။

"ပုံ ..."

မောင့် ခေါ်သံက ခဏာပဲနားပြီး ဆက်တိုက်လိုလို ထွက်ပေါ်လာ၏။

"ပုံ ..."

ခေါ်နေရင်း စိုးရိမ်ချောက်ချားမှုတွေ ပါလာသဖြင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှန်းမသိလောက်အောင်ဖြစ်လာသည်။

"သူ... သူ မရှိတာကွ"

"မဟုတ်ဘူး၊ ငါ့ကို စိတ်ဆိုးလို့ ထွက်မလာတာ"

ညှောင်ပင်ကြီးကို တစ်ပတ်ပတ်မိသောအခါ မောင့် မျက်နှာ၊ မောင့် မျက်ပန်းတို့သည် အားကိုးရာမဲ့နေသူကဲ့သို့ စိတ္တဇဆန်လာသည်။ ခြေလှမ်းများက ပြေးလွှားခြင်းသို့ရောက်ကာ ...

"ပုံ ..."

"မောင် ဟော့ကောင် ..."

မောင့်နောက်ကိုပြေးလိုက်ရင်း ကောင်းချာန်က အတင်းအကျပ်ဆွဲထား၏။ မောင်က ရုန်းသည်။

"ဘာဖြစ်နေတာလဲ မောင်၊ မင်းခေါ်နေတာတွေ ဆူညံနေပြီ သူ စိတ်ကောက်နေတာဆိုရင်တောင်မှ ဒီလောက်ထိနေပ့ါမလား"

"ဟုတ်တယ် မောင်"

ဇော်ကို လည်း သူတို့ဘေးကိုရောက်လာသည်။ ခွေးအူသံတွေက ဆူညံနေဆဲ။

"တော်တော်ညဥ့်နက်နေပြီ၊ ဒီမှာ ပုံ မရှိတာ သေချာပါတယ်ကွာ"

"ဘာဖြစ်လို့မရှိရမှာလဲ၊ ငါတို့ သူ့ကိုမြင်လိုက်တာပဲဟာ"

"မျက်စိမှားတာဖြစ်မှာပေ့ါကွာ၊ မင်းပဲစဉ်းစားကြည့်ဦး၊ ပုံ က သဘောထား ဒီလောက်မသေးပါဘူး၊ သူ ရှိနေရင် ဘယ်လိုမှထွက်မလာဘဲနေမှာ





...တ်ဘူး၊ ပြီးတော့ ဒီမှာ အချိန်ဖြုန်းနေလို့မရဘူးဆိုတာလဲ သူ သိနေ...ပဲ"

'မဟုတ်ဘူးလား' ဆိုသည့် ထောက်ခံချက်တောင်းသောအကြည့်နှင့် ...ကို က ကောင်းချာန်ကို မေးဆတ်ရင်းပြော၏။

ကောင်းချာန်က ခေါင်းမညိတ်ပါ။ ပုံ ဒီနားမှာရှိမနေဘူးဟု သတ်မှတ် ...နိုင်ပေမယ့် စောစောက ပုံ ရပ်နေတာကို အားလုံး လှမ်းမြင် လိုက် ...တာ အထင်အရှား။ မောင် က အံကြိတ်လျက်နှင့် မျက်လုံးတို့က ရှာဖွေ ...ဆဲဖြစ်ကာ ...

"မျက်လုံးမှားကြတာ ငါတို့သုံးယောက်စလုံးပဲလား"

ဟု ဘယ်သူ့ကိုမေးတာမှန်းမသိသော ဝါကျတစ်ကြောင်းကို နှစ်ခါ ...ပြောနေ၏။ သုံးယောက်စလုံး၏ရင်ထဲမှာ မတင်မကျဖြစ်နေကြသော် ...ည်း ပုံ့ ကို မတွေ့သည့်အဖြစ်က မရှိလို့မတွေ့တာဟု သတ်မှတ်လိုက်ဖို့ ...င် တခြားမရှိတော့ဘဲ ရှိနေရာ ...

"ငါတို့ ဘာဆက်လုပ်ကြမလဲ"

ဇော်ကို က မေးသည်။

"ပြန်ရမှာပေ့ါ၊ ဒီမှာ အန္တရာယ်ရှိတယ်"

ကောင်းချာန် က သူ့စိတ်ကူးကိုပြောပြီး မောင့် စကားကိုစောင့်၏။

"ဟင် ဘာန့်ကြီးလဲ"

"ညီမိုမိုနဲ့"

ကောင်းချာန်နဲ့ဇော်ကိုတို့က ပတ်ဝန်းကျင်ကို လိုက်ဝေ့ကြည့်ပြီး ...င့် လက်ကို ဆွဲလိုက်ကြ၏။

"လာကွာ ပြန်ကြရအောင်၊ မနက်ကျမှ ပုံ နဲ့ ဆက်သွယ်ရအောင်၊ ...ို့ အစွမ်းကုန်ကြိုးစားပေးပ့ါမယ်"

မောင်က လက်ကို ပြန်ရုန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပုံ့ ကိုစောင့်ဦးမယ်"

သူတို့ စိတ်ညစ်သွားမိကြသည်။ ကောင်းချွန်က ခေါင်းတယမ်းယမ်းနှင့် ...

"လူတွေ အထင်လွဲကုန်ရင် ငါတို့ ဒီမှာပြေးပေါက်မှားကုန်လိမ့်မယ် မောင်၊ စောင့်ဖို့ မင်း မစဉ်းစားပါနဲ့ မသင့်တော်တာကိုသိရက်နဲ့ ဘာဖြစ်လို့ ဖွတ်တိုးချင်နေတာလဲ၊ ဒီရွာ ဒီအရပ်မှာ ပုံ့ ရှိနေမှန်းသိတာပဲကွာ၊ အခြေအနေပေးလာအောင် ငါတို့မှာ ကြိုးစားခွင့်တွေရှိပါသေးတယ်၊ ဒီညတော့ ပြန်ကြရအောင်ပါ"

မောင် အံကြိတ်နေမိ၏။ မျက်လုံးထဲမှာ လသာနေလျက်နှင့် မှောင်ကျနေ၏။ ညသည် ကိုယ်ပိုင်အရည်အသွေးများနှင့် လှပဆွဲဆောင်နေပေမယ့် အကျည်းတန်နေခဲ့တာ အချစ်ပျောက်နေခဲ့၍ထင်သည်။

"ကိုမောင်"

"ဟင် ..."

သူ့ဘေးမှာ လူရိပ်တစ်ခု တိုးကပ်လာသလိုဖြစ်လျက် ပုံ့ ခေါ် သံလေးကို ကြားလိုက်၏။

"ပုံ့ ..."

"လာပါဆိုကွာ တော်ပါတော့"

"အေးကွာ ညဉ့်နက်လှပြီ"

"မဟုတ်ဘူး၊ ပုံ့ ..."

သူ ဘယ်လိုမှ နောက်ထပ်ပြောလို့မရသေးမီ ညောင်ပင်ကြီးက သူ့ရဲ့ ကျောနောက်မှာ အလှမ်းကွာကျန်ခဲ့ပြီဖြစ်သည်။

ကိုမောင် ဆိုသည့်ခေါ် သံကိုကြားလိုက်ပါရက်နဲ့ ဘာကိုမှမမြင်၊ လက်ထဲမှာကျစ်နေအောင်ဖိဆုပ်ကိုင်ထားဆဲရှိသည့် ပဝါလေးက လက်ထဲမှာ ရှိနေဆဲပါ။





မင်းရောက်မလာခဲ့တာလား၊ ဆင်းရဲဒုက္ခတစ်ခုခုနဲ့ ကြုံခဲ့တာလား။ ပုံ့ ထံသို့ သူ အရောက်နောက်ကျခဲ့သည့်အတွက် သူ့ပထွေးနဲ့အမေတို့ အတင်းအဓမ္မ ချုပ်နှောင်၍ ပြန်လည်ခေါ် ဆောင်သွားခဲ့ပြီလား။

ဒါပဲဖြစ်မည်ဆိုတာက ပဝါလေးက သက်သေခံနေပါပြီ။

ကိုယ့်ကိုခွင့်လွှတ်ပါ ပုံ့၊ နောက်ထပ်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး။

သူ စက်ဘီးကိုဒေါက်ဖြုတ်လိုက်ရင်း ...

"မင်းကို ကိုယ် မထားခဲ့ဘူး ပုံ့၊ ကိုယ့်နောက်ကို မင်း လိုက်ကိုလိုက်ရမှာ၊ ကိုယ်ခေါ် မယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ညက ဟိုသွားဒီလာနှင့် ပြန်ရောက်ကြတော့လည်း ဖြစ်နိုင်ချေ... ဆွေး၍ စကားစမြည်ပြောနေခဲ့ကြသည်။ အိပ်ရာဝင်ဖြစ်တော့ သုံးနာ... ကျော် လေးနာရီမှ။

မောင်ကတော့ မိုးစင်စင်လင်းမှ အိပ်ပျော်သွားခဲ့သည်။ ဒါပေမယ့်... မိုးလာကြတာ တစ်ချိန်တည်းပဲဖြစ်လေသည်။ မျက်နှာချင်းဆိုင်ဖြစ်ကြ... သည်နှင့် မောင်က ဟိုဘက်ရွာကိုသွားဖို့ပဲ ခြေလှမ်းပြင်နေ၏။

"မဖြစ်နိုင်တာ မောင်ရာ၊ မင်း နေစမ်းပါ၊ ကောင်းစျာန်လဲ မလိုက်... ဝါ သွားမယ်၊ မင်း သိချင်တာအားလုံး သိရမှ ပြန်လာခဲ့မယ်၊ ဒီမှာပဲစောင့်"

ဇော်ကို က စက်ဘီးတစ်စီးနှင့်ထွက်သွား၏။ မနက်ဆယ်နာရီကျော်... ကျော်က ထွက်သွားခဲ့သော ဇော်ကို သည် နေ့လယ်ကျမှပဲ ပြန်ရောက်... လာ၏။

"ဇော်ကို ဘာတဲ့လဲ၊ ပုံ ဘာတွေဖြစ်နေလို့လဲ၊ ညက သူ ထွက်ခဲ့တာ အမှန်ပဲ မဟုတ်လား"

"ဟုတ်တယ်၊ ညောင်ပင်ကြီးအောက်မှာ သူ ရှိနေတယ်"





"ဘာ ..."

မောင် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဓသမိန့်ကျကြောင်း တရားဝင်သိလိုက်ရသည့် တရားခံကဲ့သို့ မျက်ဝန်းတို့မှာ ချောက်ချားသွားခဲ့ပြီ။

"ဒါ... ဒါဆို သူ ငါ့ကို စိတ်ဆိုးသွားတာလား"

ဇော်ကို မဖြေပါ။ စက်ဘီးကို ဒေါက်ထောက်၍ သူတို့ရှိနေသည့် ဖိနပ်ချွတ်အုတ်ခုံလေး၏အောက်ဆင့်မှာပဲ ဝင်ထိုင်သည်။

"စိတ်ဆိုးရုံလောက်မဟုတ်ဘူးထင်တယ်၊ သူ ငါ့ကို လုံးဝ ထွက်မတွေ့ဘဲနေခဲ့တာ စိတ်နာသွားလို့ပေါ့"

"မင်းကလဲ ဟိုကောင်ဖြေပါစေဦး၊ မင်းက ပြောလေကွာ"

ကောင်းစျာန်က က ဇော်ကို မျက်မှောင်ကြုတ်ကြီးနှင့် သက်ပြင်းတချချဖြစ်နေတာကို မချင့်မရဲဖြစ်နေ၏။ ပြောစရာရှိတာကို ပြောလိုက်ပါလား။

"ကိုမောင်... ကိုမောင်ရေ ..."

သီသီ့ အသံလေးက အားလုံး၏ခံစားချက်အသီးသီးကို စုသိမ်းခေါ်လိုက်သလိုပင်။ သူတို့ လှည့်ကြည့်လိုက်တုန်းမှာပဲ ဘေးတံခါးလေးကနေ သီသီ အပြေးအလွှား ဝင်လာကာ ...

"ပုံလေ ... ပုံ ..."

ကြွခနဲဖြစ်သွားလိုက်၊ ဟိုက်ခနဲပြန်ဆင်းလိုက်နှင့် သီသီရင်ဘတ်လေးဖားဖိုထိုးသလို ရှန်းကြမောဟိုက်နေ၏။ ပြီးတော့ မျက်ရည်တို့က ရှိုက်သံမဲ့ကျလာကြသည်။

"ပုံ ဘာဖြစ်လို့လဲ"

မောင် ထိုင်ရာကနေ ဆတ်ခနဲထရပ်လိုက်၏။ သီသီ သည် ပြောဖို့ကြိုးစားရင်း တရှိုက်ရှိုက်ငိုချလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပုံလေ ... ပုံ အသတ်ခံလိုက်ရတယ်တဲ့"

"ဘယ်လို ..."

"ဟင် ဘယ်လို မသိ"

ကောင်းရျာန် မျက်လုံးပြူးကြီးနှင့် ထလာပြန်သည်။ တုတ်တုတ်မျှ မလှုပ်ဘဲ ထိုင်နေရင်း မျက်နှာကို ပို၍ငုံ့ချကာ လက်ဖဝါးတစ်ဖက်ပေါ် မျက်နှာမှောက်ချနေခဲ့သော ဇော်ကို တစ်ယောက်သာ တိတ်ဆိတ်နေခဲ့၏။

"ဥတ်... ဟုတ်တယ်၊ သူ ခိုးရာလိုက်ပြေးမလို့ အိမ်ကထွက်သွားတယ်လို့ပြောတယ်၊ ကိုမောင်နဲ့ ချိန်းထားတာလားဟင်"

မောင် ခေါင်းညိတ်ဖို့မေ့နေလျက် မျက်တောင်လည်းမခတ်မိ၊ ကောင်းရျာန်ကပဲ ကြားက ဝင်ဖြေလိုက်ရ၏။

"ဟုတ်ပါတယ်"

ညကအဖြစ်အပျက်ကို ပြန်ပြောလိုက်သည်နှင့် သီသီ 'ဟီး'ခနဲငိုပြန်သည်။ ငိုနေရင်း တောင့်ဘောင့်မတ်မတ်ကြီးဖြစ်နေခဲ့သော မောင့် ကို မော့ကြည့်ကာ ...

"ညက သူ့ကို မီအောင်လိုက်သွားပြီး ဟို ဦး...ဦးသိမ်းဆိုတဲ့လူကြီးက မတရားကျင့်ကြံဖို့ ကြိုးစားတယ်တဲ့"

"ဟာ..."

"ညောင်ပင်အောက်က ခုံတန်းလျားကြီးအောက်မှာ ပုံ့ အလောင်းကို တွေ့ကြတာ"

"တောက်"

ကောင်းရျာန် တက်ခေါက်၏။

"ကြံစည်တာ မအောင်မြင်လို့ ထိန်းချုပ်ရင်းနဲ့ လက်လွန်သွားတာတဲ့၊ အဲဒါတွေဖြစ်တော့ ဘေးမှာ အရက်သမားနှစ်ယောက် ရှိနေတယ် ပုံ့ ကိုသတ်ခဲ့မိပြီလို့ပြောလို့ အရက်သမားတွေက ရွာထဲပြန်ပြေးကြပြီး





အဲဒီလူယုတ်မာကြီးကတော့ ဘယ်ကိုပြေးမှန်းမသိဘူးတဲ့၊ မနက်မိုးလင်းတော့ အရက်သမားတွေကပဲ လူကြီးတွေဆီမှာ သွားတိုင်ကြတာ"

"ဇော်ကို ..."

ကောင်းရျာန် က ဇော်ကို့ဘက်ကို ချာခနဲလှည့်လိုက်ကာ ...

"မင်း... မင်း ဒါတွေကို သိခဲ့တယ်မဟုတ်လား၊ တကယ်ပဲလား ဇော်ကို"

ဇော်ကို မျက်နှာမမော့ဘဲ ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ငါ ဘယ်လိုမှ ပြောမထွက်လို့ ပါးစပ်ပိတ်နေတာပါ၊ မောင့် ကို အေးအေးဆေးဆေးနေခဲ့ပါ၊ အဆင်ပြေမှာပါလို့ ငါတို့ အာမခံခဲ့ကြတယ်၊ ဒါပေမယ့် ဖြစ်လာတာက ငါတို့ ဘာမှမကူနိုင်၊ မကယ်နိုင်တဲ့ အဖြစ်၊ ငါ စိတ်မကောင်းလွန်းလို့ပါကွာ၊ ခွင့်လွှတ်ပါ"

မောင် အားလုံးကိုကြားနေရသည်။ ဒါပေမယ့် သူ ဘာမှမပြောနိုင်။ ဘယ်သူ့မှာ အပြစ်ရှိလို့လဲ၊ ခွင့်မလွှတ်နိုင်တာက ကိုယ့်ကိုယ်ကိုပဲဖြစ်၏။

မျက်လုံးတွေပွင့်လျက်နှင့် ဘာကိုမှမမြင်တော့ခြင်းသည် မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေပြည့်တက်စိုးမိုးနေခြင်းကြောင့်ဖြစ်၏။ ယောကျ်ားမျက်ရည် ဘယ်အချိန်မှာ မြေခသင့်သလဲ၊ ထိန်းချုပ်နေရသည့် သူ့ရင်ထဲမှာတော့ ဆတ်ဆတ်ခါနေပါပြီ။

တစ်ဘဝစီခြားခဲ့ကြရတာတောင် ကိုယ်တို့ နှုတ်ဆက်ခွင့်မရခဲ့ပါလား ပုံ ရယ်...။

ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မင်း ဘဝဆက်တိုင်း ကင်းဝေးပါစေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မိုးတွေလေတွေ ပြောင်းဆန်အောင် ထစ်ချုန်းမြည်ဟီးနေသည့်ထဲမှာ မောင် ဘယ်လိုမှ အလုပ်ဆက်လုပ်လို့ မရတော့ပေ။ လုပ်လက်စအားလုံး ကို ရပ်ပစ်လိုက်ရပြီး မော်နီတာရှေ့ကနေ ထလာခဲ့သည်။ အချိန်ကိုကြည့် လိုက်တော့ ည ဆယ်နာရီတိတိ။

တဂျိမ်းဂျိမ်းမြည်၍ ပြုတ်ကွာကျတော့မတတ် ဆောင့်တိုက်နေသော မှန်တံခါးတစ်ချပ်၏ ဒေါသက 'အစက ပိတ်ထားပါလား'ဟု သူ့ကို မထ မချင်း အော်နေတာနှင့်တူ၏။

ပြတင်းတံခါးဆိုလျှင် အပြင် သံပန်းတစ်ထပ်တပ်ထားတာကို မကြိုက် သည့် သူ့အတွက် ဒီလိုညမျိုးမှာ ဤသို့သောဒုက္ခတွေ ဖြစ်နေကျ။

လွင့်တက်နေသည့်ခန်းဆီးစကို ဘေးကိုဆွဲသိမ်းပစ်လိုက်ကာ တံခါး ပိတ်မလို့ လက်လှမ်းလိုက်၏။ ပြတင်းနားမှာရပ်လိုက်ကတည်းက သူ့ ကိုယ်ကို ဖျန်းခနဲပြေးရိုက်လာသော မိုးရေတို့သည် အပြင်ထုတ်လိုက်သည့် လက်တစ်ဖက်ကို အားရပါးရကြီးနှိပ်စက်ကြ၏။ ထိုစဉ် သူ့မျက်လုံးတွေ ခြံထဲကို ရောက်သွားလျှင် ...





"ဟင် ..."

တံခါးလည်းမပိတ်ဖြစ်၊ လက်ကိုလည်းမရုပ်ဖြစ်ဘဲ သူ့မျက်လုံးတွေ တစ်နေရာတည်းမှာစူးစိုက်သွား၏။ မြင်လိုက်တုန်းက အရိပ်လိုလို၊ ဘာ လိုလို။

သေချာကြည့်တော့ လူတစ်ယောက်ဖြစ်လာ၏။ ကြည့်နေရင်းနှင့် ထိုသူသည် မိန်းကလေးတစ်ယောက်မှန်း သိလိုက်ရပြီး ...

"ပုံ ..."

မောင် တအံ့တသြဖြစ်သွားကာ ရှေ့ကိုထပ်တိုးလိုက်၏။ မိုးစက်များ က မျက်နှာနှင့် ဆံပင်တွေကို ရိုက်ပုတ်လာရင်း ဝုန်းဒိုင်းကြဲနေသည်။

သူကတော့ ပုံ့ ထံသို့သာ ငုံ့ကြည့်ငေးရင်း ဘာကိုမှမသိတော့ပေ။

ပုံ က အဖြူရောင်အကျီအကွက်ကျားလေးနှင့် ဆံပင်တွေလား၊ ပဝါ မြူထားသလားမသိနိုင်သည့်သဏ္ဍာန်က ဦးခေါင်းနှင့် ပခုံးစွန်းနှစ်ဖက်ကို မျှဉ်းပြောင်ဖုံအွဲချထားတာနှင့်တူ၏။

သူ ကြည့်နေစဉ် သူမမျက်နှာက ခပ်ငုံ့ငုံ့ကနေ မော့လာသည်။ ထိုစဉ် မှာ လျှပ်ရောင် ဝင်းခနဲလက်သွားသဖြင့် သူမ၏မျက်နှာဖွေးဖွေးက ကိုယ့် မျက်နှာရှေ့ ရောက်လာသလို ဖွေးဖွေးကြီးဖြစ်သွားသည်။

"ဂျိမ်း"

မျက်နှာချင်းထိမှာစိုးကာ သူ့မျက်နှာကို နောက်သို့ ယောင်ယမ်း ဆုတ်လိုက်မိစဉ် တံခါးမှန်က အရှိန်ပြင်းစွာ ပြေးရိုက်၏။

"ဂလောက် ... ဂလောက်"

သူ့မျက်နှာ တစ်ဖက်သို့လှည့်ပြီးသားဖြစ်သွားသည်။ အိမ်ရှေ့တံခါး မကြီးဘက်က သော့ကို တစ်စုံတစ်ယောက်လှုပ်ခေါ် နေသည့်အသံဖြစ်၏။

"ဂလောက် .... ဂလောက်"

တစ်အိမ်လုံးမှာ တံခါးနှင့်သော့ရိုက်ခတ်သံက ထင်ရှားကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



စွာ ထွက်ပေါ်နေ၏။ မိုးသံ လေသံ ခဏငြိမ်သွားတိုင်း ထိုအသံကို မရပ်မနား ကြားနေရသည်။

ရှေ့ကိုပြန်ကြည့်လိုက်တော့ ပုံ မရှိတော့ပါ။ သူ တံခါးကို ပြန်ဆွဲ၍ ဂျက်ချလိုက်သည်။ ခြေလှမ်းတို့က အိမ်ရှေ့တံခါးဆီသို့ ခပ်သွက်သွက်လှမ်းခဲ့ရင်း သော့ကိုပါ ယူခဲ့ပြီးသားဖြစ်၏။

အတွင်းက အလူမီနီယံတံခါးကို ဖွင့်လိုက်လျှင် ...

"ဟင် ..."

ဘာကျာတံခါးရှေ့မှာ ပုံ ရပ်နေ၏။

တိုက်ကြီးက ကြီးသလောက် ခြံကလည်း အကျယ်ကြီးပါ။ ဘေးတစ်ဖက်ကနေ ဒီရှေ့ထိ ထိုမျှအတွင်း ရောက်လာဖို့က မဖြစ်နိုင်။

"ပုံ ..."

သူမကိုယ်မှာ မိုးရေတွေစိုနေသဖြင့် တံခါးဖွင့်ဖို့ ကပျာကယာ လက်လှမ်းလိုက်လျှင် ...

"ကိုမောင်"

"ဟင်"

ခပ်သဲသဲ့ တုံးတိတိခေါ်သံကြောင့် သော့ကိုကိုင်ပြီးမှ မဖွင့်ဖြစ်သေးဘဲ သူမထံသို့ မျက်လုံးရောက်သွား၏။ အိမ်တွင်းမှ မီးရောင်ဖြာကျနေသည့်အောက်မှာ ရှိနေပေမယ့် ပုံ့ မျက်နှာမှာ မှောင်ရိပ်ပဲဖြစ်နေ၏။

ပဝါခြုံတာမဟုတ်ဘဲ အုပ်အုပ်ဖားဖားဖြန့်ကျနေသော ဆံပင်တို့က ရေစက်တွေကို ထမ်းပိုးထားတာပဲရှိသည်၊ စိုရွှဲပီကပ်မနေပေ။

ထို့ပြင် မျက်နှာတစ်ပြင်လုံးမှောင်ရိပ်ဖြစ်နေသည့်တိုင် မျက်လုံးနှစ်လုံးက ဖျော့ခနဲ၊ လက်ခနဲဖြစ်နေတာကို မြင်နေရ၏။

"ပုံ ညကြီးအချိန်မတော် ဘာတွေဖြစ်လာတာလဲဟင်"

"ကိုမောင့်ဆီကိုလာတာ"





"ကိုယ့်ဆီကို..."

"ဟုတ်တယ်"

သူက ငေးငေးကြည့်ကာ ခေါင်းညိတ်၏။ ပြီးတော့ တံခါးဖွင့်ဖို့ ပြန်ငုံ့လိုက်လျှင် ...

"မဖွင့်နဲ့"

ပုံ့ လေသံက အမိန့်ပေးလိုက်တာနှင့်တူကာ မောင် နောက်ထပ် ပြန်မော့ကြည့်မိပြန်၏။

ဝင်းဝင်းလက်လက်မျက်လုံးများသည် လှိုင်းကြက်ခွပ်များပေါ်ကို လရိပ်ထိုးနေသကဲ့သို့ရှိလျက် ကိုယ့်ကိုကြည့်နေမှန်းသိသည်။ ဒါပေမယ့် မျက်လုံးချင်းဆုံသည်ဟု မထင်။

"ရှင် ကတိမတည်တဲ့လူပဲ ကိုမောင်"

"ဟင် ..."

"ရှင်လိုက်ခဲ့ပါခေါ် လို့ ပုံ လိုက်ခဲ့တာ၊ ခုကျတော့ ပုံ့ ကို ဂရုမစိုက်ဘဲ ရှင်က တခြားမိန်းမတစ်ယောက်နဲ့ လက်ထပ်တော့မယ်"

"ပုံ ကိုယ်လေ ..."

"ပုံ အရမ်းခံစားရတယ် သိလား၊ ရှင့်ကိုလဲ မယုံနိုင်ဘူး၊ ပုံကတော့ ရှင့်ကိုချစ်လွန်းလို့ ဒီထိလိုက်လာခဲ့တာ၊ ရှင့်နားမှာနေရရင်ပဲ ကျေနပ်ခဲ့တာ၊ ခုတော့ ရှင်က ..."

"မဟုတ်ပါဘူး ပုံရယ်၊ ကိုယ် ပုံ့ကိုချစ်တယ်၊ မေ့လဲမမေ့ဘူး"

"ဒါဆို ရှင် ကတိပေးပါ၊ ရှင့်ရဲ့ဘေးမှာ တခြားမိန်းမ ဘယ်သူမှ မရှိစေရဘူးလို့"

"ကိုယ် ..."

"ရှိလာတဲ့နေ့မှာ ပုံ ကတော့ ရှင်းပစ်မှာပဲ"

"ကိုယ် ပြောဦးမယ် ပုံ"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနဲ့ ရှင်ပြောချင်တာကို ပြောခွင့်ရနေပြီး ကျွန်မ ပြောချင်တာကျတော့ ဘာမှမပြောနိုင်ဘူး၊ ခုတစ်ခါတည်းပဲ ပြောလိုက်မယ်၊ ပုံရိပ်ဟာ ရှင့်အတွက်ပဲ၊ ကိုမောင့် ဘေးမှာ ပုံရိပ် ဆိုတဲ့မိန်းမ ရှိပြီးသား၊ ဘယ်မိန်းမမှ မရှိရဘူး"

ပုံ က ပြောနေရင်း ပေါ်တီအောက်ကို နောက်ပြန်တစ်လှမ်းချင်း ဆုတ်သွား၏။ လှေကားငါးထစ်မှာ တစ်ထစ်ထစ်မှာတော့ ချော်ကျသွားနိုင်တာမို့ သူ စိုးရိမ်စွာတားဆီးမလို့ ကြည့်လိုက်လျှင် ...

"ဟင် ..."

ပုံ သည် ခြေဖျားမှ ပခုံးစွန်းများအထိ အားလုံးက သူ့ကိုကျောခိုင်းလျက်ပဲရှိကာ မျက်နှာလေးတစ်ခုပဲ သူ့ကိုကြည့်၍ နောက်ပြန်ကြီးရှိနေခြင်းဖြစ်၏။

ယောက်ျားဆိုပေမယ့် မဖွယ်မရာကြီးမြင်လိုက်ရသဖြင့် မျက်လုံးထဲမှာ အုန်းခနဲမီးပွင့်သွား၏။

"အား ..."

"မောင် ... လှလေး"

"သား ..."

သူ့တစ်ကိုယ်လုံး လေဟုန်စီးနေရတာနှင့်တူ၏။ ပြီးတော့ တစ်စုံတစ်ရာကြောင့် လှုပ်ခါနေသလိုလည်း ခံစားရသည်။

"လှလေး... လှလေး သတိထားစမ်း"

"ဟင် ..."

လေးလံကျိန်းစပ်နေသည့်မျက်လုံးတို့ကိုဖွင့်လိုက်တော့ သူ့ဘေးမှာ ဘကြီးတိုးနဲ့ မေမေ၊ ထို့ပြင် တဝေါဝေါသွန်းဖြိုးနေသော မိုးစက်တို့၏ အသံများ။

တစ်ကိုယ်လုံး လှုပ်ခါသလိုထင်နေရခြင်းက မေမေနဲ့ဘကြီးတို့ သူ့ကို





လှုပ်နိုးနေကြတာဖြစ်သည်။

"မေမေ"

"ဘယ်လိုဖြစ်တာလဲ သားရယ်၊ အရက်တွေသောက်ထားပြီးတော့.."

မျက်လုံးက စိုးရိမ်သောကများနှင့်မေမေ့မျက်နှာဆီကို အရင်ရောက်ပြီးတော့ ဘေးကပြတင်းတံခါးဆီသို့၊ တံခါးတစ်ချပ်ကပွင့်နေဆဲပါ။

လေပြင်းတွေငြိမ်သွားပြီမို့ မိုးစက်တို့ ရိုက်ပုတ်နေသော်လည်း တံခါးက အနည်းငယ်လှုပ်ရှားနေတာပဲရှိသည်၊ ပြေးဆောင့် ပြန်ပွင့် ဖြစ်မနေပေ။

ဒေါ်မျိုးမျိုးက မောင် လှမ်းကြည့်လိုက်သည့်ဆီကို သတိထားမိသွားဟန်ဖြင့် ...

"ဦးလေးတိုး တံခါးတွေ လိုက်ပိတ်လိုက်ပါဦး"

"အေး အေး"

ဦးတိုး က မောင့်အတွက် ရေတစ်ခွက်လာချပေးပြီး တံခါးဆီ ပြေး၏။

"သား ..."

"ကျွန်တော် ဘာမှမဖြစ်ဘူး မေမေ၊ မေမေ သွားအိပ်ပါ"

အိပ်မက်ဆိုးကို ခေါင်းထဲကထုတ်ပစ်လိုက်ကာ မျက်နှာကို မှုန်းကျပ်စွာ ပွတ်ပစ်လိုက်မိ၏။ ထိုအခါ သူ့မျက်နှာထက်မှာ ချွေးတွေစိုနေတာကို သိလိုက်ရသည်။ ဒေါ်မျိုးမျိုးက သူ့မျက်နှာကိုပဲ ကြည့်နေသူမို့ တန်းပေါ်က မျက်နှာသုတ်ပဝါလေးလှမ်းယူကာ ရေချိုးပြီးစ ကလေးလေးကို သုတ်ပေးသလို မျက်နှာနှင့်လည်ပင်းတို့ကို တယုတယ သုတ်ပေးသည်။

အကျီလဲဖို့လဲ သူမပဲ တစ်ခါတည်းထုတ်၊ တစ်ခါတည်းလဲနိုင်း၏။ မောင် အကျီလဲပြီး စားပွဲပေါ် ပြန်ထိုင်မှ ...

"အိုး... နှစ်နာရီထိုးတော့မယ်၊ အိပ်ရာထဲကိုသွားလေ သားရယ်၊ အော်ဟစ်ကြားလို့ပြေးလာကြတော့ စားပွဲခုံမှာ မှောက်လျက်ကြီး ဘာများဖြစ်နေလဲဆိုပြီး မေမေက သတိတောင်လစ်ချင်တယ် သားရယ်၊ အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



ထိ စိုးရိမ်သွားတာ၊ ညက သားသူငယ်ချင်းတွေလာကြတော့ အရက်တွေ သောက်ကြတယ်မဟုတ်လား"

ဒေါ်မျိုးမျိုးက မုဆိုးမပီပီ တစ်ယောက်တည်း ရုန်းကန်ရှာဖွေရတာ ဖြစ်သည်။ ယောက်ျားရှိစဉ်ကထက် မသာပေမယ့် အခြေမပျက်အောင် ရပ်တည်နိုင်ခဲ့သည်။ သားလေးကို ကျောင်းပြီးရင်တော့ သားအမိ နှစ် ယောက် အဖော်ရပြီဟု အားခဲထားခဲ့သမျှလည်း မိန်းမတစ်ယောက် အတွက်နှင့် သားက ဘဝကိုပုံ၍ ခံစားနေခဲ့သည်။

မိန်းမယူလိုက်ပါ၊ လက်ထပ်လိုက်ပါ ဘယ်လိုပဲပြောပြော လက်မခံ၊ လက်ခံပုံမယ်လို့ ခေါင်းညိတ်ခဲ့တာကျတော့လည်း ...

"မေမေ"

"ဟင် ပြောလေ သား"

ဦးတိုးလည်း ခပ်လှမ်းလှမ်းမှာရှိနေသည်။ ဒေါ်မျိုးမျိုးက မောင့်ပခုံး တစ်ဖက်မှာ လက်တင်လျက်ရပ်နေသည်။ သူ့မျက်လုံးတွေကတော့ ဦးတိုး ပိတ်ထားပြီးဖြစ်သည့် ပြတင်းတံခါးကိုပဲငေးနေကာ ...

"သံယောဇဉ် ဘယ်လိုနေသတဲ့လဲ မေမေ"

ဒေါ်မျိုးမျိုး ဦးတိုးကို လှမ်းကြည့်၏။ ရုတ်တရက်မဖြေတော့ မောင် က မော့ကြည့်ကာ ...

"သူ အသက်မရှင်ဘူးမဟုတ်လား"

ဒေါ်မျိုးမျိုး မျက်နှာမသာမယာနှင့် ခေါင်းညိတ်သည်။

"ဟုတ်တယ် သား၊ မေမေ ညက တစ်ညလုံး ဆေးရုံမှာပဲ၊ ပြန်ရောက် တော့ ဆယ့်နှစ်နာရီထိုးနေပြီ၊ သားကိုမေးတော့ သူငယ်ချင်းတွေပြန်သွား ကတည်းက အခန်းထဲဝင်သွားတာလို့ ပြောလို့ အိပ်ပြီထင်ပြီး မေမေ အိပ်ရာဝင်ခဲ့တာ"

"ကျွန်တော် မေမေ ဆေးရုံကနေ ဖုန်းဆက်မလားလို့ စောင့်နေတာ၊





သူ ဘယ်အချိန်ဆုံးသွားတာလဲ"

"မေမေ သူ ဆုံးသွားပြီးမှ ပြန်လာတာ၊ မဇင်တို့လင်မယားကို ဒီတိုင်း ထားခဲ့ပြီး ပြန်ခဲ့ရမှာ စိတ်မဖြောင့်လို့လေ၊ မမြင်ရက်စရာပါ သားရယ်၊ သူတို့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာမဟုတ်လား၊ မေမေ့မှာလဲ သား လေးတစ်ယောက်ပဲရှိတော့ မိဘချင်း ကိုယ်ချင်းစာပြီး သူတို့လိုပဲ ထပ်တူ ခံစားရတယ်၊ သေခြင်းတရားဆိုတာ ရှောင်လို့ရတာမျိုးမဟုတ်ဘူး၊ မနေ့မနက်ဖြန်မှာ အများကြီးပြောင်းလဲသွားနိုင်တယ် သား၊ သံယောဇဉ် လေးကိုကြည့်စမ်း၊ ဒီလိုဖြစ်သွားမယ်လို့ ဘယ်သူ ထင်ခဲ့လို့လဲ၊ မနေ့မနက် ကပဲ အကောင်း၊ လေဆိပ်ကို သူ့အဖေ သွားကြိုမလို့ ရေချိုးနေရင်း ချော်လဲတာလေးနဲ့ စကားမေးမရလိုက်ဘဲ ဆေးရုံရောက်သွားတယ်"

သံယောဇဉ် က မောင့်ကို ဟိုတုန်းကတည်းက မျှော်လင့်နေခဲ့ဖူးသူ ။ မောင် နဲ့စေ့စပ်ဖြစ်ခဲ့တော့ သူမ ပျော်နေခဲ့သည်။

"ကိုကိုက သံယောဇဉ် ကို ချစ်မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ရပါတယ်"

ဟု ဆွေးရိပ်သမ်းလျက် မကြာခဏ ပြောဖူးခဲ့သည်။ ဒါပေမယ့် သူမ ပြုံးမပျက်ခဲ့ပေ။ လက်ထပ်ဖို့ မြန်မြန်ဆန်ဆန် ရက်သတ်မှတ်လိုက်တာ က ဒေါ်မျိုးမျိုးကပဲ လောခဲ့တာဖြစ်၏။

ဒါကလည်း သားဖြစ်သူ၏စိတ္တဇကို အမြန်ဆုံးပျောက်ပျက်သွားစေ ၍ဖြစ်သည်။ ခုတော့ မထင်တာတွေဖြစ်လာခဲ့ရသည်။ ရေချိုးခန်းထဲ က နောက်ပြန်လဲကျပြီး ဆေးရုံကိုပါသွားကတည်းက စကားမေးမရ။

နောက်ဇာမှာ သွေးစလေးအနည်းငယ်သာမြင်လိုက်ရပြီး အသက် သွားခဲ့တဲ့အထိ ဖြစ်ရတာကို ဘယ်လိုမှမယုံနိုင်။

"တစ်သက်လုံး ဒီအခန်းထဲမှာချူးလာတာပါ မျိုးရယ်၊ တို့မှာ သွေးတိုး တော့ ယိမ်းယိုင်သွားရင် မူးခနဲမိုက်ခနဲဖြစ်မှာစိုးလို့ သူ့အဖေက ရေချိုး ခန်းထဲကို သေချာစနစ်တကျလုပ်ခဲ့တာပါ၊ ကြမ်းခင်းကျောက်ပြားတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ချော်စရာကို တကယ်မရှိပါဘူး၊ သမီးလေး ကံဆိုးလိုက်တာ"

"သူလေ မျိုးရဲ့သားကို သိပ်ချစ်ရှာတာ သိလား၊ မင်္ဂလာကိစ္စအတွက် သူ့အဖေ မြန်မာပြည်ကိုပြန်လာမယ်ဆိုတော့ သွားကြိုဖို့အတွက် ပျော်ယာခတ်နေတာပဲ"

ဒေါ်ဇင်မာ က ပြောပြောပြီး ငိုလို့မဆုံးပေ။

"ခုတော့ မင်္ဂလာကိစ္စအတွက်မဟုတ်ဘဲ သမီးရဲ့အသုဘပို့ဖို့ ဖအေက ပြန်လာခဲ့သလိုဖြစ်သွားပြီ၊ တို့ရင်ထဲမှာ ဝင်ကြည့်ပါဦး မျိုးရယ်၊ ဘယ်လိုဖြေရမှာလဲ"

ဒေါ်မျိုးမျိုး၏စိတ်တို့က ညက ဒေါ်ဇင်မာတို့လင်မယား၏ မျက်ရည်များဆီသို့ ရောက်သွားခဲ့၏။ သူမမျက်ဝန်းမှာလည်း မျက်ရည်တွေ ချက်ချင်းပြည့်တက်လာ၏။ ပြီးတော့ လိမ့်ခနဲ လိမ့်ခနဲ ပြေးဆင်းသွားကုန်ကြသည်။

"သား....."

ခေါ်သံသည် ရှိုက်သံများနှင့် လုံးထွေးလျက် ...'

"မေမေ့ကိုသနားရင် သား ဒီလိုမလုပ်ပါနဲ့ကွယ်၊ သား အသက်ငယ်ငယ်လေးရှိသေးတာ ကိုယ့်ဘဝကိုယ် တိုးတက်ဖို့ကြိုးစားရမယ်၊ မိဘကိုညှာတာကူညီတဲ့ သားကောင်းတစ်ယောက်ဖြစ်ဖို့ ရှိသေးတယ်၊ မေမေတစ်ယောက်တည်း တစ်လျှောက်လုံး ရပ်တည်လာခဲ့ရတာ အားမငယ်ခဲ့ဘူး၊ ဘာဖြစ်လို့လဲ သိလား၊ ငါ့သား ပညာစုံ အရွယ်ရောက်လာရင် ငါ့အတွက် လက်ရုံးတစ်ဖက်ဖြစ်မှာလို့တွေးပြီး ပီတိတွေနဲ့လေ"

တကယ်တော့ အားကိုးအားထားပြုချင်လွန်းလို့ စကားခေါ်နေတာမဟုတ်မှန်း မောင် လည်းသိသည်။ မေမေ သူ့ကိုသိပ်ချစ်ခဲ့သည်။ သူ့အတွက်ပဲ ဘာမဆို အမိကဖြစ်ခဲ့တာလည်း မှန်၏။

ဒီစကားတွေဟာ သူ့စိတ်တွေ ပြောင်းလဲဖြစ်တည်နိုင်ဖို့ အမျိုးမျိုး





ကြိုးစားနေခြင်းသာဖြစ်သည်။

"သားကို အခု မေမေ တစ်ခုပဲတောင်းဆိုပါတယ်၊ မေမေ့ကို မကူညီဘူးဆိုရင်နေ သားအတွက် စိုးရိမ်ပူပန်စိတ်တွေဖိစီးပြီး အမြဲတမ်း သောကတွေထမ်းပိုးနေရတဲ့ဘဝမျိုး မရောက်ပါရစေနဲ့ မေမေ့မှာ နှလုံး၊ သွေးတိုးဆိုတဲ့ ရောဂါတွေ မရှိပေမယ့် သားလေး တစ်ခုခုဖြစ်သွားခဲ့ရင် မဖြင့်လိုတောင် မေမေ မျက်ရည်ကျရင်း ဖြေလို့ရမှာမဟုတ်ဘူး၊ မေမေ ရင်ကွဲနာကျပြီး သေရမှာ သိရဲ့လား"

ပြောရှိုငိုရင်း ဒေါ်မျိုးမျိုးက မောင့် ပခုံးကလေးကို ပိုက်သလို ပိုက်ပွေ့ထားလိုက်၏။ မောင် ခဏပဲငြိမ်နေပြီး ဖက်ထားသည့်လက်တို့ကို ဖယ်ချလိုက်သည်။

"ကျွန်တော့်ကို မစိုးရိမ်ပါနဲ့မေမေ၊ လွမ်းဆွေးပြီး သေသွားတဲ့သူ မရှိသေးပါဘူး၊ ရည်းစားထားပြီး အသည်းကွဲကြတာလဲ ဆန်းတာမှမဟုတ်တာ၊ ဒါပေမယ့် ပံ့ သေခဲ့ရတဲ့အဖြစ်ဟာ ကျွန်တော့်ကြောင့်လို့ ထင်နေမိတယ်၊ အဲဒါကြောင့် ..."

"မဟုတ်တာ သားရယ်၊ ဝဋ်နာ၊ ကံနာ ဆိုတာ အလှူပေးပြီး ချေဖျက်လို့မရဘူး ယတြာချေလို့ရတာမျိုးလဲမဟုတ်ဘူး၊ ဒီလူ့ရဲ့ လက်ချက်နဲ့ ဒီလူက သေရဖို့ကံပါလာရင် နောက်ပြောင်ပြီး သစ်ကိုင်းခြောက်ကို သေနတ်လုပ်ပစ်လိုက်တာတောင် ကျည်ဆန်တွက်ပြီးသေရတယ်၊ အဲဒီအဖြစ်တွေရှိခဲ့တာရော သား ယုံရဲ့လား"

မောင် မဖြေပါ။ ဒေါ်မျိုးမျိုးကပဲ ဆက်ပြောသည်။

"မေမေတို့ ဗုဒ္ဓဘာသာနဲ့ကြည့်ရင် သေပြီးတဲ့လူကို တမ်းတပြီး အရူးတစ်ပိုင်းဖြစ်နေတာဟာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ သားက သားရဲ့ ချစ်သူအတွက် ခံစားနေတယ်၊ သားရဲ့ မေမေ သားကြောင့် သေလောက်အောင် စိတ်ဆင်းရဲနေရတာကျတော့ နည်းနည်းမှ လှည့်မကြည့်ဘူး၊ သား ဒီတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွားနေလို့ ဘဝပျက်ခဲ့ရင် မေမေ့ဘဝလဲ သွားပြီပေါ့၊ မေမေတို့ အရွယ်က စိတ်ဖိစီးမှုနဲ့သေနိုင်တယ် သား၊ သေသွားတဲ့ချစ်သူကိုပဲ ရင်ဘတ်ထဲထည့်ပြီး မေမေ သေသွားတာကိုတော့ သား ဥပေက္ခာထားနိုင်သလား"

"တော်ပါတော့ မေမေ"

မောင်က ဒေါ်မျိုးမျိုး လက်တစ်ဖက်ကိုဆုပ်ကိုင်ပြီး သုန်မှုန်နေသည့် သူ့မျက်နှာကို အကာတ်နိုင်ဆုံးပြေပြစ်ဖို့ကြိုးစား၏။ ဦးတိုး ကတော့ တိတ်ဆိတ်စွာပဲ ထွက်သွားလေသည်။

"ကျွန်တော့်ပုံစံကို ပြင်ပါ့မယ်၊ ဒါပေမယ့် မေမေ ကတိတစ်ခုတော့ ပေးပါ"

ဒေါ်မျိုးမျိုးက မျက်ရည်စကိုသုတ်ပစ်ရင်း မောင် ဆက်ပြောလာမှာကို စောင့်သည်။

"ကျွန်တော့်ကို နောက်ထပ် တစ်ယောက်ယောက်နဲ့လက်ထပ်ပေးဖို့ မကြိုးစားပါနဲ့"

"မဟုတ်တာ သားရယ်၊ သားလို စည်းစိမ်၊ ပညာ၊ ရုပ်ရည် ဘာမှပြောစရာမရှိတဲ့လူအတွက် ချောပေ့လှပေ့ဆိုတဲ့ မိန်းမကောင်း၊ မိန်းမမြတ်တွေ ရွေးစရာအများကြီးပဲ၊ လောကရဲ့စည်းစိမ်ဆိုတာ ဒါတွေမပေါ့ သားရယ်၊ တစ်နည်းပြောရရင် ချမ်းသာခြင်းဟာ ဆင်းရဲခြင်းရဲ့အနှစ်ပဲ၊ လောကစည်းစိမ်ထဲမှာ ဆင်းရဲချမ်းသာတွေ အများကြီးရှိတယ်၊ လူဖြစ်လာရင် ဒါတွေကို သိကိုသိရမှာ။ လူပျိုဘုရား မရှိခြားတဲ့၊ မြတ်စွာဘုရားတောင်မှ အိမ်ထောင်ပြုခြင်းကို မရှောင်ခဲ့ဘူး။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းအားလုံးကို နှိုင်းယှဉ်သိမြင်ပြီးမှ တကယ့်ချမ်းသာအစစ်အမှန်ကို ရှာဖွေခဲ့တာ"

မောင် က ခေါင်းခါနေ၏။ ဒေါ်မျိုးမျိုးက အလျှော့မပေးပါ။

"လင်နဲ့မယားဖြစ်သွားပြီးမှ သေကြ ကွဲကြရင်တောင် တစ်ပင်လဲ





တစ်ပင်ထူဆိုတာ ရှိသေးတယ်၊ အခု သားနဲ့ ဒီမိန်းကလေး ဘာမှလဲမဟုတ်ခဲ့ဘူးလေ"

"ကျွန်တော်နဲ့ ပုံ ..."

"တော်ပါတော့ သားရယ်၊ ကောင်းချာန်တို့ပြောလို့ မေမေ အားလုံးသိပါတယ်၊ အဲဒီမိန်းကလေးကို သား သနားခဲ့တာ၊ ညှာတာချင်တာ၊ ခုလိုဖြစ်သွားတော့ ငါ့ကြောင့်ဆိုပြီး ယူကျုံးမရ ခံစားနေရတာပါ၊ အသည်းကွဲတာမဟုတ်ဘူး"

"ကျွန်တော် ပြောချင်တာ အဲဒီခံစားချက်တွေမဟုတ်ဘူး မေမေ"

မောင် က စကားရပ်လိုက်ပြီး ပြတင်းပေါက်ဆီကို လှမ်းကြည့်သည်။ မိုးစဲသွားပြီမို့ တဝေါဝေါဆူညံသံတွေ မရှိတော့ပါ။ သို့သော် တပေါက်ပေါက် တဖြောက်ဖြောက် မိုးစက်ကျသံတွေတော့ ရှိနေသေး၏။ သူ မေမေ့ကို ပြန်ကြည့်ကာ ...

"အိပ်မက်မက်တိုင်း သူ ကျွန်တော့်ကို ဒီစကားပဲပြောတယ် မေမေ"

"ဘာစကားလဲ၊ ဘာပြောလို့လဲ သား"

"ကျွန်တော့်ဘေးမှာ တစ်ယောက်ယောက်ရှိရင် သူ ရှင်းပစ်မယ်တဲ့"

"ဟင်..."

ဒေါ်မျိုးမျိုး၏မျက်လုံးတွေ ပြူးခနဲဖြစ်သွား၏။

"ကြွေရုပ်နဲ့ကျွန်တော့်ကို မေမေ ဖွတ်ပေးစားခဲ့တုန်းက စေ့စပ်ပြီးတဲ့ နောက်နေ့ပဲ သူ့ရည်းစားက အထင်လွဲပြီး ရှင်းကြ၊ ငြင်းကြနဲ့ ရန်းရင်းဆန်ခတ်တွေဖြစ်လို့ ခေါင်းကိုထိတယ်၊ သတိရတော့ ရူးကြောင်မူးကြောင်တွေ ဖြစ်သွားတယ်"

"ဒါက သူ့ချစ်သူနဲ့လက်ထပ်ချင်လို့ သားနဲ့လွဲအောင် ဟန်ဆောင်နေတာပါကွယ်၊ သူတို့အိမ်ဖော်ကိုယ်တိုင်က ပြောတာပဲ၊ မေမေ့ ဒါ ကြောင့် ဒေါသဖြစ်သွားပြီး အဆက်ဖြတ်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ဆောင်တာက ကိုယ့်ချစ်သူ သူများနဲ့လက်ထပ်သွား ဘဲ့အထိ ဖြစ်နိုင်ပါ့မလား မေမေ"

"ဟင် ..."

"ဗညားဆိုတဲ့ကောင်က လက်ထပ်သွားပြီ"

ဒေါ်မျိုးမျိုး ငိုင်ကျသွားလေသည်။ မောင် က နေရာမှထ,ရပ်ကာ ပန်းအောက်ထိရှည်ကျနေသည့်ဆံပင်တွေကို လက်တစ်ဖက်နှင့် ကုပ်ပိုးကနေ ဖိသပ်ချနေရင်း ...

"ခုလဲ သံယောဇဉ် ဆုံးသွားတဲ့အဖြစ်ကို မေမေ စဉ်းစားကြည့်"

"အဲဒါ ... အဲဒါတွေကို သားက ယုံကြည်နေလို့လားဟင်"

"မေမေက လက်မခံနိုင်ဘူးလား"

မောင် နောက်ကိုပြန်လှည့်လာပြီး ဒေါ်မျိုးမျိုးရှေ့မှာ ရပ်လိုက်သည်။

"ပြောပါ မေမေ၊ လုံးဝ မဖြစ်နိုင်ဘူးလို့ မေမေ ထင်လို့လား"

"နာနာဘာဝဆိုတာမျိုးက အဲ ... ဖုတ်၊ ပြိတ္တာ၊ အသူရကာယ် အကုန်လုံးပေါ့ လူကို သေစေ သတ်စေတဲ့အထိ မတတ်နိုင်ပါဘူး"

"ကိုယ်ထိလက်ရောက် မဟုတ်ပေမယ့် ထိတ်လန့်ပြီး ဟတ်ထ်အတက်ခံရပြီး သေသွားတဲ့လူတွေ မရှိခဲ့ဘူးလား"

ဒေါ်မျိုးမျိုး အံ့ဩသည့်မျက်လုံးများနှင့် သားကို ငေးနေမိ၏။ ဒီလို အယူအဆ စွဲလမ်းမှုမျိုးဟာ မိန်းမတွေမှာသာ ရှိတတ်ကြတာ မဟုတ်လား။

သူ့မျက်လုံးထဲမှာ မေမေ ဘာကိုရှာဖွေနေသလဲဆိုတာကို နားလည်သည်။ ဒါပေမယ့် စိတ်ထဲမှာလည်း ဒီအဖြစ်တွေကို 'ဘာမှမဟုတ်တာတွေ' ပါဆိုပြီး ဖျောက်ပစ်လို့မရ။

"တိုက်ဆိုင်မှုတွေကို ကျွန်တော် ကြောက်လာတာ မေမေ၊ စွဲလမ်းမှု တစ်ခုဟာ အစွန်းရောက်လာရင် စိတ္တဇပေါ့။ ကျွန်တော် စိတ္တဇဖြစ်နေပြီလို့





မေမေ ထင်ရင်ထင်ပါ။

နောက်ထပ် ဒီလိုတိုက်ဆိုင်မှုထပ်ဖြစ်ခဲ့ရင် တစ်ယောက်ထပ်သေဦး မယ်။ အဲဒါကို ဟုတ်၊ မဟုတ်လက်တွေ့သိဖို့ မစမ်းသပ်ပါနဲ့တော့။

ပြတင်းတံခါးနားမှာ ခဏရပ်လိုက်ပြီး မှန်တံခါးကို သူ ပြန်ဖွင့်သည်။ ကို အထင်အရှားမြင်လိုက်သည့် သစ်ခွတိုင်တွေ ဒီဘက် အုတ်ခုံလေး ားကို သေချာစူးစိုက်ကြည့်မိ၏။ မျက်နှာနောက်ပြန်နှင့် ပုံ့ ကိုယ်လုံးကို င်လာကာ မျက်လုံးတွေကို ဖျတ်ခနဲမှိတ်ပစ်လိုက်မိသည်။

အိပ်မက်တွေမှ ဟုတ်ရဲ့လား၊ သူ့ကို ပုံ့ စကားတွေပြောသွားခဲ့တာ များကြီးပင်။ သေသွားတဲ့သူနဲ့ ကျန်ခဲ့တဲ့သူ ဘယ်သူ ဒုက္ခပိုများသလဲ။

မင်းထက်မလျော့တဲ့သောကတွေနဲ့ပါ ပုံ၊ အဲဒါ ယုံပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ကိုချစ်က အရင်နဲ့မတူဘူးနော်၊ အရမ်းချောတာပဲ"

"မင်းကတော့ အရင်အတိုင်းပဲ"

စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တာပါ။ သင်းပျံ့သူကတော့ မျက်နှာ လေးပင့်၍ ပခုံးနှစ်ဖက်ပါ မြင့်တက်သွားသေးသည်။ ငယ်ငယ်တုန်းက မျက်တောင်ရှည်ကော့ကော့ကြီးတွေနှင့် နှာတံလုံးလုံး၊ ပါးဖောင်းဖောင် လေးတွေရှိသော သူမကို အားလုံးက 'သိပ်လှတဲ့ကလေးလေး'ဟု ချီးမွမ်း ခံနေကျကိုး။

ခုလည်း မောင် က 'ဟိုတုန်းကလိုပဲလှသည်'ဟု ချီးမွမ်းလိုက်တယ် ပဲထင်ကာ ဘဝင်ခိုက်သွားခြင်းဖြစ်မည်။ တကယ်တော့ မောင် ပြောတဲ့ ဟိုတုန်းကလိုပဲဆိုတာက ကဲတာရဲတာကို ပြောချင်တာဖြစ်၏။

လူကြီးတွေကတော့ သူမကိုပဲ ချစ်မဝနိုင်သည့်မျက်လုံးများနှင့် တကြည့်ကြည့်။

"အဲဒါပဲကြည့်တော့ မျိုးရေ၊ သူ့အစ်ကိုဆီမှာ သွားနေရမယ်ဆိုတာ နဲ့ အရမ်းကိုမြူးနေတာ"





"မာမီကလဲ အစ်ကိုလို့မပြောပါနဲ့၊ ကိုချစ်နဲ့ သင်းပျံ့ ရှယ်တူပဲဥစ္စာ၊ သေချာတွက်ကြည့်မှ ခုနစ်လပဲကွာတာ"

သင်းပျံ့သူက လူကြီးတွေကိုလည်း ပြောသည်၊ မောင့် ပခုံးကို ပခုံး ချင်းလှမ်းတိုက်ပြီး ရန်စသလိုလည်းလုပ်၏။

"ကိုချစ်က ဒိုင်ယာရီရေး၊ သီချင်းဆို၊ ကဗျာစပ်နဲ့ အချိန်ကုန်နေတာ ဆို၊ သင်းပျံ့က အလုပ်နဲ့အကိုင်နဲ့သိလား"

"ဟုတ်ပါပြီ နင်ပဲတော်ပါတယ်"

"တော်ရမှာပေါ့"

"တွေ့လား၊ မောင်နှမနှစ်ယောက်က..."

ဒေါ်မြမြဝင်းကတော့ မောင့်ကို မြင်ကတည်းက ဘယ်လိုတွက်ကိန်း နဲ့ သဘောတွေကျနေမှန်းမသိ၊ သမီး ဘာပြောပြော၊ မောင် ဘယ်လို မျက်နှာလွှဲနေနေ၊ ဘာပြန်ပြောပြော မကျေနပ်တာ ဘာမှမရှိသည့်မျက်နှာ နှင့် ...

ဒေါ်မျိုးမျိုးကလည်း သင်းပျံ့သူမျက်နှာလေးကိုကြည့်ရင်း ချစ်ပြီးရင်း ချစ် ဖြစ်ရလျက် ...

"သမီးရဲ့ကိုချစ်က အခု အဆန်းတွေတတ်နေပြီ သမီးရဲ့၊ သေနတ်ပစ် တာလေ၊ အပျော်ဆိုပြီး ဝင်ဝင်ပစ်တာ ခုဆို တော်တော်လက်ဖြောင့်နေပြီ တဲ့"

"ဟယ် ဟုတ်လား ကိုချစ်၊ သင်းပျံ့ကို သင်ပေး"

သင်းပျံ့သူ ဖွတ်ပူဆာတော့သည်။

"သူငယ်ချင်းနဲ့ တောကိုလိုက်လည်တုန်းက ပစ်ဖူးတာပါ၊ နင် ပစ်ချင် ရင် သင်တန်းတက်ပေါ့"

မောင့်မျက်နှာက ဘယ်သူတွေဘာပြောနေနေ မကြည်လင်ပေ။ ဒီလို ထွင်၊ ဒီလိုစလာတဲ့လမ်းတွေကိုလည်း ကြောက်နေပြီဖြစ်၏။ ထို့ပြင် မေမေ



www.burmeseclassic.com

www.burmeseclassic.com



တို့က သူတို့ရှေ့မှာပဲပြောချလိုက်တာ၊ သူ့ခေါင်းကို မိုးကြိုးပစ်ချလိုက်သလိုပင်။

"သမီးလေးက ဒီမှာနေပြီး အလုပ်ဝင်မှာဆိုရင် ဘာထူးမှာလဲ အဝင်းရယ် တို့ကိုပဲ ပေးလိုက်စမ်းပါ။ ဘယ်လိုပဲနေနေ တင့်တယ်သွားတာပေါ့။ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်လိုက်မယ်"

အစကတည်းကပြုံးနေသည့် ဒေါ်မြမြဝင်း မျက်နှာကြီးက ခေါင်းညိတ်ပြီသားဖြစ်သွားပြန်သည်။ မောင် ရင်တွေပူလျက် ညရောက်တော့ မေမေ့ဆီကိုသွားပြောမိသည်။

"ဘာဖြစ်လဲ သား၊ သမီးက ကိုယ့်အိမ်မှာနေတာ၊ ဘာမှဖြစ်စရာ မရှိဘူး၊ ကျိန်စာလိုလို၊ ကျမ်းစူးသလိုလို ဘာဖြစ်လို့ အယူသည်းနေတာလဲကွယ်၊ အဲဒီစိတ်တွေကို သား ဖျောက်လိုက်ပါ၊ မေမေ စီစဉ်နေတာ သားဘဝ ဒီတိုင်းဆက်ပြီး စိတ္တဇဆန်ဆန်နဲ့ အထီးကျန်ဖြစ်မသွားဖို့ပဲ"

"စိတ္တဇဆိုတာက စွဲလမ်းနေတဲ့ တစ်ခုခုပါ မေမေရာ၊ ကျွန်တော့်စိတ်ထဲမှာ စွဲနေတာ ရှိချင်ရှိမယ်၊ အထီးကျန်ဖြစ်တယ်ဆိုတာ မရှိဘူး။ မင်္ဂလာကိစ္စတွေ ထပ်မစီစဉ်ပါနဲ့လို့ မေမေ့ကို ကျွန်တော် တောင်းပန်ထားခဲ့တာပဲ"

"သားရယ် မဖြစ်နိုင်တာကို မေမေ လိုက်လျောရမှာလား၊ သား ဒီလိုပဲ တစ်သက်လုံးနေသွားလို့ရမှာလားဟင်၊ သားက ရတယ်ဆိုလဲ မေမေကတော့ မထားနိုင်ဘူး၊ မေမေ မသေခင် သားကို အိမ်ထောင်ရက်သားချပြီး စိုပြည်စည်းလုံးစွာနေကြတာကို မြင်ချင်တယ်"

မေမေ့ကို ဘယ်လိုမှပြောမရသလို သင်းပျံ့ကို စကား စ,ကြည့်တော့လည်း ဘာမှမထူးပေ။

"နင့်မှာ ချစ်သူတွေဘာတွေမရှိဘူးလား သင်းပျံ့"

"ကိုချစ်က ရှိတယ်ထင်လို့လား"





"အင်းလေ၊ နင် ဒီလောက်အလှတွေပြင်နေတာ ချစ်သူမဟုတ်ရင်တောင်မှ ကိုယ်ကချစ်နေတာ၊ ဒါမှမဟုတ် သူက ကိုယ့်ကို တစ်ဖက်သတ်ချစ်နေတာမျိုး တစ်ခုခုတော့ ငြိနေနိုင်တာပေါ့"

သင်းပျံ့သူ က လက်ခုပ်တီး၍ပင် ရယ်သေးသည်။

"ရှိတာပေါ့၊ ဒါပေမယ့် ချစ်သူတော့မဟုတ်ဘူး၊ သင်းပျံ့က ချစ်တာလေ၊ သင်းပျံ့ ငယ်ငယ်လေးကတည်းက အထင်ကြီးသဘောကျပြီး ခဏခဏ သတိရ၊ မြတ်နိုးနေခဲ့တာပေါ့၊ သင်းပျံ့ ရင်ထဲမှာ ယောကျ်ားဆိုလို့ သူ တစ်ယောက်ပဲရှိတယ်"

လုပ်ပြီ၊ မောင် မျက်နှာလွှဲ၍ ပင့်သက်ရှိုက်မိ၏။ မေးလိုက်မိကာမှ ပိုဆိုး။

"ဟိတ် ကိုချစ် မေးလေကွာ၊ အဲဒါ ဘယ်သူလဲလို့ မမေးဘူးလား"

"နေပါစေတော့"

မောင့်လက်မောင်းကို မှီတွဲ၍သွားတာက မြဲထဲမှာရော၊ အပြင်မှာ ဘယ်သွားသွား၊ ထိုအခါ သူ့ဘက်က ဘယ်လိုမှ ငြင်းဆန်မရနိုင်သော အခြေအနေတွေပဲဖြစ်လာခဲ့သည်။

"ကဲ မျိုးရေ သမီး ရန်ကုန်မှာ ခဏတည်းဖို့လာအပ်ရင်းနဲ့ မင်္ဂလာကိစ္စ စီစဉ်ပေးဖို့ဖြစ်နေပြီ၊ သူ့အဖေကို ဖုန်းဆက်တော့ သမီး သဘောတူရင် စီစဉ်လိုက်ပေါ့တဲ့၊ သူကတော့ မင်္ဂလာကိစ္စကျမှပဲ လာခဲ့မယ်တဲ့"

လူကြီးတွေက သဘောတူကုန်ကြပြီ။ သင်းပျံ့ က ပိုကဲလာ၏။ နေ့ဆိုလည်း ဟိုလိုက်ပို့ပါ၊ ဒီလိုက်ပို့ပါ၊ ညညဆိုလည်း စာကြည့်ခန်းထဲမှာ သူနှင့်အတူ ညဉ့်နက်တဲ့အထိ လာထိုင်၏။

"နင် သွားအိပ်တော့လေ၊ လူကြီးတွေတောင် အိပ်ရာဝင်ကုန်ကြပြီ"

"သင်းပျံ့မှ မအိပ်ချင်သေးတာ၊ ကိုချစ်က သင်းပျံ့ အနားမှာရှိနေတာကို စိတ်ညစ်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



လှိုင်းတွန့်ရေးရေးနှင့် တိုကပ်ကပ်ဆံပင်လေးတွေကို သင်းပျံ့က ထပ်ပွသည်။ စကားပြောနေနေ ခေါင်းခါနေနေ အမြဲတမ်းလှုပ်ယမ်းနေတတ် သည့် နားဆွဲပိုင်းလေးကိုလည်း သူမလက်နှင့် သူမ ပြန်၍ထိခတ်ပြီး လှုပ် ယမ်းနေသေးသည်။

ညဦးနက်ဆိုပေမယ့် အပြင်စကြံလမ်းတွေလောက်ပဲ မီးရောင် ခပ် ဖျော့ဖျော့ထားတာဖြစ်ကာ အခန်းထဲမှာတော့ နေ့ခင်းနဲ့ည ခွဲခြားမ လောက်အောင် မီးရောင်က ဖွေးနေ၏။

သင်းပျံ့သူ၏မျက်နှာလေးကိုငုံကြည့်ရင်း ရင်ထဲမှာရှိနေတာတွေကို ဖွင့်လှစ်ပြောဖို့ တွေးမိနေသည်။ ဘယ်စကားကို ဘယ်ကစပြောပြော စပ် ခက်နေခဲ့၏။

မျက်ဝန်းတို့သည် ခပ်ဟဟပွင့်နေသော အခန်း၏အပြင် ပြာလဲ့လဲ့ မီးရောင်လေးရှိသည့် စကြံသို့ ဝေ့ခနဲရောက်သွားပြန်သည်။ ပြီးတော့ မှောင်မိုက်နေသည့်အပြင်လောကသို့ မှန်တံခါးများဆီ နောက်ထပ် ဝေ့ပြီး မှာ သင်းပျံ့၏မျက်နှာလေးဆီ ပြန်ရောက်ကာ ...

"နင် ထင်သလိုမဟုတ်ပါဘူး"

ဟု တိုးတိတ်စွာပြောဖြစ်သည်။ သို့သော် မျက်နှာတစ်ပြင်လုံးကို လက်ဝါးနှင့်ပွတ်၍ ဆုံလည်ဆိုဖာမှာ ပစ်စလက်ခတ်မှီချလိုက်သော သူ့ ကိုယ်ကြီး လှုပ်ရှားနေတာကို သင်းပျံ့ က ခပ်စူးစူးလေး လိုက်ကြည့်နေ သည်။

"မဟုတ်ဘူး။ ကိုချစ် တစ်ခုခုဖြစ်နေတာ သေချာတယ်၊ သင်းပျံ့ က ကိုချစ်နဲ့ လက်ထပ်ရမှာကို ပျော်တယ်၊ တကယ်ကျေကျေနပ်နပ်လက်ခံ ခဲ့တာ၊ အဲဒါ မိန်းကလေးတန်မဲ့ဖွင့်ပြောပြတာပါ။ ကိုချစ်က ဘာဖြစ်လို့လဲ"

"ငါ့မှာ အခက်အခဲနည်းနည်းရှိတယ်၊ အဲဒါက နင်ထင်နေသလို ခက်ခဲ တာမျိုးမဟုတ်ဘူး"





"ရှုပ်နေတာပဲကွာ၊ ကိုချစ် ဘာပြောချင်လဲ၊ ကိုချစ်မှာ ချစ်သူရှိနေ ဘယ် ဒါလား"

"ရှိခဲ့ဖူးတယ်လေ၊ ငါနဲ့ပတ်သက်တာတွေ နင် သိပြီးသားပဲ"

"သိတယ်၊ အဲဒါ ဘာဆက်ရှိသေးလဲ ပြော"

"အဲဒါကို ... အဲဒါက... ဟို ရှင်းရှင်းပြောရရင် ငါ လက်မထပ်ချင်..."

"ကိုချစ်"

သင်းပျံ့သူ က စားပွဲကို လက်ဝါးလေးနှစ်ဖက်နှင့်ရိုက်ပစ်လိုက်ပြီး ခေါ်သည်။ ပြီးတော့ နေရာမှ တဖြည်းဖြည်းထရပ်လိုက်ကာ..

"ကိုချစ် ရင်ထဲမှာ ဘာတွေရှိနေသလဲဆိုတာတော့ သင်းပျံ့ မသိဘူး၊ ဒါပေမယ့် သင်းပျံ့ရင်ထဲမှာ ကိုချစ်က ဟိုးအရင်ကတည်းက ရှိနေခဲ့တာ၊ အိပ်မက်တွေကို သင်းပျံ့ အပိုင်ရချင်တယ်၊ အဲဒါကြောင့် ဒီလက်ထပ်ပွဲကို သင်းပျံ့ဘက်က ငြင်းပေးဖို့ ကိုချစ် မမျှော်လင့်နဲ့"

"ပြန်ထိုင်ဦး သင်းပျံ့၊ ငါပြောတာကို သေချာနားထောင်"

"ဟင့်အင်း မထိုင်ဘူး"

မောင် က လက်ကိုဆွဲလိုက်မှ သင်းပျံ့ က ရုန်းပြီး ဆိုးဆိုးဆတ်ဆတ် လှည့်ထွက်သွားလေသည်။ စိတ်ပျက်လက်ပျက်နှင့်စားပွဲ သူ ထလာခဲ့ သည်။ မှန်တံခါးအပြင်ဘက်က အမှောင်ထုဆီ ငုံ့မိုးငေးမောရင်းဖြင့် ...

"မင်း ကိုယ့်ရဲ့ဘေးမှာ တကယ်ရှိနေသလား ပုံ"

တိုးတိတ်စွာမေးရင်း မှန်တံခါးကို တွန်းဖွင့်လိုက်မိသည်။ နှာခေါင်းထဲ ကို လေပြင်းတစ်ရှိုက်နှင့်အတူ တိုးဝင်လာသည်က ပုံနဲ့ထိတွေ့မိတိုင်း ရတတ်သည့် ကိုယ်သင်းနံ့လေးတစ်ချက်၊ ဒါမှမဟုတ် ပန်းရနံ့လား။

သူ့မျက်ခုံးတွေ တွန့်ကုတ်သွားသည်။ ဒါ အဖြေလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"ကိုချစ်"

"ဟင် ..."

သူ နောက်လှည့်ကြည့်လိုက်ပြီး ကိုယ်ကိုလည်း ဘေးသို့ရွှေ့ပေးလိုက်မိသည်။ သင်းပျံ့ဝင်ထိုင်မှာပဲလို့ထင်၍ဖြစ်၏။ သင်းပျံ့က မထိုင်ပေ။

"ဘယ်ရောက်သွားလဲ ဟိုတစ်ယောက်"

"ဟင် ဘယ်တစ်ယောက်လဲ"

ပြန်မေးလိုက်တော့ သင်းပျံ့က နှုတ်ခမ်းထောင့်လေးတစ်ဖက် ရွဲ့ပစ်ပြီး စိုက်ကြည့်သည်။

"စောစောက ကိုချစ်ဘေးမှာရပ်နေတဲ့မိန်းမ"

"ဘယ်လို..."

မောင့်ကိုယ် ဆတ်ခနဲဖြစ်သွား၏။ ကိုယ်ကိုမတ်မတ်ပြင်ထိုင်လိုက်မိသဖြင့် ဒန်းကိုလွှဲလိုက်သလိုဖြစ်ကာ ခြေထောက်ကန်ထားလိုက်ရ၏။ အချိန်က ညီအစ်ကိုမကွဲတကွဲအချိန်။





သဘာဝအလင်းရောင်လေး ခပ်ဖျော့ဖျော့တင်နေသေးပေမယ့် မှောင်နေပြီဖြစ်၏။ သူ ဒီမှာထိုင်နေခဲ့တာ နေဝင်ဆည်းဆာကတည်းက ခုချိန်ထိ မထဖြစ်သေးပေ။ အစရော ခုရော သူ့ဘေးမှာ ဘယ်သူမှ မရှိခဲ့ပါ။

"နင် ဘာတွေပြောနေတာလဲ"

"ကိုချစ်နော် သင်းပျံ့ကို အရူးလိုလို၊ ကြောင်လိုလို မကြည့်နဲ့ ဒီက သေချာမြင်လိုက်တဲ့ဟာ"

သင်းပျံ့သူ က ပြောပြီး ဒန်း၏ဟိုဘက်ဘေးကို လျှောက်သွား၏။ ထိုအခါ မောင့် ဘေးမှာပဲဖြစ်သွားကာ ...

"ဒီနားမှာရပ်နေတာ၊ ဆံပင်တွေအရှည်ကြီးပဲ၊ အင်္ကျီအဖြူအကွက်နဲ့"

ပုံ...မောင် မျက်စိမျက်နှာပျက်ကာ နေရာမှ ဆတ်ခနဲထ ရပ်မိသည်။ ပြီးတော့ သင်းပျံ့ကို သတိမရတော့ဘဲ ပတ်ဝန်းကျင်ကို အမောတကော ဝေ့ပတ်လိုက်ကြည့်မိသည်။ ပုံ တကယ်ပဲ သူ့ဘေးမှာ ရှိနေခဲ့သည်လား။

"ကိုချစ် ဘာလဲ ဟန်ဆောင်ပန်ဆောင်တွေ လုပ်ပြနေတာလား"

"မဟုတ်ဘူး"

"သင်းပျံ့က တမင်သိချင်လို့ ခပ်ရိုင်းရိုင်းထွက်လာခဲ့တာ၊ အဲဒီမိန်းမကို သင်းပျံ့နဲ့ ကိုချစ် လက်ထပ်တော့မယ့်အကြောင်း အသိပေးဖို့လေ"

"ကျွတ်"

သူ့မျက်နှာ မဲ့ကျသွားသည်။ အိမ်ထောင်ရေ..၊ယက်ထဲမှာ သူ ဘာဖြစ်လို့ ရှုန်းမရဖြစ်နေရတာလဲ။

"သင်းပျံ့ စိတ်ပျက်သွားအောင်လား၊ ဒါမှမဟုတ် မာမီ စိတ်ပျက်သွားဖို့လား၊ ကိုချစ်ကို ချစ်တဲ့သူတွေ ဘယ်လောက်ဝိုင်းဝိုင်းလည်ခဲ့သလဲဆိုတာ သင်းပျံ့တို့က သိပြီးသားပါ၊ ရည်းစားများတာ ရှုပ်ကာကို သင်းပျံ့က ရှောင်ကြဉ်စရာအချက်လို့ မမြင်ဘူး။ အခုလက်ရှိ ချစ်သူနဲ့မို့လို့သင်းပျံ့ကို ငြင်းနေတာဆိုရင်လဲ ခွင့်လွှတ်တယ်၊ သင်းပျံ့ က ကိုချစ် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ယောက်ျား သူများနောက်ပါသွားလောက်အောင်တော့ မညံ့ပါဘူး။ ဟွန်း… အဲဒါကြောင့် ပြောပြတာ၊ ကိုချစ်က တွဲပြနေလဲ အပိုပဲလို့"

ဂရုမစိုက်ဘူးလို့ပြောနေသည့် သင်းပျံ့၏ စကားသံတို့က အဖျားစတော်မှာ တုန်ယင်လျက်ရှိ၏။ မျက်ဝန်းထဲမှာ မျက်ရည်စတို့ရှိနေခြင်း မနေခြင်းဆိုတာကတော့ မသေချာ၊ သူမမျက်နှာကို မောင် သေချာမမြင်ရတော့ပေ။

ထိုပြဿနာသည် ဤမျှနှင့်ပြီးမသွားဘဲ နောက်ထပ် ရှုပ်ထွေးမှုများစွာ ဖြစ်ခဲ့ရသည်။

"ကိုချစ်"

ည ကိုးနာရီကျော်နေကာမှ သင်းပျံ့သူ လာခေါ်သည်။ ဒီနေ့ကျမှ သူ အိပ်ရာစောစောဝင်မလို့ စာကြည့်ခန်းထဲက ထ,လာခဲ့တာ ထိုင်ပင်မထိုင်ရသေးပါ။

"ကို… ချစ်… ကိုချစ်"

သင်းပျံ့သူ သည် သံတို၊ သံရှည် စုံအောင်ခေါ် လျက် တံခါးကိုလည်း ထုသည်။

"နုမှ တံခါးလာပိတ်ပစ်လိုက်တာ၊ အိပ်ချင်ယောင်ဆောင်မနေနဲ့နော်၊ သင်းပျံ့ မခံနိုင်ဘူး သိလား"

"ဟိတ်"

သူ တံခါးကို မြန်မြန်ဆန်ဆန်ဖွင့်လိုက်ကာ …

"ဘာဖြစ်နေတာလဲ သင်းပျံ့၊ လူကြီးတွေရောက်လာကြရင် ရှုပ်ကုန်ဦးမယ်"

"ရောက်လာလာ မလာလာ ရှုပ်မှာပဲ၊ ရှုပ်အောင် ကိုချစ် လုပ်နေတာတွေရော ကောင်းလား၊ တကယ်လွန်တယ် သိလား၊ ကိုချစ် ဘာတွေလုပ်နေတာလဲ၊ သူ့ကို ဘယ်နေရာမှာ ဝှက်ထားပြီး အကွက်ကျကျ နှိပ်စက်





နေတာလဲ"

"ဘာတွေပြောနေတာလဲ၊ နင် တော်တော်ပြဿနာရှာတာပဲ သင်းပျံ့ရာ"

"ဟွန်း …"

သင်းပျံ့ သည် ဘာမှထပ်မပြောတော့ဘဲ နောက်ကို ချာခနဲလှည့်ပြေး၏။

"သင်းပျံ့"

သူမပုံစံက လှည့်ပြန်တာမဟုတ်ဘဲ တစ်ခုခုဆီသို့ ပြေးသွားတာနှင့်တူနေသဖြင့် မောင့်ခြေလှမ်းတွေလည်း အခန်းအပြင်သို့ အလိုလိုပါသွားခဲ့၏။ အခန်းတွေ တစ်ခန်းပြီးတစ်ခန်း လျှောက်ဖွင့်သည်၊ ပြီးတော့ ဖြစ်သလိုပြန်ပိတ်၊ ဆက်ပြေး။

သင်းပျံ့သူ ပျာယာခတ်နေ၏။

"မဟုတ်ဘူး၊ အဲဒီမိန်းမ ဒီဘက်ကိုထွက်သွားတာ"

မောင် ကိုလည်းဘာမှမမေးပါ။ မကျေမနပ် တတွတ်တွတ်ပြောရင်းပြေးနေတာကို မရပ်။

"ခက်တော့တာပဲ သင်းပျံ့၊ ခဏရပ်စမ်းပါ"

"ဖယ်ပေး"

သင်းပျံ့ က တရားခံလွတ်သွားမှာစိုးသည့် အေးဂျင့်တစ်ယောက်လိုညဝတ်ဘောင်းဘီရှည်ပွပွ၊ အင်္ကျီဖားဖားလေးနှင့် ဟိုပြေး ဒီပြေး ပိုက်စိပ်တိုက်ရှာနေ၏။

ဒီဘက်မှာ အောက်ဆင်းသည့်လှေကား မရှိပေ။ နောက်ဆုံး ဝရန်တာဘက်ပြေးထွက်ကာ ဟိုးအောက်အမြင့်ကြီးကို မယုံနိုင်သလို ငုံ့ကြည့်၏။

"တောက်"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှာ မောင် ပါလာသဖြင့် သူမ တက်ခေါက်ပြီး ဒီဘက်လှည့် လိုက်တော့ မောင်နဲ့မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ ထိုအခါ ဝရန်တာ လေးအောက်မှာ မျက်ရည်တွေပြည့်နေသည့် သင်းပျံ့မျက်နှာလေးက သနားဖွယ်ပင်။

"ကိုချစ်... ကိုချစ် သူ့ကို တကယ်ချစ်နေတာလား၊ သင်းပျံ့ကို မလို ချင်တာ တစ်ခုတည်းကြောင့် သင်းပျံ့ မြင်လောက်တဲ့ အရပ်မျက်နှာ အခြေအနေတွေကျမှ တမင်တကာ ဒီလိုတွေ လုပ်လုပ်ပြနေတာလား ဟင်... ပြောစမ်းပါ ကိုချစ်ရဲ့"

"သင်းပျံ့ နင် ဘာတွေ ဗွပ်စွဲနေတာလဲ၊ ခုထိ နင် ဘာဖြစ်နေမှန်း ဝ လုံးဝ မသိဘူး၊ ဒုက္ခပဲဗျာ"

"ဒုက္ခက သင်းပျံ့ဆီမှာပါ ကိုချစ်ရယ်၊ ကိုချစ် အဲဒီလောက်ထိ သင်းပျံ့ ကို လက်မခံနိုင်ဖြစ်နေမှန်း လုံးဝကိုမသိခဲ့ဘူး"

မောင် နဖူးကို လက်ညှိုးနှင့်ကုတ်ခြစ်ရင်း နောက်ဆုတ်ရပ်လိုက် သည်။ သူ့ဘက်က တစ်ခုခုပြောဖို့အတွက် သင်းပျံ့ ဖြစ်နေသည့် တစ်ခု တစ်ရာဟာ ဘာမှန်း သူမသိ။

"ဟင်... ဟို... ဟိုမှာ ..."

"ဟာ ..."

သင်းပျံ့ မျက်လုံးတွေ ပြူးခနဲဖြစ်ကာ မျက်နှာလေးတင်းသွား၏။ ထို့နောက် သူ့နောက်ကို ခြေဖျားလေးထောက်ကြည့်လိုက်ပြီး လူတစ် ကိုယ်လုံးကို အတင်းတိုးတိုက်သွားသေးသည်။

"သင်းပျံ့ ..."

သူ သင်းပျံ့နောက်ကို ပြေးလိုက်ဖို့ ဒီဘက်လှည့်လိုက်လျှင် မျက်လုံး ထဲမှာ အရိပ်တစ်ရိပ်က ကိုယ့်ရှေ့တည့်တည့်မှာ ဘွားခနဲ ပိတ်ရပ်လိုက် သလို ရုတ်တရက်ကြီးပေါ်လာ၏။





သူ ကိုယ်ရှိန်သတ်လိုက်ရသည်။ သို့သော် သေချာကြည့်လိုက်တော့ ...ည်း ဘယ်သူမှမရှိ။ နှာခေါင်းထဲမှာ ပန်းနံ့လိုလို အနံ့တစ်မျိုးက ဝေ့ခနဲ ...နံ့ရစ်၏။ မောင့်မျက်လုံးတွေ ကယောက်ကယက်ဖြစ်သွားလေသည်။ ...က်လုံးသာမကဘဲ သူ့တစ်ကိုယ်လုံး တစ်ပတ်လည်အောင် ဟိုကြည့် ...ကြည့် ဖြစ်သွားခဲ့၏။

ထိုစဉ် သင်းပျံ့ ဒေါ်ကြီးမောကြီးနှင့် ပြန်ရောက်လာ၏။

"ကိုချစ် ဒီတစ်ခါတော့ ပြောရမှာပဲ၊ ဒီကိစ္စကို သင်းပျံ့ သိရမှဖြစ်မယ်၊ ...မိန်းကလေး ဘယ်သူလဲ၊ အိမ်ထဲထိခေါ်ထားပြီး ကိုချစ်... ကိုချစ် ဘာ ...ည်ရွယ်ချက်နဲ့လဲဟင်၊ သင်းပျံ့ကြောင့် မဟုတ်ဘဲ အဲဒီမိန်းမနဲ့ ကိုချစ် ...ကယ်ညားနေတာလား"

"သင်းပျံ့..."

မောင် ဒေါသဖြစ်သွား၏။ ကိုယ့်မှာလည်း ပြဿနာကို ရှင်းမရ ဖြစ်နေ ...တာ။ သူမ ဘာဖြစ်နေမှန်းလည်းမသိဘူး၊ မေးတော့လည်း မပြောဘဲ ...တ်ပဲဗွပ်စွဲနေသည်။

"သား ..."

"သမီးရေ ... သမီး ဘာဖြစ်ကြတာတုန်း"

မိဘနှစ်ပါး အပြေးအလွှားရောက်လာကြသည်။ မောင့် မျက်နှာက ...င်းနေလျက် လူကြီးတွေရောက်လာမှ ပင့်သက်ရှိုက်ရင်း လျှော့ချပစ် ...ည်။ သင်းပျံ့ကတော့ မျက်ရည်စက်လက်နှင့် အံကလေးကြိတ်ထား၏။

"သမီး ..."

ဒေါ်မျိုးမျိုးက သားဆီကိုမဟုတ်ဘဲ သင်းပျံ့ ပခုံးလေးကို ပြေးဖက် ...ည်။ ဒေါ်မြမြဝင်းကတော့ သင်းပျံ့ဘေးမှာပဲရပ်လိုက်ပေမယ့် မျက်လုံး ...က မောင့်မျက်နှာထက်မှာဖြစ်၏။

"သူ... သူ ကိုချစ် ..."



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြရင်း သင်းပျံ့က ရှိက်ငိုသည်။ ဘာမှဆက်မပြောသဖြ
လူကြီးတွေလည်း ဘာငြင်ပြောရမှန်းမသိကြ။ မောင် နဲ့ သင်းပျံ့ တ
ယောက် မျက်လုံးတွေထဲ တစ်ယောက် စူးစိုက်ကြည့်ကာ အတန်ကြာမှ

"လက်ထပ်ကြခါနီးမှ သင်းပျံ့ကို ဒေါသဖြစ်အောင် မဟုတ်တရာ
တွေပြောပြီး စတယ် အန်တီမျိုး"

"ဟင် ..."

ဒေါ်မျိုးမျိုး အံ့သြသွားဏ်။ အကြီးအကျယ် ပြဿနာတစ်ခုတက်
ကြပြီဟုထင်ကာ စိုးရိမ်တကြီး ပြေးလာခဲ့တာဖြစ်သည်။ ရှိက်ကြီးတ
ငိုနေပုံကလည်း စ,လို့ နောက်လို့ ငိုတာမျိုးနှင့်မတူဘဲနှင့် ...

"မာမီ..."

သင်းပျံ့သည် ဒေါ်မြမြဝင်းကို ခေါ်သော်လည်း မျက်ဝန်းတို့က မော
ကိုပဲ စူးစူးရဲရဲကြည့်လျက် ...

"သင်းပျံ့ ကိုချစ်ကို စိတ်မချဘူး မာမီ၊ တော်ကြာ စ,ရင်းနောက်ရ
နဲ့ စကားနောက်တရားပါဖြစ်သွားမှာစိုးတယ်၊ အန်တီ ..."

ပြောရင်း ဒေါ်မျိုးမျိုးကို ပြန်ငဲ့ကြည့်၍ ...

"အန်တီ ကိုချစ်က အစသိပ်သန်တာပဲ၊ သင်းပျံ့ သည်းမခံနိုင်လို့ပြ
တာပါ။ မင်္ဂလာကိစ္စကို အမြန်ဆုံးလုပ်ပေးနော်၊ နောက်ဆုံး ရုံးမှာဖြစ်ဖြ
လက်မှတ်ထိုးထားချင်တယ်"

"အို... သမီး ..."

"ဟင့်အင်း"

ဒေါ်မြမြဝင်းက မိန်းကလေးရှင်မို့ အိုးတိုးအမ်းတန်းမျက်နှာကြီးန
တားဆီး၏။ သင်းပျံ့က ခေါင်းခါသည်။ မောင့်ကို သူမ လက်ထပ်ဖြစ်မှ
ကြိုးစားမည်။

မောင်ဟာ သူမအပေါ်မှာ လိုလားသည်ဖြစ်စေ၊ မလိုလား၍ဖြစ်စေ





သူမ မြင်သာအောင် အမျိုးမျိုး လှုပ်ရှားပြနေပြီဖြစ်၏။

တစ်ဖက်သတ်ချစ်ခြင်းနှင့် မခံရပ်နိုင်ခြင်းနှစ်ရပ်သည် မောင့်ကို အရှုံး
ပေးဖို့သာ အဖြေထွက်ခဲ့၏။ မောင် ဖြစ်စေချင်သလို သူမ ဖြစ်မပေးနိုင်။

သက်ပြင်းရှည်ကြီးချကာ တစ်လှမ်းချင်းလှည့်ထွက်သွားသော မောင့်
ကျောပြင်ကျယ်ကို ငေးကြည့်ပြီး မျက်ရည်စတွေနဲ့ ပြုံးသောနှုတ်ခမ်းမှဲ့
မဲ့လေးမှာ အနာဂတ်တွေဖြစ်နေခဲ့၏။

သူမ၏ အနာဂတ်အားလုံးဟာ မောင့်ရင်ခွင်ထဲမှာပဲဖြစ်ချင်သည်။
ပြီးတော့ တဒိတ်ဒိတ်ခုန်နေသည့်နှလုံးသားထဲက ရင်ခုန်သံများအတိုင်း...

"ချစ်တယ်၊ ကိုချစ်... ရှင့်ကို သင်းပျံ့ ချစ်တယ်၊ အဲဒါကြောင့် သင်းပျံ့
ငြင်းလို့မဖြစ်ဘူး၊ ရည်ရွယ်ခဲ့တာက ချစ်တာတစ်ခုတည်းရယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"အမယ်လေး ကြီးကြီးရေ လာပါဦး၊ ဟောဒီမှာ လုပ်ကြပါဦး"

နားထဲမှာ အိမ်ဖော်ကောင်မလေး ပုစူး၏ လိပ်ပြာလွင့်မတတ် အော်သံက စူးစူးဝါးဝါးတိုးဝင်လာသည်။ မျက်နှာသုတ်ရင်း ရေချိုးခန်းထဲက ထွက်လာသည့် မောင့် ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား၏။

"အို... အမယ်လေး သမီး ..."

"ဘာဖြစ်တာလဲ၊ ဘာဖြစ်ကြတာလဲ"

အမေနှစ်ယောက်၏အော်သံတွေကိုပါ ဆက်တိုက် ထွက်ပေါ်လာသဖြင့် တစ်ခုခုဖြစ်ပြီမှန်း သိလိုက်၏။ မောင် ရေချိုးခန်းရှေ့ကနေ ပြေးထွက်လာခဲ့သည်။

"သမီး ... သမီးလေး ..."

"သင်းပျံ့ ... သမီး"

လှေကားကြီး၏ထိပ်မှ စီးမိုးမြင်လိုက်ရသောမြင်ကွင်းကြောင့် မောင် 'ဟာခနဲ' ဖြစ်သွားခဲ့၏။ ဒေါ်မြမြဝင်း ရင်ခွင်ထဲမှာပိုက်ရင်း ကတုန်ကယင် ဆွဲလှုပ်ခေါ်နေသော သင်းပျံ့သူ သည် နှာခေါင်းနှင့်ပါးစပ်ထဲမှ နီစွေးသော





သွေးတို့ စွန်းထင်းလျက် မျက်လုံးအစုံက အလွန်အမင်း ထိတ်လန့်သွားခဲ့ သလို ပြူးကျယ်ဝိုင်းစက်နေ၏။

မျက်တောင်ဖျားတို့သည် မျက်ခွံပြေပြေမှာ ဖြန့်ကပ်နေသည်အထိ ပြူးနေသည့်မျက်လုံးအစုံက ကျွတ်ထွက်လာတော့မတတ်ပင်။

ပုစူးသည် မျက်နှာကို လက်ဝါးနှင့်အုပ်ထားလျက်နှင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေ၏။ ထို့နောက် အကြောက်လွန်ကာ တအိအိခွေကျ မေ့မြောသွားလေသည်။

"သား.. သား ဒီမှာကြည့်ပါဦး၊ ဘာဖြစ်ကြတာလဲဟင်"

အနားရောက်သွားသည့် မောင့် ကို ကြည့်ကာ ဒေါ် မျိုးမျိုး၏မေးသံက မှမ်းလွန်းပြီးသွားချင်းရိုက်နေသည့်နှယ်၊ မောင် ဘာမှမပြောနိုင်။

အနားမှာ ဒူးတစ်ထောက်ထိုင်ကာ သင်းပျံ့၏လက်ဖဝါးလေး တစ် ဖက်ကို ဆုပ်ကိုင်လိုက်မိ၏။ ထိုအခါ ခပ်ကွေးကွေးပုံစံ ကုပ်ထားသည့် လက်ချောင်းများက ဆုပ်ပေးလို့မရ၊ ဖြန့်လို့လည်းမပြန့်ဘဲ မီးအပူပေးထား သည့် ကြက်ခြေချောင်းများလို တောင့်ခိုင်နေကြ၏။

"သမီးလေးရယ် အဖြစ်ဆိုးလှချေလားဟင်"

ဒေါ်မြမြဝင်း ရင်ဘတ်ထုငိုလေသည်။ ထိုနာရေးကိစ္စမှာ မောင့်ဘက် က မသက်ဘဖွယ်တွေပုံချလျက် ဒေါ်မြမြဝင်းက တရားစွဲဖို့ကြိုးစားသေး သည်။

ဒါပေမယ့် ဒီတိုင်းပဲပြီးသွားခဲ့၏။ ည တစ်ညလုံး သင်းပျံ့ ငိုလိုက်၊ ဘက်ခေါက်လိုက်လုပ်နေသဖြင့် ဒေါ်မြမြဝင်းကိုယ်တိုင် အိပ်လို့မပျော်ခဲ့ သော။ ထို့ကြောင့် အရဏ်မတက်မီအချိန်ထိ သင်းပျံ့ သူ့မဘေးမှာ ရှိနေခဲ့ ဘာက သေချာနေခဲ့သည်။ နောက်ထပ်သက်သေက ဆေးစစ်ချက်နှင့် ဆူး၏ ထွက်ဆိုချက်ဖြစ်သည်။

ထိုစကားကြောင့် ဆေးစစ်ချက်အရ တူညီကာ သူ့မဘာသာ လှေ



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က ပြုတ်ကျ၍သေဆုံးခဲ့ခြင်းက သေချာသွားခဲ့သည်။ ဒေါ်မျိုးမျိုးမှာလည်း ကိုယ့်သားပယောဂ မပါတော့သည့်အဖြစ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရ၏။

မောင်ကတော့ ဤသို့မဟုတ်ပေ။ အရက်တွေပြန်သောက်လာသည်။ အခန်းအောင်း၍ ရေငုံနှုတ်ပိတ်လုပ်နေခြင်းဖြင့် တစ်ယောက်တည်း ထင်ရာမြင်ရာကိုပဲ တွေးနေခဲ့သည်။

"မူးပြီးလှေကားပေါ် ကပြုတ်ကျတာဆိုတာ သက်သေတွေနဲ့ အားလုံးအထင်အရှားရှိနေတာပဲ သားရယ်၊ ဘာဖြစ်လို့ ဒါကိုပဲ ဆွဲယူနေရတာလဲ"

"ဆွဲယူတာမဟုတ်ဘူး မေမေ၊ ဒီကိစ္စပြောတိုင်း မေမေ လက်မခံတာကိုက ကျွန်တော် ဘာမှမပြောချင်တော့တာ၊ အခု ကျွန်တော်နဲ့ပတ်သက်လာတိုင်း ဒီလိုဖြစ်ဖြစ်ကုန်တာ ဘယ်နှစ်ယောက်ရှိပြီလဲ"

"ဒါက ..."

"ဘာကြောင့်လဲဆိုတာ မရှာနဲ့ဦး၊ ကျွန်တော်နဲ့လက်ထပ်ဖို့ဖြစ်လာမှ လွဲချော်ကုန်တာ၊ သေကုန်ကြတာ ကျွန်တော် မဖြစ်စေချင်တာ အဲဒါပဲ မေမေ့ကို ကျွန်တော် အစကတည်းက တဖွဖွတားနေခဲ့တယ်၊ မေမေ မ... မက ဖွတ်လုပ်လို့ ..."

"သား ... မောင်"

ဒေါ်မျိုးမျိုးတော့ ဒီလောက်ထိတော့ ခေါင်းငုံ့မခံနိုင်တော့ဘဲဖြစ်လာ၏။

"မင်း အမေ့ကို ရှင်းရှင်းပြောစမ်း၊ အိမ်ထောင် ဘယ်တော့မှမပြုတော့ဘူးလို့ဆုံးဖြတ်ပြီး အကြောင်းပြကောင်းအောင် အကျိုးအကြောင်းတွေ စုဆောင်းနေတာလား"

"မေမေ အဲဒီလိုပဲ ကျွန်တော့်ကို ထင်နေခဲ့တာမဟုတ်လား"

ဒေါ်မျိုးမျိုး မဖြေပါ။





"ဘာကြောင့်ပဲဖြစ်ဖြစ် ထားလိုက်ပါ၊ ဒါပေမယ့် ကျွန်တော် ပေါင်းသင်းရမယ့်မိန်းမတစ်ယောက်ကို ကျွန်တော်ကိုယ်တိုင် နှစ်သက်တာမဟုတ်ဘဲ မေမေ ရှာနေတာ သဘာဝမကျပါဘူး၊ အဲဒီလိုအိမ်ထောင်ရေးကိုလဲ ကျွန်တော် စိတ်မဝင်စားဘူး၊ ဒီလိုအဖြစ်တွေရှိလာတော့ ပိုဝေးသွားပြီ"

"ကောင်းပြီ မောင်၊ မင်းကို မေမေ အိမ်ထောင်ရေးကိစ္စ မစီစဉ်တော့ဘူးလို့ သဘောထားလိုက်ဦး၊ ဒါပေမယ့် ပြောတာကို နားထောင်"

ဒေါ်မျိုးမျိုးက သူမ ပြောမည့်စကားကို ပို၍လေးနက်စေချင်သည်မို့ ဆက်မပြောသေးဘဲ မောင့်မျက်ဝန်းတွေနှင့်ဆုံအောင်နေသည်။ ပြီးမှ ...

"ပုံရိပ် ဆိုတဲ့ မိန်းကလေးကို မင်း မေ့ပစ်လိုက်ပါ"

မောင် မျက်နှာ ဆတ်ခနဲလွှဲ၍ မဲ့ပစ်လိုက်သည်။ မုန်းနိုင်းတိုင်း မုန်းလိုက်လို့ရသလား။ မေ့ခိုင်းတိုင်းမေ့လို့ရလျှင် နှလုံးသားတစ်စပြင်ကို ရင်မှာပိုက်၍ လူးလဲရပ်တည်နေရသည့် အချစ်ရူးသမားတွေ ဆိုတာရော ရှိဦးမလား။

မေမေ ရယ်စရာတွေပြောပြနေတာလားဟု မေးလိုက်ချင်သည်။ ဒါပေမယ့် ...

"အချစ်စိတ်နဲ့ရူးသွပ်နေတုန်းကတော့ မိဘက အမိန့်ပေးတယ်၊ ချုပ်ချယ်တယ်လို့ ထင်ကြတာပါပဲ၊ ဒါပေမယ့် အားလုံးဟာ နွေဦးမှာ လေရူးထတာမျိုးပဲ မောင်၊ လူတစ်ယောက်လုံး ဘဝတစ်ခုမှာ အနည်းနဲ့အများ ရှောင်လို့မလွတ်ကြတဲ့ ရာသီပေါ် ဝေဒနာတစ်ခုပဲ၊ ကျော်ဖြတ်သွားနိုင်တဲ့နေ့မှာ ဒါတွေက ရယ်စရာတွေပါ"

မောင် ဆတ်ခနဲပြန်ကြည့်လာသည်။

"ဟုတ်လို့လား မေမေ၊ အသည်းကွဲခဲ့ဖူးတာကို ပြန်တွေးမိပြီး လက်ခုပ်လက်ဝါးတီးရယ်နိုင်တဲ့သူ ရှိခဲ့သလား၊ မြင်ဖူးချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်သူရဲကောင်းလုပ်ပြီး မီဘကို ပြန်လှန်မေးမလာနဲ့ မောင်၊ မင်းကို မေမေ ပြောချင်တဲ့အမိကကက မင်း သိမ်းဆည်းထားခဲ့တဲ့ ပုံရိပ်ရဲ့ ပဝါအနက်လေးကို စွန့်ပစ်လိုက်ဖို့ ..."

"ဘယ်လို"

"နောက်တစ်ခုက မင်း သူ့ကို သနားညှာတာခဲ့စဉ်မှာ ကရုဏာတွေ ပိုပြီး ငါနဲ့နေပါ၊ ငါနဲ့လိုက်ခဲ့ပါလို့ လွန်ကျူးထားတဲ့စကားတွေကို ပြန်ရုပ်သိမ်း"

မေမေ ဘာတွေပြောနေမှန်း မောင် တကယ်နားမလည်တော့ပါ။ ဒေါ်မျိုးမျိုးက ဘာမှပြောမနေတော့ဘဲ မောင့်အဝတ်ဗီရိုနောက်က နာရီစင်နှင့်တွဲလျက် အံဝှက်လေးကို ဆွဲထုတ်လာခဲ့သည်။

အံဝှက်ကသေတ္တာလိုမဟုတ်တော့ အဖုံးမပါပေ။ မောင့်ရှေ့မှာ ဒေါ်မျိုးမျိုး ချပြလိုက်သည့်အံဝှက်ထဲမှာ ဘာမှမပါ။

"မေမေ ဒါ ..."

"ဟုတ်တယ်၊ ပဝါကို မေမေ မီးရှို့ပစ်လိုက်ပြီ"

မောင့် နှုတ်ခမ်းတွေ ပွင့်သွားကာ ဒေါ်မျိုးမျိုးကို မယုံနိုင်စွာကြည့်သည်။ ထို့နောက် ခေါင်းတယမ်းယမ်းနှင့်ပဲ ပြတင်းတံခါးဆီ ပြန်လျှောက်သွားကာ ...

"ကျွန်တော် တမ်းတမ်းတတ သိမ်းဆည်းထားတာမဟုတ်ဘူး မေမေ၊ သူ့ပစ္စည်းလေးပဲဆိုတဲ့အမှတ်နဲ့ မပစ်ရက်ခဲ့တာ၊ ဒါပေမယ့် ကျွန်တော့်ကို မပြောဘဲနဲ့ မေမေ ..."

"မလုပ်သင့်တာကို မေမေ နားလည်ပါတယ်၊ ဒါပေမယ့် လုပ်မှဖြစ်မှာမို့လို့ လုပ်လိုက်တာ၊ သေတဲ့လူကို ရှင်နေတဲ့လူက ခေါ်လို့ရတယ်၊ နေရာပေးလို့လဲရတယ်၊ လာပါဆို သူတို့ လာတာပဲ၊ ဒါက တို့မြန်မာဗုဒ္ဓဘာသာတွေ ယူခဲ့ကြတဲ့ ဓလေ့လမ်းမှုတစ်ခုလို့ပဲ မင်း မှတ်ထား၊ ပုံရိပ် ကို မင်း ခေါ်လာခဲ့တာ ဟုတ်၊မဟုတ် ပြန်စဉ်းစားဦး"





မောင့်မျက်ခုံးတွေ ညွှတ်ကျသွား၏။

"မင်းပြောသလို ခု ဖြစ်နေသမျှ ပုံရိပ်ကြောင့်ဆိုတာ မှန်ရင် အဲဒါတွေ စခဲ့တာ မင်းဆိုတာလဲ သိဖို့လိုတယ်"

ဒေါ်မျိုးမျိုး မျက်နှာထက်မှာ ဒေါသတွေရှိနေတာကို သူ မြင်နေရသည်။ မင်္ဂလာကိစ္စတွေစီစဉ်တိုင်း ပျက်ရတာရော၊ သားဖြစ်တဲ့သူကိုယ်တိုင်က နာခံမှုဘာမှမရှိခဲ့သည့်အဖြစ်တွေအတွက်ပါ ခံစားချက်က ပြင်းထန်နေတာဖြစ်၏။

"အဲဒီတော့ မင်း မလိုချင်တာကို မေမေ ထပ်ပေးဖို့ မကြိုးစားတော့ဘူး။ ပုံရိပ်ကို မင်း ပြန်နှင်လိုက်ပါ"

မောင်နှင့် ပုံရိပ် တို့အဖြစ်ဟာ ထိုမျှနှင့်ပဲ ပြီးဆုံးသွားခဲ့သည်လား၊ မပြီးသေးဘူးလား ဘာမှမရေရာခဲ့ဘဲ မောင်ကတော့ ဒေါ်မျိုးမျိုးကို မရမက ခွင့်တောင်းကာ လေလွင့်ခြင်းခရီးအတွက် ရှက်လွင့်ခြင်းကို စတင်ခဲ့၏။

သူ ကတိပေးခဲ့တာတစ်ခုက 'ပြီးခဲ့တာအားလုံးကိုမေ့နိုင်တဲ့အခါ ပြန်လာခဲ့မည်' ဟု...။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ပြောင်းရှည်သေနတ်ကြီးကို သစ်ပင်ကိုင်းထိပ်များထိ ထောက်၍ချိန်ထားကာ မျက်လုံးတစ်ဖက်ကိုမှိတ်ထားသည်။ ထိုအချိန်မှာ တင်းတင်းစေ့ထားသည့်နှုတ်ခမ်းလွှာတွေက ပို၍ကြည့်ကောင်းနေ၏။

ထို့ပြင် ဖိပိတ်ထားသည့်ထဲမှ ကော့ညွတ်ပေါ် လွင်နေသော မျက်တောင်များတို့က ထင်းနေလျက် ...

ဒီလိုယောကျ်ားတစ်ယောက်ဟာ အချစ်အတွက်ကြောင့် ကိုယ့်ကိုယ်ကို လူရာမသွင်းချင်တော့ဘဲ မသက်ဆိုင်၊ မကြားမြင်နိုင်သော အရပ်တစ်ခုမှာ နစ်မြုပ်နေခဲ့သတဲ့လား။

လွှမ်း က မောင့်ကို ကွယ်ရာကနေ မှန်ပြောင်းတစ်လက်နှင့် ကျကျနန ကြည့်နေခဲ့၏။

မျက်နှာကို မွေးညင်းကလေးတွေကအစ မြင်ရအောင်ဆွဲချိန်ထားသည်။ သေနတ်မောင်းမှာတင်ထားသည့်လက်ချောင်းတို့မှာ ရှည်လျားစွာပေးတင်နေသောမွေးညင်းတွေကလည်း စိမ်းညို့နက်မှောင်တာ တစ်ပင်ချင်း။





မျက်လုံးတွေကို အစွမ်းကုန် အလုပ်ပေးရင်း မမခက် ပြောပြခဲ့သည့်သူ့အကြောင်းတွေကိုလည်း သတိရနေခဲ့သည်။

"သူက လူကြမ်းမဟုတ်ပါဘူး လွှမ်းရယ်၊ အဲဒီလိုရိုင်းတဲ့သူလဲမဟုတ်တာ တကယ်ပါ။ သူ့ကြောင့် ဒုက္ခရောက်ကုန်ကြရတာလို့ပဲမြင်ပြီး နောက်ထပ် ဘယ်မိန်းကလေးကိုမှ မထိခိုက်ရအောင် ဆင်ခြင်နေတာ၊ ဆင်ခြင်နိုင်ဖို့ဆိုတာကလဲ သူ ဒီလိုနေမှဖြစ်မှာမဟုတ်လား"

တွေးမိတော့ လွှမ်း ပြုံးလိုက်မိ၏။ ဟုတ်တာပေါ့၊ ချစ်သောမောင်ဆိုသည့်လူက ချစ်စမ်းပါမောင်ဟု တောင်းဆိုချင်လောက်အောင် ဆွဲဆောင်မှုရှိနေသည်ပဲ။

တောင့်တောင့်ဖြောင့်ဖြောင့် အရပ်အမောင်းနှင့် မျက်နှာမှာ ဘာမှအပြစ်ဆိုစရာမရှိ၊ လှမ်းပုံသွားပုံက မိသည်။ ခုလို သူ့အကြောင်းကို သိလိုက်ရတော့ သူ့ရဲ့ဆက်ဆံပုံကို ခွင့်လွှတ်ထားဖို့လည်း ရင်ထဲမှာ ဆုံးဖြတ်ပြီးသားဖြစ်ခဲ့သည်။

"ဟင်..."

မထင်မှတ်ဘဲ နေရောင်ကိုကွယ်ဖို့မေ့သွားကာ မှန်ရောင်တစ်ချက်လက်ခနဲ့ဖြစ်သွား၏။ ဒါကို လွှမ်း သိလိုက်ပေမယ့် သူ ဖျတ်ခနဲလှည့်ကြည့်လိုက်သဖြင့် ထွက်ပြေးချိန်မရလိုက်ဘဲဖြစ်သွားလေသည်။

ဘာဖြစ်လဲ၊ လွှမ်း က ခပ်တည်တည်လေးပဲဆက်ထိုင်နေကာ မှန်ဘီလူးပြန်တပ်၍ ဟိုဒီ လျှောက်ကြည့်နေလိုက်သည်။

သူက ချိန်ရွယ်ထားသည့်သေနတ်ကို တဖြည်းဖြည်းပြန်ချ၏။ သေနတ်ကိုင်လျက်နှင့် သူမရှိရာကိုလျှောက်လာပြီး တစ်ဝက်တစ်ပျက်မှာ ပဲရပ်သွားပြန်ကာ...

"မင်း ဒီမှာ ဘာလုပ်နေတာလဲ"

လွှမ်း က စက်ဘီးကိုဒေါက်ထောက်၍ နောက်ကကယ်ရိယာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်ထိုင်နေတာဖြစ်သည်။ စက်ဘီးက နီညိုရောင်လေးဖြစ်ကာ ရှေ့ခြင်းနှင့်ဘူးကာ အားလုံးမှာ အဖြူရောင်တွေနှင့်ဖြစ်သည်။

သူမကိုယ်မှာဝတ်ထားတာလည်း အဖြူနှင့် နီညိုရောနေသော စပို့ရှပ်နှင့် နီညိုရောင်ဘောင်းဘီရှည်ပွပွ။ ညနေမကျတကျ နေရောင်ဖျော့ဖျော့မှာ ပါးမို့လေးတွေရဲ့တွတ်လျက် လွှမ်း တစ်ကိုယ်လုံး နုမွတ်စိုရဲနေလေသည်။

လွှမ်းကို စေ့စေ့စပ်စပ်ကြည့်လိုက်ပြီး မောင် ရှေ့ကိုတစ်လှမ်းထပ်တိုး၏။

"မနေ့ကတော့ မင်း အသည်းအသန်နာကျင်သွားတဲ့ပုံပါ။ ဘာလာလုပ်တာလဲ"

ဒါပဲထုပ်မေးမှ လွှမ်း က မှန်ဘီလူးကို မျက်နှာရှေ့ကခွာလိုက်ကာ..

"ခင်များနောက်လိုက်လာတယ် ထင်လို့လား"

'မင်းရော မဟုတ်လို့လား"

"ဟုတ်တယ်"

လွှမ်း က ဒါပဲပြောပြီး ထိုင်နေရာမှ ထသည်။ သူ ဆက်တိုးမလာပေမယ့် လွှမ်းက သူ့ရှေ့ရောက်အောင်သွားလိုက်ပြီး ...

"ချစ်သောမောင်"

ငေါက်ဆတ်ဆတ်ခေါ်သံက ကိုတွေ၊ မောင်တွေမပါတော့ ပိုရိုင်းသည်။ ဒါပေမယ့် မောင် က မျက်စိုးနှစ်ဖက် မသိမသာ တွန့်သွားရုံပဲရှိကာ ဘာမှမပြော။

"ခင်များကို တောင်းပန်ပါတယ်"

"ဘာအတွက်လဲ"

"မနေ့က ကိုယ်ထင်တာတွေးပြီး အော်ဟစ်ပြောခဲ့မိတာတွေ"

"မလိုပါဘူး၊ မတည့်လေကောင်းလေပဲ"





"ချစ်သောမောင်"

မောင်က နောက်ပြန်လှည့်၏။ လွှမ်း က ပြောလိုက်ပြီး ရှေ့ကပိတ်သည်။

"လွှမ်း က အိမ်ရှင်မို့လို့ အလျှော့ပေးနေတာ။ ပြီးတော့ ခင်များနဲ့ ရန်ဖြစ်မနေချင်လို့"

"လျှော့ဖို့လဲမလိုဘူး၊ တည့်ဖို့လဲမလိုဘူး၊ ငါ မြန်မာလိုပြောနေတာ မင်း မရှင်းဘူးလား"

"ရှင်းတယ် ရှင်းတယ်၊ ဒီကလဲ သူများကို အောက်ကျဆက်ဆံဖို့ဆို သူငယ်ချင်းထားတာတောင် ကိုယ့်ထက်အရပ်မြင့်တဲ့သူဆို ဆောရီးပဲ၊ မော့ကြည့်နေရမှာစိုးလို့"

"ကောင်းတယ်၊ ငါနဲ့ဆိုရင် မင်း ခြေဖျားထောက်ခုန်ပြီး မော့နေရမယ်၊ လှည့်ပြန်လိုက်တော့"

"အဲဒါကို စိတ်ဝင်စားလို့လေ၊ ခြေဖျားပဲထောက်ခုန်ရခုန်ရ၊ မီးပြတိုင်ပေါ်ကပဲ တက်ပြောရပြောရ ခင်မယ်၊ ဘယ်လိုလဲ"

"ဆောရီး"

လူကို စေ့စေ့ကြည့်ပြီးမှ ဆောရီးလုပ်သွား၏။ နောက်ထပ် လိုက်ဖို့စိတ်မကူးတော့ဘဲ လွှမ်း မျက်မှောင်ကြုတ်ကြုတ်လေးနှင့် ကျန်ခဲ့၏။

ရမလား ... ဟွန်း..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ချစ်သောမောင်…၊ ဗျို့ ချစ်သောမောင် မမခက်က ထမင်းစားမယ်တဲ့"

"ကျွတ် … ကွာ…"

ဆေးတစ်စက်မှမကျရသေးသည့် ကင်းပတ်စရှေ့ကနေ ရှုံ့မဲ့သွားသည်။ ပိတ်ထားသည့်တံခါးဆီကို စိတ်ပျက်ခြင်းများနှင့် ကြည့်မိ၏။ ဒီကောင်မလေး ဘယ်လိုဟာလေးလဲ၊ မာနကြီးပုံလေးလည်း ရှိသည်၊ နေအရောင့် ညီမလေးဆိုတော့ တော်ရုံအဆင့်ထဲကလည်းမဟုတ်။

သူမပြောသလို ကိုယ့်ကျမှ လူထူးလူဆန်းဆိုပြီး စိတ်ဝင်စားနေတာလား၊ ဒါလည်းဖြစ်ဖို့မသင့်ပေ။ သူ့ဘက်က လိုက်လျောညီထွေ ဆက်ဆံခဲ့တာ ဘာမှမရှိဘဲ ခုလောက်ထိ အရောဝင်ဖို့ကြိုးစားနေတာ ဘာပုံစံလဲ။

သူ ဒီကနေထွက်သွားဖို့ မသင့်မှန်းသိသော်လည်း သွားမည်ဟု ခက်ကို ပြောခဲ့မိသေးသည်။ ခက် ကလည်း လက်မခံ။

"ကိုလေးရာလဲ မောင် ပြန်မလာသေးဘဲ ကိုလေး သွားလို့ဖြစ်မလား၊ ဒီမှာ မိန်းကလေးတွေချည်းပဲ" တဲ့။





ဘာလဲဖြစ်ဖြစ် အခြေအနေတစ်ခုဆီကို ဦးတည်နေသည့်အဖြစ်ကြောင့် သူ စိတ်ညစ်နေမိတာအမှန်ပင်။ စိတ်ပျက်လက်ပျက်နှင့် လှုပ်ရှားမှုတွေကလေးလံနှေးကွေးနေကာ ဟိုနားရပ်၊ ဒီနားရပ်နှင့် သက်ပြင်းချလိုက်၊ မျက်နှာမှတ်မိလိုက်လုပ်ရင်း တံခါးဆွဲဖွင့်လိုက်လျှင် …

"ဟင် …"

လွှမ်း က ဖြူစွတ်စွတ်ဆွယ်တာလက်ရှည်၊ ဘောင်းဘီရှည်အဖြူလေးနှင့် သိုးမွေးဦးထုပ်အဖြူလေးကိုဆောင်ထား၏။ ရှူးဖိနပ်အဖြူ သက်အိတ်တွေပါဖြူနေသောကြောင့် သူမတစ်ကိုယ်လုံးက နှင်းခဲလေးနှင့်တူနေသည်။

ပြီးတော့ ဆံပင်တွေကို ကျစ်ဆံမြီးသေးသေးလေးတွေကျစ်ချထားသဖြင့် ဆံပင်ဖားလျားဖြန့်ချထားတာနှင့်မတူ။ ဘယ်လိုကြည့်ကြည့် ကလေးဆန်နေတာလေးကပဲ သိသာနေ၏။

"ကြာလိုက်တာ၊ ထွက်လာတော့လဲ ဒီပုံပဲ"

သူ့ကိုမြင်လိုက်တော့ ခြေဆုံးခေါင်းဆုံးကြည့်ပြီး နှာခေါင်းရှုံ့သည်။ သက်ပိုက်ရပ်နေတာလေးကိုဖြုတ်ပြီး အနားတိုးလာ၏။

"ချစ်သောမောင်"

ခေါ်ပုံက စိတ်ထဲမှာ တင်းခနဲဖြစ်သွား၏။ ဒီလိုခေါ် လိုက်လို့ ရိုင်းစိုင်းဘာ၊ ယဉ်ကျေးတာက သူ့အပိုင်းပါ၊ ဒါပေမယ့် တမင်တကာ ရိုက်ပုတ်နှိုးဆွသလိုကြီး ခံစားမိလာသဖြင့် ကြားရတာ နားခါးသည်။ မောင့်မျက်နှာမှာ ပြေပြေပြစ်ပြစ်တို့ ပျောက်ဆုံးလျက် …

"နောက်ကို မင်း လာခေါ် ဖို့မလိုဘူး။ ဘယ်သူမှလဲမလာနဲ့၊ ငါဟာငါဆာရင် လာစားမယ်"

"အို… ဘယ်ဖြစ်မလဲ"

သူမလေးက ဆတ်ဆတ်ခါပြန်ပြောပြီး လူကို မတူတန်သလိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ...

"ဆာမှထ,လာလို့မရဘူး၊ အိမ်မှာ မမခက် မရှိတဲ့အချိန် ခင်ဗျား လာရင်..."

"ဟေ့ ..."

"ဒီက ခူးခပ်မကျွေးတတ်ဘူးလေ၊ ဘာဖြစ်သွားတာလဲ မျက်နှာကြီး ကာ..."

မောင် အသည်းတွေယားချက် ဟိုဘက်နဲ့ဒီဘက် သိပ်မကွာတာကို အမြန်ဆုံးရောက်ချင်သဖြင့် ခြေလှမ်းပိုကျဲလိုက်၏။ မဟုတ်လျှင် ဒီဟာလေးကို ကောင်အောက်ရောက်သွားအောင် ကန်ချမိတော့မည်။

"ချစ်သောမောင်"

"တောက်"

နောက်ကနေ အမောတကောပြေးလိုက်သံနှင့်ခေါ်တော့လည်း မော သံနှင့်ရောကာ ကျယ်ကျယ်လောင်လောင်ကြီး၊ သူ တုံ့ခနဲရပ်လိုက်ပြီး နောက်လှည့်လိုက်လျှင် ...

"ဟာ ..."

"အမေ့"

ကုန်းမြင့်လေးအဆင်းမှာမို့ ခဲလုံးနင်းမိပြီး ဟန်ချက်ပျက်သည့် လွှမ်း တစ်ကိုယ်လုံး သူ့ရင်ခွင်ထဲ အင့်ခနဲပစ်ဝင်၏။ အမှတ်တမဲ့မို့ နှစ်ယောက် စလုံး ယိုင်ထိုးသွားကာ သူမကိုယ်လေးကို မောင် ပြန်ဖက်ထားလိုက်မိသည်။

"ဆောရီး ဆောရီးနော်၊ ခဲတက်နင်းမိပြီး ချော်ထွက်သွားတာ"

တစ်ဖက်က ယူကလစ်ပင်လေးမှာ ကျောနှင့်ပစ်ကျသွားသည့် မောင့် ကို နာသွားပြီမှန်းသိကာ လွှမ်း ပျာပျာသလဲ ရန်းထွက်ရင်း တောင်းပန် လိုက်မိ၏။

"ဘာမှလာမရှုပ်နဲ့၊ မင်း... တောက်..."





"ခင်ဗျားနော်"

"ဘာ ခင်ဗျားနော်လဲ"

ဒေါသက ကျောထဲကအောင့်နေသည့်အဖြစ်ကြောင့် ပိုကဲလျက် လွှမ်း လက်မောင်းလေးတစ်ဖက်ကို ဆုပ်ဆွဲခါပစ်လိုက်၏။

"နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံ ဘာမှ ဣန္ဒြေမရှိဘူး"

"ဣန္ဒြေမရှိရအောင် ဒီက ခင်ဗျားကို ရည်းစားစကား ပြောနေလို့ လား"

ကြည့်စမ်း၊ မောင့်မျက်နှာ ရဲခနဲဖြစ်သွား၏။ စူးစူးရဲရဲကြည့်လိုက်တော့ လွှမ်း က မျက်စောင်းထိုး၍ တစ်ဖက်လှည့်ရင်း ...

"တောင်းပန်မှ ပြောင်းဆန်နေတယ်၊ ဟွန်း... ယောက်ျားကြီးဖြစ်ပြီး ဘွန်နဲ့တိုနေလိုက်တာ"

"မြရောင်လွှမ်း ..."

"ဟင် ..."

သူ ခေါ်လိုက်တာ ညင်ညင်သာသာမဟုတ်၊ ဒါပေမယ့် လွှမ်းက ဘာ ကိုအံ့ဩသွားသည်မသိ။ မျက်ခုံးလေးနှစ်ဖက်ပင့်လျက် တအံ့တဩ လှည့် ကြည့်သည်။ ပြီးတော့ လက်ညှိုးလေးထိုးကာ ...

"ဒီကနာမည်ကို စုံစမ်းထားတယ်ပေါ့"

"ကျွတ်"

"သိချင်ရင် အစက မေးပါလား၊ ရပါတယ်၊ မေမေတို့ခေါ်သလို လွှမ်း လို့ပဲခေါ်ပါ၊ ခင်ဗျားကိုလဲ ချစ်သောမောင်လို့ သုံးလုံးစလုံး တစ်တစ်ခွခွ ခေါ်ခွင့်ပြုနော်၊ အဲဒီနာမည်လေးကို ချစ်လို့၊ ပြီးတော့ ခင်ဗျားနဲ့ အရမ်း လိုက်တယ်"

"မြရောင်လွှမ်း"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကယ်ဖေါက်နေတာလား၊ တမင်တကာလား၊ ဘာလဲ"

လွှမ်းက အပြုံးမပျက်လေး ပြန်ကြည့်သည်။ ပြီးတော့ သူမကိုယ်ကို သေချာ မသေချာ ပြန်စဉ်းစားလိုက်သလို မျက်မှောင်လေးကြုတ်သွားပြီး…

"ဘာဖြစ်ဖြစ်ပေါ့ အခြေခံကတော့ ခင်ဗျားကိုခင်ချင်တာ၊ ခင်ဗျားလက်ခံချင်ချင်၊ မခံချင်ချင် ခင်ကိုခင်ဦးမှာ၊ ပြေပြေလည်လည် ပြန်မခေါ်ရင် ရန်ဖြစ်ရင်းနဲ့ စကားပြောမယ်၊ ပြေလည်မယ် ဆိုရင် ရန်မဖြစ်တော့ဘူး ခင်ဗျား ဘာကို ရွေးရွေး၊ ဒါပဲ"

မောင် စိတ်ပျက်သွားသည်။ သူမရှေ့မှ ချာခနဲထွက်လာခဲ့မိ၏။

"ချစ်သောမောင်"

"….."

"ခင်ဗျားဟာ သိပ်ထူးဆန်းတာပဲနော်၊ အင်းလေ အဲဒီလိုထူးဆန်းနေလို့လဲ လွှမ်း က ခင်ချင်နေတာ၊ မြရောင်လွှမ်း ဆိုတဲ့ ဒီကအကြောင်း ခင်ဗျား မသိသေးလို့ပါ။ လွှမ်း က ခင်ဗျားထင်သလိုမိန်းကလေးမျိုး မဟုတ်ဘူး"

သူမက တစ်ယောက်တည်းပဲ စကားတွေပြောလိုက်လာ၏။

"မမခက်က ခင်ဗျားအကြောင်း ပြောပြတယ်၊ ခင်ဗျား ဒီလို မောက်မောက်မာမာစကားတွေ တမင်တကာပြောနေတာမဟုတ်လား၊ နောက်ထပ် တစ်စုံတစ်ယောက်နဲ့ ထပ်ချစ်ရမှာစိုးလို့လေ၊ ဒီဘက်ကိုထွက်လာတာလဲ ခင်ဗျားအမေ နောက်ထပ် မိန်းမပေးစားမှာစိုးလို့မဟုတ်လား၊ အဲဒါ ယောက်ျားဖြစ်ပြီး ခင်ဗျားက အရှုံးပေးချင်နေတာ၊ မမြင်ရတဲ့တစ်ယောက်အတွက် အရှုံးပေးပြီး ခင်ဗျားရဲ့ အနာဂတ်အားလုံးကို စတေးဖို့ဆုံးဖြတ်လိုက်တာ သတ္တိကြောင်တာပေါ့"

"နေပါဦး မင်းကို ဘယ်သူက တိုင်ပင်ဆွေးနွေးနေလို့ ဒါတွေ လာ





ဝေဖန်နေတာလဲ၊ ငါ့ဘဝနဲ့ငါ ဘယ်လိုနေနေ၊ ဘယ်လိုဆုံးဖြတ်ဖြတ်"

"အဲဒီလိုဆုံးဖြတ်တော့ ပတ်ဝန်းကျင်နဲ့ ခင်ဗျား တစ်သဘောစီ ကွဲနေဘာပေါ့"

"ကွဲတော့ ဘာဖြစ်လဲ၊ ကွဲနေတုန်းက စိတ်ချမ်းသာရတယ်၊ အခု မင်းကြောင့် ငါ လူ့ရိုက်ချင်စိတ်တွေပေါက်နေပြီ"

"ဟား ဟား ဟား"

မိန်းကလေးလှလှလေးနှင့် ရယ်လိုက်ပုံက ဝါးလုံးကွဲ၊ လက်ခုပ်တီးပြီးမှ ရယ်တာကိုက မကောင်းတဲ့အကျင့်လို့ သူ မြင်သည်။ လွှမ်း ကတော့ မောင် ဘယ်လိုမျက်လုံးနှင့်ကြည့်နေနေ မျက်လုံးထဲကစာကို ဖတ်ဖို့ မကြိုးစားပေ။

"လွှမ်းကိုဆိုရင် ချစ်ချင်ကြလွန်းလို့ ခက်နေတာ သိလား၊ လွှမ်းကလဲ မေတ္တာထားလို့ကိုမရတာ၊ အချစ်ခံရတာကို လုံးဝ မကြိုက်ဘူး၊ ကိုယ်ကပဲ ချစ်နေချင်တာ"

ဒီကောင်မလေး၊ ဒေါသဖြစ်ဖို့တောင် စိတ်ကုန်မိရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ဟင်.. ကိုကို ပြန်လာတယ်"

ခါတိုင်းဆို အစ်ကို့မျက်နှာမြင်လိုက်တာနှင့် ခုန်ပေါက်ကြိုဆိုတတ်သည့်လှွမ်းက ဆတ်ခနဲထရပ်ကာ ပြောပုံက အလန့်တကြား။

"ဟုတ်ပဗျာ၊ အိမ်ကိုတောင်မရောက်သေးဘူး၊ ဒီမှာ မေမေ မှာတာတွေရော၊ ဘွားအတွက်ကော သယ်လာတာတွေ ဝင်ပေးချင်လို့"

လှွမ်း ဘာဖြစ်နေတာကို နေအရောင်က သတိမထားမိပေ။ လူကြီးတွေကလည်း အမှတ်တမဲ့ပင်။ ထုံးစံအတိုင်း ဘွားမျက်နှာတည်တည်ကြီးကို ပြုံးဖော်ရယ်ဖော်ရလာအောင် နေအရောင်က ကြိုးစားပမ်းစား ဆောင်ရွက်သည်။ ဘွားမျက်နှာ ကြည်လင်လာကာမှ ပြန်ဖို့ပြင်၏။

"သားကြီး ခရီးရောက်မဆိုက် ရေတန်းမချိုးနဲ့နော်"

"ဟုတ်ကဲ့ပါ"

"ကိုယ်ဝန်ဆောင်ကို ခရမ်းချဉ်သီးယိုတွေ သွားမကျွေးနဲ့၊ ဝမ်းပျက်ရင်မကောင်းဘူး"





"ဟုတ်ကဲ့ မေမေ"

မေမေမှာသမျှကိုခေါင်းညိတ်၍ ကားပေါ်ရောက်သွားသည့် ကိုကို့ကိုသချာကြည့်နေပြီးမှ လှွမ်း နေရာယူ၏။ တိုက်ထဲကနေလှမ်းမမြင်နိုင်သည့်နေရာမှာ စောင့်နေခဲ့ပြီး ...

"ကိုကို"

"ဟင် ညီမလေး"

ခြံထဲကနေ ကွေ့ထွက်ပြီးမှ ကားကိုရပ်ပစ်လိုက်ကာ ...

"ဒီမှာ ဘာလုပ်နေတာလဲ"

"ကိုကို့ကို ပြောစရာရှိလို့"

"ဘာလဲ"

လှွမ်း က ဘေးနှစ်ဖက်မှာခွဲထည့်ထားသည့်ဆံပင်နှစ်စကို အဖျားလေးတွေကနေကိုင်၍ မျက်လွှာချနေသည်၊ ပြီးမှ နေအရောင့်ဘေးကို တိုးလာကာ ...

"ကိုကိုက ဘာလို့ အစောကြီးပြန်လာတာလဲ"

"ပေါ့ဗျာ"

"ကိုကို ပြန်ရောက်တာနဲ့ ဟိုပုဂ္ဂိုလ်က ပြန်တော့မှာ"

"ဘယ်ပုဂ္ဂိုလ်လဲ"

"ချစ်သောမောင်"

"ချစ်သောမောင်"

နေအရောင်က မယုံနိုင်သလိုကြီး :ပဲတူလိုက်ခေါ်ပြီး ညီမမျက်နှာကိုလည်း 'ဟုတ်ရဲ့လား' ဆိုသည့် မျက်လုံးနှင့် ပြန်ကြည့်၏။

"ချစ်သောမောင်၊ ကိုမောင့်ကို ညီမလေးက ..."

"လှွမ်း သူနဲ့ခင်ချင်လို့"

"သူက အဲဒီလိုဖြစ်ချင်မယ့်လူမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သိသားပဲ၊ အဲဒီလိုလူမို့လို့ လွှမ်း စိတ်ဝင်စားတာပေါ့"

"မဟုတ်တာကွာ"

နေအရောင် မျက်စိမျက်နှာပျက်နှင့် ညည်းမိလေသည်။ ဒီကောင်မလေးဟာ ငယ်ငယ်ကတည်းက ချစ်ဖို့တအားကောင်းခဲ့တာ၊ ချစ်စရာလေးတွေ ပြောတတ်လွန်းလို့ဖြစ်သည်။

သူများတွေကြောက်တဲ့အရာမျိုးကို သူမ မကြောက်ပေ။ တခြားလူတွေ ထူးဆန်းအံ့သြပြီဆို သူမက ဂရုတစိုက် မရှိ။ ဘာလုပ်လုပ်၊ ဘာပြောပြော လွှမ်း လုပ်ပြီ ပြောပြီဆို အားလုံး 'ဟင်ခနဲ' 'ဟာခနဲ'။

သူ့အပေါ် မှာ အစ်ကိုတစ်ယောက်လိုမဟုတ်ဘဲ သူငယ်ချင်းလိုရင်းနှီးပြောဆိုခဲ့နေတာလည်း နှမှမဟုတ်ပေ။ သူကလည်း ဒီညီမလေးတစ်ယောက်ပဲရှိတော့ ပြောမှားဆိုမှား ဘာရှိရှိ ဘယ်တုန်းကမှ ဒေါသထွက်ဖူးခဲ့တာမဟုတ်။

"ကိုကို့..."

ကားလည်း ဆက်မမောင်းနိုင်။ စကားလည်း မပြန်နိုင်ဘဲ ငိုင်သွားသည့်သူ့ကို လွှမ်း က လက်မောင်းကိုင်လှုပ်၏။

"ကိုကိုနဲ့ သူ မခင်ဘူးလားဟင်၊ ယောက်ဖတော်တာပဲဟာ"

"ခင်ပါတယ်၊ ဒါပေမယ့် သူက ခက် ရဲ့အစ်ကိုဝမ်းကွဲပဲတော်တာ"

"အဲဒီလူက ကိုကို့မျက်နှာကိုတောင် မထောက်ဘူး၊ လွှမ်းကို လုံးဝမကြည့်တာ"

"အဲဒါကြောင့်ပြောတာ၊ ကိုယ့်သိက္ခာနဲ့ကိုယ် နေစမ်းပါဟာ၊ ကိုမောင့်ပြဿနာတွေကို နင် မသိပါဘူး၊ သူ့ဟာသူ ..."

"ဘာလို့မသိရမှာလဲ၊ မမခက် ပြောလို့ သိပြီးပြီ၊ ကိုကို့ကို ကြိုပြောထားတာနော်၊ လွှမ်း ကို ဟိုဟာမလုပ်နဲ့ ဒီဟာမလုပ်နဲ့ လုံးဝ မဆူရဘူး"

"ဟ ဘာလုပ်မလို့လဲ"





"လွှမ်း စိတ်ဝင်စားလို့"

"မြရောင်လွှမ်း"

"ဟား ဟား၊ အဲဒီလို အဲဒီလို သူခေါ်တာ သိလား၊ နားထဲမှာ ချိုအီသွားတာပဲ၊ ကိုကိုနဲ့ ဘာမှမဆိုင်ဘူး"

သေစမ်း၊ နေအရောင့်မျက်နှာ ရှုံ့မဲ့လျက် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

အမြဲတမ်းအေးနေသည့်ရာသီက မိုးစက်များကြောင့် ပို၍စိမ့်နေ၏။ ဘာရယ်မဟုတ်ဘဲ ဒီတိုင်း လမ်းလျှောက်ထွက်လာခဲ့ရင်း မိုးစက်တွေ ကျလာကာမှ နောက်ပြန်လှည့်ခဲ့ရသည်။

ကော်ဖီရောင်ဘောင်းဘီရှည်ပွပွနှင့်အတွင်းခံစွတ်ကျယ်ရှိုင်းပြတ်အပြာလေးပေါ်မှာ ဂျင်းအင်္ကျီကို ရင်ကွဲအတိုင်းဝတ်ထားခဲ့သည်။ မိုးက မြည်သံပေးပြီး တဖြောဖြောကျလာသဖြင့် ခြေလှမ်းတို့ကို ပို၍ကျဲပစ်လိုက်စဉ်...

"ဖြည်းဖြည်းလျှောက်ပါ"

ပြေးလွှားလိုက်လာရင်း ခလုတ်တစ်ချက်တိုက်ပြီးမှ သူ့ဘေးမှာ အရိပ်ထင်လာတာ အစအဆုံးကို သူ သိလိုက်သည်။ ပြီးတော့ နီပြာရောင် ထီး၏အရိပ်က မိုးစက်တွေခုန်ပေါက်ကပ်ငြိနေပြီဖြစ်သည့် သူ့ခေါင်းဝက်မှာ လုံခြုံစွာမိုးပြီးဖြစ်လျက် ...

"ဘယ်ကပြန်လာတာလဲ"

"ဘယ်ကပြန်ပြန် ကိုယ့်လမ်းကိုယ်သွား၊ ငါ့အတွက်မလိုဘူး"

သူ ငေါက်ဆတ်ဆတ် တမင်ပြောလိုက်ပြီး ထီးအောက်ကလွတ်





အောင် လျှောက်ထွက်လိုက်၏။ လွှမ်း က အတင်းကြီးလိုက်ဆောင်းပေးရင်း ...

"မလိုပေမယ့် အမြင်မတော်လို့ပေါ့၊ အတူတူနေတဲ့လူချင်း ခင်ဗျားက ဘာဖြစ်တာလဲ၊ အိမ်က အဝေးကြီးလိုသေးတယ်၊ မိုးကသည်းနေပြီ"

မောင်က ခြေလှမ်းကိုရပ်လိုက်၏။ ထိုအခါ အသည်းအသန်မီအောင် လိုက်လျှောက်နေရသည့် လွှမ်းက ရှေ့ကိုလွန်သွားသည်။

"ဪ... ကဲ..."

သူမဘာသာပဲ စိတ်မရှည်သံလေးနှင့်ညည်းပြီး ပြန်လှည့်လာသည်။ မဆောင်းချင်ပါဘူးဆိုမှ ထီးကိုပဲ မရမက မိုးပေး၏။

"ငါ့ဘာသာ ခေါင်းပေါ် ကို မိုးကြီးပဲပစ်ချချ ဘာဖြစ်ဖြစ် လူလိုပြောနေတာ မင်း နားမလည်ဘူးလား"

"နားလည်တယ်လေ၊ ခင်ဗျားမယဉ်ကျေးတာ၊ မိုက်ရိုင်းတာ၊ လူမှုရေးလုံးဝ မရှိတာ ..."

"တောက် ..."

"အဲ့ဒီလို ခဏခဏ တက်ခေါက်ပြီး စေတနာကို စော်ကားတာကော"

"မင်းဆီကစေတနာကို ဘယ်သူက တောင်းခံနေလို့လဲ"

"ဪ... ဖြစ်ရလေ၊ စေတနာဆိုတာ ငွေအသပြာလို အလှူခံပုံးကိုင်တိုင်း ခွဲထုတ်ပေးလို့ရတတ်သလား"

သူမကပဲ တစ်ပြန်စီပါလား။ ဒေါသဖြစ်ရတာလား၊ အသည်းယားလာတာလား ဘာမှန်းမသိပေမယ့် ဂျစ်ကန်ကန်ရုပ်ပြောင်လေးလိုမြင်လာကာ မောင်က စိုက်ကြည့်နေ၏။

"ဘာကြည့်နေတာလဲ၊ သွားမယ်လေ"

မောင့်ခေါင်းပေါ် ကိုရောက်အောင် ထီးမိုးပေးထားရတော့ သူမ လက်မောင်းလေးမြှောက်ထားရတာ ခြေဖျားလေးပင်ထောက်ထားရှာရှာ နေပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



မောင် ဘာမှမပြောတော့ဘဲ ခြေလှမ်းကျဲကျဲများနှင့် ဆက်လျှောက်၏။ လှမ်း က အမီပြေးလိုက်ကာ ထီးက မောင့်ဆံပင်တွေနှင့်ငြိသွားလိုက် နောက်ဇောက်ကို ထောက်မိလိုက်။

တစ်ခါတစ်ခါ မောင့်ဆံပင်တွေကို ဖွပစ်သလိုဖြစ်သွားကာ သူမ ခလုတ်တိုက်တာရှိသေး၏။

"ဆောရီး အား ..."

"အ... သေပြီ"

ကုန်းတက်မို့ ပြေးလိုက်ရတာလည်းမလွယ်။ လှမ်း ထံမှ သံစုံမြည်နေလေသည်။ မောင်က တစ်ချက်မှ ငဲ့မကြည့်ဘဲ ဆက်လျှောက်နေရာ ...

"ခင်ဗျားလေ တကယ်ပဲ၊ ယောကျ်ားကြီးဖြစ်ပြီး လုံးဝ ညာတာစိတ်မရှိဘူး၊ သဘောထားကသေး၊ ဒေါသကကြီး၊ ဘေးလူမြင်ရင် ကောင်မလေးသနားပါတယ်၊ ဟိုယောကျ်ားက မကြီးမငယ်နဲ့ ဘာတွေ စိတ်ကောက်သွားနေတာလဲလို့ထင်မယ်"

"ဘာကွ"

အရှိန်ကောင်းနေသည့် မောင့်ခြေလှမ်းတွေက နောက်ကနေ ကြိုးနဲ့တုံ့ဆွဲလိုက်သလို ချက်ချင်းရပ်၏။ ထိုစဉ်မှာပဲ လှမ်း ခြေခေါက်လဲလေသည်။

"ခင်ဗျားကြောင့်"

လဲတာတောင် အားလို့မအေ်ဘဲ သူများကို တရားခံရှာပြီးမှလည်း၏။ အရှိန်က နာကျင်ခြင်းကိုရောက်ကာ လေတာစ်သုတ်မှာ ထီးက လွင့်ခနဲပါသွားပြန်သည်။

"ဟိုမှာ ထီး... ထီး..."

"ထီး ဘာဖြစ်လဲ"

"လှမ်းဆွဲလိုက်လေ၊ အောက်ကိုပါသွားတော့မယ်"





"မဆွဲနိုင်ဘူး၊ ဒီမှာ ..."

မောင်က လှမ်း ပုံပုံလေးခွေကျနေသည့်ဘေးမှာ မုဆိုးဒူးထောက်ထိုင်လိုက်ကာ ...

"မင်း ဘာဖြစ်လို့ အဲဒီလိုဂေဝ လျှောက်လုပ်နေတာလဲ"

"တာလုပ်လို့လဲ"

"ငါ့နောက်ကိုလိုက်နေတာ"

"ခေါ် ချင်လို့လား"

"မင်းကို ငါ မခေါ် ချင်ဘူး"

"ခေါ်ချင်ချင် မချင်ချင်..."

လှမ်း က ဖွတ်ပြောပြီး တလိမ့်လိမ့်လွင့်ပါသွားရင်း ဝေးကွာသွားပြီဖြစ်သည့် ထီးကိုပဲ စိတ်ဝင်တစားလိုက်ကြည့်သည်။

ထိုစဉ် မိုးစက်တွေက စိပ်လာသည်။ ကျစ်ဆံမြီးသေးသေးလေးတွေ ဖွာလန်ကြဲချထားသည့် သူမခေါင်းပေါ် မှာ စိုရွှဲလာ၏။ ပြီးတော့ မျက်တောင်ကော့တို့၏အဖျားမှာ၊ ပါးမို့လေးတွေထက်မှာ...။

မိုးစက်တို့ ဖေးတင်နေပုံက မောင် ဆက်ပြောပစ်လိုက်ဖို့ ပါးစပ်ထဲရောက်လာသည့်စကားလုံးတွေကိုတားဆီးချုပ်နှောင်ထားလိုက်သလိုပင်။

"ဘာနဲ့တူနေပြီလဲ သိလား"

ဒီဘက်ကို ဆတ်ခနဲပြန်လှည့်လာပြီး လှမ်းက မေးဆတ်ပြောသည်။ မောင် မျက်မှောင်ကြုတ်လျက်နှင့် ဘာမှမဖြေ။

"ဒီက အရိုးခံနဲ့လေ၊ ခင်ဗျားက မရိုးသားလို့ ရက်ကန်ကန်နေတဲ့ မိန်းကလေးလို့ဖြစ်နေတာ"

"မြရောင်လှမ်း... မင်း စကားကိုဆင်ခြင်ပြောနော်"

"မြင်တဲ့အတိုင်း ပြောနေတာပဲ၊ မဟုတ်ရင် ဒီက ကောင်းကောင်းမွှန်မွှန်ခေါ် နေတာ ပြန်ခေါ် ပေါ့၊ မခေါ် ရဲတာ မရိုးသားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်"

သူ့မျက်နှာကို တမင် မျက်လုံးပြူးကြည့်ပြီး လွှမ်း က ပြုံးသည်။ ပြီးတော့ မျက်နှာပေါ်မှာ စို့ရွဲလာသည့် မိုးစက်တွေကို လက်နဲ့သပ်ချပစ်လိုက်ကာ ...

"တော်ကြာ မိုးချုပ်သွားလိမ့်မယ်၊ လွှမ်း ကို ထူပေး"

"မင်းက ဘာဖြစ်နေလို့လဲ"

"တစ်ခုခုဖြစ်သွားတာတော့ သေချာတယ်၊ ခြေကျင်းဝတ်နားမှာ တော်တော်နာသွားတာ"

လွှမ်း က ပြောနေရင်း ရှေ့မှာထိုင်နေသည့် မောင့် ပေါင်ဖဝါးကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ထရပ်ဖို့ကြိုးစား၏။ မောင် မနေသာတော့ဘဲ သူမလက်ကလေးကို ပြန်ဆုပ်ထားလိုက်ရသည်။

သူမ ထရပ်နိုင်ဖို့ အသာထိန်းပေးရင်း လက်မောင်းသားလေး တစ်ဖက်ကို ခပ်ဖွဖွထိန်းလိုက်ရ၏။

"အား... နာလိုက်တာ"

လွှမ်း မျက်နှာလေး ရှုံ့မဲ့နေသည်။ ခြေထောက်တစ်ဖက်က အားပြုလို့မရပေဘူး မောင့်ရင်ခွင်ထဲမှာပဲ ပစ်ကပ်မှီထားရကာ နှစ်ယောက်သည် ပွေ့ဖက်ပြီးလမ်းလျှောက်နေတာနှင့်တူ၏။

အိမ်ပြန်ရောက်ကြတော့ နှစ်ယောက်စလုံးမှာ မိုးရေတွေ စို့ရွဲလျက် မိုးကလည်း သဲမဲရွာလာ၏။ အိမ်ရှေ့မှာ ကားသုံးစီးဖြစ်နေတာကို သူတို့ ရုတ်တရက် သတိမထားမိကြပေ။

မိုးရေများကြောင့် မျက်နှာတွေငုံ့၍လျှောက်လာကြရင်း ပေါ်တီကို အောက်ကိုရောက်မှ ...

"ဟင်..."

ရှေ့မှာ တအံ့တဩ ငိုင်းငေးနေကြသည့် မျက်နှာတွေ မနည်း၊ မောင့်





မျက်နှာ ပျက်လျက်၊ လွှမ်း ကိုယ်လေးကို ယောင်ယမ်း၍တွန်းဖယ်လိုက်၏။ သို့သော် လွှမ်း ယိုင်ခနဲဖြစ်သွားသဖြင့် ပြန်ဆွဲထားလိုက်တော့ မြင်ကွင်းက ပိုဆိုးသွားသည်။

"သမီးငယ်"

"ညီမလေး"

ဒေါ်သက်မြစံမျက်နှာ အံ့သြဟန်ဖြစ်သွားပြီးနောက်မှာ တင်းတင်းမာမာ ပြောင်းလဲသွား၏။ နအဲရောင်က နှစ်ယောက်စလုံးကို အံ့သြနေလျက် ...

"လွှမ်း"

ခက် က အခြေအနေကို အပြေပြစ်ဆုံးဖြစ်စေဖို့ လွှမ်းတို့ဆီကို ပျာပျာသလဲဆင်းလာ၏။

"ဘာဖြစ်လာကြတာလဲဟင်၊ လမ်းမှာ ဆုံလာတာလား"

"ဟင်... အင်း ဟုတ်"

လွှမ်း က ခက် လက်ကို လှမ်းဆွဲပြီး ဘေးခွဲရပ်၏။ မောင် ဘယ်သူ့ကိုမှ မကြည့်တော့ဘဲ အားလုံးရှေ့ကနေ လှည့်ထွက်သွားလေသည်။ ဒေါ်သက်မြစံ၏ စူးရဲနေသည့်မျက်လုံးတွေက နေအရောင့်ထံ ပြန်ရောက်သွားကာ ...

"ဒါနဲ့ ခုနကပြောတော့ ညီမလေး အိပ်နေတယ်ဆို"

သူလည်းမသိပါ၊ ခက် က အိပ်နေတယ်လို့ပြောသဖြင့် မေမေ မေးတော့ ဒီတိုင်းပဲပြောလိုက်တာဖြစ်သည်။ ထို့ကြောင့် မျက်လုံးက ခက်ဆီသို့ရောက်သွား၏။ ခက် မျက်လုံးလေး ဝိုင်းသွား၏။

"မိုးလေးအုံ့ပြက်ပြက်နဲ့ ခဏအိပ်ဦးမယ်၊ မမခက် လိုအပ်တာရှိရင်ခေါ် လိုက်နော်"

ဟု သေချာပြောပြီး အခန်းတံခါးပိတ်သွားတဲ့အထိ သူမ ကြည့်နေခဲ့မိ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဘယ်တုန်းက ထွက်သွားပြီး ကိုလေးနဲ့ ဘယ်လိုဆုံစည်းလာခဲ့သည့်အဖြစ်ကိုတော့ မသိတာ အမှန်၊ ခက် ကလည်း လွှမ်း မျက်နှာလေးဆီသို့ ကြည့်သည်။

"အို... ဘယ့်နှယ် တစ်ယောက်ကြည့်၊ တစ်ယောက်ကြည့်နဲ့ မေမေ မေးတာကို ဘယ်သူက ဖြေမှာလဲ"

"လွှမ်း... လွှမ်းဘာသာ အပြင်ထွက်သွားတာ မေမေ"

ပြော၍ လွှမ်း က မေမေ့နားကိုသွားဖို့ ခြေလှမ်းလိုက်သည်။ သို့သော် မခံမရပ်နိုင်အောင်နာကျင်ကာ ညွတ်ခနဲခွေကျသွား၏။

"ညီမလေး"

နေအရောင် မျက်လုံးမျက်ဆန်ပြူးလျက် ညီမဖြစ်သူကို ပြေးပွေ့သည်။ လွှမ်း မျက်နှာလေး ရှုံ့မဲ့ညည်းညူနေရင်း မော့လာကာ ...

"အဲဒါ အဲဒီခြေထောက်ကြောင့် မေမေ၊ အား... လမ်းမှာ ခြေခေါက်လဲလို့ သူ... သူက ..."

မောင် ထွက်သွားရာသို့ လက်ညှိုးလေးလိုက်ထိုးပေမယ့် မောင် က မရှိတော့ပေ။

"သူက ကူညီပြီး ..."

"ရပြီ တော်ပြီ၊ သားကြီး မင်းညီမလေးကို တွဲခေါ်ပြီး ကားပေါ်တင်"

"ဟင် ... မေမေ"

ခြေထောက်နာတာပင် ဘယ်ရောက်သွားမှန်းမသိဘဲဖြစ်သွား၏။

"ကိုကို လွှမ်း အကျီတွေ၊ ပစ္စည်းတွေ မသိမ်းရသေးဘူး"

လွှမ်း က ခြေထောက်နာလို့မှီထားရာကနေ ရန်းဖယ်သလိုဖြစ်သွားကာ နေအရောင့်လက်တွေကို ဖယ်ထုတ်၏။ ခက် လည်း မျက်နှာမကောင်းပါ။

မောင် ခရီးသွားမည်၊ ကိုလေးကို ဒီမှာထားပြီး အပ်ခဲ့မည်ဟု စီစဉ်





တည်းက ဒေါ်သက်မြစံ ဒီကိုရောက်လာခဲ့တာဖြစ်၏။

"ဒီလူငယ်က သမီးရဲ့အစ်ကိုဝမ်းကွဲဆိုတာလား"ဟု မေးဖူးသည်။ အဲဒီ တုန်းကတည်းက ကိုလေးနဲ့ပတ်သက်ပြီး အနည်းအကျဉ်းတော့ ပြောပြ ထားခဲ့သည်။

နေ့လယ်ကရောက်လာတော့လည်း ကိုလေးဆီက ခက် တောင်းယူ ထားခဲ့သည့် ပန်းချီကားကိုမြင်ပြီး စပ်မိစပ်ရာကနေ ပြောနေမိကြသေး၏။ ဒီလို ဖက်လျှက်သားကြီး ပြန်းခနဲမြင်လိုက်ရတော့ ဒေါ်သက်မြစံ ဘယ်လို ဖြစ်သွားပြီကို ခက် နားလည်လိုက်သည်။

မောင့်အကြောင်းကို မသက်ဆိုင်သော သတင်းစကားတစ်ခုအဖြစ် သာ လက်ခံနားထောင်နိုင်လိမ့်မည်၊ ကိုယ့်သမီးနဲ့ပတ်သက်၍ မကြည်ဖြူ နိုင်ခဲ့တာကျတော့ ခက် နားလည်ပါသည်။ ကြားထဲက သနားစဖွယ်လေး ဖြစ်သွားရှာသည့် လွှမ်း ကိုတော့ ငဲ့မကြည့်မိအောင်နေခဲ့ရ၏။

နောက်တစ်နေ့မနက်ကျမှ ဒေါ်သက်မြစံ ပြန်ရောက်လာကာ ...

"သမီးအတွက် အကူအညီရဖို့က လွှမ်းနဲ့ဆို ဘာမှထူးမှာဟုတ်ဘူး ပေ၊ အလုပ်တောင် သူ့ကြောင့် ပိုရှုပ်ဦးမယ်၊ အဲဒါကြောင့် မေမေ ပြန်ခေါ် သွားတာ၊ ညနေကျရင် သားအမိနှစ်ယောက် လာလိမ့်မယ်၊ ကောင်မလေး က ဆယ့်သုံးနှစ်လောက်ပဲ ရှိဦးမှာ၊ လက်တို့လက်တောင်း ခိုင်းရတာပေါ့ အမေ လုပ်သူကလဲ မေဒမ့်လောက်တောင် အသက်မရှိသေးဘူး၊ ဒါပေ မယ့် ကိုယ်ဝန်ဆောင်ကိုကော မီးနေသည်ကလေးအမေကိုရော ကောင်း ကောင်းစောင့်ရှောက်နိုင်တယ်"

"ဩ... ခက် လဲ ကျွန်းမာရေးကောင်းတာပဲ မေမေရယ်၊ လူပိုတွေ လဲ အဲဒီလောက်မလိုပါဘူး၊ လွှမ်း ကို ဒီမှာထားတာလဲ ခိုင်းချင်လို့မှမဟုတ် ဘာ၊ လွှမ်း က သွက်လက်တယ်၊ အလိုက်သိတယ်၊ အရမ်းကိုချစ်ဖို့ကောင်း တာ၊ ခက် က လွှမ်းကို ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



လွှမ်း ပြန်သွားတာကို ခက် မျက်နှာမကောင်းမှန်း ဒေါ်သက်မြ ကလည်း ရိပ်မိသည်။ ခင်မင်ရင်းနှီးနေကြတာကို သိနေတာမို့လည်း တ ထင်ရအောင် ရှင်းပြနေခြင်းဖြစ်သည်။

ထို့အတူ နေအရောင်ကလည်း အားလုံးကို ရိပ်မိနားလည်လျက် –

"ကိုမောင်က အဆင့်အတန်းရှိတဲ့ လူကုံထံတစ်ယောက်ပါ မေ မိဘမျိုးရိုး ဂုဏ်သိက္ခာလဲ ဘာမှမလျော့ပါဘူး၊ ညီမလေး ပြောသလို အဲဒီနေ့က သူတို့ လမ်းမှာ မတော်တဆ ဆုံဖြစ်ကြတာပါ"

သားဖြစ်တဲ့သူက စပြောလာတော့ ဒေါ်သက်မြစံ မျက်နှာ တင်း ဖြစ်သွားသည်။ သို့သော် ခက် ကိုပြန်ငဲ့ကြည့်ပြီး တတ်နိုင်သမျှပြင်ဆင်၍ –

"မေမေက ဒီကိစ္စကို ခေါင်းထဲမထားခဲ့ပါဘူးကွယ်၊ ဒီလိုမျက်လုံး ကြည့်ရလောက်တဲ့အထိလဲ မလိုသေးပါဘူး၊ ဒါပေမယ့် လူကြီးမိဘ မျက်စိရှေ့မှာ မဖွယ်ရာတဲ့ နေထိုင်မှုမျိုးရှိလာတော့ ပြုပြင်သင့်တာကို ပြုပြင်နိုင်အောင်ပါ၊ ဒါပါပဲ"

"ဒါပေမယ့် ညီမလေးကို မေမေ ချက်ချင်းကြီးပြန်ခေါ်သွားလိုက်တာ ကိုမောင့်ကို အားနာစရာတွေဖြစ်ကုန်တာပေါ့၊ ဒီလူက ရိုးသားတဲ့လူပါ ခက် ရဲ့အစ်ကိုမို့လို့ ပြောတာမဟုတ်ဘူး၊ သူနဲ့ စကားပြောကြည့်ဖူးလို့ သိတာ"

"မေမေကတော့ ရင်မဆိုင်ဖူးဘူး၊ ဒါပေမယ့် သမီး ပြောပြဖူးလို့ သူ့ရဲ့ အိမ်ထောင်ရေး ကံမကောင်းခဲ့တာတွေကိုတော့ သိထားခဲ့တယ်၊ လူကို မြင်လိုက်ရတော့လဲ မေမေ စိုးရိမ်သွားလောက်အောင် ရုပ်ရည်လေးက သနားကမား၊ သမီးကို အားနာပေမယ့် ပွင့်ပွင့်လင်းလင်းပြောရရင် အိုးချင် ထားမိတဲ့နှောင်တမျိုး၊ ကြိုးချင်းထားမိတဲ့သောကမျိုး မေမေ မရချင်ဘူး"

ပြောမိပြီဆိုမှတော့ မျိုသိပ်ထိန်းချုပ်ဖို့ ဒေါ်သက်မြစံက စိတ်မကူ





တော့ပါ။ ရောက်လာကတည်းက ကိုင်ထားဆဲရှိသည့် လက်ကိုင်အိတ်ကို ကိုင်လျက်နှင့် နေရာမှထ၍ရပ်ကာ ...

"အဲဒီလို မေမေ ဆန္ဒစောသွားတာမျိုး ခပ်ရိုင်းရိုင်းလုပ်ခဲ့တာတောင် မင်းညီမ ဘယ်လိုပြောလဲ သိလား သား"

ဒေါ်သက်မြစံ ခပ်ရဲရဲလှည့်မေးတော့ နေအရောင် မျက်နှာငံ့သွား၏။ သူ ရိပ်မိပါသည်။ ဒါပေမယ့် မေမေ ပြောလိုက်မှာစိုး၏။ ဒေါ်သက်မြစံ က ဆက်မပြောပါ။

"မေမေကတော့ ကိုယ့်သားသမီးမျက်နှာကို မှန်လိုကြည့်နေလို့ထင် တယ်၊ သမီးငယ်ရဲ့ မျက်လုံးထဲကစာကို ဖတ်နိုင်တယ်၊ အိုကွယ် ရှင်းရှင်း ပဲ ပြောတော့မယ်၊ သမီးခက်က မေမေ့ကိုနားလည်ပေးပါနော်၊ နောက်ဆို ပိုနားလည်လာမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးလဲ မိခင်ဘဝကို ပိုင်ဆိုင် ရတော့မှာပဲ"

သူမ ပါလာပြီဆိုမှ ခက် လည်ချောင်းလေးတစ်ချက်ရှင်းပြီး မျက်နှာ မော့သည်။

"ပြောပါ မေမေ၊ ခက် နားလည်နိုင်ပါတယ်"

"အေး ဒီလို သမီးရယ်၊ သမီးလေး စိတ်ချမ်းသာမယ်ဆိုရင် မေမေက တတ်နိုင်သမျှ လိုက်လျောဖို့ပြင်ဆင်ထားပြီးသား၊ ဘာကြောင့်လဲဆိုတော့ သမီးက ဘာဖြစ်ဖြစ် တဇွတ်ထိုးလုပ်တတ်လို့လေ၊ ဒါပေမယ့် အသက် ပေးပြီး တစ်ဖွတ်ထိုးလုပ်ဖို့တော့ ခွင့်မပြုနိုင်ဘူး၊ ဒီသူငယ်ဟာ သူ့ရဲ့ အိမ် ထောင်ဖက်ကို သေစေတဲ့သူဆိုတဲ့ လက္ခဏာပါနေတဲ့အတွက် သမီးငယ် ကို လေဟာပ်တောင်မခံနိုင်တာ၊ အဲဒါ အဆင့်အတန်း ပကာသန ဘာမှမပါ ဘူး၊ တကယ်ပါ။ သူက နတ်သားတစ်ပါးပဲဖြစ်ဖြစ် မေမေ တားဆီးမှာပဲ အခု ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နောက်နောင် ဘာတွေဖြစ် ဖြစ် တစ်လောကလုံးက မေမေ့ကို အရူးလို့ပြောပြောကွယ်



www.burmeseclassic.com

www.burmeseclassic.com



"မေမေရာ ဒီလိုအဖြစ်တွေဆိုတာက ..."

"ဘာလဲ မဖြစ်နိုင်ဘူးလို့ မင်း ပြောချင်တာလား"

မေးလိုက်တော့ နေအရောင် ဘာမှမပြောဘဲ ခေါင်းကုတ်၏။ ဒေါ်သက်မြစံက ဆက်ပြောသည်။

"မေမေ့တွက်ကိန်းထဲမှာတော့ တားဆီးသင့်တယ်လို့ထင်တယ်လေ အဲဒါကြောင့်ပါ"

အားလုံး ငြိမ်သွားကြသည်။ ခက် က နားလည်သည်ဖြစ်စေ၊ မျိုသိပ် ဟန်ဆောင်နေခဲ့သည်ဖြစ်စေ ခက် ရှေ့မှာ ဒီလိုကြီး မေမေ ဖွင့်ပြောချ လိုက်ဖို့တော့ မကောင်းဘူးထင်သည်။

အိမ်အပြန် မေမေ့ကို ကားနားထိ လိုက်ပို့ရင်းကျမှ နေအရောင် က ကပ်မေးသည်။

"ညီမလေးကို မန္တလေးလွှတ်တော့မယ်ဆိုတာ ဒီကိစ္စကြောင့်လား မေမေ"

"သိပ်ဟုတ်တာပေါ့ သားရယ်၊ မင်း ယုံကြည်နေသလို ဒီက ကောင် လေး ဘယ်ပုံစံလဲတော့ မေမေ မသိဘူး။ မင်းညီမက သူ့အဖေနဲ့သူ့အဘွား ရှေ့မှာတောင် ဘာပြောလဲ သိလား။ သူက ချစ်ပါ၊ ကြိုက်ပါ ပြောတာ တောင် ဟိုက ဆောကြီးလုပ်နေတဲ့ယောကျ်ားတဲ့၊ ချစ်တာခင်တာကို တား လို့ရမယ်ထင်လို့လား၊ ကြည့်နေ၊ လွှမ်း လုပ်ပြမယ်တဲ့၊ ကဲ.."

ဖြစ်ရလေဟု ရင်ထဲမှာ ကျယ်လောင်စွာ မြည်ဟီးသွားခဲ့သည်။ ကိုမြ လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားအောင် ဒီလိုပြောချလိုက်ရသလားဟုလည်း တွေးမိလျက် ထိပ်ကို နာနာထုချလိုက်ချင်မိသည်။

လည်မလိုနဲ့ အ,ပါလား ငတုံးမလေး...။





## အခန်း (၂၇)

ရန်ကုန်ကိုပြန်တော့မည်ဆိုတော့ ခက် တအုံ့တသြဖြစ်သွား၏။ ပြီး တော့ ပြန်မည့်အကြောင်းကို ကြို ပြောတာမဟုတ်ဘဲ လာနှုတ်ဆက်တာ ဖြစ်နေသည်။

"ကိုလေးက ချက်ချင်းကြီးပါလား"

ကိုယ်ဝန်တကားကားနှင့် သူ့ကားနားထိပါလာသည့် ခက်ကို မောင် က ကြည်လင်စွာ ပြုံးပြလိုက်သည်။

"နင့်ယောကျ်ားလဲ ပြန်ရောက်နေပြီလေ၊ အစကတည်းက ငါ အဲဒီလို နေချင်ခဲ့တာ နင် သိသားနဲ့"

"သိပါတယ် ကိုလေးရယ်၊ ဒါပေမယ့် ခက်တို့ကြောင့် ..."

"ဘာမှမဆိုင်ဘူး၊ ငါ သွားချင်တာ၊ ငါ လုပ်ချင်တာဆို မေမေ တားသ ပါက နောက်ဆုတ်မှာမဟုတ်ဘူး၊ လောလောဆယ်ဖြစ်နေတဲ့ဆန္ဒက ငါ တစ်နေရာတည်းမှာ ကြာကြာမနေချင်ဘူး၊ အဲဒါပဲ၊ သွားမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မောင် ကားစက်နှိုးတဲ့အထိ ခက် က ကားကိုကိုင်ထားဆဲဖြစ်ကာ...

"အခု ရန်ကုန်ကို တန်းပြန်မှာ ဟုတ်ရဲ့လား၊ အန်တီမျိုးကတော့ ခက် တာဝန်မကျေဘူးဆိုပြီး စိတ်ခုတော့မှာပဲ"

မောင်က နဖူးပေါ် ပြိုကျလာသည့်ဆံပင်တွေကို လက်တစ်ဖက်နဲ့ ထိုးသိပ်တင်လိုက်ပြီး ပေ့ါပါးသည့်အပြုံးနှင့် ခေါင်းခါ၏။

"စိတ်အေးလက်အေးနေစမ်းပါ၊ မေမေက သူ့သား မလိမ္မာတာကို သိတယ်"

"ကိုလေး"

"ဟင်"

"လွမ်းနဲ့မျှား ပတ်သက်နေလားဟင်"

မောင့်မျက်နှာ ကွက်ခနဲပျက်သွားသည်။ ခဏလေးပဲဖြစ်ပြီး ခေါင်းခါ၏။

"သွားမယ်"

ကားက သိမ့်ခနဲခါသွားပြီဖြစ်သည်။

ခက် ပျာပျာသလဲဖြစ်သွားပြီး...

"ကားကိုရော သေချာစစ်ဆေးထားရဲ့လား ကိုလေးရယ်၊ ကိုလေး ချက်ချင်းကြီးပြန်ဖို့ထဖြစ်တာ လူက စိတ်နောက်ကိုယ်ပါပေမယ့် ကားက အဝေးကြီးသွားရမှာ"

※ "ရပါတယ်၊ သွားပြီဟာ"

မောင့်ကားလေး ထွက်သွားသည်အထိ ခက် နေရာမှာပဲ ငေးမောရပ်ကျန်ခဲ့လေသည်။

ထိုစဉ် သူမဘေးကို နေအရောင် ရောက်လာပြီး လက်ဖဝါးလေးကို ဖွဖွလေးထွေးဆုပ်လိုက်သည်။

"စိတ်မကောင်းဖြစ်နေလား ခက်"





ခက် က လှည့်မကြည့်ဘဲ ငေးမြင်ငေးနေ၏။ ပြီးမှ ပင့်သက်လေးရှိုက်လိုက်ကာ ...

"စိတ်မကောင်းဖြစ်တာက ကိုလေး ကံမကောင်းခဲ့တဲ့အကြောင်းကို ါ။ မောင်ပဲ စဉ်းစားကြည့်လေ၊ ချမ်းသာတယ်၊ ရုပ်ချောတယ်၊ ပညာလဲ တတ်တာပဲ၊ ချစ်သူခင်သူတွေလဲ ဝိုင်းဝိုင်းလည်နေပြီးတော့ အထီးကျန် ဘဝနဲ့ ရပ်တည်နေရတယ်၊ ဒါတွေဟာ သူ့ချစ်သူရဲ့ ကျိန်စာကြောင့်မဟုတ် ဘဲ မောင့်မေမေပြောသလို သူ့လက္ခဏာကိုက ပါလာတာမျိုးလားဟင်"

"ကျိန်စာရော၊ လက္ခဏာရော မောင်တို့နဲ့ မနီးစပ်တဲ့နယ်ပယ်တွေပဲ တော်ရယ်၊ မိဘဆိုတာ မောင်တို့ထက် အသက်အများကြီးပိုကြီးတယ်၊ အဲဒီ တော့ ကြားဖူးနားဝတွေပိုမယ်၊ မောင်တို့ မသိသေးတာတွေကို သိထား ကြားထားတာတွေလဲရှိမယ်၊ ဒါပဲကွာမှာပါ၊ တကယ်တမ်းကျတော့ လက် တွေ့ဘဝနဲ့ အတိတ်ကို ပြန်ရောမွှေလို့ မရနိုင်ပါဘူး၊ ဒီလိုပဲပေ့ါ လူတိုင်း ကိုယ့်ရဲ့ မျက်စိတစ်ဆုံးကိုပဲ မြင်နိုင်မယ်၊ ဘာမှန်းမသိတဲ့ အနာဂတ်ထဲကို ဘာမှပစ်ထည့်မွှေနှောက်လို့မရဘူး၊ ရှိခဲ့ဖူးတာတွေလဲ ကြားဖူးနားဝပဲ၊ လူသာမှာတွေကို ပြောတာလဲ ရမ်းမှန်းနေကြတာပဲ၊ အနာဂတ်ကို တပ်အပ် သေချာကြိုသိနိုင်တဲ့ ပုထုဇဉ်ဆိုတာ မရှိသေးဘူး"

"ဒါဆိုရင် ကိုလေးလဲ သူ့ဘဝခရီးမှာ အဖော်မွန်ဆိုတာ ရှိလာနိုင် သေးတာပေ့ါ"

"ရှိနိုင်တာပေ့ါ ခက်ရယ်၊ သူ့နဲ့ မောင်နဲ့ ရွယ်တူပဲ၊ ဘဝခရီးရှေ့ဆက်ဖို့ တွေ အများကြီးရှိသေးတယ်၊ အစွဲအလမ်းတွေကိုဖယ်ထားပြီး ဘာဖြစ်ဖြစ် ပေ့ါပေ့ါပါးပါးပဲကြည့်လိုက်ပါ"

"မဟုတ်ဘူး မောင်၊ အဲဒါကျတော့ ခက် တို့က မဟုတ်ဘူး၊ ကိုလေး ကိုယ်တိုင်က အဲဒီလိုပဲ စိတ်စွဲပြီး ဘယ်မိန်းကလေးကိုမှ မထိနိုက်စေရ ဘူးဘူး ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဒီတိုင်းနေတာ၊ အစွဲအလမ်းဖြစ်နေတာက



www.burmeseclassic.com

www.burmeseclassic.com



သူ"

နေအရောင်က ခက် ပန်းလေးကိုလှမ်းဖက်ပြီး မျက်နှာချင်းဆိုင်လှည့်ယူလိုက်၏။

"သူ့နှလုံးသားက လက်ညှိုးထိုးမပြသေးလို့ပါကွာ၊ ဘာအစွဲတွေပဲရှိ... သူချစ်တဲ့သူ တွေ့လာပြီဆိုရင် ဘယ်လိုမှ ဥပေက္ခာနဲ့ နေနိုင်မှာမဟုတ်ဘူး... မှတ်ထား၊ အချစ်နဲ့ဥပေက္ခာကို ထပ်တူပြုနိုင်တဲ့ သက်သေပြချက် မရှိသေးဘူး"





## အခန်း (၂၈)

"ဘယ်လောက်ဖြည့်လိုက်ရလဲ"

"ရှိမှမရှိတာ ဆရာ၊ ဆယ်ဂါလန်ထည့်ရအောင်"

မောင် မျက်ခုံးတွန့်သွားကာ လူပုလေးက လက်ဝါးနှစ်ဖက်ဖြန့် ပခုံးတွန့်ကာ ...

"ဆရာလေးက ခရီးဝေးသွားမယ်ဆိုပြီး ဆီမှပါမလာတာ၊ ဆရာ မယုံရင် ..."

"ခင်ဗျား စကားမများနဲ့၊ မေးတာကိုပဲဖြေရင် ရပြီ"

"မဟုတ်ဘူးလေ၊ ဒါက ..."

"နောက်ထပ် နှစ်ပုံးထပ်တင်ပေး၊ မြန်မြန်လုပ်ပါ"

"အိုခေ"

လူပုလေးကို ခပ်စူးစူးကြည့်ရင်း သူ ဆီဖိုးငွေထုတ်ပေးလိုက်သည်။ နာရီကြည့်လိုက်တော့ ညနေ သုံးနာရီ။ အချိန်က ပြဿနာမရှိပါ။ ဘယ်အချိန် ဘယ်နေရာပဲရောက်သွားသွား နားချင်မှနားမည်၊ ဆက်ချင်လည်း ဆက်သွားမည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ခဏလေးသည်းခံနော်၊ ဆရာ့အတွက် ဆီသန့် ရသွားအောင်လို့ ..."

"ဘာ ..."

လူပုလေးနှင့် သူ့တပည့်ဆိုသူ အနားရောက်လာကာ ...

"ဆီမှာ အနည်ပါမှာစိုးလို့ အိုးသစ်ဖွင့်နေတယ်၊ ခဏလေးပါ"

ဒါကို အစကမပြောဘဲနဲ့ ငွေချေလိုက်တော့မှ စိတ်ထဲမှာ နည်းနည်းတော့တင်းသွားသည်။ မြို့ထဲကဆင်းလာပြီးမှ ဝင်မိလို့ပါ၊ မဟုတ်ရင် တခြားတစ်ဆိုင်ကိုသွားရုံပဲဖြစ်သည်။ အဆောက်အအုံက ပုံပုံရွှဲရွှဲ၊ နေရာကလည်း မသန့်ပေ။

ပြီးတော့ ဆီနံ့တွေချည်းပဲ ထောင်းထောင်းထနေသဖြင့် တစ်ကားပြီးတစ်ကား လာရပ်နေကြသည့်နေရာကနေ လှျောက်ထွက်လာခဲ့မိ၏။

ဘယ်လိုဆက်သွယ်ချက်တွေ ကောင်းနေလို့လဲတော့မသိပါ။ ဒီနေရာကျမှ ဆီဖြည့်ကြတာများသည်။ တစ်ခုရှိတာက တီးရှော့ဟု စာတင်ထားပြီး စားမွဲတိုင်းမှာ ဘီယာပုလင်းတွေချည်းရှိနေသည့် ဆိုင်တစ်ဆိုင် ထိုအနီးအနားမှာပဲရှိနေသည်။

ကားတွေထိုးပြီး ဒီထဲဝင်သွားကြသည့် ယောက်ျားတွေလည်း များ၏။ သူကတော့ ဆီနံ့တွေ လူတွေနှင့်ဝေးသည့်ဘက်ကို လှျောက်ထွက်ခဲ့သည်။

ထိုနေရာမှလွဲလျှင် ပတ်ဝန်းကျင်က ဘယ်ကိုကြည့်ကြည့် လှနေသည်သာ။ သူတို့ ဆီပုံးဝင်ပြီးသည်အထိ အချိန်တော်တော်ကြာသွားသည်။

"ဆရာ ရပြီ"

လူပုလေး၏မျက်နှာက လက်ကို မထိလေးစားလိုလို၊ သရော်လှောင်ပြောင်နေသလိုလို၊ ဒါပေမယ့် ထိုသူ ဤသို့ပြုံးတဟဲသည့်အကျင့်ရှိမှန်းတော့ သိလာရတော့ ဆီခိုးတတ်သည့်အကျင့်ကလေးကို ဖယ်လိုက်လျှင်





ခင်ဖို့တော့ကောင်းပါသည်။

မောင် ကားပေါ် ထိုင်လိုက်ပြီး ထောင်တန်နှစ်ရွက်ထုတ်ပြီး လက်ထဲထည့်ပေးလိုက်သည်။

"ရော့... ဒါက ကြည်ဖြူစွာပေးတာ"

"ဗျာ ..."

"အဟွန်း ..."

သူ လက်ပြပြီးမောင်းထွက်လာခဲ့သည်။ ညနေခင်းမှာ နေခြည်ဖျော့ဖျော့တော့ရှိနေသင့်ပါလျက်နှင့် မိုးသားများကြောင့် နေရောင်ပျောက်နေသည်။ မိုးချုပ်မဟုတ်သေးဘဲ ကားမီးဖွင့်ထားလိုက်ရ၏။

မိတ္ထီလာထိ ကားကို တစ်ချက်မှမရပ်ခဲ့ဘဲ စိတ်လွတ်ကိုယ်လွတ် လိမ့်ပေးနေခဲ့မိသည်။ ရာသီဥတုက မည်းမှောင်နက်ချိတ်နေပေမယ့် အေးမြမြသာယာနေသဖြင့် ဖြူးဖြောင့်နေသည့်လမ်းပေါ် မှာ မောင် အကြိုက်တွေ့နေ၏။

ထိုစဉ်မှာ မိုးစက်တို့က ကားရှေ့မီးတန်းမှာ ခပ်ကြဲကြဲဆင်းကျလာရင်း ကိုယ်ယောင်ပြလာကြသည်။ ညဦးပိုင်းကလို ကားမီးရောင်တွေ မကြာခဏ ပြိုးပြက်လက်လာတာမျိုးလည်း မတွေ့ရတော့ဘဲ လမ်းပေါ်မှာ တိတ်ဆိတ်ခြောက်သွေ့ခြင်းက အထီးကျန်မှုကို သိသာအောင် ဖော်ကျူးလာ၏။

ဗိုက်ထဲမှာလည်း ဆာလာသဖြင့် ကားကို အရှိန်နည်းနည်းချပြီး ခက်ထည့်ပေးလိုက်သည့် ပန်းသီးနှစ်လုံးနှင့် ကွတ်ကီးမုန့်ထုပ်တွေရှိသည့် အိတ်ကို လှမ်းယူလိုက်၏။

"ချက်ချင်းကြီး ကိုလေးရယ်၊ ရော့ပါ လိုလိုမယ်မယ် စားစရာတွေယူသွားပါ၊ တော်ကြာ စားစရာရှိတဲ့နေရာမှာ မဆာလို့မစားဖြစ်ဘဲ မရှိတဲ့နေရာမှ ဆာလာရင်း ဒုက္ခတွေ့လိမ့်မယ်၊ ရေဘူးတွေလဲ ထည့်ပေးလိုက်-



www.burmeseclassic.com

www.burmeseclassic.com



မယ်"

ခက်ခများ ကိုယ်ဝန်တကားကားနှင့် တတ်နိုင်သမျှတော့ စီစဉ်ပေးနေရှာသည်။ သူ ဖြစ်သလိုထိုးသိပ်ထည့်ပြီး ပိတ်ထားသည့် အဝတ်အစားအိတ်ကိုလည်း ပြန်ဖွင့်သည်။ သေချာထပ်ရှာပြီး ကျန်နေသည့်အကျီတွေကိုကော လိုအပ်မည့် အသုံးအဆောင်တွေက အစ ပြန်၍ အစီအစဉ်တကျထည့်ပေး၏။

ပြီးတော့လည်း တောင်းပန်ခဲ့သေးသည်။

"မောင့်မိဘတွေကို ကိုလေး ရင်မဆိုင်ချင်လို့ မဟုတ်လားဟင်၊ လွှမ်းကတော့ ပွင့်လင်းတာပါ ကိုလေးရယ်၊ သူက တကယ်ချစ်စရာကောင်းတဲ့ ကောင်မလေးပါ၊ ကိုလေးကို သူ တကယ်ချစ်တာ၊ ခက် သိသလောက်ဆိုရင် သူ့ရာဇဝင်မှာ တော်တော်သည်းခံပြီးမိတ်ဆွေစ ဖွဲ့ခဲ့တာ ကိုလေး ပထမဆုံးပဲ၊ ဆိုးလဲဆိုးတယ်၊ မာနလဲကြီးတယ်၊ သူ့အကြောင်းကိုမသိရင် သူ့ကို ဆိုးတယ်ပဲထင်မှာ" တဲ့။

တွေးမိလိုက်တာနှင့် မောင့်နှုတ်ခမ်းမှာ လွန်ခနဲပြုံးရိပ်ထင်၏။ ဆိုးတယ်ပဲထင်မှာဆိုတော့ မဆိုးလို့လား။

မုန့်ထုပ်ကို လက်တစ်ဖက်နှင့် ပါးစပ် ရောကူတာတောင် ဖွင့်ဖို့အဆင်မပြေသဖြင့် ကားရပ်မလို့ စိတ်ကူးလိုက်တုန်း ကားက တဖြည်းဖြည်းထိုးရပ်သွား၏။

သူ့ကား မော်ဒန်အမြင့်စားမဟုတ်ပေမယ့် ကချွတ်ကချော်ဖြစ်တတ်တဲ့အကျင့်တော့ မရှိခဲ့ဖူးပေ။ သို့သော် အဝေးပြေးလမ်းမကြီးပေါ်မှာ ဟိုမနီး၊ ဒီမနီး အနေအထားမို့ ထိတ်ခနဲဖြစ်သွားမိသည်။

စားဖို့ရော ဘာကိုမှ သတိမရတော့ဘဲ စက်ပြန်နှိုးသည်။ နိုးလာပြီးပြန်ရပ်သွား၏။ မရမကနှိုးကြည့်သော်လည်း နောက်ဆုံး စက်သံပါပျောက်သွားလေသည်။ ဒီလိုချို့ယွင်းမှုမျိုး မဖြစ်ခဲ့ဖူးသဖြင့် သူ သတိထားနေတာ





က ဆီမပြတ်ဖို့သာဖြစ်သည်။ စိုးရိမ်ပူပန်စိတ်နှင့် ကားပေါ်ကဆင်းကာ စက်ကို စစ်ကြည့်လိုက်တော့ ...

"ကျွတ်"

တစ်ယောက်တည်း လက်ခါပစ်တာရော၊ ခေါင်းခါတာရော စုံသွား၏။ တိုင်ပင်ပတ်ကြိုး ပြတ်သွားခြင်းဖြစ်ကြောင်း သိလိုက်ရသည့်အဖြစ်ဟာ လူကို စိတ်အပျက်ကြီးပျက်သွားစေခဲ့၏။

ဒီတိုင်းသွားနေလို့ကတော့ ဘယ်အချိန် ဘယ်နေရာရောက်ရောက် ဆာလောင်လာလို့ စားရသည်ဖြစ်စေ၊ မစားရသည်ဖြစ်စေ ကိုယ့်အတွေးနဲ့ကိုယ် ပြည့်စုံနေလို့ရသည်။

ဒီလိုကြီးနဲ့ လမ်းပေါ်မှာ တစ်ညလုံး ဘယ်လိုလုပ်မလဲ။ ကားရှေ့မှာ ခါးထောက်ရပ်ရင်း မျက်မှောင်ကြုတ် စိတ်အိုက်နေဆဲ မျက်လုံးက လှုပ်ရှားမှုလေးတစ်ခုဆီ ဖျတ်ခနဲရောက်သွား၏။ ကိုယ်က မတ်ခနဲဖြစ်သွားကာ ကားနောက်ဖုံးဘေးကိုချက်ချင်းရောက်သွားသည်။

"ဟာ... မင်း ..."

နောက်ထဲကနေ သူ ထားပစ်ခဲ့သည့်မုန့်ထုပ်ကို ဘယ်လိုကောက်ယူစားနေမှန်းမသိသော လွှမ်း က ကိုယ့်ကားကို စီးနေသလို ခပ်တည်တည်လေး။

မေးရိုးနားထိကပ်နေသည့် ခေါင်းစွပ်ဆွယ်တာအဖြူအနက်စင်းကျားလေးနှင့် ဆံပင်တွေက မြင်နေကျအတိုင်း ရိုးရိုးဖြန့်ချထားတာမဟုတ်ဘဲ ကျစ်ဆံမြီးပိစိသေးသေးလေးတွေ မွစာကြဲလို့။

မျက်နှာ ခပ်ပုံ့ပုံ့ ပြည့်ပြည့်လေးက ဆံပင်တွေကို နဖူးကနေ အပြောင်သိမ်းယူထားသဖြင့် ကလေးလိုလို၊ လူကြီးလိုလို။

"မြရောင်လွှမ်း... မင်း ... မင်း ဘယ်လို ..."

မောင် စကားတွေထစ်ငေါ့ကာ အဆုံးသတ်လို့မရ။ လူက ခေါင်းခါးဖွင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဇွေ့ခနဲဝင်ထိုင်ပြီးဖြစ်လျက် ...

"မြရောင်လွှမ်း"

"လွှမ်း လို့ပဲခေါ် စမ်းပါ၊ ကတိုက်ကရိုက်ခေါ်တော့ နားထောင်မကောင်းဘူး"

"မင်း ..."

ခေါသက ထိန်းမရတော့ပေ။ ငရဲကြီးမှာ ဘာညာကိုလည်း သတိမရဘဲ သူမစားနေသည့်မုန့်ထုပ်ကို ဆွဲလုပစ်လိုက်မိသည်။

"ဟာ ..."

လွှမ်း တကယ်ဆာဆာလောင်လောင်နှင့် စားနေသည့်ပုံလေးပါ။ ဒေါသတွေ သူနဲ့အပြိုင်ဆောင့်ထွက်သွားတာလည်း အမှန်တကယ်ဖြစ်လိမ့်မည်။ မျက်နှာလေးနီရဲလျက် ...

"ခင်ဗျား စိတ်ပုပ်လှချေလား"

"ဟုတ်တယ်၊ မင်းထင်တာထက်ကိုပိုသေးတယ်၊ မင်း ဘာတွေလုပ်လာတာလဲ၊ ဒီကားထဲကို ဘယ်လိုဝင်ပြီး ဘယ်လိုပါလာတာလဲ၊ တောက်.. ပြဿနာကို မီးထွန်းရှာတာမဟုတ်ဘူး၊ မုံးခွဲရှာတာ မင်း ..."

မောင့်မျက်လုံးရှေ့မှာ မြင်နေရလို့သာ ကားပေါ်မှာပါလာသည့်အဖြစ်ကို လက်ခံလိုက်ရသည်။ ယုံကိုမယုံနိုင်ပေ။

သူ ထင်လည်းမထင်။ မတော်တဆ ဆိုတာမျိုးတောင် မတွေးမိခဲ့သဖြင့် မှေးနုလှပနေသည့်မျက်နှာလေးကို သရဲဟာဗွေတစ်ကောင်လို ပြူးပြဲကြည့်မိ၏။

"အိမ်ကတည်းက ပါလာတာလား၊ ဘယ်ကတည်းကလဲ၊ မင်းလုပ်လိုက်တာ ဘယ်လောက်ထိကြီးမားကျယ်ပြန့်သွားနိုင်တဲ့ပြဿနာလဲ ဆိုတာရော တွေးမိရဲ့လား"

"ဘာပြဿနာဖြစ်ဖြစ် လွှမ်း မန္တလေးကိုမသွားရဖို့ပဲ အရေးကြီးတယ်၊





ပေးစမ်းပါ၊ မရှင်းတာ နောက်မှမေး၊ ဒီမှာ ဗိုက်ဆာလို့"

"သွားပြီ"

မောင် ကုရှင်ထက်မှာ အရုပ်ကြိုးပြတ် မှိုကျသွား၏။ ရာသီဥတုကလည်း မိုးစက်လေးတဖွားဖွားနှင့် အေးစိမ့်စိမ့်။ အကျီမကပ်ချင်လောက်အောင်လည်း တစ်ခါမှ စိတ်မအိုက်ခဲ့ဖူးပါဘဲ အိုက်စပ်စပ်ပူလောင်လာ၏။ အကျီကို ခေါင်းကနေဆွဲလှန်ချွတ်ပစ်လိုက်ပြီး လျှောက်ပြေးလိုက်ချင်သည်။ ထို့ပြင် ...

မယ်မင်းကြီးမလေး စားသောက်နေသည့် ချိုးချိုးပျွတ်ပျွတ်မြည်သံကကိုယ့်ကို နားရင်းပါးရင်း သိမ့်ရိုက်နေတာနှင့် တူနေပြန်သည်။

သူ နောက်ထပ် ဘာမှမပြောနိုင်တော့တဲ့ရှိစဉ် လွှမ်း က ရှေ့ခန်းကိုကူးလာကာ ရေဘူးဖွင့်သောက်၏။ မုန့်တွေရော၊ ရေကိုရော မှို့ချရှင်းလင်းပြီးကာမှ ...

"ကားမှုက်သွားတာလား"

"မြရောင်လွှမ်း...၊ မင်း ငါမေးတာကို တစ်ခုမှမဖြေဘဲနဲ့ အဓိပ္ပာယ်မရှိတာတွေ အရေးကြီးမနေနဲ့၊ အခု မင်း ဘာလုပ်လာတာလဲ၊ အဲဒါ ပြော"

"ကားကြီး စီးလာတာလေ"

"ဘာ.. ဘာပြောတယ်"

သူ အောက်ကိုပြန်ဆင်းကာ ရှေ့တံခါးဖွင့်၍ ဝင်ထိုင်လိုက်လျှင် လွှမ်းက ဟိုဘက်ကို ကိုယ်လေးယို့ပစ်လိုက်ပြီး ...

"ဟုတ်တယ်လေ၊ မေမေက လွှမ်းကို မန္တလေးသွားခိုင်းတာ၊ မန္တလေးမှာ ဘွားလေးရှိတယ်၊ အဲဒီဘွားလေးက ဘွားမေက် ဆယ်သာ၊ အသတစ်ရာလောက်ဆိုးတယ်"

လက်ချောင်းဆယ်ချောင်းကို ဖြန့်ကားထောင်ပြီး မောင့်မျက်နှာရှေ့မှာ မျက်လုံးလေးတွေပါ ပြူးပြဲထောင်ပြ၏။ မောင် တင်းခံနိုင်အောင်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာကိုလည်း ဂရုမစိုက်။

"ဘယ်လောက်ထိဆိုးသလဲ သိလား၊ ရေသောက်တာတောင်မှ ဂလု လို့မမြည်ရဘူးတဲ့၊ လည်ချောင်းစင်းအောင်မမော့ရဘူး၊ နှုတ်ခမ်းမှာ ရေမစို ရဘူး၊ အမယ်လေး ပွစိပွစိတွေမှ အများကြီးပဲ။ ပြီးတော့ ရှိသေးတယ်၊ လမ်းလျှောက်ရင် ထွာဆိုင်မသာရဘူး၊ ခြေဖျားအရင်မချနဲ့ ဖနောင့်ပေါက် မလျှောက်နဲ့ ..."

"မြရောင်လွှမ်း"

"ဘာလဲ"

"မင်းအဘွားရဲ့ စည်းကမ်းတွေကို ငါ မေးနေတာမဟုတ်ဘူး"

"မဟုတ်ပေမယ့် လွှမ်း ဒီကားပေါ် မှာပါလာတာ အဲဒါကြောင့်လေ၊ ဒီလို တင်းကျပ်ချုပ်ချယ်တတ်တဲ့ အိမ်ကြီးထဲကို မျက်နှာလွှဲခဲပစ် ထိုးလွှတ် လိုက်တိုင်း လွှမ်း က သွားစရာလား"

"မသွားချင်တာနဲ့ မင်း ငါ့ကားထဲဝင်နေတာ ကောင်းလား၊ အဲဒီကို မသွားချင်ရင် တခြားကြိုက်တဲ့နေရာကို သွားလို့ရတယ်၊ အခု ..."

"ချစ်သောမောင် ရန်ကုန်ကိုသွားမှာမဟုတ်လား၊ လွှမ်း က ရန်ကုန် ကိုလိုက်ချင်တာလေ၊ အဲဒီမှာ ဆွေမျိုးမရှိပေမယ့် ငယ်သူငယ်ချင်း တစ် ယောက်ရှိတယ်"

"တောက်... အမိပွာယ်မရှိ ..."

"ဘာလို့အမိပွာယ်မရှိရမှာလဲ၊ အခု ခင်ဗျားရဲ့ကား ပျက်မသွားဘူး ဆိုရင် ..."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ညနေစောင်းမှထွက်လာတာ ရန်ကုန်ကို အချိန်မီမရောက်နိုင်ဘူးဆိုတာ မင်း နားမလည်ဘူးလား"

"လည်သားပဲ"

"ဘာ ..."





ဒေါသဖြစ်တိုင်းသာ ဆောင့်တွန်းကိုင်ပေါက်လုပ်နေရလျှင် ဒီကောင်မ လေး ဇာတ်ပွဲတွေထဲက ပုဏ္ဏား နှိပ်စက်ခံရတဲ့ မင်းသားထက် ဆိုးသွား နိုင်၏။

"ဘာဖြစ်လို့ ဒီလောက် ပြုံးတုံးပြုံးတဲ့ဖြစ်နေတာလဲ ချစ်သောမောင်၊ လွှမ်း က မိန်းကလေး"

"သြော်.. သိသေးတာပဲ"

"ဘာလို့မသိရမှာလဲ၊ ခင်ဗျားကိုယုံလို့ လိုက်ခဲ့တာ၊ မန္တလေးကို သွား မယ်ဆိုပြီး ထွက်ခဲ့တာ၊ ရန်ကုန်ရောက်သွားတာ ဘာဖြစ်သွားနိုင်သလဲ"

"ဘာဖြစ်သွားနိုင်သလဲ ဟုတ်လား၊ မင်းကို ငါ နိုးပြေးသွားပြီဆိုတဲ့ အဖြစ်မျိုး ရောက်သွားနိုင်တယ်လေ၊ အခု ဘယ်လိုလုပ်ကြမလဲ"

လွှမ်းနှုတ်ခမ်းလေးစူပြီး ငြိမ်သွား၏။ မောင်က မေးပြီးတော့ စိုက် ကြည့်နေသည်။ ကော့ညွှတ်ရှည်လျားသည့်မျက်တောင်တို့ ယှက်ဖြာချ ထားပေမယ့် သူ့ထံသို့လည်း အကြည့်မရောက်ဘဲ လွှမ်း မျက်ဝန်းလေး တွေ လှုပ်ခတ်နေတာကို မြင်နေရ၏။

"မြရောင်လွှမ်း"

အေးစက်စက်ခေါ် လိုက်တော့ လွှမ်းရဲ့ မျက်တောင်ရှည်တွေ ဖျတ်ခနဲ ပင့်တက်သွားကာ မျက်လုံးချင်းဆုံမိကြ၏။ သူ စူးစိုက်ကြည့်နေသော ကြောင့် လွှမ်း မျက်လွှာချပစ်သည်။

"ငါ့ကိုကြည့်ပြီး ဖြေ"

ထပ်ပြောတော့ လွှမ်း ပြန်ကြည့်သည်။ ကားထဲက မီးရောင်အောက် မှာ လွှမ်း မျက်ဝန်းလေးတွေက စိန်ပွင့်လေးတွေကို မီးထိုးပြသလိုပင်။ မောင်က ထိုမျက်ဝန်းတို့ကိုစိုက်ကြည့်၍ ...

"မင်း တမင်လုပ်တာမဟုတ်လား"

လွှမ်း မျက်ခုံးလေးတွေ ညို့ခနဲတွန့်သွား၏။ အကြည့်ကိုမပ်လွှဲလွှဲ



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီးမှ ...

"ဘာဆိုင်လို့လဲ"

"မှန်မှန်ဖြေစမ်း"

"အာ.. ဘယ်လိုလုပ်လိုက်တာလဲ"

လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲပစ်လိုက်သဖြင့် လွှမ်း သူ့ ဘက်ကိုယိုင်ကျလာကာ ဆိုဖာပေါ်မှာ တုံးတောင်လေးထောက်လျက်လဲ၏

"ဒါ ကလေးကစားစရာအလုပ် မဟုတ်ဘူး၊ မင်းအမေ မင်းကို ဘာ ဖြစ်လို့ မန္တလေးပို့တာလဲ၊ ငါ ဘာဖြစ်လို့ ချက်ချင်းထပြန်တာလဲ အဲဒါတွေ မင်း သိလား"

"သိတယ်လေ၊ လွှမ်း တစ်ခုခု ဇွတ်လုပ်မလို့ရှိလာရင် ဘွားလေး ပို့ကြတာပဲ"

"ကောင်းပြီ၊ အခု ပို့တဲ့ကိစ္စကိုပဲပြော၊ မင်း ဘာကိုဇွတ်တိုးချင်တာလဲ"

လွှမ်း မဖြေပါ။ သူ့မျက်ဝန်းတွေထဲကို အကြာကြီး စိုက်ကြည့်နေပြီး မှ မျက်နှာလွှဲ၏။

"မြရောင်လွှမ်း"

"ဒါကိုပဲ ဘာဖြစ်လို့ စွပ်စွဲနေတာလဲ၊ ဘာလဲ ခင်ဗျားနောက်ကို နိုးရာ လိုက်ချင်လွန်းလို့ ဇွတ်ပါလာတယ်ထင်လို့လား"

"မင်းပြောပါ၊ ထင်တာမြင်တာတွေ ရှုပ်တယ်၊ တစ်ခုပဲပြောလိုက်"

"ဘာမှပြောစရာမရှိဘူး"

"ဘာလို့မရှိရမှာလဲ၊ မရဘူး ဒီမှာ ..."

လွှမ်း ပခုံးလေးနှစ်ဖက်ကို သူ ဆွဲထူလိုက်သည်။ ထိုစဉ် လျှပ်ရောင် က နေ့ခင်းကြောင်တောင်လို ဖွေးခနဲထိန်သွားသဖြင့် ...

"အမယ်လေး"

လွှမ်း မျက်လုံးတွေရော၊ နားနှစ်ဖက်ကိုပါ ပိတ်ပစ်ကာ မောင့် ရင်ခွင်





ထဲ ပစ်ဝင်၏။ သူ တွန်းပစ်မလို့ ပခုံးနှစ်ဖက်မှာ လက်တို့က တင်းခနဲဖျစ် ကိုင်လိုက်စဉ် ...

"ဒိန်း... ဒလိမ်း"

မိုးခြိမ်းသံကြီးက လေမပါ၊ မိုးမသဲဘဲ အခြောက်တိုက်ကြီး မြည်ဟီး သွားခဲ့သည်။ သုံးရာသီမှာမပါခဲ့သော အချစ်သင့်ရာသီတစ်ခု၏ ဆော့မြဲ နှင့် ပတ်သက်လို့ ...။

အကြင်နာဆိုတာ မငြိမ်းသောမီးဆိုရင် ...

ကျွန်မရဲ့ရင်တစ်ခုလုံး လောင်ကျွမ်းပျော်ကျသွားပါစေ၊

မကြင်နာချင်တဲ့ သူ့ကို

အကြင်နာတွေ ပေးမလို့ ကျွန်မ

ဒီည မငြိမ်းသောမီးများနဲ့ ပျော်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

မိုးစက်တွေက သဲမဲတာမဟုတ်ဘဲ ခပ်စိပ်စိပ်ဖြစ်လာသည်။ လျှပ်ရောင်တစ်ချက်လက်သွားတတ်ပြီး မိုးခြိမ်းသံကတော့ ဟိုအဝေးဆီမှ လာသလို သဲ့သဲ့မျှသာ။ ကားထဲမှာ လူနှစ်ယောက်ရှိနေပြီး စကားသံတို့ ဆိတ်သုဉ်းနေခဲ့သည်။ လွှမ်း က လက်ကလေးပိုက်လျက် မျက်လွှာချရင်း ငြိမ်နေ၏။

မောင်က ကျူရှင်မှာမှီရင်း စီးကရက်သောက်နေသည်။ ပြီးတော့ လက်ကနာရီကိုမြှောက်ကြည့်၏။ ည တစ်ဆယ့်နှစ်နာရီတိတိကိုမြင်နေပါလျက်နှင့် အဖြေရှာမရသည့် သချာပုစ္ဆာတစ်ပုဒ်ကို စိုက်ကြည့်ငေးမောနေသလို မြှောက်ပင့်ထားသည့်လက်ကို ဘောက်တော်နှင့် ပြန်မချဖြစ်။

မျက်ဝန်းတို့သည် ဆယ့်နှစ်နာရီတိတိကိုပြနေသော နာရီလက်တံများမှာ စူးစိုက်လျက်...

"မင်းကို ငါ လက်ထပ်မှာမဟုတ်ဘူး၊ အဲဒီလိုဖြစ်ခဲ့ရင် ဘာလုပ်မလဲလို့ မင်း တွေးထားခဲ့လား"





စကားကို အေးစက်စက်ပြောနေရင်း လွှမ်း ဘက်ကို လှည့်ကြည့်သည်။ လက်ပိုက်လိုက်ပြီး ကိုယ်တစ်ခြမ်း ဒီဘက်လှည့်လိုက်တော့ မီးခိုးငွေ့တို့မသေသေးသော မောင့်ထံမှ စီးကရက်အနံ့ကို ရနေဆဲဖြစ်၏။

ထူးဆန်းစွာပါ ထိုအနံ့ကို လွှမ်း နှစ်သက်ခဲ့ဖူး၏။ ဖေဖေလည်း စီးကရက်ကြိုက်သည်၊ ကိုကိုလည်း သောက်တတ်သည်၊ ဖေဖေက ဘွားဆူမှာစိုးလို့ ကွယ်ရာကျမှ သောက်တတ်တာဖြစ်၏။

ကိုကိုကတော့ မေမေ့ကိုကြောက်သည်မို့ အပြင်မှာ တစ်ခါတလေသောက်သည်။ အိမ်ထဲမှာသောက်ဖြစ်အောင် မေမေတို့၊ ဘွားဘွားတို့ အရိပ်အခြေကို ကြည့်ပေးခြင်း၊ တံခါးစောင့်ခြင်းကို လွှမ်းက စိတ်ရောကိုယ်ပါ ကူညီခဲ့၏။

ဘာဖြစ်လို့လဲဆိုလျှင် ထို စီးကရက်နံ့ကို သူမ ကြိုက်သည်။ ကိုကို့ဆီကနေ ဆွဲလွဲလုယူပြီးသောက်ခဲ့ဖူးလို့ နှာခေါင်းထဲက မီးခိုးထွက်လာအောင် ရှိုက်ရင်း ချောင်းတွေ တဟွတ်ဟွတ်ဆိုးခဲ့တာလည်းရှိသည်။

ကိုကို မျက်စိမျက်နှာပျက်လျက် ကျောကနေ လာထုပေးတော့ မျက်ရည်တွေပြည့်နေရင်း ရယ်ရတာလည်း ခံစားချက်တစ်မျိုးလေးထူးတာတော့ အမှန်ပင်။

မောင့်မျက်နှာကိုမေး၍ စီးကရက်နံ့ကြောင့် နောက်ပြန်ပါသွားသည့် စိတ်က လောလောဆယ် မောင် ဘာပြောလိုက်တာလဲဆိုတာမှာ မရှိတော့ဘဲဖြစ်သွား၏။

ထိုစဉ် ဖျတ်ခနဲသတိဝင်လာပြီး မျက်တောင်တွေ တဖျပ်ဖျပ်ခတ်၍--

"ဘာပြောလိုက်တာလဲဟင်"

မောင့်မျက်နှာ တင်းသွား၏။ ကျွတ်ခနဲ မျက်လုံးတွေမှိတ်ပစ်ကာ မျက်နှာရှေ့ကိုပြန်လှည့်သည်။

"ဒီမှာ လွှမ်းကို ခင်ဗျား လက်မထပ်ဘူးလို့ ပြောတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မဖြေဘဲ မောင်က လှည့်ကြည့်သည်။ လွှမ်းက မျက်နှာလေးကို တင်း၍…

"ရန်ကုန်ရောက်ရင် လွှမ်းဘာသာ ဆက်သွားမှာလို့ ပြောပြီးပြီပဲ"

"ဟား.. အဲဒါ မင်းထင်သလိုမလွယ်လို့ပြောနေတာ၊ မင်းနဲ့ငါ့ကို တွဲနေတာ မြင်ပြီး မင်းအမေ ဘာဖြစ်သွားသလဲ၊ အခု အတူတူပျောက်သွားတယ်ဆိုရင် …"

"ဘာဆိုင်လို့လဲ၊ လွှမ်း က ခိုးထွက်လာတာမှမဟုတ်တာ၊ မန္တလေးကို သွားဖို့ တရားဝင်ထွက်လာတယ်၊ မန္တလေးမဟုတ်ဘဲ ရန်ကုန်ဘက်ကို တရားမဝင်ခြေဦးလှည့်တယ်၊ ဒါပဲ"

"တရားမဝင်ခြေဦးလှည့်တာက မင်းတစ်ယောက်တည်းမှမဟုတ်ဘဲကွ၊ အခု မင်း ငါ့ကားပေါ်မှာ၊ အဲဒါ ဘယ်လိုလုပ်မလဲ။ ရန်ကုန်ရောက်သွားရင် ငါက မင်းနဲ့ ဘယ်လိုမှ မပတ်သက်လို့မရတော့ဘူး၊ ရှင်းမရတာ အဲဒါ"

"ကျွတ်"

ဒီတစ်ခါ ကျွတ်ခနဲဖြစ်သွားသူ လွှမ်းဖြစ်သည်။

ခေါင်းကုတ်ချင်တာမဟုတ်ဘဲ လက်နှစ်ဖက်စလုံး ခေါင်းကိုရောက်သွားပြီးမှ ပြန်ချကာ …

"ဒါပဲ ခင်ဗျားပြောနေတာ မသိတော့ဘူး၊ ဘာလုပ်ရမှာလဲ၊ လွှမ်း ဘာလုပ်ပေးရမလဲ ပြော၊ ခင်ဗျား ပြဿနာမရှင်းရအောင် ဒီကားပေါ်ကနေ အခု ဆင်းပေးရမှာလား"

"အေး အဲဒါ ကောင်းတယ်"

"ပြီးတာပဲ"

လွှမ်း တကယ်ဆင်းသည်။ ပါဂျရိုးကားမို့ ဆင်းရတာ ခြေချလိုက်ရုံနှင့် လမ်းပေါ်ကိုထိပြီးသားမဖြစ်ပေ။

တံခါးဖွင့်ပြီး ဖျတ်ခနဲခုန်ချလိုက်၏။





ကားအောက်ကျမှ အင်္ကျီလက်ဖျားတွေကို လက်ဖုံးအောင်ဆွဲချလိုက်သည်။

လည်ပင်းကို မေးဖျားပေါ် တက်နေအောင်ဆွဲတင်ပြီးမှ လက်ပိုက်၏။

ခေါင်းဆောင်းစရာမရှိတော့။ မိုးဖွဲ့တွေက ခေါင်းနှင့်မျက်နှာထက်သို့ အေးစက်စက် လေးတွဲ့စွာ ဆင်းကျလာကြလေသည်။ လွှမ်း က ကားထဲကို မော့ကြည့်ကာ …

"နောက်ထဲမှာ သားရေအိတ်တစ်လုံးရှိတယ်၊ အဲဒါတော့ ခင်ဗျား တင်သွားပေး။ မမခက် ကို လိပ်စာလှမ်းမေးပြီး ရန်ကုန်ကျမှ လာယူမယ်"

"ဟိတ်"

ဘယ်လောက်ထိယုတ္တိရှိရှိ သရုပ်ဆောင်ရဲမှာလဲဟု တွက်ပြီး ကြည့်နေလိုက်တာ လွှမ်း တကယ်သွားတော့မှာကိုသိမှ မောင် မျက်နှာပျက်၏။

"မြရောင်လွှမ်း"

ကြည့်နေရင်း လွှမ်းက အလှမ်းကွာသွား၏။ ကားမီးတွေဖွင့်လိုက်တော့ ဘောင်းဘီရှည်အဖြူဆွယ်တာအဖြူအနက်ကျားလေးနှင့် ရှူးဖိနပ်အဖြူလေးကိုပါ ထင်းနေအောင်မြင်ရသည်။ မောင် တံခါးဖွင့်ဆင်းလိုက်ရင်း တက်လည်းခေါက်မိသည်။

ဒါ ရွှဲရမယ့်ကိစ္စလား။

"မြရောင်လွှမ်း"

နာမည်သုံးလုံးကို လက်ပစ်ဗုံးသုံးလုံးဆင့်ကွဲသွားသလို ဒေါင့်အောင့်ခေါ်ရင်း နောက်ကနေ လက်မောင်းကို တအားဆွဲလှည့်ပစ်လိုက်မိသည်။

"အား …"

လွှမ်း တစ်ကိုယ်လုံး ပစ်ခတ်လည်ကျလာကာ ရင်ဘတ်ချင်း ဆောင့်တိုက်မိတော့မတတ်ဖြစ်သွား၏။ မောင်က လွှမ်းရဲ့ လက်မောင်းနှစ်ဖက်စလုံးကို ဖိဆုပ်ထားလိုက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလိုရက်တတ်ရင် အစက ဒီလိုအလုပ်မျိုးမလုပ်ဘဲနေပါလား၊ ခုမှ ဘာမာနတွေလဲ၊ လူသူမနီးတဲ့လမ်းပေါ် ကို ဆင်းလျှောက်ပြီး ဘာလုပ်တာလဲ၊ အဲဒီမှာ လဲသေပြတာတောင် အထင်မကြီးဘူး"

"မကြီးနဲ့၊ ဘယ်သူက ကြီးခိုင်းနေလို့လဲ၊ ဖယ်ပေး"

"တောက်... မင်း..."

သူ လက်ပြန်မြှောက်ပစ်လိုက်တာ ရိပ်ခနဲပင်။ တကယ်ရိုက်ချလိုက်ပြီဟုထင်ကာ လွှမ်း ဆတ်ခနဲတုန်သွား၏။

"မင်း သေတော့မယ်"

ဟု အံကြိတ်ပြောလျက် နာကျင်အောင်ဖိဆုပ်ထားသည့်လက်ကို ဘွန်းလွှတ်လိုက်၏။ သူ ဆွဲလိုက်ခြင်း၊ လွှတ်လိုက်ခြင်းမှာ လွှမ်း က အရုပ်တစ်ရုပ်လို ဖြစ်ချင်တိုင်းဖြစ် ယိမ်းထိုးလျက် ...

"ခင်ဗျားကို မုန်းတယ်"

လက်သီးနှစ်ဖက်ဆုပ်အော်ကာ ဟီးခနဲ ငိုချပစ်လိုက်၏။ ငိုတာမှ သုလုပပမဟုတ်ဘဲ ပါးစပ်ကိုဟ ရင်ဘတ်လေးမောက်ကြွလာအောင်ရှိုက်ကာ အော်ငိုတာဖြစ်သည်။

"ဟိတ် မင်းပါးစပ်ကြီး ပိတ်စမ်း"

"ငိုမှာပဲ ဖယ်"

"အေး ငို၊ ကားပေါ်ကျမှ အသက်ပါအောင်ငို၊ လာခဲ့"

သူ ဆောင့်ဆွဲခေါ် လာကာ ကားထဲကို ဖြစ်သလိုတွန်းထိုးဆင် သူပါ ဝင်ထိုင်ပြီးမှ တံခါးတွေကို လော့ခ်ချပစ်လိုက်၏။

"ဟူး ..."

စိတ်ပျက်ရှုပ်ထွေးခြင်းကြောင့် တစ်ကိုယ်လုံး ချုံးချုံးကျသွားသလိုပင်။ ကူရှင်မှာ လျော့ရိလျော့ရဲမှီချလိုက်ရင်း ဆံပင်အဖျားတွေကနေ ပါးပေါ်၊ မျက်ခုံးနှစ်ဖက်ပေါ် အနှံ့ တပေါက်ပေါက်ဆင်းကျနေသည့် မိုးရေစက်





တို့ကိုလည်း အရွှံးပေးထားလိုက်သည်။

လွှမ်း က သူမပခုံးလေးတွေကို ပြန်၍ဖိဆုပ်ရင်း ငိုနေဆဲ။ အချိန်အတော်ကြာမှ သူ နာရီပြန်ကြည့်မိ၏။ ညဉ့်တစ်နာရီခွဲပါတော့မည်။ ကိုယ်ကိုမတ်မတ်ပြောင်းထိုင်၍ လွှမ်းကို ငုံ့စောင်းကြည့်မိသည်။

မျက်တောင်များတို့ကို လက်ခုံနှင့်ဖိပွတ်ရင်း လှည့်ကြည့်သည့် လွှမ်း က သူ ကြည့်နေတာကိုမြင်တော့ မျက်လုံးချင်းမဆုံမိခင်မှာ မျက်စောင်းတစ်ဝက်တစ်ပျက် ပစ်လွှတ်၍ ဆတ်ခနဲမျက်နှာလွှဲသည်။

ပြီးတော့ ပါးပြင်လေးတွေ မို့ခနဲကြွတက်လာအောင် နှုတ်ခမ်းကို မဲ့ပစ်၏။

"မြရောင်လွှမ်း"

လွှမ်း က မထူးပေ၊ မောင် က ကူရှင်မှာ ပခုံးတစောင်းမှီကာ လွှမ်း ဘက်ကို လှည့်ထိုင်လိုက်၏။

"ငါနဲ့လက်ထပ်ဖို့ရည်ရွယ်လိုက်တဲ့မိန်းမတိုင်း ဘာဖြစ်သွားကြတယ်ဆိုတာ မင်း သိလား"

လွှမ်း ပါးစပ်ပိတ်ထားကာ ဒီဘက်ကိုလည်း မလှည့်။

"ငါ နောက်ထပ်တစ်ယောက်ကို မသေစေရဘူးလို့ ဆုံးဖြတ်ထားခဲ့တာ"

လွှမ်း ဆတ်ခနဲလှည့်လာ၏။ မောင် က လက်ကာပြလိုက်ပြီး ...

"မင်း ဂရုမစိုက်တတ်ဘဲ့အကျင့်ရှိလို့ မကြောက်မလန့်လုပ်ခဲ့တာဖြစ်ဖြစ်၊ တမင်တကာဖန်တီးတာဖြစ်ဖြစ်ပေါ့ အခု မင်း ငါနဲ့လက်ထပ်ရတော့မယ်"

"လွှမ်းတို့က ဒီလိုဖြစ်အောင် ..."

"ဒီလိုဖြစ်အောင် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒီလိုဖြစ်လာမှပဲ အဲဒီတော့ ပြောထားမယ်၊ မင်း ငါ့စကားကို နားထောင်ပါ၊ ချစ်ချယ်တာ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးဆိုတဲ့ မင်းရဲ့အကျင့်ကိုပြင်၊ ချုပ်ချယ်တာဖြစ်ဖြစ်၊ ကန့်သတ်ချက်ပဲဆိုဆို စည်းဆိုတာ မရှိလို့မဖြစ်ဘူး၊ မင်းအတွက် အဲဒီစည်းက ကျူးချင်ကျူးမယ်၊ ကျော်ရင်ကျော်မယ်၊ အဲဒါ မင်းအတွက်ပါ"

မျက်လုံးချင်းဆုံ၍ အကြာကြီးကြည့်နေမိကြ၏။ ပြီးတော့ မောင် က လွှမ်းရဲ့လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ကာ ...

"ဆံပင်က ရေတွေ သုတ်ပစ်လိုက်ဦး"

လွှမ်း ရင်ခွင်ထဲသို့ အပြာရောင်မျက်နှာသုတ်ပဝါလေးတစ်ထည် အခေါက်လိုက် ပစ်ကျလာသည်။ ငြိမ်းချမ်းပါရစေ၊ ငြိမ်းချမ်းလိုပါ၏။





## အခန်း (၃၀)

ဖုန်းကိုဆောင့်ချပစ်လိုက်သည့်အသံနှင့် တက်ခေါက်သံက ဆက်တိုက်။ သမီးဖြစ်သူ၏ မျက်နှာအခြေအနေကို အကဲခတ်ကြည့်နေသည့် ဒေါ်မြဆက် လက်ထဲကပုတီးလည်း ကတုန်ကယင်ဖြစ်လာခဲ့သည်။

"ဘာတဲ့လဲ သူတို့က"

မာန၊ ဒေါသများနှင့် လှုပ်ရှားနေသောစိတ်ကို ဘယ်လိုမှ ဖုံးဖိမရတော့သည့်အဆုံးမှာ စိပ်ပုတီးကို စားပွဲပေါ် အပုံလိုက်ချထားလိုက်သည်။

ဒေါ်သက်မြစံက ဖုန်းနားကနေ ဒီဘက်တည့်တည့်လှည့်ရပ်လိုက်ကာ..

"သူတို့ဘက်က မင်္ဂလာခမ်းနားအတွက်ရော၊ ကလေးတွေအတွက် နေထိုင်ရင်းနှီးစရာ စည်းစိမ်အခြံအရံ ဘာမှ လိုလေသေးမရှိရပါဘူးတဲ့"

"လှူပါးဝလို့ ဒီလောက်တောင် ငွေစကားပြောရအောင် တို့ကဖွဲ့တောနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြဆက် ၏ဒေါသကလည်း အသက်ထက် အများကြီးနုငယ်နေသေးသည်။ ဘယ်ရင်ဖုံးအကျီလက်ပွဖားဖားကြီးကို တဖျပ်ဖျပ်လွှန့်ခါနေသည်အထိ ခါးထောက်လိုက်၊ လက်ခါလိုက်။

"မပြောလိုက်ဘူးလား ညည်းက၊ စည်းစိမ်ဥစ္စာက အဓိက မဟုတ်ဘူး၊ ကျုပ်တို့မြေးကို ကျိန်စာသင့်နေတဲ့ သင်းတို့သားနဲ့ လုံးဝကို မပေးစားနိုင်တာ၊ သဘောမတူနိုင်တာကို ..."

"ခဏနေပါဦး၊ ဒီလိုရှိပါတယ်"

ဝင်မပြောချင်ပေမယ့် ဆုံးဖြတ်ကြတော့မှာက တစ်ဖက်သတ်ဖြစ်နေသည်မို့ ဦးရွှေခိုင် က သားအမိနှစ်ယောက်အလယ်မှာ ဝင်ရပ်လိုက်ကာ..

"ဒီကိစ္စမှာ သိပ်လဲပဲတင်းမနေကြပါနဲ့၊ ကိုယ့်ကလေးကိုယ်တိုင်က သူ့သဘောနဲ့သူ ထင်ရာစိုင်းသွားတယ်ဆိုတာကို ထည့်တွက်သင့်တယ် ပြီးတော့ ချစ်သောမောင် ဆိုတဲ့လူငယ်အကြောင်းကို သားကြီးလဲ ပြောပြတယ်"

ဦးရွှေခိုင် က ဒေါ်မြဆက် ကို မရဲတရဲနှင့် ဇနီးဖြစ်သူဘက်ကိုပဲ သေချာလှည့်ကာ ...

"ကောင်လေးကတော့ ဟော့ဟော့ရမ်းရမ်းထဲကမဟုတ်ပါဘူး၊ ခုလို နှစ်ယောက်ထွက်ပြေးကြသလို တိုက်ဆိုင်သွားတာကလဲ လွှမ်း နဲ့သူ့ကို မင်း အထင်လွဲမှန်းသိလို့ ရှောင်ထွက်ခဲ့တာတဲ့"

"သြော်... ဒါဆို ငါ့မြေးကတော့ ဟော့ဟော့ရမ်းရမ်းလေးပေါ့၊ ဒီလိုဖြစ်တာ ငါ့မြေးကြောင့်ပဲပေါ့၊ ဟုတ်လား ရွှေခိုင်"

ဦးရွှေခိုင်က ပျာပျာသလဲ လက်ကာပြရင်း ... .

"ဒီလိုလဲမဟုတ်ပါဘူး၊ ကျွန်တော် ဆိုလိုတာက မိသားစုချင်းမို့လို့ ပွင့်ပွင့်လင်းလင်းပြောရရင် သမီးလေးက ဒီသူငယ်ကို သဘောကျနေတာ"

"အို... ကိုခိုင်ကလဲ ကလေးက စိတ်ကစားတာပါ"





ဒေါ်သက်မြစ်ကလည်း မကြိုက်ပါ။ ချစ်သောမောင် ဆိုတဲ့လူငယ်ကို မြင်လိုက်ကတည်းက စိတ်ထဲမှာ အတိုင်းအဆမရှိ စိုးရိမ်သောကတွေ ဖြစ်သွားခဲ့ခြင်းဟာ တင့်တယ်ချောမောသည့်ရုပ်ရည်ကြောင့်ပဲဖြစ်သည်။

ဤလူငယ်အကြောင်းကို ခက် ပြောပြခဲ့တာ ပါးစပ်မပိတ်သေး။ ကျိန်စာသင့်နှလုံးသားနှင့်လူငယ်တစ်ယောက်ဆိုတာ နားထဲမှာ ပူပူလောလောကြီးပဲရှိသေးသည်။

ကိုယ့်သမီးနှင့်နီးစပ်တော့မည့်အရေးကို မြင်လိုက်ရတော့ ကမ္ဘာပေါ်မှာ ရှိသမျှအရေးအခင်းအားလုံးထက် ဒီအရေးကို ဖြိုဖျက်ဖို့တစ်ခုတည်းကသာ ခေါင်းထဲမှာ အရေးကြီးဆုံးဖြစ်လာသည်။

ခုတော့ ...

"ဘာပဲဖြစ်ဖြစ် သမီးငယ်က ဟန်ဆောင်တတ်တာမဟုတ်ဘူး၊ မိန်းကလေး စိတ်ကစားတာကိုရိပ်မိလို့ ဒီကောင် အသုံးချသွားတာ"

"ဒီလိုလဲ မဟုတ်လောက်ပါဘူး စံရယ်၊ သမီးငယ်ကို ဖြားယောင်းဖျက်ဆီးရလောက်အောင် သူကိုယ်တိုင် ရင့်ကျနေတဲ့အရွယ်မှ မဟုတ်သေးဘဲ၊ တို့သားကြီးနဲ့မှ ရွယ်တူရယ်၊ သားကြီးကလဲ ဒီလူငယ် ဖြောင့်မှန်တဲ့အကြောင်း ပြောခဲ့တာပဲ"

"ဟော့... ဒါကတော့ မယားမျက်နှာနဲ့ သူ့ယောက်ဖကောင်းကြောင်း ပြောတာ မဆန်းဘူး၊ မင်းတို့တွေ တမာခက် ကို ငဲ့ညှာတာတွေ၊ အားနာတာတွေနဲ့ ငါ့မြေးကိစ္စကို လုံးဝ မလျှော့နဲ့နော်၊ ဒီတစ်ခါ ငါ လုံးဝ သည်းမခံဘူး၊ သူ့ဟာသူ တစ်ဖက်သတ်ချစ်နေလို့ သေပါစေ အသေခံပြီး ဒီလူကို ယူဖို့ထိတော့ ခွင့်မပြုနိုင်ဘူး"

"ဟုတ်တယ် မေမေ သမီးလဲ စိတ်ဆိုးတယ်၊ အားလုံးကိုသိရက်သားနဲ့ ဒွတ်လုပ်သွားတာ၊ သမီးငယ် သိပ်မိုက်တာပဲ၊ တားပြန်ရင်လဲ ဖွတ်လုပ်မှာပဲ၊ ဘယ်လိုလုပ်ကြမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း မျက်ရည်တွေကျလာသည်။

ဒေါ်မြဆက် လည်း မျက်နှာ ကြီးတင်းထားပေမယ့် မျက်ဝန်းထဲမှာ မိုးရွာနေပြီဖြစ်၏။

"သဘောမတူဘူး၊ ပြန်သိမ်းမယ်၊ သူ့အတွက် လူကြီးတွေက လုပ် ကြတာကို နားမထောင်ရင်တော့ သံယောဇဉ်ငင်ပြီး နားစွင့်မနေဘူး မိခ ဘယ်နေ့သေသေ သေပါစေတော့၊ နားပိတ်ပြီးနေမယ်၊ ပစ်ထားလိုက်"





## အခန်း (၃၁)

ရက်စက်လိုက်တာ ... ဟု တွေးမိတိုင်း မျက်ရည်လည်သည်။ ကိုယ့်ကိုယ်ကို အသည်းမာလှပြီထင်ခဲ့တာတွေလည်း မမှန်ပါ။ ရန်ကုန်ကို ရောက်ပြီဆိုကတည်းက မောင့် မေမေက နွေးထွေးစွာ ဆီးကြိုသည်။

"သားကို အိမ်ထောင်ပြုနိုင်းဖို့မလွယ်တော့ဘူးထင်ပြီး မေမေ စိတ်ဆင်းရဲနေရတာ သိလား၊ ခုမှပဲ စိတ်ချမ်းသာတော့တယ်၊ သမီးလေးက ချစ်စရာကောင်းလိုက်တာကွယ်၊ သမီး ဘာမှအားမငယ်နဲ့နော်၊ မေမေ့ကို သမီးမေမေလိုပဲ သဘောထား၊ အလုပ်သမားတွေလဲ အိမ်မှာ အများကြီးပဲ၊ လိုအပ်တာအားလုံးနိုင်း"

မောင့်မေမေက တကယ်သဘောကောင်းပါသည်။ မေမေတို့ဘက်က ဘယ်လိုရာဇသံတွေပဲလာလာ နားလည်ပေးရှာ၏။ ဘယ်လောက် ရင့်သီးတဲ့စကားတွေနဲ့ပဲတုံ့ပြန်ပါစေ သူမက ဝတ္တရားကျေဖို့ကိုပဲကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူဘူးဆိုတာကတော့ မေမေ မတတ်နိုင်ဘူး သမီးရယ်၊ ဒါပေမယ့် လောလောဆယ် သမီးမိဘရဲ့ အကြွင်းနာတရားကို မရနိုင်သေးတာတဲ့ရှိမယ်၊ ကျန်တာ ဘာမှမလိုတာမရှိရအောင် မေမေ ဖြည့်ဆည်းပေးမယ်၊ သားလေးက နှစ်ဖက်အသိုင်းအဝိုင်းထဲမှာ တစ်ဦးတည်းသောသားပါ၊ သူ့ဘဝမှာ ဖတဆိုးလေးဖြစ်ခဲ့ရတာကလွဲရင် စည်းစိမ်ချမ်းသာဆိုတာ ကျောက်ခဲသလဲပဲ"

"ဘာမဟုတ်တဲ့ တောကြို့အုံကြားက ပယောဂတွေ နှောင့်ယှက်ပြီး ဟိုလိုလို၊ ဒီလိုလို နာမည်တွေပျက်ရတာ၊ သမီးလေး ဘာမှမပူနဲ့ သမီးကို ဆူးခြစ်ရာတောင်မထင်အောင် မေမေ စောင့်ရှောက်မယ်"

မောင် ဘာမှ ဝင်ပါပြောပေးဖို့မလိုအောင် တာဝန်ကျေသည်၊ နူးညံ့သည်။ သူမအတွက် လွှမ်း ဟာ အရာရာကို ပြီးပြည့်စုံစေမည့် နတ်သမီးလေးတစ်ပါးလို၊ ကျန်တာ ဘာကိုမှ ထည့်တွက်ပုံမရပေ။

လွှမ်း ကတော့ မေမေ့ဆီက စကားတစ်ခါကြားရတိုင်း ကွယ်ရာမှာ ပြေးငိုရင်းနှင့် ...

"မြရောင်လွှမ်း"

ခေါ်သံကြားလိုက်တော့ မောင် က သူမနောက်မှာ ရောက်နေပြီဖြစ်၏။

"ဘာဖြစ်နေတာလဲ"

မေ့ရာက သိမ့်ခနဲဖြစ်သွားသဖြင့် သူ ထိုင်လိုက်ပြီမှန်းသိကာ လွှမ်း မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး နေရာရွှေ့၏။ ပြီးမှ ...

"ဘာမှမဖြစ်ပါဘူး၊ ခင်ဗျား သူငယ်ချင်းတွေနဲ့ အပြင်သွားမလို့ဆို"

"ဟုတ်တယ်"

မောင်က ကျစ်ဆံမြီးလေးတွေမဟုတ်တော့ဘဲ ဒီတိုင်းဖြန့်ချထားသော လွှမ်းရဲ့ဆံပင်တွေကို စိုက်ကြည့်သည်။





အမြဲတမ်းကျစ်ထားသည့်ဆံပင်တွေက လှိုင်းတွန့်လေးတွေထင်ကာ ဆံပင်တွေချထားတာက သပ်သပ်၊ နဖူးပေါ်မှာ ဖြာဆင်းနေတာ ဘာမှမရှိ။ ဒါကလည်း အပြောင်းသိမ်းလှန်ပြီး ဖြီးထားနေကျမို့ဖြစ်သည်။

သူ မြင်တွေ့နေကျ ပွှမ်း၏ပုံစံလေး ပျက်နေတာကိုမြင်တော့ မောင် မျက်မှောင်ကြုတ်သွား၏။ ထို့ပြင် ငိုထားသဖြင့် ပါးမို့လေးတွေရော မျက်ခွံလေးတွေပါ မို့အစ်နီမြန်းနေ၏။

"ဘာဖြစ်လို့ ဒီလောက်ငိုနေတာလဲ၊ မင်း အရမ်းစိတ်ဆင်းရဲနေလား"

"ဟင့်အင်း"

လွှမ်း ပျာပျာသလဲခေါင်းညိတ်၏။ သူ ကျေနပ်အောင် မျက်နှာမော့လိုက်သော်လည်း မျက်ဝန်းမှာ မျက်ရည်ကတော့ စင်မည်မထင်။

"ခင်ဗျားက ဘာဖြစ်လို့ ပြန်ဝင်လာတာလဲ"

"မင်းကို စိတ်မချလို့"

"ဟင် ..."

မောင် က မျက်မှောင်ကြုတ်လျက်နှင့် မျက်နှာလွှဲသည်။ ပြီးမှ ပြန်ကြည့်ကာ ...

"မင်းကို ကိုယ် ကြီးကြီးကျယ်ကျယ်မဟုတ်ဘဲ ခြံထဲမှာ အကျဉ်းရုံးသို့ခံပြီး လက်မှတ်ထိုးရုံနဲ့ လက်ထပ်ခဲ့တာ မင်းစိတ်ထဲမှာ ရှင်းရဲ့လား"

လွှမ်း က ခေါင်းညိတ်ပြသည်။ မောင် က လွှမ်းပခုံးလေးကိုဆုပ်ကိုင်လိုက်ပြီး ...

"နှစ်ဖက်မိဘလဲမစုံဘူး၊ ပြီးတော့ မင်းက ကိုယ်လက်ထပ်မယ့်မိန်းမဖြစ်နေတယ်၊ ကိုယ်နဲ့လက်ထပ်မယ့်သူတွေ ရှေ့မှာ ဖြစ်သွားကြသလို မင်းကို ဖြစ်မှာစိုးလို့ အချိန်မဆွဲချင်တာပါ"

လွှမ်း က ဘာမှမပြောဘဲ နားထောင်နေ၏။

"အဲဒါလဲ မင်းကို ပိုင်ဆိုင်လိုမှုအတွက် ဆန္ဒစောနေတာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ထဲမှာစွဲနေသလို မင်းကို တစ်ခုခုထိခိုက်မှာစိုးလို့"

"လက်ထပ်ဖြစ်သွားရင်တော့ အန္တရာယ်မရှိတော့ဘူးပေါ့ ဟုတ်လား"

"မသိဘူး၊ လက်ထပ်တဲ့အထိ တစ်ခါမှ မအောင်မြင်ခဲ့ဘူး"

မောင့်လက်က လွှမ်း ၏ပခုံးလေးထက်ကနေ လျှောကျသွားသည်။ အကြာကြီးငိုင်တွေနေပြီးမှ ...

"အားလုံးဟာ ကိုယ့်ဆန္ဒလဲ တစ်ခါမှ မပါခဲ့ဘူးလေ၊ အမှတ်တမဲ့နေခဲ့ရင်း ဖြစ်မယ်လို့ လုံးဝထင်ဖို့မရှိတဲ့အချိန်တွေမှာဖြစ်ကုန်ခဲ့တာ"

"ချစ်သောမောင်"

လွှမ်း က စကားဖြတ်ခေါ်လိုက်ကာ ...

"လွှမ်း ကရော ချစ်သောမောင် ရဲ့ဆန္ဒနဲ့မဟုတ်ဘူးဆိုတော့ ဘယ်လိုကဏ္ဍမှာ ပါလဲဟင်"

"မင်းက မေမေ လက်ထပ်ပေးတဲ့မိန်းမမှမဟုတ်ဘဲ၊ ငါကိုယ်တိုင် လက်ထပ်ပေးပါလို့ မေမေ့ကို ခွင့်တောင်းခဲ့ရတာ"

"ဒါပေမယ့် ခင်ဗျားက မချစ်ဘူးမဟုတ်လား"

လွှမ်း မျှော်လင့်သည့်အဖြေကို မောင် က မပေးပါ။ စိုက်ကြည့်နေပြီးမှ မျက်နှာလွှဲ၏။

"မင်းကို တစ်ခုခုဖြစ်သွားမှာစိုးလို့ ဘယ်သွားသွား ငါ စိတ်မဖြောင့်ဘူး"

မေးခွန်းနှင့် မဆိုင်တာကိုပြောပြီး ထ ရပ်လိုက်သည်။ ညစ်ခံပွဲပြီးသွားပြီဆိုပေမယ့် သိပ်တော့ညဉ့်မနက်သေးပေ။ လွှမ်း အဝတ်အစားလဲပြီးပေမယ့် မောင် က အဖြူရောင်အနောက်တိုင်းဝတ်စုံနဲ့ပဲ ရှိသေးသည်။

သူက မိုးခိုးရောင်စင်းကျားပါသည့် လည်စည်းကို ဖြုတ်ပစ်လိုက်ပြီး ကုတ်အင်္ကျီကိုလည်း ချွတ်၏။

"မေမေလဲ အပြင်မှာ ဧည့်သည်တွေနဲ့ စကားမပြတ်သေးဘူး၊ မင်း





ဘယ်ကိုမှ လျှောက်ထွက်မနေနဲ့၊ ကိုယ့်ကိုလဲမစောင့်နဲ့၊ အိပ်တော့"

ပြောချင်တာပြောပြီး လှည့်ထွက်သွား၏။ လွှမ်း မွေ့ရာနနုထက်မှာ ဘာတုတ်လေးကျန်ခဲ့လေသည်။ သူ မကြည်ဖြူတာကို အစကတည်းက သိထားပေမယ့် မေမေတို့က လုံးဝ ခွင့်မလွှတ်ဘူးဟု သိလာရတော့ ကြေကွဲစိတ်တွေ ဘယ်ကဖြစ်လာခဲ့မှန်းမသိ။

မောင့် ကို သဘောကျခဲ့မိတာမှန်သည်။ ဒါ အချစ်စစ် ဟုတ်သည်၊ မဟုတ်သည် အထိတော့ မသေချာခဲ့ပါ။ သူ့ကားပေါ် ကို မိုက်မဲစွာ ယုံကြည်၍ မဆင်မခြင်ခိုးစီးခဲ့တာလည်းမှန်သည်။

ဒါပေမယ့် ခုလိုတွေဖြစ်လာဖို့ ဖန်တီးခဲ့တာ မဟုတ်ပေ။ လွှမ်း ဘက်ကလည်း ဘာတစ်ခုမှကြိုတင်ပြင်ဆင်ထားခဲ့တာမရှိဘဲ တစ်ခုပြီးတစ်ခု ရင်ဆိုင်လာရတာပါ။ ဒါကို သူက အေးစက်စက်နေစိမ့်လွန်းတော့ ဝမ်းနည်းမိ၏။

လွှမ်း ကို တစ်ခုခု၊ တစ်စုံတစ်ရာ ထိခိုက်သွားမှာစိုးတာက လွှမ်း အတွက်မှ ဟုတ်ရဲ့လား။ သူ ဒီလိုနာမည်တွေတစ်ခုပြီးတစ်ခုဖြစ်နေမှာစိုးတာကော မဖြစ်နိုင်ဘူးလား။

"သြော်... မမျိုးချွေးမလေးလား၊ လှလိုက်တာကွယ်"

စသည့် ချီးမွမ်းစကားတို့နောက်ကွယ်မှာ စိုးရိမ်သည့်မျက်လုံးတွေ၊ မောင့် ကို အပြစ်တင်သည့်အကြည့်တွေ ဧည့်ခံပွဲမှာ လွှမ်း အများကြီး သတိထားမိခဲ့သည်၊

ထို့ကြောင့် ပိုရှုပ်ထွေးလာခဲ့သည်က ပတ်ဝန်းကျင်သည် မောင့်ကို အိမ်ထောင်မပြုထိုက်သည့်ယောကျာ်းဟု သတ်မှတ်ထားခဲ့ကြလျက် မောင်သည် အိမ်ထောင်ပြုခြင်းအမှုကို လုံးဝ ဥပေက္ခာထားခဲ့ပြီးမှ ...

"သမီးရေ"

"ရှင် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



လွှမ်း ချက်ချင်းထူးကာ တံခါးသွားဖွင့်လိုက်၏။ ဒေါ်မျိုးမျိုးသည် သန့်ရှင်းရောင်ပိုးပါတိတ်ဝတ်စုံနှင့် ရုပ်ရှင်မင်းသမီး မေသဉ္စာဦးတို့လို နုပျိုလှပနေဆဲဖြစ်သည်။

သူမက လွှမ်း ၏မေးဖျားလေးကို မချင့်မရဲလှမ်းဖျစ်ပြီး ရယ်ကာ—

"သမီးလေးက သိပ်ချစ်စရာကောင်းတာပဲကွယ်"

လက်ဖျားလေးကို နှစ်ဖက်စလုံးဆွဲယူ၍ ပုံးယှက်ကိုင်ကာ လွှမ်း ကို သူမရှေ့နီးအောင် ဆွဲယူလိုက်သေးသည်။ ပြီးတော့ ခဏခဏ မျက်ရည်သုတ်ခံနေရသဖြင့် နီရဲမို့အစ်နေသည့်ပါးပြင်လေးကို ငုံ့နမ်းကာ ...

"မေမေ သတိထားမိတယ်၊ သမီးရေလို့ခေါ်လိုက်တိုင်း 'ရှင် မေမေ' လို့ပဲထူးတယ်၊ ဘယ်လောက်အလှမ်းကွာနေနေ လှမ်းထူးတယ်၊ သမီးရဲ့ ထူးသံလေးရော မေမေ့ကို မေမေလို့ခေါ်ပြီး ရင်းနှီးတာရော ဘာတစ်ခုမှ လွန်ကဲတဲ့အမူအရာ မပါဘူး၊ သွက်တာထက်တာက တစ်မျိုး ရဲတင်းတာနဲ့ မတူဘူး၊ သမီးလေးက သွက်တာ၊ အရမ်းချစ်ဖို့ကောင်းတယ်"

"မေမေ ဘာပြောမလို့လဲဟင်"

ဒေါ်မျိုးမျိုးက ခေါင်းခါ၍ ...

"အပြင်မှာ သိမ်းဆည်းတာတွေ အားလုံး ပြီးကုန်ပြီ၊ လက်ဖွဲ့တွေလဲ မနက်ကျမှ သမီးတို့ဖွင့်ကြည့်လေ၊ မေမေ ဘုရားရှိခိုးပြီးရင်အိပ်တော့မယ်"

"ဟုတ်"

"သား အပြင်ထွက်သွားမှန်းသိလို့ မေမေ လာကြည့်တာ၊ သမီး နေရဲ့ ရဲ့လား"

"နေရဲပါတယ် မေမေရဲ့"

"စောတော့စောပါသေးတယ်၊ မေမေ ဘုရားရှိခိုးပြီးလို့ သား ပြန်မရောက်သေးရင် သမီးနဲ့ စကားလာပြောမယ်၊ ခြံထဲမှာ ကောင်မလေးတွေရှင်းလင်းပြီးရင်လဲ အပေါ်ရောက်လာကြမှာပါ"





"ရပါတယ် မေမေရယ်၊ လွှမ်း နေရဲပါတယ်၊ မေမေ ဘုရားဖြောင့်ဖြောင့်ရှိခိုးပါ"

လွှမ်း က ဒေါ်မျိုးမျိုးခါးကိုဖက်ထားပြီး အခန်းထဲကနေ တွက်လိုက်လာကာ ...

"လွှမ်းမှာ ဖေဖေရော၊ မေမေရောရှိတယ်၊ ဘွားလဲရှိတာပဲ၊ ဘွားရဲ့ ညီမ ဘွားလေးဆိုတာ မန္တလေးမှာရှိသေးတယ်"

"ဟုတ်လား"

"အဲဒီလိုမိသားစုတွေ အများကြီးနဲ့နေရတာဆိုတော့ ဒီမှာ မေမေ တစ်ယောက်တည်းနေရတာကိုမြင်ရပြီး မေမေ့ကို သနားတယ်"

"သမီးရယ် မေမေကတော့ အကျင့်ပါနေပါပြီ"

"ချစ်သောမောင် ငယ်ငယ်ကတည်းက သားအမိနှစ်ယောက်ပဲ နေခဲ့ရတာဆိုတော့ နှစ်ယောက်ရှိပေမယ့်လဲ အထီးကျန်ဆန်မှာပေါ့နော်"

"ဒါပေါ့ သမီးရယ်"

"ပြီးတော့ သူက မေမေ့နားမှာ အနီးကပ်နေပေးမယ့်ပုံလဲ မရှိပါဘူး"

"ဟိုတုန်းကတော့ သားလေးက မေမေ့ကိုယ်ပွားလိုပါပဲ၊ သားအမိကြားမှာ နေစပ်မရတာတွေ ဖြစ်လာကာမှ ခုလို တကွဲတပြားစီဖြစ်ကုန်တာ၊ တကယ်တော့ သမီးရယ် မေမေ မှားတာပါ"

အချစ်ဆိုတာ အတိမ်အနက် စမ်းသပ်ဖို့အခက်ဆုံး သိပ်သည်းမှုတစ်ခုဖြစ်သည့်အကြောင်း ဒေါ်မျိုးမျိုးက ခံစားချက်အပြည့်နှင့် ရင်ဖွင့်နေ၏။

"သူ သနားငဲ့ညှာနေတဲ့မိန်းကလေးတစ်ယောက်ကို မေမေ မညှာမတာ ချိုးဖဲ့ပြောမိသလိုလုပ်မိတော့ သူ့ရဲ့ကြင်နာမှုတွေ ကျိုးပေါက်သွားတာပေါ့၊ လေဖိအားနည်းရပ်ဝန်းမှာမှ မုန်တိုင်းဖြစ်တတ်တာမဟုတ်ဘူးလား၊ တကယ်တော့ ပုံရိပ် ဆိုတဲ့ မိန်းကလေးကို သူ မချစ်ပါဘူး၊ သနားခဲ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးကိုမှ တမ်းတမ်းစွဲရလောက်အောင်လဲ ထူးခြားတဲ့ဆွဲဆောင်မှု ဘာမှမရှိဘူးလေ၊ ဆံပင်တွေအရှည်ကြီးနဲ့နုငယ်နေတာလေးရှိတယ်၊ ပြီးတော့ သတ္တိရှိပုံပဲ၊ ပြောဆိုတာ ရဲတင်းတယ်၊ မေမေ အထင်မကြီးခဲ့တာ ဒါပါပဲ။ မိသားစုတွေ ဝိုင်းပြီး အလိုလိုက်ထားကြလို့ ဆိုးနွဲ့တာ၊ စကားသွက်တာက သဘာဝကျတယ်၊ အဲဒီမိန်းကလေးရဲ့ဘဝကတော့ တော်တော်ကြမ်းပါတယ်၊ ဒီလိုဘဝမျိုးကို ပိုက်ပွေ့ကြီးပြင်းလာခဲ့ရတဲ့မိန်းကလေးဟာ ရဲတင်းမနေသင့်ဘူး၊ အဲဒီလို အဆင့်အတန်းမျိုးကနေ ရဲတင်းလွန်းတော့ ကြမ်းတမ်းလာတာပဲရှိမယ်လေ"

အပေါ်ထပ် အတူတက်ခဲ့ကြရင်း လှေကားထိပ်ရောက်တော့ ဒေါ်မျိုးမျိုးက ရပ်နေလိုက်ကာ ...

"ဆင်းရဲလို့ တမင်နှိမ်ပြောတာမဟုတ်ဘူး သမီး၊ တကယ်တော့ အဆင့်အတန်းဆိုတာ ကိုယ့်ကိုယ်ကို သတ်မှတ်ပေးသွားတာ၊ ရိုးရိုးကျင့် မြင့်မြင့်ကြံ ဆိုတာက မြင့်တဲ့နေရာကိုတက်နေနိုင်ဖို့ မဟုတ်ဘူး၊ စိန်ခဲရွှေခဲ ကိုင်ပြီး မြင့်နေတာမျိုးလဲ မဟုတ်ဘူး၊ မြင့်မြတ်ခြင်းကိုပဲဆိုလိုတာ၊ မိမိ စိတ်ဓာတ်ခံယူချက်ကို မြင့်နေမှ တကယ်မြင့်မြတ်တဲ့သူဖြစ်မှာ။ များသော အားဖြင့်တော့ လူဆင်းရဲတာနဲ့အမျှ စိတ်ဓာတ်တွေ ကျဆင်းလာကြတာပဲ များပါတယ်။ သူက ထဘီလှန်ဆဲဝံ့တယ်၊ ငါ ဆဲဝံ့မှဖြစ်မယ်၊ ငါ့ရည်းစားနဲ့ ငါ ဘာဖြစ်ဖြစ်ပေါ့ သူတောင် သူများမယားဖြစ်နေသေးတာ၊ ဘာညာတွေလေ၊ ကိုယ့်ပတ်ဝန်းကျင်ကိုငုံ့ကြည့်ပြီး ငါက အများကြီးတော်သေးတယ်လို့ ကျေနပ်နေကြတာမျိုးပေါ့။ ပါကြီးထဲမှာ ပဲနောက်ရောဖို့ မလွယ်ပါဘူး။ လူတွေဟာ မိမိကြီးပြင်းလာခဲ့တဲ့ ပတ်ဝန်းကျင်မှာပဲ ပျော်တယ် ဒီတိုင်း အံဝင်ခွင်ကျဖြစ်ဖို့ပဲ ကြိုးစားတယ်၊ အနိမ့်အမြင့်ကို ကိုယ့်မျက်လုံးနဲ့ကိုယ် ရှာဖွေလမ်းထွင်ပြီး ဖောက်ထွက်တဲ့သူက ရှားပါတယ်"

ဒေါ်မျိုးမျိုးက ဘုရားခန်းဘက်ကို တစ်လှမ်းချင်းသွားနေရင်း လွှမ်း





လက်ဖဝါးလေးကို ထပ်ဆုပ်ဖျစ်ညှစ်နေလျက် ...

"မေမေ့ အယူအဆတွေထဲမှာ စည်းစိမ်အဆောင်အယောင်ကပဲ အဓိကမဟုတ်ပါဘူး သမီးရယ်၊ ဘယ်တုန်းကမှလဲ မမက်မောခဲ့ပါဘူး၊ ဒါပေမယ့် ပုံရိပ် ဆိုတဲ့ မိန်းကလေးရဲ့ ဘဝတစ်လျှောက်လုံးကို စုံစမ်းပြီး သိလိုက်ရတော့ လုံးဝ လက်မခံနိုင်ဘူး၊ လက်ရှိဘဝကိုဖယ်ပြီး မချစ်ပေမယ့် အောင့်နမ်းလိုက်ဖို့ကြိုးစားကြည့်တော့လဲ မရဘူး၊ သူ့ရဲ့ဘဝ၊ စိတ်ဓာတ်ကို ဘယ်လိုကျူးသွင်းပြုပြင်ယူဖို့မှမလွယ်တာကို မေမေ သိပေမယ့် သားကတော့ နားမလည်ဘူးလေ"

မမခက် ပြောပြသည့်အကြောင်းတချို့ကိုပဲ ဒေါ်မျိုးမျိုးက ပြောနေ ဖြန်သည်။ မမခက်ကတော့ မောင့် ဒိုင်ယာရီကိုဖတ်ခဲ့ရလို့ အားလုံးကို သေချာသိခဲ့သည်။

ပြောပြတော့လည်း စုံစုံလင်လင်ပါပဲ၊ ဒေါ်မျိုးမျိုးကတော့ ဟိုတစ်စ၊ ဒီတစ်ခါ။

"ပုံရိပ်ကို သူ တော်တော်ချစ်မှာပဲနော်"

"ဟင့်အင်း သနားခဲ့တာ၊ မေမေ့ကိုရှုပြီး လိုက်သွားပေမယ့် ဟိုရောက်တဲ့အထိ ချစ်သူဖြစ်ဖို့ ရည်ရွယ်ချက်မရှိခဲ့ဘူးဆိုတာ ကောင်းကျွန် မေမေ့ကို သေချာပြောပြတယ်။ ဒီမှာလို မဟုတ်ဘူးလေ၊ ဟိုမှာကျတော့ စကားတွေ အကြာကြီးပြော၊ အကြာကြီးတွေ့နေကြပြီး သူငယ်ချင်းတွေကလဲ စ၊ နောက်ရင်း အခြေအနေကို တွန်းပို့သလိုဖြစ်ကုန်တာပေါ့"

"သူ့စိတ်ထဲမှာ ခုထိ စွဲလမ်းနေတုန်းပဲထင်တယ်နော် မေမေ၊ အဲဒါကြောင့် တခြား ဘယ်မိန်းကလေးကိုမှ သူ စိတ်မဝင်စားတော့တာ၊ လက်ထပ်ဖို့တွေ ခဏခဏဖြစ်ခဲ့တာလဲ မေမေ စီစဉ်တာဆို"

"ဟုတ်တယ်၊ ဒါပေမယ့် သားလေးက အစကတည်းက ရည်းစား သနာစိတ်နဲ့ ရှုပ်ရှုပ်ပွေပွေ သိပ်မရှိခဲ့တာပါ။ ချစ်ကြတဲ့မိန်းကလေးတွေလဲ



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပဲ၊ သူက ဘယ်သူနဲ့မှ ချစ်သူမဖြစ်တော့ ပိုပြီး ပေါ်လွင်တာပေါ့၊ သမီးပဲ စဉ်းစားကြည့်ပါဦးကွယ်၊ အဲဒီလို တန်ဖိုးကြီးတဲ့ မေမေ့ သားလေးကို ပုံရိပ် လို မိန်းကလေးမျိုးနဲ့ မေမေ သဘောတူနိုင်ပါ့မလားဟင်၊ သူ့အဆင့်အတန်း ဘာဖြစ်ဖြစ် ရုပ်ရည်လေးက ခေါင်းခါမပစ်ရက်လောက်အောင် လှနေတာဆိုလဲ ထားပါတော့"

"သူ့ချစ်သူ သေသွားတော့ သူ တော်တော်ရူးနေသေးလားဟင်"

"မရူးပါဘူး၊ သူ စိတ်မကောင်းဖြစ်နေတာ၊ ပြီးတော့ မေမေ့ကိုရှုံ့ခဲ့လို့ဆိုတဲ့နောင်တလဲ သူ ရတယ်၊ ဒါကြောင့် စိတ်မပါဘဲနဲ့ မေမေ စီစဉ်တာတွေကို မငြင်းခဲ့တာပေါ့၊ နောက်ပိုင်းကျမှ သူ လုံးဝ လက်မခံတော့တာ တစ်ခါတလေ သားလေးခမျာ အဝေးကြီးကိုငေးပြီး တစ်ယောက်တည်း စကားတွေပြောနေရှာတယ်"

"သူ့ချစ်သူကို တမ်းတနေတာဖြစ်မှာပေါ့ မေမေ"

"မဟုတ်ပါဘူး သမီးရယ်၊ 'မင်း ဒုက္ခရောက်ခဲ့ရတာ ငါ့အပြစ်ပါ၊ အဲဒီအတွက် မင်း ငါ့ကိုပဲ အပြစ်ပေးပါ၊ သူတို့ကို မနှောင့်ယှက်ပါနဲ့' တဲ့"

ဒေါ်မျိုးမျိုးက သူမကိုယ်တိုင်ဆွေးနေသလို လှိုက်လှိုက်လှဲလှဲ ပြောပြ၏။

"ပြီးတော့ သူငယ်ချင်းတွေဆုံမိရင်လဲ သူ ညည်းတယ်၊ 'အဲဒါတွေ ဘယ်သူ့ကြောင့်ဖြစ်ကုန်မှန်း ငါ မသိဘူးကွာ၊ ယုံလဲမယုံနိုင်ဘူး၊ ပုံ အဲဒီလောက်ထိ အငြိုးထားနေသင့်သလား' တဲ့၊ ပုံရိပ် ကို သား စိတ်မျက်နေတာပါ၊ ချစ်ခဲ့ရင်တောင်မှ ပြီးခဲ့တာတွေပြီးသွားပြီပဲလေ၊ နောက်ထပ် လူတွေကို ဒုက္ခပေးတယ်လို့ ထင်လာတော့ သူလဲ စိတ်ညစ်မှာပေါ့"

"အဲဒါ တကယ်ဟုတ်လို့လား မေမေ၊ လွှမ်း ကတော့ မယုံပါဘူး"

ဒေါ်မျိုးမျိုးက လွှမ်းကိုစိုက်ကြည့်သည်။ ဘယ်လိုအဓိပ္ပာယ်တွေ သက်ရောက်စေမှန်းတော့ မသိပါ။ အကြာကြီးနေပြီးမှ ခေါင်းညိတ်၍





လက်ကိုလည်း လွှတ်ပေးကာ ...

"မေမေကလဲ မယုံပါဘူး၊ ပတ်ဝန်းကျင် ဆိုတာကတော့ သမီး သိတဲ့အတိုင်းပဲလေ၊ ကဲ... သမီးလေး သွားနားတော့နော်"

"ဟင့်အင်း လွှမ်း က သောက်တော်ရေလဲပေးမလို့ လိုက်ခဲ့တာ၊ အိမ်မှာလဲ မေမေတို့၊ ဘွားတို့ ညဘက် ဘုရားခန်းဝင်တိုင်း လွှမ်း ပဲ သောက်တော်ရေလဲပေးတာ၊ ပြီးပြီဆိုမှ မေမေနဲ့အတူ ဘုရားရှိခိုးပြီး လွှမ်း ကတော့ ခဏလေးပဲ၊ မေမေက ပုတီးစိပ်၊ တရားထိုင်ရင်း ကျန်ခဲ့တာပေါ့"

"ဟုတ်လား၊ လိမ္မာလိုက်တဲ့ကလေး"

ဒေါ်မျိုးမျိုး မျက်နှာမှာ အပြုံးပန်းတွေဝေနေလေသည်။ လွှမ်း က ညဝတ်အင်္ကျီပွပွ၊ ဘောင်းဘီပွပွအဖြူလေးနှင့် သွက်သွက်လက်လက်ရှိနေသမျှ သူမမှာ ပီတိတွေဖြစ်ပြီးရင်းဖြစ်ရ၏။ ပြီးတော့ ပြောသေးသည်။

"သားက တစ်ခုခုလွန်တာရှိရင်လဲ မေမေ့ကိုတိုင်နော်၊ ကလေးဆန်ဘာလေးကို မေမေက ချစ်ပေမယ့် ကလေးဆန်ဆန် စိတ်ဆတ်ပြီး မေမေ့ကိုထားသွားမှာတော့ကြောက်တယ်" တဲ့။

ပြီးတော့ "သမီးလေးက မေမေမွေးတဲ့ သမီးလေးပဲ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"တယ်ဟုတ်ပါလား"

အပေါင်းအသင်းတွေက ရှေ့နောက်နေကြပြန်သည်။ လက်ထပ်ပြီးတာနှင့် လုပ်ငန်းတွေမှာ မောင် ဝင်ပါနေပြီဆိုတာကို အံ့သြကြ၏။ ရည်းစားထားတယ်လည်းမကြား၊ လက်ထပ်မယ်ဆိုတာလည်း ကြိုတင်ခန့်မှန်းမိဖွယ် ဘာမှမရှိခဲ့သော..

ပြီးတော့ ရန်ကုန်ကနေ ပြင်ဦးလွင်ကမိန်းမကို သွားယူခဲ့သည့်အဖြစ်က ပြောစမှတ်ဖြစ်သွားခဲ့တာပင်။

"ငါတို့ထင်တာက မင်းကို အန်တီ နောက်ထပ်စီစဉ်ပေးတယ်ပေါ့ ခရီးထွက်သွားတယ်လဲကြားတယ်၊ လက်ထပ်မယ်လဲကြားတော့ မျက်စိရော နားရော ပူးပေါင်းရှုပ်ထွေးသွားတာပဲ"

"ဟုတ်တယ် ခု ပိုရှုပ်ကုန်ပြီ၊ ပြောပါဦး၊ အန်တီ ပေးစားတာလား မင်း တကယ်နိုးလာတာလား"





သူတို့ပဲထင်ကြ၊ သူတို့ဘာသာမေးနေကြတာတွေကို ကိုမောင် စိတ်မှက်ကာ မျက်ခုံးနှစ်ဖက်က ထိဆက်တော့မတတ်ဖြစ်နေ၏။

ကောင်းချာန်ကတော့ ရယ်နေလေသည်။ မောင့် ကို သူက ဒီလိုဖြစ်သွားစေချင်တာ ကြာပါပြီ။ မေ့သင့်တာကိုမေ့လိုက်၊ ရှေ့ဆက်ဖို့ကိုပဲ မျက်နှာမူပါ၊ မမေ့နိုင်ဘူးဆိုကတည်းက ချစ်လို့ပဲဖြစ်ဖြစ်၊ ကြောက်လို့ပဲ ဖြစ်ဖြစ် ကောင်းဖို့ရှိလို့လား။

အခု လက်ထပ်ပြီးစီးသွားခဲ့ခြင်းကို သူ့မှာ ဝမ်းသာလို့မဆုံးနိုင်။

ဒီထက် အမိကကျတာတောင် ဒီလောက်အမိကမကျနိုင်။ ဒါကြောင့် သူ့အတွက်ကတော့ ဘာမှမေးမြန်းဖို့မရှိပေ။ ခင်မင်ကြရုံ မိတ်ဆွေ၊ သူငယ်ချင်းတွေကတော့ မေးပြီးရင်း ရှုပ်နေကာ ...

"ကောင်မလေးက တော်တော်လှတာပဲကွာ၊ မင်းထက် အသက်ငယ်မယ်ထင်တယ်၊ ဖြေစမ်းပါ အမိကကို၊ မင်း တော်တော်ချစ်လား"

"ဘာလုပ်ဖို့လဲ"

"ဟ မင်းအတွက် မေးဖို့လိုလို့ပေါ့ကွ၊ ဘာလဲ အရင်လူတွေလို ဖြေဦးမလို့လား၊ လုပ်မနေနဲ့ မယုံဘူး၊ ကောင်မလေးကို မင်း သည်းသည်းလှုပ်နေတာ အားလုံး သိတယ်"

မောင်က ပြုံး၍ လက်ကနာရီကို မြှောက်ကြည့်လိုက်လျှင်...

"တွေ့လား အဲဒါပဲ၊ မင်း လက်ထပ်တဲ့ညကလဲ တစ်ခွက် တစ်ဖလားတောင် ချခိုင်းလို့မရဘူး၊ တို့ကို ဒီတိုင်းထားခဲ့ပြီး ပြန်ပြေးသွားတယ်၊ သူ့ကို အပြင်ခေါ် လာပြီဆို ဖင်မကျဘူး"

"ပြည့်စုံအောင်ပြောလေကွာ၊ အထူးသဖြင့် ညညဆို ခေါ်ထုတ်လို့မရတာ"

"ဟား ဟား"

"ဟုတ်တယ်၊ ခုလဲ ပြန်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



ရွှဲ့သလိုဖြစ်သွားပေမယ့် မောင် တကယ်ပြောလိုက်တာဖြစ်သည်။ ဘယ်သူတွေ ဘာထင်ထင် သူ့မှာက ကိုယ့်အကြောင်းနဲ့ကိုယ်၊ ဒါကို ကောင်းချာန် ကတော့ သိနေလိမ့်မည်။

ဒါပေမယ့် သူလည်း ရယ်ရယ်မောမောပဲနေလိုက်ရကာ ...

"ပြန်ပါစေကွာ၊ ခုမှ လက်ထပ်ထားတာ သုံးရက်ပဲရှိသေးတယ်၊ မင်းတို့ ဝင့်လိုက်လိမ့်မယ်"

ပြောနေကြဆဲမှာ မောင့် အိတ်ထဲဟမ်းဖုန်းမြည်လာသဖြင့် ရယ်သံတွေပါ တိတ်ကျသွားကြ၏။ မောင် က ထုတ်ကြည့်ပြီးမှ...

"လွှမ်း ဘာလဲ"

"ချစ်သောမောင်... ချစ်သောမောင် မြန်မြန်ပြန်ခဲ့ပါ။ လွှမ်း ကြောက်တယ်"

"ဟင်... လွှမ်း ... လွှမ်း"

မောင် နေရာမှ ဝုန်းခနဲထရပ်လိုက်သဖြင့် အားလုံး ပြူးပြဲမော့ကြည့်ကြသည်။ ထိုထဲတွင် မောင်နဲ့အတူတူထလိုက်သူက ကောင်းချာန်ဖြစ်၏။

"ဘာ... ဘာဖြစ်တာလဲ၊ လွှမ်း ဘာဖြစ်လို့လဲ"

"မသိဘူး၊ ငါ ပြန်ဦးမယ်"

"မောင် ..."

"မလိုက်ခဲ့ပါနဲ့"

ကျန်တဲ့လူတွေကတော့ ဟိုတွေး၊ ဒီတွေးနှင့်ပဲ သူတို့ ဇရုတ်ဇရက်ဖြစ်သွားတာကို ငေးမောနေခဲ့ကြသည်။ မောင် ကားပေါ် ရောက်သွားတော့တောင် အားမရဘဲ ခုန်ပေါက်ပြေးဆင်းသွားချင်မိ၏။ လွှမ်း ဘာမှမဖြစ်ပါစေနဲ့။





## အခန်း (၃၃)

"လွှမ်း ..."

သူ ကားပေါ်ကဆင်းတာနှင့် လွှမ်းကို အကျယ်ကြီးအော်ခေါ်လိုက်မိသည်။ ခြံဝမှာ ဦးရန်ရှင်းကိုမေးတော့လည်း မေမေ အပြင်ထွက်သွားသည်ဟဲ့။

အိမ်ထဲမှာ လွှမ်းတစ်ယောက်တည်းပဲဖြစ်လိမ့်မည်။ ညှို့စနိုးကို ဝင်လိုက်တာနှင့် မျက်လုံးထဲမှာပြာလဲ့လဲ့မီးရောင်လေးပဲ ရှိတော့သည့် အမှောင်ထုကြောင့် ပြာခနဲဖြစ်သွား၏။

ဒါ မီးမိုတ်ရမယ့်အချိန် မဟုတ်သေး။

"လွှမ်း ... မင်း ဘယ်မှာလဲ"

သူ့အသံကပဲ ပဲ့တင်ထပ်သွားသည်။ လွှမ်းထံမှ မည်သည့်တုံ့ပြန်မှုမလာ။

"လွှမ်း"

မောင် လှေကားကြီးပေါ်ကို ခုန်လွှားကျော်တက်ရင်း ဒီလှေကားထိပ်မှာ မျက်လုံးကြီး အဆမတန်ပြူးလျက် သေဆုံးနေသည့် သင်း၏ သူ့ပုံကို သတိရလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို အရက်တွေသောက်ပြီး လှေကားပေါ်ကလိမ့်ကျခဲ့သည်ဟု သတ်မှတ်ခဲ့ရသည်။ သတ်မှတ်ခဲ့ကြပေမယ့် သူ မယုံနိုင်။

"လှမ်း... မင်း ဘယ်မှာလဲ"

"....."

"လှမ်း ..."

သူ့ခေါင်းသံတွေပဲ ပဲ့တင်ထပ်နေပြီး တစ်ခန်းပြီးတစ်ခန်း ပြေးဖွင့်ကြည့်တာလည်း မတွေ့။ မောင် ခေါင်းထဲမှာ မီးတွေတောက်လာသလိုပင် နောက်ဆုံး ဝရန်တာတံခါးကိုပြေးဖွင့်ပြီး မတွေ့လို့ ဒီဘက်ကို ပြန်လှည့်လိုက်လျှင် ...

"ဝါး"

"ဟာ..."

စိုးရိမ်ကြီးနေသည့်စိတ်က လူကို ဖြန်းခနဲမြင်လိုက်ရသဖြင့် ဖြန်းခနဲ ပြာနှမ်းသွားကာ နောက်ကို အလန့်တကြားပြန်ဆုတ်မိ၏။

"ဟား ဟား ရယ်ရတယ်"

"ဘာ... မင်း ..."

ရင်ထဲက စိုးရိမ်မှုတွေအကုန်လုံးသည် ဒေါသများအဖြစ် စုကြိတ်လုံးထွေးသွားကာ လှမ်း ပခုံးတစ်ဖက်ကို အားရှိပါးရှိ တွန်းပစ်လိုက်မိ၏။

"မြရောင်လှမ်း ... မင်း.. မင်း ဦးနှောက်နည်းလှချည်လားဟင်၊ ဒါ နောက်စရာလား၊ ငါက မင်း ကစားစရာအရုပ်တစ်ရုပ်လား"

"ဘာဖြစ်နေတာလဲ ခင်ဗျား"

သူ ဆောင့်တွန်းပစ်လိုက်သဖြင့် လဲပြိုကျတော့မတတ် နောက်ဆုတ်ယိုင်နဲ့သွားသောကြောင့် လှမ်းမျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွား၏။

မောင့် ဒေါသက သနားရမှန်းလဲမသိတော့ပေ။ မီးခလုတ်ဆီကို မကြည့်ဘဲ လက်ပြန်ဖွင့်လိုက်၏။ မီးရောင်ဖွေးခနဲဖြစ်သွားမှ မျက်ခမ်းစပ်





လေးတွေနီရဲကာ မျက်ရည်ဝေ့ဝေ့နှင့် လှမ်းမျက်နှာလေးကို ထင်ရှားစွာ မြင်လိုက်ရသည်။

ဝတ်ထားသည့်ညဝတ်အင်္ကျီပွပွနှင့် အင်္ကျီအနီရဲရဲကြောင့် မျက်နှာလေး ပို၍နီရဲနေသလိုထင်ရသည်။ ငိုနေပေမယ့်လည်း မောင် ကတော့ သနားပါ။ သူ့မှာ ပူပင်သွားခဲ့မိတာ နှစ်ခါပြန်တောင် သေလို့ရသည်။

"မင်းအတွက် ငါ ဘယ်လောက်ထိ စိုးစဉ်နေသလဲ မင်းသိလား၊ အဲဒါ ဘာဖြစ်လို့ ဆိုတာလဲ မင်း သိတယ်၊ ဒါကို ဘာဖြစ်လို့ အကြောင်းပြချက်သလုပ်တာလဲ၊ ငါ... ငါ မင်းကြောင့် ..."

"တော်ပါတော့၊ ခင်ဗျား ဖြစ်ပြနေတာ ဒါပဲ၊ လှမ်းမှာလဲ အိမ်မှာ တစ်ယောက်တည်း အမြဲနေရတာ"

"ဟ အိမ်ရှင်မက အိမ်မှာနေရမှာပေါ့၊ မင်းဘေးမှာ နေ့ရောညရော ကပ်နေပြီး ငါက အလုပ်လုပ်မစားရတော့ဘူးလား၊ မိန်းမယူထားတာ အေးအတူပူအမျှမဟုတ်ဘဲ ကလေးထိန်းသလို ထိန်းနေရမှာလား"

"နေ့ရောညရောလို့မပြောပါနဲ့၊ ညဆိုရင်ရော ခင်ဗျား လှမ်း ဘေးကို ဘာလို့လား၊ စာကြည့်ခန်းထဲမှာ၊ ဧည့်ခန်းမှာ ဖြစ်သလို ကြုံသလို အိပ်နေတာ"

ပြောနေရင်း လှမ်းက အင့်ခနဲရှိုက်သည်။ သူ ပါးစပ်ပြင်နေပေမယ့် ဘာမှမပြောနိုင်။

"လှမ်း အိမ်မှာဆို အခန်းထဲမှာ ဘယ်တော့မှ တစ်ယောက်တည်း အိပ်တာမဟုတ်ဘူး၊ ခင်ဗျား သိပ်ရက်စက်တာပဲ သိလား"

လှမ်း ငိုပြီဆို သူ ဘယ်လိုနေရမှန်းမသိဖြစ်ကာ လက်သီးဆုပ်မိလိုက်၊ ဘဲတွေးမိုးချလိုက်၊ ဘယ်လိုမှမနေတတ်အောင် အဲဒီကောင်မလေး မျက်ရည်သုတ်နေတာ အသံထွက်ငိုတာက တော်တော်ဆိုးပါသည်။ အဆိုးဆုံးက ငိုပြီဆို စကားပြောလေးနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နေပါ၊ ခင်ဗျား လွှမ်းကို ပူစရာမလိုဘူး၊ သရဲမ ကုပ်ချိုးသတ်လို့ သေမယ်ဆိုရင်တောင် ခင်ဗျား ထပ်ပြီး နာမည်မပျက်ရအောင် ကျွန်မကို ကျွန်မ အနေအထိုင်မတတ်လို့ သေရတာပါဆိုပြီး စာရေးသွားမယ်"

ကြည့်...၊ ပြောချင်တာပြောပြီး ပြေးလွှားထွက်သွားလေသည်။ ကိုယ့်နဖူးကိုယ် ပြန်၍ကုတ်ခြစ်ရင်း မောင် စိတ်ပျက်စွာ ကျန်ခဲ့လေသည်။ အောက်ထပ်ကိုဆင်းဖို့ လျှောက်လာခဲ့စဉ် အိပ်ခန်းရှေ့က ဖြတ်တော့ လွှမ်း ငိုသံကို ကြားနေရ၏။

သူ မိန်းမယူမိတာလား၊ ကလေး မွေးစားမိသည်လား..။





## အခန်း (၃၄)

"ဒါကတော့ သားရဲ့အိမ်ထောင်ရေးလေ၊ အဆင်ပြေချင်ရင် အဆင် ပြေအောင် သားက ကြိုးစားပေါ့၊ လွှမ်း က ကလေးဆန်ပေမယ့် အသိစိတ် လေးရှိတယ်၊ ဘာသာတရားကိုင်းရှိုင်းတယ်၊ မိကောင်းဖခင်သားသမီး ပီသ ထိုက်တာလဲ မေမေဖြင့် ချစ်လို့ကိုမဝဘူး"

ဒီလိုဆိုးပါတယ်၊ ဒီလိုစိတ်ညစ်မိတယ်ဟု အတင်းပြောဖော်လေး ရှိလားလို့ ရင်ဖွင့်မိပါသည်၊ မေမေ့စကားထဲမှာ 'ဪသားလေး စိတ်ညစ်နေ ရှာပါလား' ဆိုတာ တစ်လုံးမှမပါပေ။

"ခဏခဏငိုတတ်တာက သားက သူပျော်အောင်မထားတတ်လို့ ဖြစ်မှာပဲ။ ကလေးမလေး သနားပါတယ် သားရယ်၊ သူ့ခမျာ မိဘကလဲ ပစ်ထားတဲ့အချိန် မေမေကလဲ အိမ်မှာ အချိန်ပြည့်ရှိတာမဟုတ်ဘူး၊ သားက စီးပွားရေးတွေလုပ်နေပြီဆိုတော့ သူ့မှာ အထီးကျန်ရှာပြီပေါ့။ ဟိုနေ့ကဆို မိနိုင်တို့ မေမေ့ကို အထိတ်တလန့် ပြန်တိုင်ကြတယ်၊ လွှမ်း က ထမင်းဟင်း ဝင်ချက်၊ ကြမ်းတိုက်နဲ့ သူ ပျင်းလို့ပါဆိုပြီး ဘယ်သူ့မှ



www.burmeseclassic.com

www.burmeseclassic.com



တားလို့မရဘူးတဲ့၊ ကောင်မလေးတွေက သူ့ ဖွတ်ဝင်လုပ်နေ
ကြောက်လန့်နေကြတာပေါ့"

မမေ ပြောတာတွေ ကြားမှ ပိုစိတ်ညစ်သွားမိသည်။ အိမ်ထောင်
လိုက်ခြင်းရဲ့ နောက်မှာ ဘယ်လိုဝတ္တရားတွေ ထပ်ရှိနေသေးသလဲ၊
သိတာက အိမ်ထောင်ဦးစီးတစ်ယောက်ပီသမည်၊ ကြိုးစားမည်၊ ဦးဆော
မည်၊ ထို့ပြင် ...

ဒါတွေထက်ပို၍ လောလောဆယ်အရေးကြီးနေတာက သူမအတွ
လုံခြုံဖို့မဟုတ်ဘူးလား။ လွှမ်း ကို ရှေ့ကဖြစ်ပျက်သွားခဲ့ကြသည့် ဘဝ
တွေလို ဘယ်နည်းနဲ့မှ အဖြစ်မခံနိုင်သည့် စိုးရိမ်မှုက ရင်ထဲမှာ ပြင်းပြ
ထန်ထန်ရှိနေသည်။

သူ့ရင်ထဲမှာ အရေးတကြီးထည့်ထားသည့်ပြဿနာ ဒါပဲဖြစ်၏။
အိမ်ထဲမှာပဲ ဖြစ်သွားခဲ့သည့် အဖြစ်အပျက်တွေကို အာရုံထဲကဖျောက်
လို့ အခု သူ နေရာသစ်တစ်ခုမှာ အခြေချဖို့လည်း ကြိုးစားထားပြီးပြီ

အစကဆို မမေကလည်း သဘောမကျခဲ့ပါ။

"ဖြစ်ရလေ သားရယ်၊ ဒီအမေနဲ့ ဒီသား နှစ်ယောက်တည်းရှိတာ
များ တခြားမှာ ခွဲနေရမယ်လို့ကွယ်၊ မိန်းကလေးက သူ့မိဘတွေဆီမှ
နေချင်တယ်ပြောလို့ မမေ့ဆီကနေ ခွဲသွားမယ်ဆိုရင်တောင် ကြား
ကောင်းသေးတယ်"

"မဟုတ်ဘူး မမေ၊ သူ့မိဘတွေဆီမှာနေမယ်ပြောလဲ ကျွန်တော်
ငြင်းမိမှာပဲ၊ မမေ့ဆီမှာ မနေချင်တာလဲမဟုတ်ဘူး"

နောက်ဆုံးကျတော့ သူ ဘာဖြစ်နေတာကို မမေ နားလည်သွား
သည်။ ခွင့်မပြုချင်သော်လည်း ခေါင်းညိတ်ပေးခဲ့ရှာသည်။ လွှမ်း ဘာဖြ
လို့ နားမလည်တာလဲ။

မောင် ကိုယ့်ကိုယ်ကိုတော့ လိုနေသေးသည်မထင်။ မှားတယ်





လည်းမထင်ပါ။ ထို့ကြောင့် လွှမ်း ကို အရိပ်တကြည့်ကြည့်ရှိခဲ့ပေမယ့်
နားလည်အောင်ပြောပြချော့မော့တာမျိုးလည်း မလုပ်မိခဲ့ပေ။ လွှမ်း က
လည်း အခန်းအောင်းပြီး ကောက်ကွေးနေတတ်သည့်ဘဉ်ဆိုးလေးတော့
မရှိရှာ။

"ခင်ဗျား မအိပ်သေးဘူးလား"

အလုပ်လုပ်နေသည့်ဘေးကို ရောက်လာပြီး မေးသည်။ ပြီးတော့
စားစရာတစ်ခုခုတော့ သူမ စိတ်ကူးတည့်သည့်အတိုင်း စီစဉ်ပေးသွား
တတ်၏။

ဘာကြိုက်တတ်လဲ၊ ဘာစားမလဲဟု မမေးတတ်ပေမယ့် မကြိုက်လို့
မစားဘဲထားရင်တော့ မှတ်ထားတတ်တာလေးရှိ၏။ ဒါကို မမေက
ချီးမွမ်းလို့မဆုံး။

"တွေ့လား၊ ကလေးဆန်တာလေးက ဖြူစင်တာပါ၊ သိပ်လိမ္မာတဲ့
မိန်းကလေး"တဲ့။ အလုပ်လုပ်နေရင်း လွှမ်း အကြောင်းကိုပဲ တွေးနေမိ
သဖြင့် လုပ်လက်စတွေကို ချထားလိုက်ရတော့သည်။ အချိန်ကိုကြည့်
တော့ ဆယ့်တစ်နာရီထိုးတော့မည်။

သူ လွှမ်းကိုသွားကြည့်ကာ မွေ့ရာထက်မှာ လက်ပိုက်လေး ကွေး
ကွေးလေးအိပ်နေတာမြင်တော့ စောင်ကိုဆွဲကာ သာသာလေးလွှမ်းတင်
ပေးလိုက်သည်။ ပြီးတော့ အဲကွန်းကို အရှိန်ချထားခဲ့ပြီး ပြန်ထွက်လာခဲ့
၏။

ဒီနေ့ထိ သူ လွှမ်း ဘေးမှာ တစ်ခါမှ ဝင်မလှဲခဲ့ဖူးပေ။ စိတ်ထဲမှာ
ဘာကိုစိုးရိမ်နေမှန်းမသိ။ ဒါမှမဟုတ် ကြောက်လန့်စိတ်တွေရှိနေ၍လား၊
လွှမ်း ကို သူ ပွတ်သီးပွတ်သပ်ကြင်ကြင်နာနာနေထိုင်မိလျှင် လွှမ်းအ
အန္တရာယ်ပိုမိုကြီးမားလာတော့မလိုလို။

လွှမ်း မျက်နှာလေးကို မတ်တတ်ရပ်ငေးရင်း သက်ပြင်းချနေခဲ့မိတာ



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်။ လွှမ်းကို သူ မချစ်လို့များ မကြင်နာချင်တာလား။ ဒါဆို သူမအတွက်ကိုပဲ ဘာဖြစ်လို့ ခေါင်းထဲထည့်ထားနေခဲ့တာလဲ။ အပြင်မှာ ဘယ်သွားနေနေ၊ ဘယ်ရောက်ရောက် စိတ်ထဲမှာ လွှမ်း ကို နှောက်ဆံတင်းနေ၏။

အိမ်မှာ အတူတူရှိနေကြချိန်တောင်မှ ကျယ်ကျယ်လောင်လောင် အသံတစ်ချက်လောက်ကြားလိုက်မိလျှင် လူက ဆတ်ခနဲဖြစ်၏။ ထို့ကြောင့် သူ ဒီမှာ မနေလိုတော့ပေ။

ဧည့်ခန်းမှာ ပစ်စလက်ခတ်ထိုင်ချလိုက်ရင်း စိတ်ပင်ပန်းစွာ မျက်လုံးတွေကိုပိတ်ထားမိစဉ် နားထဲမှာ ခြေသံတစ်ချက်ကို ကြားလိုက်၏။

လှည့်ကြည့်လိုကတော့ လွှမ်း က နှုတ်ခမ်းလေးစူလျက် ရေအိမ်ဘက်ကိုထွက်သွားသည်။ ဒါဆို သူ အခန်းထဲဝင်ပြီး စောင့်ခြုံပေးခဲ့တာ လွှမ်း မအိပ်သေးဘူးပေါ့။

စိတ်ကောက်နေခြင်းလားဟု တွေးလိုက်မိပြီး သူ တစ်ခုခုတော့ ရှင်းပြဖို့လိုပြီဟုလည်း နားလည်မိသည်။ ကိုယ့်အတွေးနဲ့ကိုယ် နေရာမှထ,ရုပ်လိုက်ကာ လွှမ်း ဆီကို သွားမလို့ဖြစ်၏။ သို့သော် ...

မတ်မတ်ရပ်လိုက်ပြီး ရှေ့ကိုခြေလှမ်းလိုက်တော့ အရိပ်တစ်ခုက အေးခနဲလေတစ်ရိုက်နှင့် ရှေ့မှာ ကပ်ပေါ်လာ၏။ မော့ကြည့်လိုက်မိလျှင်...

"ဟာ ..."

ဆံပင်ရှည်တွေ အုပ်ဖားဝဲဖြစ်နေသည့်သဏ္ဍာန်က မီးရောင်တွေ ဖွေးဖွေးလှုပ်နေလျက်နှင့် မျက်လုံးထဲမှာ မည်းမောင်သွား၏။

"ပုံ ..."

မဟုတ်ဘူး၊ တကယ်ကြည့်လိုက်တော့ ရှေ့မှာ ဘာမှမရှိပါ။ သူ အသက်ရှူဖို့မေ့သွား၏။ ဘယ်ရောက်သွားတာလဲ၊ ပုံ ကို သူ သေချာမြင်





လိုက်တာ မမှားနိုင်၊ သူ ကြောင်ငေးရပ်နေမိဆဲမှာ ရေအိမ်ဘက်ကို ဝင်သွားသည့် ဆံပင်ရှည်တွေနှင့်သဏ္ဍာန်က ရိပ်ခနဲ။

"ဟာ မဟုတ်ဘူး၊ မလုပ်နဲ့ ပုံ ..."

လွှမ်းဆီကိုသွားပြီဆိုသည့်အသိနှင့် မောင် အော်ပြီးပြေးလိုက်သည်။ ထိုစဉ် ...

"ချစ်သောမောင် အား..."

"ဒုန်း"

ဆူညံလဲပြိုသံတွေက ညဥ့်ယံမှာ ကျက်သရေကင်းမဲ့စွာ ဆူးဆူးဝါးဝါး။

"လွှမ်း..."

သူ ပွင့်နေသည့်တံခါးကို ပြေး၍ဆွဲဖွင့်လိုက်မိ၏။

"ဟင် ..."

လွှမ်း သည် လည်ပင်းကိုပြန်ဖိဆုပ်ကိုင်ထားလျက် သမံတလင်းပေါ်မှာ လူးလှိမ့်နေ၏။

"လွှမ်း ..."

သူ တအားခေါ်မိကာ ပြေးဝင်လိုက်၏။ သို့သော် ရေအိမ်ထဲကို မရောက်ဘဲ ဆိုဖာပေါ်မှာပဲ ငုတ်တုတ်ထိုင်လျက်ဖြစ်နေလေသည်။

"လွှမ်း..."

သူ အိပ်မက်မက်နေတာပါလား၊ ချွေးပြန်နေသည့်နဖူးကို ပွတ်ပစ်လိုက်ရင်း သူ့ခြေလှမ်းကျဲကျဲတွေက အိပ်ခန်းဆီသို့ ရောက်သွား၏။ ဟနေသည့်တံခါးကို တွန်းဖွင့်လိုက်တော့ မျက်လုံးပြူးသွားလေသည်။ လွှမ်း ဘယ်ရောက်သွားသလဲ။

"လွှမ်း ..."

ခေါ်မိပြန်ပါပြီ။ ညဦးက သူ လွှမ်းကို စောင်ခြုံပေးခဲ့ပြီး ဆိုဖာပေါ်မှာ ခဏထိုင်ရင်း အိပ်ပျော်သွားခဲ့သည်။ စိတ်က သူမကိုပဲ ဂရုတစိုက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မဟုတ်တရုတ်တွေ အိပ်မက်ခဲ့တာဖြစ်၏။

ခုတစ်ခါ သူ တကယ်ပြေးနေခြင်းဖြစ်သည်။ ဒါ အိပ်မက်မဟုတ်တော့ပေ။ ရေအိမ်တံခါးရှေ့ရောက်တော့ တုံ့ခနဲရပ်သွားကာ ချက်ချင်းမဖွင့်ရဲ ညဥ့်တစ်နာရီဆိုသည့်အချိန်ဟာ သူသာလျှင် နိုးပြန်နေရခြင်း ဖြစ်လျက် ပတ်ဝန်းကျင်အားလုံးမှာ တိတ်ဆိတ်ခြင်းက ကြောက်မက်ဖွယ် ကြီးစိုးနေသည်။

"လွှမ်း"

အလျှင်စလို ခေါ်လိုက်မိပြီး တံခါးကိုဆွဲဖွင့်လိုက်တော့ အထဲမှာ ဘယ်သူမှမရှိ။ ရှာရပြန်ပြီ လွှမ်း ကို၊ အိမ်ထောင်ပြုကြခြင်းကို လွှမ်း ဘယ်လိုပုံဖော်ပြီး သူ့အပေါ် အပြစ်မြင်နေသည်မသိပေမယ့် သူ့အတွက်ကတော့ ဒီလိုစိတ်ပင်ပန်းရတာမျိုး မရှိခဲ့ဖူးပေ၊ သူမနဲ့ကျမှသာ ...

သူ မေမေ့အခန်းတစ်ခန်းမှလွဲလျှင် အားလုံး စုံအောင်ဖွင့်ပြီးဖြစ်၏။ အောက်ထပ် အားလုံးနှံ့မှ အပေါ်ထပ်ကို မော့ကြည့်ဖြစ်၏။

အပေါ်ထပ်ကို အကြောင်းကိစ္စကြီးငယ်မရှိဘဲ မတက်နဲ့ဟု သူ သေချာမှာထားသည်။ ဒီလှေကားကြီးမှာ လွှမ်း ကို မဆင်းမတက်စေချင်။

အပေါ်ကို မောင် ပြေးတက်သည်။ ထိပ်နှင့်တည့်တည့်မှာရှိသော ဝရန်တာတံခါးက ပွင့်နေသဖြင့် ထိုဆီကို တန်းသွား၏။ မီးနှစ်လုံးစလုံး ဖွင့်ထားသောကြောင့် ဝရန်တာမှာ ကုလားထိုင်တစ်လုံးနှင့် ခွေခေါက် အိပ်ပျော်နေသည့်လွှမ်းကို မြင်လိုက်ရသည်။

"ကျွတ်.. ဒီကောင်မလေး ..."

အိပ်ပျော်နေတာသာမဟုတ်လျှင် သူမ ငိုသွားစေနိုင်လောက်သည့် ပြစ်တင်စကားတွေကို ပြောမိဦးမှာဖြစ်သည်။ ဒီလောက် အတန်တန်မှာထားတာတောင်မှ ဒီနေရာထိ လာအိပ်ရဲနေသည်။

လူတွေအားလုံးက သာမန်အတိုင်းပဲ သွားလာလည်ပတ်နေကြတာ





ဖြစ်ပြီး သူပဲ ရူးနေခဲ့တာလား။ ပုံ က သူ့စိတ်နဲ့ဖွဲ့လမ်းပြီး မကျွတ်မလွတ် ဖြစ်နေတာလား။ သူက ပုံ့စိတ်နဲ့ စိတ္တဇဖြစ်နေခဲ့တာလား။

ဘယ်သူရူးနေတာလဲဆိုတာ မသိပေမယ့် လောလောဆယ်မှာ အချိန် ...င်း ကျိုးလန့်စာစာဖြစ်နေရတာက သူပဲဖြစ်သည်။ လွှမ်း ကိုယ်လုံးလေး ... ဖွဖွသာသာလေး ပွေ့ယူလိုက်ပြီး သူ အောက်ထပ်ကို ပြန်ဆင်းခဲ့၏။

လှေကားတစ်ဝက်လောက်ရောက်တော့ သူ ဆက်မသွားဘဲ ရပ်နေ ...က်သည်။ နားစွင့်ကြည့်လိုက်ပေမယ့် ဘာသံမှမကြား၊ ဆက်ဆင်းလာခဲ့ ...တော့ ပုံမှန်မဟုတ်သည့်ခြေသံတစ်ခုကို သတိထားလိုက်မိ၏။ သူ့နောက် ...ကပ်ဆင်းလာသည့်ခြေသံ။

နောက်ထပ် ရပ်နေလိုက်တော့ ထိုအသံပါ ပျောက်သွား၏။ သူ စိတ် ...င်နေတာလား၊ ကိုယ့်ကိုယ်ကိုပဲ အရူးလို့ သတ်မှတ်ကာ ဆက်လျှောက် ...ခဲ့မိသည်။ အခန်းထဲပြန်ဝင်လာခဲ့ပြီး လွှမ်း ကို မွေ့ရာထက်မှာချလိုက် ...သည်။ သူမရဲ့ ကျောအောက်က လက်ကို ဆွဲထုတ်လိုက်တော့ လွှမ်း နိုး ...သွား၏။

"ဟင်.. ချစ်သောမောင်"

အိပ်ခန်းကို ဝေ့ခနဲကြည့်လိုက်ပြီး ချက်ချင်း ပြန်ထ၏။

"အိပ်လေ၊ မင်း ဝရန်တာမှာ သွားအိပ်နေလို့ ကိုယ် ပြန်ခေါ် လာတာ၊ ...ဖြစ်လို့ အပေါ် တက်သွားတာလဲ၊ မပြောမဆို"

အချိန်မရှိတော့ပေမယ့် စိုးရိမ်လိုက်ရတာ တန်ဖိုးကြီးလွန်းလို့ အပြစ် ...င်စကားတော့ ပြောမိသေးသည်။ လွှမ်း က မျက်လုံးနှစ်ဖက်ကို လက် ...စ်ဖက်နှင့် ပွတ်သပ်ပစ်ကာ ...

"ဒီအိမ်ထဲမှာပဲဟာ ပြောဆိုသွားရဦးမှာလား၊ ဘယ်နှစ်နာရီရှိပြီလဲ ...င်"

မောင် က လက်ကနာရီကိုပဲကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နာရီခွဲတော့မယ်၊ အိပ်တော့"

"ခင်ဗျားက မအိပ်သေးဘူးလား"

"မျက်လုံးကျယ်သွားပြီထင်တယ်၊ ချက်ချင်းတော့ ပြန်ပျော်မှာမဟုတ်ဘူး"

ပြောပြီး မောင် အပြင်ထွက်ဖို့ ခြေလှမ်းပြင်၏။

"ခင်ဗျား ဒီအိပ်ရာပေါ်မှာအိပ်ရင် တရားစွဲမယ်လို့များ တစ်ယောက်ယောက်က ခြိမ်းခြောက်ထားသလား"

မောင် ကျောခိုင်းပြီးမှ ခြေလှမ်းတုံ့သွား၏။

"ဒါဆိုရင် ကျိန်စာသင့်နေတဲ့ဒီအိပ်ရာပေါ်မှာ လွှမ်းလဲ မအိပ်ဘူး"

သူ ဖျတ်ခနဲပြန်လှည့်သည်။ အိပ်ရာထက်ကနေဆင်းဖို့ ခြေတစ်ဖက်ချပြီးဖြစ်နေသည့် လွှမ်း ရဲ့ဘေးမှာ ဝင်ထိုင်လိုက်မိရင်း ...

"ဘာတွေလျှောက်လုပ်ဦးမှာလဲကွာ၊ မင်းကို ကိုယ် ပစ်ထားတာမှ မဟုတ်တာဘဲ"

"ဟင့်အင်း၊ လွှမ်း က ခင်ဗျားနဲ့လက်ထပ်ခဲ့တာ သက်တော်စောင့်လိုချင်လို့မဟုတ်ဘူး"

လွှမ်း မျက်ဝန်းလေးတွေက သူ့ကို ငေးမောစူးစိုက်လာခဲ့ပြီး ...

"လွှမ်း ဝမ်းနည်းတယ် သိလား၊ လွှမ်း ကို ခင်ဗျား မချစ်ဘူးဆိုတာသိတယ်၊ ဒါပေမယ့် လွှမ်း နဲ့ခင်ဗျား လက်ထပ်ခဲ့ကြတာပဲမဟုတ်လား၊ ခင်ဗျားက ချစ်ချစ်မချစ်ချစ် လွှမ်းက ချစ်တယ်၊ လွှမ်းရဲ့ဘေးမှာ တစ်ချိန်ချိန်လေးတော့ နေပေးဦးပေါ့၊ ခုတော့ ..."

လွှမ်း နှုတ်ခမ်းလေးကိုက်လိုက်တော့ ငိုချလိုက်မှာစိုးကာ လွှမ်း ဘေးကို သူ တိုးသည်။ မေးဖျားလေးကနေ မော့လာအောင် ပင့်ယူလိုက်ပြီး...

"ငိုဦးမလို့လား"

"ခင်ဗျားထွက်သွားရင် ငိုမှာ"





လွှမ်း ၏မျက်ဝန်းညိုလေးတွေကို စိုက်ကြည့်ပြီး သူ ပြုံးလိုက်မိ၏။

"မင်း ဘေးမှာ ကိုယ်ရှိနေရင် မင်း စိတ်ညစ်သွားမှာ"

ပြောလိုက်တော့ ညိုမှောင်နေသည့်မျက်နှာလေးက ချက်ချင်း ပြုံးသွားသည်။ ပြီးတော့ သူ့ကျောပြင်ကို သိုင်းဖက်ကာ ရင်ခွင်ထဲတိုးဝင်လျက်...

"ခင်ဗျားကို လွှမ်း ချစ်တယ်"

မောင့်ရင်ထဲမှာ သိမ့်ခနဲဖြစ်သွားသည်။ လွှမ်း ၏ခါးလေးကို ပြန်၍သိမ်းပွေ့လိုက်မိစဉ် သူ့မေးဖျားကို မော့နမ်းလာသည့် လွှမ်း၏အကြင်နာလေးတစ်ချက်မှာ ရင်ခုန်သံတွေ ရိုင်းစိုင်းကြမ်းတမ်းလာခဲ့ပြီး ...

တကယ် နက်ရှိုင်းလွန်းတာက ရင်ခုန်သံများနှင့်ညပဲဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

"သမီးကိုကိုရော"

"နိုးခဲ့တယ် မေမေ"

လွှမ်းက ဒေါ်မျိုးမျိုး လက်ဖက်ရည်ပွဲထိုင်တာကို မီအောင်ပြန်ဝင်လာပြီး သူမကိုယ်တိုင် လက်ဖက်ရည်ထည့်ပေးသည်။ ပြီးတော့ ပေါင်မုန့်မီးကင်ကို ညှပ်ထဲက သွားဖြုတ်ယူကာ ထောပတ်မသုတ်ဘဲ သကြားလေးကို မှုံအောင် ဂရုတစိုက်ဖြူးပေးပြီးမှ ရှေ့မှာချပေး၏။

"သမီး ထောပတ်မသုတ်လိုက်ဘူးလား"

ဒေါ်မျိုးမျိုးက ပေါင်မုန့်ကြော်ကို ထောပတ်သုတ်၊ သကြားဖြူး စားတတ်တာပါ။ လွှမ်း ရောက်လာကာမှ...

"ကြော်ထားတဲ့ပေါင်မုန့်က ဆီတွေ အများကြီးပါတာ မေမေရဲ့၊ တမင်တကာတောင် ဆီလျှော့စားရဦးမယ်ဟာ၊ ပေါင်မုန့်ကြော်တွေ မစားပါနဲ့၊ အနေတော်လေး လွှမ်း ကင်ပေးမယ်၊ အကျင့်လုပ်ပြီးစားကြည့်နော်"

သူမပဲ အပြောကောင်း။ ချစ်နေတော့လည်း ဘာဖြစ်ဖြစ် အပြစ်မမြင်နိုင်ဘဲ အားလုံးကောင်းနေတာပဲဖြစ်၏။ ခုတစ်ခါ ပေါင်မုန့်မှာ ထောပတ်သုတ်ထားတာမတွေ့လို့ မေးလိုက်ခြင်းဖြစ်သည်။ လွှမ်း က လေပြေထိုးတော့မည့်အပြုံးလေးနှင့် ခုံဆွဲထိုင်လိုက်ကာ ...





"ထောပတ်မသုတ်လိုက်ဘူး၊ မနေ့က မင်္ဂလာပွဲသွားဖို့ မေမေ ပြင်ဆင်နေတုန်း လွှမ်း သတိထားမိတာလေ၊ ဒီရက်ပိုင်းမှာ မေမေ့ ကိုယ်လုံးပြည့်လာတယ် သိလား၊ အဆီတွေများများစားနေရင် ပိုတိုးလာမှာ၊ တချို့ အဆီအဆိမ့်ရှောင်တဲ့လူတွေဆို ထမင်းတောင်မှ ဆန်ကြမ်းပဲ သပ်သပ်ချက်စားကြတာ၊ ထောပတ်ဆိုတာ အရမ်းအန္တရာယ်များတာပဲ၊ အပွန်း... မေမေ အလှပျက်သွားမှာစိုးလို့"

"သမီးရယ် ..."

ဒေါ်မျိုးမျိုးက ရယ်လျက်နှင့် ပေါင်မုန့်မီးကင်ကို ခေါက်ယူလိုက်သည်။ ပါးစပ်ထဲမထည့်ဖြစ်သေးဘဲ လွှမ်း ကိုကြည့်ရင်း ...

"ဒီအသက်အရွယ်ရှိမှတော့ အဆီတက်မှာတွေ၊ အလှပျက်မှာတွေ မကြောက်တော့ပါဘူး သမီးရယ်၊ ခေတ်ကာလက သက်တမ်းတိုတဲ့ခေတ်လေ၊ မသေခင် ကျန်းမာနေတုန်းမှာ စားချင်တာလေးတွေ စားသွားချင်တယ်"

"အဲဒီလိုမွေးရင်တော့ တစ်မျိုးပေါ့ မေမေ၊ သက်တမ်းတိုသလို အနာရောဂါတွေကလဲ များတယ်။ ဘွားဆိုရင် မကြားဖူးတဲ့ရောဂါတွေ၊ မကြုံဖူးတဲ့ရောဂါတွေဆိုပြီး ညည်းသလားမမေးနဲ့ သူ့ကိုယ်သူရော၊ မေမေ့ကိုရော တစ်အိမ်လုံးရဲ့ ကျန်းမာရေးကို အထူးကြပ်မတ်တာ။ တစ်ခါ တစ်ခါများ ထမင်းဝိုင်းမှာ ထိုင်မိကာမှ ဒါတွေ ဘာလို့ချက်ရတာလဲ၊ ဒီဟင်း မစားနဲ့ ဆိုပြီး တစ်ချက်လွှတ်အမိန့်နဲ့တားတာ၊ ဖေဖေတောင်မှ ယောက္ခမပေမယ့် ဘွားကိုကြောက်ရတယ်"

"သမီးကရော ..."

"လွှမ်းလဲ ကြောက်ရတာပဲ မေမေရဲ့၊ ဒါပေမယ့် ပြောချင်တာဆိုရင်တော့ မေမေတို့ မပြောလဲ လွှမ်း ကတော့ ပြောချလိုက်တာပဲ၊ လူပဲကို မော်မကြည့်ရဲတာ မန္တလေးမှာနေတဲ့ ဘွားလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်း လွှမ်း က တစ်ခုကို သတိရသွားပုံနှင့် ခစ်ခနဲရယ်သည်။

"ဘွားလေးကိုအကြောက်ကောင်းလို့ ချစ်သောမောင်ဆိုတဲ့လူကြီးနဲ့ ပါလာတာလေ၊ မေမေ့သားက လွှမ်း ကိုမှ မချစ်တာ"

ပြောသင့်မှန်း၊ မပြောသင့်မှန်းလည်း ဂရုမစိုက်။ ဒေါ်မျိုးမျိုးက လွှမ်း မျက်နှာလေးကို ချစ်စနိုးကြည့်နေလျက် ..

"ပြောနေရင်း သတိရပြီ၊ သမီးက သမီးကိုကို့ကို ဘာဖြစ်လို့ ကိုကိုလို့ မခေါ်တာလဲ၊ ဒါမှမဟုတ် တစ်ခုခုခေါ်ပေါ့၊ ခုလိုကြီး နာမည်ခေါ်တာက တခြားလူကြားရင် မသင့်တော်ဘူး သမီးရဲ့"

လွှမ်း က ဒေါ်မျိုးမျိုးကိုမကြည့်ဘဲ ကော်ဖီငုံ့ထည့်နေရင်း ပြုံး၏။ ကော်ဖီကရားကို ပြန်ချထားလိုက်ပြီးမှ ...

"ကိုကိုဆိုတာ လွှမ်းရဲ့အစ်ကိုကဲ့ လွှမ်း ခေါ်ခဲ့တာ မေမေရဲ့၊ ပြီးတော့ ချစ်သောမောင် ဆိုတဲ့ နာမည်သုံးလုံးကို လွှမ်း ချစ်တယ်၊ တစ်ခါခေါ်လိုက်ရတိုင်း ပိုပိုချစ်နေရသလိုပဲ၊ သူက ချောတော့ နာမည်လေးနဲ့ အရမ်းလိုက်တယ်လေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ ဒါဆို သမီးကိုကိုက ကျေနပ်နေတယ်ပေါ့"

"မကျေနပ်ဘူး မေမေ၊ အဲဒီကိစ္စကိုရှင်းဖို့ တွေးထားပြီးသား"

"ဟော သား.."

မောင် က အခန်းဝမှာရပ်ပြီးမှ ပြန်လှည့်သွားသဖြင့် ...

"သား သွားတော့မလို့လား၊ ကော်ဖီသောက်ဦးလေ"

"နောက်ကျနေပြီ မေမေ၊ ဟိုကောင်မလေးက သူ့ဟာသူ ထ,သွားပြီး လူကိုမနှိုးခဲ့ဘူး"

လွှမ်း က အစောကြီးထပြီး ဆွမ်းတော်ပွဲပြင်ပေးရသည့်အကျင့်ကို ဖျောက်မရသောကြောင့် မိနိုင်တို့ ချက်ပြုတ်ပြီးချိန်ဆို သူမ နိုးနေပြီဖြစ်၏။

"ဆွမ်းတော်ပွဲ ငါပြင်မယ် မိနိုင်"





မိနိုင်ကို ဤသို့မှာထားပြီး သူမပဲ ထ,လုပ်တတ်သောကြောင့် မိနိုင်ကလည်း လွှမ်း ကိုပဲစောင့်သည်။ ဒေါ်မျိုးမျိုးကလည်း လွှမ်း ပြင်ထားပြီးသိပ်မကြာခင် အရဏ်ဆွမ်းကပ်ဖို့ ဘုရားခန်းကိုရောက်လာတတ်မြဲ။

အပြင်မှာ အားလုံးထ,လုပ်ပြီး ပြန်ဝင်နိုးတာကို မောင် က အပြစ်တင်နေခြင်းဖြစ်သည်။ အခန်းထဲကို ခြေလှမ်းကျဲများနှင့် ပြန်ဝင်သွားသည့်မောင့်နောက်ကို လွှမ်း ဝင်လိုက်ခဲ့၏။ မောင် က စာကြည့်ခန်းထဲမှာ ဘာပြန်ရှာသည်မသိ။

"ဘာရှာတာလဲ၊ အစောကြီးရှိသေးတဲ့ဥစ္စာ၊ သူများဆီမှာ အလုပ်ဆင်းရတာကျနေတာပဲ၊ ဘာရိတ်ဖတ်စားပြီးမှ သွားပါလား"

မောင် က မော့မကြည့်ပေ။

"ကိုယ့်အလုပ်ပေမယ့် ကိုယ်က လေးစားတိကျမှ သူများကို လေးစားခိုင်းလို့ရမှာပေါ့၊ ဒီပေါ်မှာထားခဲ့တဲ့ အဖုံးအဝါလေးနဲ့စာအုပ်ကော မင်းတွေ့မိလား"

လွှမ်း ကိုပြန်ဖြေရင်း ရှာရင်းနှင့်မေးတော့ လွှမ်း တစ်ချက်စဉ်းစားကာ ...

"သြော်.. ဟုတ်တယ်၊ မနေ့က ပိုးဟပ်လိုက်ရိုက်ရင်း ပြုတ်ကျသွားလို့ ဟိုဘက်မှာ ပြောင်းထည့်လိုက်တာ"

"နေဦး"

လွှမ်း က စာအုပ်ယူပေးမလို့ ဟိုဘက်ကိုလှမ်းသည်။ မောင် က လက်ကိုပြန်ဆွဲလိုက်ကာ ...

"ချစ်သောမောင်လို့ နောက်မခေါ်ရဘူး"

"ဘာဖြစ်လို့လဲ၊ ချစ်လို့ခေါ်တာပါဆို"

"ချစ်ချစ်၊ မချစ်ချစ် နားထောင်မကောင်းဘူး၊ မင်းကိုရိုင်းတယ်လို့ပဲ ကဲ့ရဲ့ကြမှာ နားလည်လား၊ ရိုင်းခွင့်ပေးထားတဲ့ကောင်လဲ [illegible]ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... သူ ပေါပြစ်မှာစိုးလို့ ..."

မုန့်စားရင်း ကမန်းကတန်းထလိုက်လာသည့် လွှမ်း နှုတ်ခမ်းပြည့်ပြည့်လေးတွေက ပြောင်အိနေသည်။ မွဲမွဲရွှဲရွှဲလေးပြောတော့ မောင် မချိမဲ့ဖြစ်သွားကာ ပန်းလေးနှစ်ဖက်ကနေ ရင်ခွင်ထဲမှာဆွဲဖက်ထားလိုက်၏။

"ဟုတ်တယ် ကိုယ့်ကိုယ်ကို ပေါကြီးဖြစ်နေတာကို သိလို့ ညက စပြီး ပြုပြင်ဖို့ဆုံးဖြတ်လိုက်တာ၊ နောက်ဆို မင်း စိတ်ညစ်တော့မယ်"

မောင် က လွှမ်းကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်ကာ ...

"အမယ်လေး ..."

တစ်ဝက်ပွင့်နေသည့် တံခါးနားမှာ မိနိုင် ပေါ်လာကာ အော်သံလည်း မဆုံးလိုက်ဘဲ ပါးစပ်လေးပြန်ပိတ်ပြီး ပြောလေသည်။

"ဘာမှန်းလဲမသိဘူး"

လွှမ်း ဒါကျတော့ ရှက်သည်။ မောင် က ရှေ့တိုးကာ တံခါးကို ခြေထောက်နှင့်လှမ်းပိတ်လိုက်၏။ ပြီးတော့ သူ့မျက်နှာမှာလည်း နီရဲလျက် မလုံမလဲရယ်သည်။

"စပြီ တွေ့လား"

"ဘာကိုလဲ"

"နောက်ကို အဲဒီလိုတွေ ခဏခဏ ဖြစ်ဖို့ရှိတယ်"

"ချစ်သောမောင်"

"မဟုတ်ဘူးကွာ"

လွှမ်း က ရွှန်းလက်ကြည်နူးနေသည့်မျက်ဝန်းလေးတွေနှင့် မော့ကြည့်သည်။ ထို့နောက် ရင်ခွင်ကျယ်ထဲသို့ ခေါင်းဝှေ့တိုးဝင်ရင်း ...

"လွှမ်း ကို ချစ်လို့လားဟင်"

"ရောမချနဲ့ကွာ၊ တစ်နေ့ခေါ်ဖို့ စဉ်းစားထား၊ ဒီနေ့ည ကိုယ် ပြန်ရောက်ရင် ကြားချင်တယ်"





"မသိဘူး။ ကိုကိုလို့ခေါ်ရင် ကိုကိုနဲ့ဆုံဖြစ်ကြတော့ ရှုပ်ကုန်မှာပေါ့ မောင် လို့ခေါ်ရင်လဲ ရှယ်တူမဟုတ်၊ ကိုယ့်ထက်ငယ်တာ မဟုတ်"

"ဆက်ပြောပါဦး"

"ကိုမောင် ဆိုတာကျတော့ ဆယ့်ရှစ်ရာစုလောက်ပြန်ရောက်သွားမယ်"

မောင် က ပြုံးလိုက်ပြီး ခေါင်းညိတ်၏။

"ဟုတ်ပြီ ဒါဆိုရင် ရှယ်တူတူ မတူတူ မောင် လို့ပဲခေါ်၊ ကြားရဲ့လား"

"သူက လွှမ်းကို ချစ်လို့လား"

"ညကျရင်ပြောမယ်"

"ဒီကလဲ ညကျမှခေါ်မယ်"

"တွေ့လား မင်း ..."

သူ လွှမ်းမျက်နှာလေးကို မော့ယူလိုက်သည်။ နှုတ်ခမ်းလေးကို နမ်းမလို့ငုံ့လိုက်စဉ် ...

"သားရေ ..."

"ဟော ..."

လွှမ်း သူ့မျက်နှာကိုဖယ်ပစ်လိုက်ပြီး ရုန်းထွက်သွား၏။ မောင် ဆံပင်သပ်ရင်း ရှက်ကိုးရှက်ကန်းရယ်သည်။

"သားရေ ဖုန်းလာတယ်ကွယ့်"

"လာပြီ မေမေ"

သူ တံခါးဆွဲဖွင့်လိုက်မှ လွှမ်း က နောက်ကနေ ခါးကိုသိုင်းဖက်၍ ...

"မောင့်ကို သိပ်ချစ်တာပဲ သိလား"

သူ အခန်းပြင်ကိုလှမ်းပြီးသည့်ခြေလှမ်းက တုံ့သွားပြန်သည်။ သိုင်းဖက်ထားသည့် လွှမ်း ရဲ့ လက်ဖဝါးလေးနှစ်ဖက်ထပ်ဆုပ်ထားသည့်အပေါ်မှာ ထပ်ဆုပ်ဆုပ်ကိုင်၍ တစ်ခုခုပြောမလို့ နောက်ကို ငုံ့စောင်းကြည့်မိစဉ်—



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးလို့တဲ့ သားရဲ့၊ ဆေးရုံက"

"ဆေးရုံက"

ဒေါ်မျိုးမျိုး ရှေ့ရောက်လာသဖြင့် လွှမ်း လက်ကိုဖြုတ်၍ နောက်မှာ စက်ကလေးပုနေမိ၏။ မောင် က ဖုန်းကိုလှမ်းယူရင်း ...

"စိတ်ကျန်းမာရေးဆေးရုံက မေမေ၊ ဆုံးသွားတဲ့မိတ်ဆွေရဲ့ စနီး"

"ဟုတ်လား"

"သူတို့က ဆင်းရဲတယ်၊ အဲဒါကြောင့် ကျွန်တော် ကူညီထားတာ"

ဖုန်းပြောရင်း မောင် ကလျှောက်ထွက်သွားတော့ မောင့် နောက်မှာ ကွယ်ရပ်နေသည့် လွှမ်း ထံသို့ ဒေါ်မျိုးမျိုး၏အကြည့်တွေရောက်သွားသည်။

စောစောက သားရဲ့ ခါးရှေ့မှာ လက်ဖြူဖြူလေးနှစ်ဖက် သိုင်းဖက်ထားတာကို သူမ မြင်သည်။ မျက်လုံးချင်းဆုံမိလိုက်သည်နှင့် လွှမ်း လည်ပင်းလေးပွတ်၍ပြေးထွက်သွားလေသည်။

ဒေါ်မျိုးမျိုး သွားတွေပေါ် အောင်ပြုံးနေမိရင်း ...





## အခန်း (၃၆)

"ဘယ်သွားမလို့လဲ"

စာကြည့်ခန်းထဲကထွက်ရင်း လွှမ်း ကိုမြင်လိုက်တော့ လှေကားရင်းရောက်နေပြီဖြစ်၏။ လွှမ်း က အောက်ဆုံးလှေကားထစ်ပေါ် လှမ်းဝင်ပြီးသည့်ခြေထောက်လေးကို ပြန်ရုပ်၍ လှည့်ကြည့်သည်။

"ဝရန်တာမှာ သွားထိုင်ချင်လို့"

"မသွားနဲ့ လေညင်းခံချင်ရင် ခေါင်းရင်းမှ ကော်ရစ်ဒါထုတ်ထားတာ ရှိတယ်၊ အဲဒီမှာသွားနေ"

"ဟာ ..."

လွှမ်း နှုတ်ခမ်းကိုချွန်ထွက်လာအောင်စူသည်။ တွန့်ရှုံ့သွားသည့် နှာခေါင်းက ဘယ်လိုပုံပေါက်သွားမှန်းပင်မသိပါ။

"မောင့် ကျတော့ ကွန်ပျူတာတစ်လုံးနဲ့ စာရင်းတွေနဲ့ လွှမ်း က ဒီတိုင်းနေရမှာလား"

"ကိုယ့်ဘေးမှာလာနေ"

"အဲဒါကျတော့ စကားများတယ်၊ သွားအိပ်လို့ပြောဦးမှာ"

"မပြောတော့ဘူး၊ လာ"

မောင် က လွှမ်း ရှိရာကိုလျှောက်သွားပြီး လက်ဖဝါးလေးကို ဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ မိုးချုပ်ပြီဆို ဒီလေကားကြီးပေါ် မပြောနဲ့ အနားမှာသီတာ တောင် သူ မကြိုက်။

လွှမ်း က မောင့် လက်မောင်းကိုဖက်၍ ရယ်သည်။

"မောင်"

"ဟင်"

"လွှမ်းကို မချစ်ဘူးလားဟင်"

"စဉ်းစားရဦးမယ်"

လွှမ်း အသံလေးတိတ်သွားသည်။ မောင် က ခုံမှာမထိုင်ဘဲ စားပွဲစွန်းမှာ နောက်ပြန်မှီလိုက်ပြီး လွှမ်း မျက်နှာလေးကို ကြည့်သည်။

"မင်းလဲ အသွားမတော်တစ်လှမ်း ဆိုတာမျိုးဖြစ်ပြီး ကိုယ်နဲ့ လက်ထပ်ခဲ့ရတာမဟုတ်လား"

"အဲဒီလိုလိုက်လာရတဲ့သတ္တိကိုကော မောင် က ထည့်မတွက်ဘူးလား၊ မောင့်ကို ယုံကြည်တာတွေ၊ ချစ်ခဲ့တာတွေ ..."

"ဘာ ..."

မောင့် မျက်နှာ ဖျတ်ခနဲပြောင်းသွားသည်။ လွှမ်း က မျက်နှာမလွှဲပါ။ ငေးကြည့်နေရင်း မောင့်လည်ပင်းကိုဖက်၍ ရင်ခွင်ထဲမှာ ပါးလေးကပ်မှီလိုက်၏။

"မောင့် ကို လွှမ်း မြင်မြင်ချင်း ချစ်ခဲ့တာ"

မောင် လွှမ်းခါးလေးကို ဖွဖွလေးပြန်ဖက်၍ တင်းခနဲပွေ့သည်။

"မင်း သိပ်လှတာပဲ လွှမ်း၊ မင်းမျက်နှာလေးကိုမြင်လိုက်တာနဲ့ ရုတ်တရက် ပြောချင်တဲ့စကားတွေကို မေ့သွားလောက်အောင် ချစ်စရာကောင်းတယ်၊ မင်းက ကိုယ့်ကိုချစ်နေတယ်ဆိုတာ မင်းရဲ့အမူအရာတွေက သက်သေပြနေပေမယ့် ကိုယ် မထင်ခဲ့ဘူး၊ ပြီးတော့ ကိုယ်က လက်မထပ်ခဲ့ဖူးပေမယ့် လက်ထပ်ခဲ့ဖူးတဲ့လူတစ်ယောက်လိုပဲ ကိုယ့်ကိုယ်ကို ဘယ်လိုမှ နုသစ်လတ်ဆတ်ဖို့ ကြိုးစားမရဘူး၊ ဘယ်သူနဲ့မှ မအပ်စပ်၊ မတင့်တယ်နိုင်တဲ့ယောကျ်ားတစ်ယောက်လို ခံစားမိနေတယ်၊ ဒါကြောင့် ကိုယ့်ဗီဇက မရိုင်းတတ်ပေမယ့် ကိုယ် စိတ်တွေရိုင်းခဲ့တယ်"





မောင် လွှမ်း နဲ့ ပါးချင်းကပ်လိုက်ပြီး တင်းနေအောင် ဖက်ထားသည်။ ပြီးတော့ နှုတ်ခမ်းလေးကို သူ့နှုတ်ခမ်းနဲ့ ဘေးတိုက်ကနေ မထိတထိလေး နမ်း၏။

"ချစ်သလားလို့ မမေးပါနဲ့ကွာ၊ အချစ်ကို ကိုယ် မခံစားချင်တော့ဘူး၊ အချစ်ထက်လေးနက်ခိုင်မြဲတဲ့ ချည်နှောင်မှုတွေနဲ့ ကိုယ်တို့အိမ်ထောင်ရေးကို ခရီးဆက်မယ်"

"ဟင့်အင်း"

သူ ဖက်ထားတာကို လွှမ်းက ရုန်း၍ မျက်နှာကို မော့ကြည့်သည်။

"မောင် ပြောတာတွေကို လွှမ်း နားမလည်ချင်ဘူး၊ လွှမ်းလိုချင်တာက လွှမ်း ကို မောင်က သိပ်ချစ်နေတယ်ဆိုတာပဲ။ မောင် နဲ့ပတ်သက်ခဲ့ဖူးတဲ့ ဘယ်မိန်းကလေးနဲ့မှမတူတဲ့ မောင့် ရင်ထဲကတစ်နေရာကို လွှမ်း လိုချင်တာ၊ ချစ်တယ်မဟုတ်လားဟင် မင်းကိုသိပ်ချစ်တာပဲလို့ ပြောပါ မောင်ရယ်"

မောင် က မပြောပါ။ အချစ်ကိုတမ်းတစွာငေးမောနေသည့် လွှမ်းရဲ့ နှုတ်ခမ်းလေးတွေကို နောက်ထပ် ဘာမှမေးခွင့်မရတော့အောင် နှစ်သိမ့်ခြင်းတွေပေးခဲ့၏။ လွှမ်း ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ သူ့ရင်ထဲမှာတော့ စကားတွေ အများကြီးပြောဖြစ်ခဲ့လေသည်။

မေးလို့ဖြေလိုက်ရတာကို မလိုချင်ပါနဲ့ လွှမ်းရယ်၊ ချစ်တယ်ဆိုတဲ့ စကားကို မင်း ယုံအောင် ကိုယ် ပြောပေးလိုက်လို့ရတယ်၊ ဒါပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"လွှမ်း... ဟိတ်"

တံခါးခေါက်သံနှင့်ခေါ်သံက ရောထွေးနေသည်။ လွှမ်း က မထူးဘဲ နှုတ်ခမ်းကိုဖိပိတ်ပြီး တမင်တကာ အသံတိတ်လုပ်နေလိုက်၏။

"ခက်တာပဲကွာ၊ ကိုယ် အပြင်သွားလို့မဖြောင့်အောင်၊ တံခါးလာဖွင့်ကွာ"

"မဖွင့်ဘူး၊ မောင့်လမ်းကို မောင်သွား၊ လွှမ်း ဒီလိုပဲနေလာတာ နေတတ်တယ်"

"ပြီးရောကွာ"

မောင့်အသံ ပျောက်သွားသည်။ နာရီမော့ကြည့်လိုက်မော့ ရှစ်နာရီ ထိုးတော့မည်။

ခါတိုင်းဆို မောင့် ကို လွှမ်း က ကားနားထိ လိုက်ပို့နေကျ။ ဒီနေ့ကျမှ မေမေလည်းမရှိပါ။ လွှမ်း တို့ဘက်ကလူကြီးတွေနှင့် ပြေလည်အောင် အစွမ်းကုန်ကြိုးစားမည်ဟု ပြောသွားသည်။

လွှမ်း စိတ်ဆင်းရဲ မျက်နှာငယ်နေရမှာကို စိုးလို့ ဒီလိုသွားခဲ့တာမှန်းလည်း လွှမ်း သိသည်။





မောင့် မေမေကို လွှမ်း ချစ်ပါသည်။

အထူးသဖြင့် ခုလို မိဝေး ဖဝေး ဖြစ်နေချိန်မှာ လွှမ်း ကို မိဘနဲ့မခြား နွေးထွေးစွာကြို ဆိုကြင်နာခဲ့တာကို ခံစားမိလို့ ပိုချစ်သည်။ 'မ' ကိုချစ်လို့ 'ဥ' ကိုခင်သည် ဆိုသည့်စကားနဲ့များ သက်ဆိုင်နေခဲ့သလား။

မေမေ့ကိုချစ်တာ မောင့်ကို သိပ်ချစ်လို့ပဲဖြစ်မည်ထင်သည်။ မြင်မြင်ချင်း ချစ်မိတာဟာ ဘယ်လိုအချစ်လို့ပဲပြောကြပါစေ မောင့်ကို လွှမ်း ချစ်တာကတော့ ပြောမပြတတ်အောင်ပါ။

မောင့်မျက်နှာကို ထိုင်ငေးနေချင်သည်၊ မောင့်ဘေးမှာ နေရသမျှ အချိန်တွေမှာ ပျော်သည်။ မောင် ဘာပြောပြော စိတ်ဆိုးလို့မရ၊ မချစ်ပါဘူး လို့ ဘယ်နှစ်ခေါက်ငြင်းနေလဲ၊ ချစ်လာမှာပဲလို့ယုံကြည်မိသည်။ ဒီထက် ပိုပြီး ဘယ်လိုချစ်ပြရမလဲ။

သူ့ကျတော့ ချစ်ပါတယ်ဆိုတဲ့စကားကို နှစ်သိမ့်ဆုလေးအဖြစ်နဲ့ တောင် မခြွေချင်၊ ဘယ်လိုလေးနက်ချင်တာလဲ၊ အချစ်က ဘယ်လောက် ထိ ကျယ်ပြန့်နေသလဲ။

အချစ်ရဲ့ဂုဏ်သတ္တိတွေ ဘယ်လောက်ပဲ ကြီးမားဆန်းပြားနေနေ ကိုယ့်ရင်ဘတ်နဲ့ခံစားကြည့်လို့ရတာကပဲ အချစ်မဟုတ်ဘူးလား။ သူ ခံစား တာက သူ့အချစ်၊ ကိုယ် ခံစားတာက ကိုယ့်အချစ်ပဲ။

လွှမ်း မောင့်ကို နားလည်မပေးနိုင်လောက်အောင် ခံစားနေရသည်။ တစ်ယောက်နဲ့တစ်ယောက် ဘာသိဘာသာနေကြတုန်းက ကိုယ်ကပဲ ပေးနေ ချစ်နေရတာ အဓိပ္ပာယ်ရှိသည်။

သူကမှ မချစ်ခဲ့တာလို့လဲ ဖြေသိမ့်နိုင်သေးသည်။ ခုကျတော့ လင် ရယ် မယားရယ်လို့ဖြစ်ခဲ့ကြပြီးပြီ မောင် တကယ်ချစ်တတ်ပါသည်၊ ယုယ ကြင်နာတတ်တာတွေကိုလည်း လွှမ်း သိသည်။

ကိုယ့်ကိုချစ်နေတယ်လို့ ခံစားမိနေသားနဲ့ 'ချစ်သလား' မေးတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မဖြေ။ 'ချစ်တယ်လို့ပြောပေးပါ မောင်'လို့လည်း လွှမ်း တောင့်တောင့်တတ ပြောခဲ့ဖူးသည်။ ဒါကိုလည်း ခေါင်းမညိတ်၊ ခေါင်းမခါ။

ဒီလောက်တော့ လွှမ်း ဘက်က နားကျင်သင့်သည်ထင်၏။ မောင် ဘယ်လိုခေါ်ခေါ် တံခါး လုံးဝမဖွင့်ဘဲနေပစ်လိုက်ရင်း မျက်လုံးတွေကတော့ တံခါးဆီမှ မခွာနိုင်။ ပြီးတော့ သူ ပြန်ထွက်သွားသည့်ခြေသံကို နားစွင့်ရင်း မျက်ရည်ကလည်းချင်လာသည်။

'မောင် မင်းကိုချစ်တယ်၊ မင်း မသိဘူးလား လွှမ်းရယ်'ဘာညာတွေ ပြောပြီး ချော့ပါတော့လား။ လွှမ်း ငိုချင်လာတာကို မျက်တောင်တွေခတ် နှုတ်ခမ်းကိုက်ရင်း တောင့်ခံထားမိသည်။ ဒါပေ့...၊ ကိုယ့်အတွက်မှာ သူက အချစ်ဦးပေမယ့် သူ့အတွက် ကိုယ်က အချစ်ဦးမှမဟုတ်ခဲ့တာပဲ။

အစောကြီးထပြီး ကျစ်ဆံမြီးသေးသေးလေးတွေ စိမ်ပြေနပြေ ထိုင်ကျစ်ထားခဲ့သည့် ကိုယ့်ခေါင်းကို မှန်ထဲမှာလှည့်ပတ်ကြည့်ရင်း မငိုဘဲ မျက်ရည်က ပြုလုပြုခင်။

နှုတ်ခမ်းပြောင်လေးနဲ့ ပါးပြင်တို့မှာ ကရင်မ်ပတ်ဖိနဲ့ရိုက်၍ နှုတ်ခမ်းနီ ထပ်ဆိုးသည်၊ ပြီးတော့ အမှတ်တမဲ့ ဆိုးပစ်လိုက်သောနှုတ်ခမ်းနီအရောင်နှင့် လိုက်အောင် ဗေဒါရောင့်ဖျော့ဝတ်စုံကို စိတ်ရှည်လက်ရှည်ရွေးသည်။

ခြေသလုံးတစ်ဝက်ထိ တစ်ဆက်တည်းအရှည် လက်ပြတ်လေးမှာ ရှေ့ကွဲဖြစ်နေသဖြင့် တခြားအင်္ကျီအတွင်းခံပါလျှင် လောင်းကုတ်အရှည်လို ထပ်ဝတ်လို့ရသည်။ ထို့ပြင် လက်တစ်ဝါးခန့်ရှိသည့် ခါးပတ်နက်လေးနဲ့မို့ ကိုယ်လုံးသွယ်သွယ်ပြည့်ပြည့်လေးမှာ ထင်းနေ၏။

မှန်းထဲမှာ ကိုယ့်ပုံကိုယ်ပြန်ကြည့်ပြီး ဘွားကို သတိရမိသေးသည်။ ပခုံးစွန်းထွက်အောင်ပေါ် သည့် လက်ပြတ်တွေဝတ်တာ မကြိုက်၊ အင်္ကျီ ရင်စေ့ဝတ်ပြီဆို နိပ်စေ့တွေတပ်ထားလျှင် ပြောလို့မဆုံးတော့ပေ။

"ဘွားကလဲ ရင်ဘတ်ပေါ်မှာ ကြယ်သီးတွေပြူးပြူးပြဲပြဲနဲ့ ဘယ်လို





လုပ်လှမလဲ"

"မလှရင် လှတာလေးတွေတပ်ပေါ့ကွယ်၊ အဲဒီနိပ်စေ့တွေက တစ်ချက်ဆောင့်ဆွဲလိုက်တာနဲ့ ရင်ဘတ်တစ်ခုလုံး ဖွင့်ပြီးသွားပဲ၊ ဘယ်လောက် ရင်လေးဖို့ကောင်းလဲ"

ကိုယ့်အင်္ကျီရင်ဘတ်ကိုငုံကြည့်ပြီး ဘွားရှေ့မှာဆို ဆူဦးမည်ဟု တွေးမိလိုက်သေးသည်။ လွှမ်း လှချင်လွန်းလို့ ပြင်ဆင်နေတာမဟုတ်ပါ။ ညစ်နေသည့်စိတ်ကို ဒီလိုတွေ အရောင်တင်လိုက်လျှင် မြူးမြူးကြွကြွများ ဖြစ်လာမလားလို့ စိတ်ကူးနဲ့ဖြစ်သည်။

ဒါပေမယ့် ဘယ်လိုလုပ်လို့မှ စိတ်က ပါမလာခဲ့ပေ။ မဆီမဆိုင် မွေ့ရာ အစွန်းမှာရှိနေသည့် ဟမ်းဖုန်းဆီ မျက်လုံးကရောက်သွားမိ၏။ လွှမ်း စိတ် ကောက်နေတာကို သူ သိသည်။ ဟိုရောက်မှများ ဖုန်းလှမ်းဆက်လေမလား။

"ဟွန်း ..."

ကြည့်မိပြီးမှ မျက်စောင်းထိုး၍ ဆတ်ခနဲရှေ့ပြန်လှည့်သည်။ သူလားဆက်မှာ၊ အလကား မာနအိုးကြီး။ လွှမ်း မှန်ရှေ့ကခွာသည်။ ကြိုးသိုင်းအိတ်ရှည်လေးကို တစ်ဖက်ကဆွဲယူလိုက်ပြီး တံခါးဖွင့်၏။

"ဟင် ..."

"ဒါက ဘယ်ကိုလဲ"

ထွက်သွားတုန်းကအတိုင်းပင် မောင် က ရှပ်အင်္ကျီလက်ရှည်အပြာနုနှင့် ဘောင်းဘီနက်ပြာရောင်ကို ဝတ်ထား၏။ နှုတ်ခမ်းလှန်ဖြီးထားသည့်မျက်နှာဝင်းဝင်းက အပြာရောင်နှင့် လွင်ကာ သန့်စင်ချောမွေ့နေ၏။ လွှမ်း အံ့ဩ ဟန်လေးကို ဖျောက်ပစ်ကာ မျက်နှာကို တည်ပစ်လိုက်သည်။

မောင် ပြန်လှည့်လာတာဖြစ်နိုင်သလို မသွားသေးဘဲနေတာလည်း ဖြစ်နိုင်၏။ တွေးမိပေမယ့် လွှမ်း မမေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကတော့ အခန်းထဲမှာ ကျိတ်ငိုနေသလား၊ တစ်ယောက်တည်းနေနေမလားဆိုပြီး စိတ်မဖြောင့်လို့"

ဆက်မပြောဘဲ မောင် က လွှမ်း တစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပြီးတော့ ကျေနပ်သွားသလိုလို၊ ခနဲ့သလိုလိုအပြုံးနှင့် မဲ့၏။

"ဖြေလေ ဘယ်ကိုလဲ"

"သွားချင်ရာသွားမှာပေါ့၊ မိခိုင်တို့လဲမရှိကြဘူး၊ မေမေကလဲ ပျင်းရင် ..."

လွှမ်း စကားရပ်သွားတော့ မောင် ကရယ်သည်။ ရှေ့တိုးလျှောက်လာပြီး ဘောင်းဘီအိတ်ထဲသွင်းထားသည့်လက်မောင်းနှင့် လွှမ်း ပခုံးလေးကို တိုက်ပစ်လိုက်ရင်း ...

"ဆက်ပြော၊ ပျင်းရင် ဘာတဲ့လဲ၊ သမီးကိုကိုနဲ့ အလုပ်ထဲ လိုက်သွားလို့ပြောတာမဟုတ်ဘူးလား၊ မေ့သွားလို့လား"

လွှမ်းရဲ့ ဒေါသမျက်ဝန်းလေးတွေ လက်ခနဲတက်လာသည်။

"မောင် က မေ့ချင်ယောင်ဆောင်တာပါ၊ လွှမ်း ကို ခေါ်မသွားချင်ဘူး မဟုတ်လား"

"မေမေပြောတော့ မင်း ဘာပြန်ပြောလဲ စဉ်းစားကြည့်ပါဦး"

လွှမ်း ငြိမ်သွား၏။

"မေမေ့သားက သဟောက်သဟာမ်းနဲ့ လွှမ်း မလိုက်ချင်ပါဘူးဆို"

ဘာမှပြန်၍မချေပနိုင်တော့။ မျက်စောင်းလေးဝင့်တက်လာ၏။

"အခု ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမှာလဲ သွားကိုမသွားရသေးဘူး၊ ခင်ပျားလေးကို စိတ်မချလို့ လမ်းကနေ ပြန်လှည့်လာတာ"

လွှမ်း မျက်နှာလွှဲပစ်လိုက်၏။ မောင် က ပခုံးနဲ့ထပ်တိုက်တော့ လွှမ်း ဘေးကိုယိုင်ဆင်းသွား၏။





"မောင်နော်"

"သွားမယ် လိုက်ခဲ့"

"မလိုက်ဘူး၊ မောင့် ကို လွှမ်း ကျေနပ်တယ်မှတ်လို့လား"

ပြောလည်းပြော၍ လွှမ်း က အခန်းထဲပြန်လှည့်ဝင်သည်။ ပြီးတော့ တံခါးပိတ်ပစ်ဖို့ လှမ်းဆွဲတော့ ထိုလက်ကလေးကို မောင်က ပုတ်ချလိုက်ပြီး ရအောင်လိုက်ဝင်၏။ ပြီးမှ တံခါးပြန်ပိတ်ပစ်ကာ ...

"အနားမကပ်တော့ မကပ်လို့တဲ့၊ ညက ဘာဖြစ်လို့ ကိုယ့်ကို အထဲဝင်မခံတာလဲ ပြော"

"မုန်းလို့"

"တကယ်နော်"

"ဟာ မသိဘူး၊ လွှတ်နော်"

လွှမ်း နောက်ဆုတ်ပစ်လိုက်ရင်း ကိုင်ထားသည့် ဆလင်းဘက်ခ်အိတ်လေး လွှတ်ကျသွားသည်။ မောင် က လွှမ်း လက်ဖျားလေးကိုဆွဲမိသည်နှင့် ပွေ့ဖက်ဖို့ကြိုးစား၏။ အတိုးနဲ့အဆုတ်မှာ ရှန်းရင်းဆန်ခတ်ဖြစ်ကုန်ကာ ရင်ဘတ်ကကြယ်သီးတွေ ပြုတ်ထွက်ကုန်သည်။

"အား ..."

လွှမ်း အလန့်တကြားအော်ကာ ရင်ဘတ်ကို လက်နှစ်ဖက်နှင့် ကာရင်း မွေ့ရာထက်သို့ပြေးတက်သည်။ ပြီးတော့ ခေါင်းအုံးဆွဲကာ ဖက်ထားလိုက်၏။

လွှမ်း ဖြစ်သွားတာကိုကြည့်၍ မောင် က ရယ်သည်။ မွေ့ရာစပ်မှာ တင်ပါးလွှဲဝင်ထိုင်ကာ...

"နောက်ကို တံခါးမပိတ်တော့ပါဘူးလို့ ပြောမလား"

"မပြောတော့ ဘာဖြစ်လဲ"

"ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင်နော် ခင်ဗျား ..."

မောင် က မွှေ့ရာပေါ် ကို ဇွတ့်ခနဲတက်လိုက်၏။ လွှမ်း ဖင်ရှေ့လျက်နှင့် နောက်ဆုတ်သည်။ မောင့် ရယ်သံတွေ အခန်းထဲမှာ လွှင့်နေ၏။ လွှမ်း ရှက်လည်းရှက်သည်၊ သူ့ကိုမကျေနပ်တာကလည်း မပြေသေး၊ မျက်နှာလေး တစ်ပြင်လုံးရဲတွတ်နေပြီဖြစ်သည်။

"လွှမ်းရာ ..."

မောင် အရယ်ရပ်လိုက်ရင်း လွှမ်း ကို ကလေးတစ်ယောက်လို ကြည့်သည်။

"ပြောရင် ဟုတ်ရဲ့လားလို့ ပြန်မေးမှာကို မခံနိုင်လို့ ကိုယ် မပြောချင်တာ၊ ကိုယ် မင်းရဲ့အလှအပတွေမှာ ယစ်မူးသွားမိမှာစိုးလို့၊ လူကြမ်းမျက်နှာကြီးနဲ့နေခဲ့ရတယ်၊ မြရောင်လွှမ်း ဆိုတဲ့ …ဟောင်မလေးကို ကိုယ် ပိုင်ရပြီဆိုကတည်းက မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့တာ၊ မင်း တစ်ခုခုဖြစ်မှာ၊ ကိုယ် ဆုံးရှုံးလိုက်ရမှာ အားလုံးပဲ၊ ကံကြမ္မာကြောင့်၊ တစ်စုံတစ်ယောက်ရဲ့ပယောဂကြောင့် ဘာဖြစ်ဖြစ် ဘယ်လိုနည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး။ မင်းအတွက်စိုးရိမ်ပူလောင်ခဲ့ရသလိုမျိုး ဘယ်တုန်းကမှ ဘယ်သူ့အတွက်မှ မဖြစ်ခဲ့ဘူး။ အဲဒါတွေကို တဖွဖွပြောပြနေခဲ့တာတောင် မင်းက ချစ်သလားလို့ မေးနေသေးတာပဲ၊ ဘယ်လောက်ထိချစ်ပြရဦးမလဲ ပြော"

"အို ..."

မောင် က လွှမ်းပခုံးလေးကို ဆွဲဖက်ထားလိုက်သည်။ ပြီးတော့ လွှမ်း ဖက်ထားသည့်ခေါင်းအုံးကြီးကို ဆွဲဖယ်တော့ ...

"ဟင့်အင်း ... မောင်နော့်"

လွှမ်း အတင်းဖိဖက်ထားသော်လည်း ခေါင်းအုံးက မောင့်လက်ထဲမှာ ပါသွား၏။





ရှက်လွန်းသဖြင့် မျက်လုံးတွေကို မှိတ်ချပစ်လိုက်မိသည်။ မောင် နမ်းလိုက်တိုင်း ခုန်ပေါက်မြူးထူးနေတတ်သည့် ရင်ခုန်သံတွေကို ဖိနှိပ်ဆုံးမဖို့လည်းမေ့ကာ အနက်ရှိုင်းဆုံး သီအိုရီတစ်ခု နှလုံးသားရပ်ဝန်းမှာ ဖြစ်ထွန်းသွား၏။

အချစ်သည် သူမှတစ်ပါး ဘာကိုမှ သတိရခွင့်မပြု။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၈)

"ဟိတ်... မိုးအေးအေးနဲ့ ဇိမ်ကျမနေနဲ့ ထ၊ ကိုယ် သွားတော့မယ်"

မွေ့ရာက သိမ့်ခနဲဖြစ်သွားသည်။ လွှမ်း နှစ်သက်သော မောင် သုံးနေကျရေမွှေးနံ့က မျက်လုံးတွေဖွင့်မိသွားအောင် ကျီစယ်၏။

"ထလေကွာ၊ စောင်ထဲမှာ ပုနေလိုက်တာ ကြောင်ပေါက်လေးကျနေတာပဲ"

ပြောရင်း မောင်က စောင်ကိုဆွဲခွာပစ်လိုက်သည်။

"အာ.. အေးတယ်၊ မောင်ကလဲ"

"အေးလို့မရဘူး၊ တံခါးလိုက်ပိတ်ဦး"

မောင် က မွေ့ရာအစွန်းမှာ တင်ပါးလွှဲထိုင်လျက် ပန်းနုရောင် ရှပ်အင်္ကျီ၏ လက်ဝကြယ်သီးတွေကို တပ်နေသည်။ လွှမ်းက သူ ဆွဲချထားသည့်စောင်ကို ပြန်ဆွဲခြုံလိုက်ပြီး ခြေဖျားရော၊ လက်ဖျားတွေပါလုံအောင် ထည့်ထားပြီးမှ မျက်နှာချောချောကို သေချာမော့ငေး၏။

ရှားစေးရောင်ဘောင်းဘီရှည်က အနက်နှင့် အရောင်ချင်းလုနေသည်။ အင်္ကျီပန်းရောင်နှင့်တွဲဝတ်ထားတော့ ဖြူဝင်းသည့်မျက်နှာက လည်း ပန်းနုရောင်သမ်းသွား၏။





ဆံပင်ရှည်တွေကို သေသပ်စွာဖြီးထားသဖြင့် အပြင်သွားခါနီး မောင့်ပုံစံက ရှင်းသန့်ဝင်းစိုနေသည်။ မောင် ကသာ လွှမ်း ကို 'မင်း သိပ်လှတာပဲ'လို့ ပြောနေတာပါ။ လွှမ်း ကတော့ မောင်နှင့်စာလျှင် ကိုယ်က ဘာမှ မဟုတ်လောက်သေးဘူးလို့ပဲ ထင်သည်။

ဆုံစည်းခဲ့ကြရတဲ့အဖြစ်ကလည်း လွှမ်း ကပဲ စ,ခဲ့ရတာမဟုတ်ဘူးလား။ ပြီးတော့ မောင် က ချစ်တဲ့သူတွေဝိုင်းဝိုင်းလည်နေခဲ့တဲ့သူ၊ မောင့်ကို လွှမ်း စိတ်မချပါ။

ကိုယ့်ကို သူ စိတ်မချဖြစ်နေတာက အစွန်းရောက်စွဲလမ်းမှုတွေ ကြောင့်ဖြစ်သည်။ ကိုယ့်ရင်ထဲမှာ သဝန်တိုစိတ်မချဖြစ်နေခဲ့သမျှကိုတော့ သူ့လို ယောက်ယက်ခတ်ကြိမ်းမောင်းနေလို့မရ၊ ပူပင်ပြလို့လဲမဖြစ်။

ပယောဂဆိုတာက လွှမ်း ကို ဆွဲထုတ်ကိုင်ပေါက်သွားနိုင်မှာမှမဟုတ်တာ၊ အဲကြောင့် သေနိုင်သည်၊ သတ်နိုင်သည်ဆိုတာကိုလည်း လွှမ်း မယုံချင်ပေ။

မောင် ဒီလိုချောနေတာကျတော့ တခြားတစ်ယောက်ယောက်က ဆွဲထုတ်လုယူသွားနိုင်သည်။ ဒါပေမယ့် ဟုတ်မှမဟုတ်သေးတာ၊ လွှမ်း က ဘယ်လိုကြိမ်းမောင်းရမလဲ။

"ဟိတ်"

"အား နာတယ်"

မောင် ဆွဲလိမ်ပစ်လိုက်သည့်နှာခေါင်းဖျားလေးကိုပွတ်သပ်၍ လွှမ်း နှုတ်ခမ်းစူသွားသည်။

"ထလို့ပြောနေတာ ဘာငေးနေတာလဲ လူကို"

မောင့် မျက်နှာ ရယ်ကျဲကျဲနှင့်၊ လွှမ်း တကယ်နာသွားမှန်းသိလို့လည်း နှာခေါင်းပွတ်သပ်နေဆဲ လက်ဖဝါးလေးကို ဆွဲယူလိုက်၏။

"လာမကိုင်ပါနဲ့ သွား၊ ဒီမှာ နှာခေါင်းရိုးကျိုးသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်ပါရဲ့ ကျိုးသွားပြီ၊ သွေးတွေ ဒလဟောကျလာတာ ကြည့်စမ်း"

"မောင်နော်"

"ဟား ဟား"

ရယ်ရင်း မောင်က စောင်ကို ဆွဲချသည်။ လွှမ်း က ပြန်တင်၊ စောင်ကိုလုနေကြရင်း လွှမ်း မျက်နှာလေး ပြုံးလာသည်။ နောက်တော့ စောင်သည် ခြေရင်းမှာပဲ ပုံပုံလေးဖြစ်သွားကာ လွှမ်း မောင့်ရင်ခွင်ထဲရောက်သွား၏။ မောင်က ဖက်လိုက်လို့မဟုတ်ပါ။ လွှမ်း က အတင်းဆွဲကာ ကျောပြင်ထိ လက်ချင်းဆက်၍ ဖက်ထားလိုက်တာဖြစ်သည်။

"အကျီတွေကြေလို့ ပြန်လဲနေရတော့မှာပဲ၊ လက်တွေ နည်းနည်း ပြန်လျှော့ကွာ"

"ဟင့်အင်း တမင်ကြေအောင်ဖက်ထားတာ"

"ကြည့် ..."

"မောင့်ကို လွှမ်း စိတ်မချဘူး"

"အင်း... ပြောင်းပြန်တွေပြော"

"ဘာပြောင်းပြန်လဲ၊ လွှမ်း က အိမ်မှာပဲနေရပြီး မောင် က လုပ်ငန်းရှင်သူဌေးဆိုတဲ့ခြေလှမ်းတွေနဲ့ မိန်းကလေးတွေက အထင်တွေကြီး၊ လိုက်စ..."

မောင်က ရယ်ပြီး လွှမ်း နဖူးလေးကို ငုံ့နမ်းသည်။ ကျစ်ဆံမြီး သေးသေးလေးတွေချည့် ကဲ့ပြန့်နေသည့်ဆံပင်တွေကို ချစ်စနိုးမျက်ဝန်းများနှင့် ကြည့်ရင်း တယုတယကိုင်၏။

"ကိုယ့်ခေါင်းထဲမှာရော ရင်ဘတ်ထဲမှာရော မင်းအကွက်ချည်းပဲ တွေးနေ ပူနေရတာ၊ အလုပ်ချိန်ထဲမှာတောင် မေ့မသွားနိုင်ဘူး၊ နောက်ထပ် ဘာကို စိတ်ကူးလို့ရဦးမှာလဲ"





"တော်ပါ မောင်ရာ၊ အဲဒီ ပူတာကြီးကို..."

လွှမ်းက မောင့်ရင်ခွင်ထဲကနေ ကိုယ်လေးကို မတ်မတ်ပြန်ထိုင်ကာ အိပ်ရာပေါ် မှာမို့ ရှုပ်ပွပွခြေဆင်းလျက်လေး လုပ်ထားတော့ ကလေး စိတ်ကောက်နေတာနှင့်တူ၏။

မောင်က လက်ဖဝါးလေးကို လှမ်းဆုပ်ကိုင်ဘော့လည်း လိမ်ဖယ်ရုန်း ထွက်ကာ ...

"သေမှာစိုးလို့ပူတာက လူကြီးတွေ လူငယ်တွေကို ပူတာလဲရှိတာပဲ၊ ဒုက္ခရောက်မှာစိုးတာလဲ အမြင်မတော်ရင် တားမယ်၊ ဆူမယ်၊ ဆွဲမယ်၊ ဒါလဲ သူစိမ်းက သူစိမ်းကို ကူညီရိုင်းပင်းကြတာမျိုးပဲ၊ လွှမ်း မောင့်ဆီက လိုချင်တာ အမြင်မတော်တာတွေ၊ ပူပင်တာတွေမဟုတ်ဘူး"

"ကိုယ် ဘယ်လောက်ချစ်သလဲဆိုတာလဲပြောပြီးပြီ လွှမ်းရာ၊ မဟုတ်တာတွေ ဘာဖြစ်လို့ လျှောက်တွေးနေတာလဲ"

"ဘာမဟုတ်တာရှိမှာလဲ၊ လွှမ်းက သဝန်တိုနေတာ ချစ်လို့၊ မောင်ပြန်ပြောချင်ရင်လဲ သဝန်တိုဖို့ပဲပြောပါ၊ လူကြီးမိဘလိုလို၊ ဦးလေးသားချင်းလိုလို လေသံခန့်ခန့်ကြီးနဲ့ စိုးရိမ်တယ်၊ ပူပင်တယ်ဆိုတာတွေ... ဟွန်း..."

"ကဲ... မစိုးရိမ်တော့ဘူး၊ အဲဒီစကားမျိုး မပြောတော့ဘူးကွာ၊ ကျေနပ်ပြီလား"

လွှမ်း က မျက်စောင်းလေးချိတ်၍ကြည့်၏။ မောင် က လွှမ်း၏ ပါးဖောင်းလေးကို ဆွဲလှုပ်၍ ...

"မကျေနပ်သေးဘူးလား"

"မောင်က အခု နေ့ခင်းကြောင်တောင်ကြီးကျမှ ဘာသွားလုပ်မှာလဲ"

မေးလိုက်ကာမှ သတိရသွားပုံနှင့် မောင်က နာရီကြည့်သည်။

"နောက်ကျတော့မှာပဲ၊ ဒီနေ့လယ် စည်သူ့သည်တွေနဲ့ ချိန်းထားတာရှိတယ်၊ မင်းကို ကိုယ်ပြောဖို့သားသားနဲ့ကွာ၊ မေ့တော့ ခရီးသွားနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ အရေးကြီးတဲ့ကိစ္စတွေ နှစ်ဖက်ဆုံလာရင် ဦးနှောက်ခြောက်ရတယ်၊ အဲဒါကြောင့် တစ်နေ့ကုန် နားလို့မဖြစ်ဘူး၊ ပြီးတော့ ကိုယ်က ခုမှ လုပ်ငန်းတွေကို လေ့လာနေရတဲ့အခြေအနေ၊ လုပ်ငန်းရှင်လိုလို၊ အလုပ်သမားလိုလို လုပ်နေရတာ အရမ်းပင်ပန်းတယ်"

"လှွမ်း လိုက်ခဲ့မယ်"

"ဟာ ဒီနေ့ မရဘူး"

မောင် ပျာပျာသလဲငြင်းပြီးမှ လှွမ်း အထင်လွဲမှာစိုးကာ ထ,တော့မလို ပြင်နေသည့်ကိုယ်က ပြန်၍ညွှတ်ကျလျက် လှွမ်း မျက်နှာလေးကို တောင်းပန်သလိုကြည့်သည်။

"အလုပ်ကိစ္စက မသွားဘဲနေလဲ ရသေးတယ် လှွမ်းရဲ့၊ မသွားမဖြစ်တဲ့ကိစ္စက ရှိသေးလို့ ကိုယ် ဒီနေ့လယ် ထွက်ရတာ"

"ဘာကိစ္စမို့လို့လဲ"

"ကားအက်ဆီးဒင့်ဖြစ်ပြီးဆုံးသွားတဲ့ကိုယ့်မိတ်ဆွေလေ၊ မေမေ ခရီးမသွားခင်ညကတောင် ကိုယ်တို့ ပြောနေကြသေးတယ်၊ မင်း ကြားတယ်မဟုတ်လား"

လှွမ်း ခေါင်းညိတ်၏။

"သူ့မိန်းမက မီးဖွားပြီးစ သွေးနုသားနုဆိုတော့ ယောကျ်ားသတင်းကိုကြားပြီး စိတ်ကယောက်ကယက်ဖြစ်နေရှာတယ်"

လှွမ်း မျက်နှာမှာ မကျေနပ်ခြင်းတို့ပျောက်ကွယ်ကာ စိတ်ဝင်တစားဖြစ်လာ၏။

"သူ့ကို စိတ်ကျန်းမာရေးဆေးရုံတင်ဖို့ ကိုပဲ အစစအရာရာ ကူညီထားခဲ့တာပါ၊ ဒါပေမယ့် ပြန်ပြေးလာလိုက်၊ ပြန်ပို့လိုက်ရနဲ့ ခုတစ်လော အခြေအနေက ပိုဆိုးလာလို့လေ"

"အဲဒါ မောင်က ဘာသွားလုပ်မှာလဲ၊ ဆေးဖိုးဝါးခပေးထားလိုက်ရင်





ပြီးတာပဲဟာ"

"ဪ... သူ့မှာ အမေနဲ့ သားအမိနှစ်ယောက်ပဲရှိတာကွာ၊ မဆိုင်သလို နေလိုက်လို့ရပေမယ့် သူငယ်ချင်းမျက်နှာနဲ့ ကိုယ် ဘယ်လိုမှ ဥပေက္ခာမထားနိုင်ဘူး၊ ဒီနေ့လယ် ဆေးရုံမှာ သူ့အတွက် သေချာအပ်နှံ စီစဉ်ပေးဖို့လဲ ပြောထားပြီးပြီ၊ အလုပ်ကိစ္စပြီးတာနဲ့ အဲဒီကို လှည့်ဝင်ရမှာ၊ လှွမ်း လိုက်ရင် စိတ်ညစ်စရာတွေပဲ မြင်ရမှာမို့ ကိုယ် ပြောတာပါ၊ နောက်နေ့တွေကျမှ နေ့တိုင်းလိုက်၊ ဟုတ်ပြီလား"

"မောင် တကယ်နော်"

"တကယ်ပြောတာ၊ မင်းကိုထားခဲ့ရတာထက် အနားမှာခေါ်ထားတာပဲ ကောင်းမယ်ဆိုတာ ကိုယ် တွေးမိနေတာ ကြာပြီ"

"လာပြန်ပြီ၊ စိတ်ပူတာက ..."

"ဆောရီး"

မောင်က ရယ်ရင်း လှွမ်း လက်ကလေးကို ဆုပ်ကိုင်၍ ထ,ရပ်လိုက်သည်။ လှွမ်းကလည်း အတူတူလိုက်ထလိုက်ကာ ...

"မိုးက မသဲဘဲနဲ့ ညိုမှောင်နေတာပဲ၊ ဘယ်လိုကြီးမှန်းမသိဘူး၊ မောင် မိုးမချုပ်စေနဲ့နော်"

"မချုပ်ပါဘူး၊ ညနေ ရောက်အောင်ပြန်ခဲ့မယ်၊ ဒါနဲ့ ညတုန်းက ပြင်ဦးလွင်က ဖုန်းလာတယ်မဟုတ်လား၊ ဘာတဲ့လဲ"

"ဖေဖေနဲ့ဘွားတို့ကတော့ မေမေမျိုးပြောတာကို နားလည်ကြတယ်၊ မင်္ဂလာကိစ္စအတွက်လက်ခံတယ်တဲ့၊ မေမေကတော့ ..."

လှွမ်း မျက်နှာလေးညိုသွားတာကို ငုံ့ကြည့်ပြီး မောင် က ပခုံးလေးကို ဖက်ထားလိုက်၏။ ထိုလက်ပေါ်မှာ လှွမ်း က ထပ်အုပ်ကိုင်၍ ...

"ဘွားက အမြဲတမ်း ဒေါသကြီးနေသလိုလို၊ မာန်မာနကြီးသလိုလိုနဲ့ လှွမ်းကိုဆိုရင် ဘွားကပဲ အလိုလိုက်ခဲ့တာ၊ ကိုကို့ကိုလဲ [illegible] ခုလဲ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနဲ့ ကြာကြာခွဲလိုက်ရတာနဲ့ပဲ ဘွား လိုက်လျှောခဲ့တာနေမှာ၊ မေမေ ကတော့ နူးနူးညံ့ညံ့ပဲ အမြဲနေပြီး မာကျောတယ်၊ မေမေက လွှမ်း ကို တော်တော်နဲ့ခွင့်လွှတ်မှာမဟုတ်ဘူး။ အဲဒါ သေချာတယ်"

"စိတ်မဆင်းရဲပါနဲ့ လွှမ်းရယ်၊ မေမေက အားလုံးပြေလည်အောင် ဆွေးနွေးညှိနှိုင်းမှာပါ။ စောင့်နားထောင်ပါဦး၊ နောက်ဆုံး လွှမ်း မေမေက ခွင့်မလွှတ်ဘူးဆိုရင် မောင်ကိုယ်တိုင် သွားတောင်းပန်ပေးပါ့မယ်"

"ဟင်..."

လွှမ်း အံ့သြသွားသည်။ ကားဆီကိုဆင်းဖို့ ခြေလှမ်းပြီးမှ ရပ်တန့်သွားကာ..

"မောင် တကယ်ပြောတာလားဟင်"

"လွှမ်းရယ် မင်း နှုတ်ခမ်းစူနေတာလေးကိုမြတ်နိုးပေမယ့် စိတ်ဆင်းရဲလို့မှိုင်နေတာကျတော့ ကိုယ်က ကြည့်နေရက်ပါ့မလား၊ မေမေ ပြန်လာလို့မှ အဲဒီကိစ္စ အဆင်မပြေရင် မောင်တို့ကိုယ်တိုင်သွားမယ်"

လွှမ်း၏ ဝမ်းသာကြည်နူးသည့်စိတ်သည် မေမေတို့၏ ခွင့်လွှတ်ခြင်းကို ရယူလို၍ အဓိကဟုတ်ရဲ့လား။ မောင့်မျက်နှာထက်က ကြည်ဖြူလိုက်လျှောသော မြတ်နိုးရိပ်နှင့် အပြုံးတို့ကို ငေးရင်း မေးခွန်းလေးတစ်ခု တိုးတိတ်စွာဖြစ်နေသည်။

အဲဒီလောက်အထိ မောင် တကယ်ချစ်တာလား။





အခန်း (၃၉)

မိုးကနည်းနည်းနှင့် လေကပိုကြမ်းသည်။ အိမ်ကြီးတစ်အိမ်လုံးထဲမှာ တစ်ယောက်တည်းပါလားဆိုသော အသိက ဒီအိမ်ကို ရောက်လာကတည်းက ဒီညမှာပဲ ပထမဆုံးတွေးမိလိုက်ခြင်းဖြစ်သည်။

ညနေရောက်အောင်ပြန်လာမယ်ဆိုပြီး မောင် ဘာဖြစ်လို့ မပြန်တာလဲ။ အပေါ်ထပ်က တဒိုင်းဒိုင်းအသံတွေကြားနေရသဖြင့် မှန်တံခါးတွေ ဖွင့်နေပြီမှန်း သိလိုက်၏။

လွှမ်း လှေကားရင်းကနေမော့ကြည့်ပြီး တက်သွားရကောင်းမလား၊ ဒီတိုင်းနေရမလား စဉ်းစားသည်။ နေ့နေ့ ညည မောင် အိမ်မှာရှိနေလျှင် ဒီလှေကားနားမှာရပ်နေတာပင်မကြိုက်။

လွှမ်း ရောက်လာခါစက အိမ်ဖော်ကောင်မလေးတစ်ယောက်လည်း ရှိသည်။ အစကတော့ ဒီအိမ်မှာနေတာဟု သိရသည်။ လွှမ်း ရောက်လာတော့ သူမက နေ့ဘက်မှာပဲလာ၍လုပ်ကိုင်ပေးပြီး ညဘက်မှာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း သိပ်မကြာပါ။ နောက်တော့ ပေါ်မလာခဲ့တော့ပေ။

"အဲဒီလှေကားကြီးပေါ်ကနေ မမသင်းပျံ့ တွန်းချခံရတာ၊ သေသွားတာမျက်လုံးကြီးကိုပြူးလို့"

ဟု သေတဲ့ပုံစံလုပ်ပြ၍ တောင်းပန်သေးသည်။

"ကျွန်မ ညမအိပ်တာကို စိတ်မဆိုးပါနဲ့နော်၊ ညအိပ်ခေါ်ထားပေးပါလို့လဲ ဒေါ်လေးကို မပြောလိုက်ပါနဲ့၊ ဒေါ်လေးက အိပ်ရမယ်ဆိုရင် ကျွန်မငြင်းရခက်မှာ"

ဤသို့တောင်းပန်ထားပြီး သိပ်မကြာခင်မှာပဲ မလာတော့ပါ။ ဒေါ်မျိုးမျိုးကတော့ လွှမ်း အဖော်ရအောင် အိမ်ဖော်ရှာနေသေးသည်။

တစ်ယောက်မှ အဆင်မပြေ၍သာ ဒီနေ့ထိ ရောက်မလာကြခြင်းဖြစ်လိမ့်မည်။ ညဘက်မှာ တစ်ခါမှအဖော်မမဲ့ခဲ့ဖူးတော့ ကြောက်ဖို့လည်း မတွေးဖြစ်ခဲ့ပါ။

ဒီညမှာတော့ လွှမ်း တစ်ယောက်တည်းဖြစ်နေသည်။ ပြီးတော့ မိုးမှောင်ကျနေသည့်ညက ခုနစ်နာရီခွဲပဲရှိသေးတာတောင် ညဉ့်နက်သန်းခေါင်ကဲ့သို့ အမှောင်ထု၏သိပ်သည်းမှုကြောင့် နက်ရှိုင်းစွာကြီးစိုးနေ၏။

"ဝေါ"

"ဂျိမ်း"

မိုးသည်းသည်းရွာချလိုက်သံကြီး ထွက်ပေါ်လာ၏။ တဂျိမ်းဂျိမ်းတဒိုင်းဒိုင်းရိုက်ခတ်သံတွေက အပေါ်နဲ့အောက် သံစုံမြည်ကာ လွှမ်းဘာလုပ်ရမှန်း မသိဖြစ်နေ၏။

အပေါ်ကိုမော့ကြည့်နေတုန်း အောက်ထပ်မှာ ဒိုင်းခနဲမြည်၏။ နောက်လှည့်ကြည့်တုန်း အပေါ်က ဒုန်းဒုန်းဆောင့်ခါသွားပြန်သည်။

လှေကားကြီး၏လက်ကိုင်တွေကို လှမ်းဆုပ်ကိုင်လိုက်ရင်း လွှမ်းကိုယ့်စိတ်ကိုထိန်းလိုက်၏။





မကြောက်နဲ့ ကြောက်ရင် ပိုဆိုးကုန်မယ် လွှမ်း၊ စိတ်ကိုတင်းထားစမ်း။

ဖွေးဖွေးလှုပ်လင်းနေသည့်မီးရောင်အောက်မှာ အောက်ထပ်မှာရော၊ အပေါ်ထပ်မှာပါ မှောင်ရိပ်ကျသည့်နေရာဆိုတာ မရှိသလောက်ပင်။

ဒီလောက်လင်းချင်းနေတာကို ဘာလို့ကြောက်ရမှာလဲ။ ပထမဆုံးလုပ်သင့်တာကိုစဉ်းစားလိုက်တော့ အပေါ်ထပ်ကတံခါးတွေကို လိုက်ပိတ်ထားဖို့ပဲခေါင်းထဲရောက်လာ၏။

ပြီးမှ အောက်မှာ နားအေးပါးအေး ဆင်းနေလို့ရသည်။ မြင်နေရတာထက် မမြင်ရသည့်အရပ်မှ အသံဗလံတွေက လူကို ပို၍ အနှောင့်အယှက်ပေးနေတာဖြစ်သည်။

ကိုယ့်စိတ်ကူးနဲ့ကိုယ် လွှမ်း အပေါ်ထပ်ကိုတက်လာခဲ့သည်။

"ဝေါ"

"ဂျိမ်း ... ဂျိမ်း"

လှေကားတစ်ဝက်ကျမှ လွှမ်း ခြေထောက်တွေ တုံ့ခနဲဖြစ်သွား၏။ တံခါးရှေ့က ဘာကျာတံခါးကို တစ်စုံတစ်ယောက် ဆွဲလှုပ်လိုက်သလား၊ တံခါးက ဖွင့်ရုံပဲဖွင့်ထားတာမို့ ထိတ်ခနဲဖြစ်ကာ ဒီတံခါးကိုတော့ ပိတ်လိုက်ဦးမှဟု တွေးမိ၏။

သို့သော် အောက်ပြန်ဆင်းဖို့ ခြေလှမ်းပြင်လိုက်သည်နှင့် မိုးသံနှင့်လေပြင်းတစ်ရိုက်မှာ အပေါ်ထပ်က သံစုံမြည်သွားပြန်၏။

စိတ်များနေ သည့်ကိုယ့်အဖြစ်ကိုပဲ မကျေမနပ်ဖြစ်သွားမိကာ မူလစိတ်ကူးတိုင်း အပေါ်ထပ်တံခါးတွေကို ပိတ်ဖို့ ဆက်တက်လာခဲ့သည်။

"ဒိုင်း... ဂျိုင်း"

လွှမ်း အပေါ်ထပ်ရောက်သည်နှင့် ပိတ်လိုက်ဖွင့်လိုက်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်တံခါးတွေက ရင်ဘတ်ကို ဘယ်ညာ ထုရိုက်ပြီး ငိုကြွေးနေသည့် လူတစ်ယောက်အသွင်ဖြစ်နေကြသည်။

လွှမ်း ရင်ခုန်သံတွေမြန်လာသည်။ အပေါ်ထပ်တွင် လှေကားထိပ်မှာပဲ မီးရောင်ထိန်လင်းလျက် ရှေ့တိုးသွားလေ အပြာရောင်မီးလုံးလေးများ၏ လင်းအားက ဖျော့ကျသွားလေ။

မောင် အိမ်ကနေ စပြီး ခရီးထွက်သွားကတည်းက အပေါ်ထပ်မှာ လူ မနေခဲ့တာဟု ဒေါ်မျိုးမျိုး ပြောပြဖူးသည်။

ခု လွှမ်းနဲ့အတူ ပြန်ရောက်လာတော့လည်း အောက်မှာပဲ နေဖြစ်ခဲ့ကြသည်။

မီးချောင်းတွေကိုဖွင့်ဖို့ ခလုတ်တွေဆီ လက်လှမ်းလိုက်စဉ် လျှပ်ရောင် ဝင်းခနဲလက်သွား၏။ တံခါးတစ်ချပ်က နားမခံသာအောင် မြည်ဟီး၍ဆောင့်ပိတ်သွားသည်။

လွှမ်း ထိုတံခါးဆီကိုပဲ လျှောက်သွားခဲ့မိသည်။ သံပန်းကာထားသည့် အတွင်းကနေ လက်လျှို၍ တံခါးကို လှမ်းဆွဲလိုက်စဉ် လျှပ်ရောင်ဝင်းသွားသည်။

မျက်လုံးကလည်း အလင်းရောင်ဖြန့်ခင်းသွားသည့် ခြံထဲတစ်ခွင်ဆီ ဖျတ်ခနဲဝေ့သွားခဲ့၏။

"ဟင် ..."

လွှမ်း ခေါင်းထဲမှာ ဒိုင်းခနဲတုန်ခါသွားသလိုပင်။

ဆံပင်ဖားလျားနှင့် မိန်းကလေးတစ်ယောက်၊ ဟုတ်သည်၊ အဖြူရောင်သော ဝတ်စုံနှင့်...

"ဂျိမ်း"

နောက်ထပ်လျှပ်ရောင်က ပြူးပြက်လက်နေရင်း တော်တော်ကြာ၏။

"အမယ်လေး"





လွှမ်း သေချာကြည့်လိုက်မိလျှင် သူမက မော့ကြည့်လာပြီး လက်ယပ်ခေါ်၏။

"ဟင့်အင်း"

လွှမ်း နောက်ဆုတ်နောက်ဆုတ်နှင့် ခေါင်းတွင်တွင်ခါနေမိသည်။

"အား ..."

"ဒုန်း"

နောက်မှာ ဘာနဲ့တိုက်မိသွားမှန်းမသိဘဲ လွှမ်း ပစ်စလက်ခတ်လဲကျသွားသည်။ တင်ပါးထဲမှာ အဆမတန်နာကျင်သွားလျက် ခြေထောက်တစ်ဖက်လည်းနာသွားသည်။ ကြည့်လိုက်တော့ မျက်နှာကြက်မီးဆိုင်းတွေပြင်လျှင် ခြေခုတက်သည့် ခွေးခြေပုလေးဖြစ်နေ၏။

လွှမ်း ကမန်းကတန်း ပြန်ကျုံးထသည်။ တင်ပါးခွက်ထဲက မျက်အောင့်နေပေမယ့် အောက်ထပ်ကို ပြေးဆင်းခဲ့၏။ မိုးသံက လျော့ကျသွားလိုက်၊ ဝေါခနဲ မြည်သံပေးလာလိုက်၊ ညသည် အကျည်းတန်နေဆဲဖြစ်၏။

လွှမ်း လှေကားရင်းပြန်ရောက်လာတော့ မျက်လုံးက တစ်ခြမ်းပွင့်နေသည့်တံခါးချပ်ကြီးဆီ တန်းရောက်သွားသည်။ ရင်ခုန်သံတွေ တဒိုင်းဒိုင်းဆောင့်တက်လာကာ မျက်လုံးတွေ ပြူးကျယ်သွား၏။ သော့ခတ်မထားပေမယ့် အထဲကနေ သေချာချိတ်ထားတာပါ။ အထဲမှာ တစ်ယောက်ယောက်များဝင်နေသလား။

လွှမ်း ခြေလှမ်းဖို့ပင်မစွမ်းသာတော့ပါ။ ဒူးတွေရော လက်တွေပါ တုန်နေသည်။ လည်ချောင်းတွေ ခြောက်ခြင်းမှစ၍ နှုတ်ခမ်းတွေပါ ခြောက်လာ၏။ ထိုစဉ် ခေါင်းထဲမှာ လင်းလက်သွားသည်က မောင့်ဆီ ဖုန်းဆက်ပြီး လွှမ်း ဧည့်ခန်းစားပွဲပေါ်မှာရှိနေသည့် ဖုန်းဆီ ပြေးသွားမိ၏။ မောင်ဆီမှ ဖုန်းကို လှမ်းခေါ်ကာ ပြောမည့်စကားတွေကို ထည့်၍စောင့်နေစဉ် မြည်လာသည့်ဖုန်းသံက အိပ်ခန်းဆီမှဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ်"

လွှမ်း အားကိုးတကြီး ယူကျုံးမရစွာခေါ် လိုက်မိရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာလေသည်။ ဖုန်းက မောင့်ဆီမှာပါမသွားခဲ့ဘဲ လွှမ်းကိုဝင်နှိုးရင်း ကျန်နေခဲ့တာဖြစ်နိုင်သည်။

သွားပြီဆိုတာကို သိလိုက်ရခြင်းနှင့်အတူ တစ်ကိုယ်လုံးမှာ ကြောက်စိတ်တွေစီးမျောတိုးဝင်လာကြတာကို ဘယ်လိုမှ ထိန်းချုပ်မရတော့ပေ။ ကိုယ်စိတ်ကိုထိန်းရင်း နှုတ်ခမ်းတွေကို ဖိပိတ်တာတောင်မှ တုန်ယင် လှုပ်ခတ်နေသည့်နှုတ်ခမ်းသားတွေက မနာခံ။

ပွင့်နေသည့်တံခါးကြီးကို လှမ်းကြည့်မိကာ လွှမ်း အင့်ခနဲရှိုက်သည်။ ဟိုမိန်းမက ပုံရိပ် ဆိုတဲ့ မိန်းမလား၊ သူက မောင့်ဘေးမှာ ရောက်လာသမျှ မိန်းမအားလုံးကို သတ်ပစ်နေတဲ့ ပုံရိပ်လား။

"စွဲလမ်းလောက်အောင်လှနေလို့ဆိုရင်လဲ မေမေ မပြောပါဘူး၊ ဆံပင်တွေအရှည်ကြီးနဲ့ နုနုငယ်ငယ်ပုံလေးပဲရှိတာ" တဲ့။

ဒေါ်မျိုးမျိုး ပြောသည့်စကားကို ပြန်တွေးမိတော့ စောစောက မြင်လိုက်ရသည့်ဆံပင်ရှည်ကြီးနှင့်မိန်းမဟာ ပုံရိပ် ပဲဖြစ်ကြောင်း အတည်ဖြစ်ခဲ့၏။ ဒါဆို သူက ဘယ်လိုသတ်မှာလဲ၊ လွှမ်း ကို တကယ်သတ်ပစ်နိုင်းမှာလား။

ကြောက်သည့်စိတ်သည် မောင့်မျက်နှာကိုသတိရလိုက်တော့ အရှုံးမပေးနိုင်ခြင်းတွေဖြစ်ကုန်ပြန်၏။ ဒီလိုသတ်ချင်တိုင်းသတ်လို့ရသလား၊ လွှမ်း က မောင့်ဘေးမှာ တစ်သက်လုံး နေသွားမယ့်သူ၊ သူ့ကို ဘာလို့ အရှုံးပေးရမှာလဲ။

ကိုယ့်စိတ်ကိုတင်းသည်။ ချစ်သည့်စိတ်က ကြောက်တာတွေထဲက နေ တိုးထွက်ချင်၏။ သို့သော် နေရာမှရွှေ့ဖို့ ခက်နေသည့် ခြေထောက်တို့က စိတ်၏ဆွဲငင်ရာသို့ ပါမလာကြပေ။





ကိုယ်သည် နတ်ပူးခံရသလို တုန်ယင်နေရင်း တံခါးဆီကို တရွေ့ရွေ့ တိုးကပ်လာခဲ့သည်။ ဟူးဟူးဟဲဟဲတိုက်ခတ်နေသည့် လေပြင်းက မိုးစက်တို့ကို လက်တံများအဖြစ်သုံးကာ အရာဝတ္ထုပစ္စည်းအားလုံးကို တိုးတိုက်ရိုက်ပုတ်နေလေသည်။

လွှမ်း သော့ဖြုတ်၍ တံခါးကိုပြန်ဆွဲပိတ်သည်။ အသာလေးဆွဲစေရုံပဲ ပိတ်နေကျတံခါးက သံမဏိတံခါးချပ်ကြီးတွေကို ကိုင်လှုပ်နေသလိုဖြစ်နေ၏။

သော့ခတ်တော့လည်း လက်တွေတုန်ကာ တော်တော်နှင့်မရ။ မောင်ပြန်နဲ့ပါတော့ ဒီလောက်ထိ စိတ်ချလက်ချ ခင်ဗျား ထွက်သွားရက်တယ်။ မျှော်လည်းမျှော်သည်၊ ဝမ်းလည်းနည်းသည်။

ဒါကိုပဲ ပူပန်ပါသည်ဟု တဖွဖွပြောနေတုန်းက လွှမ်း သည်းမခံချင် အောင်ပင်၊ ခုတော့ 'မပူတော့ဘူး' ပြောသွားခဲ့လို့ တကယ် စိတ်ချလက်ချ ပစ်ထားလိုက်တာလား။

"ဟင်း ..."

နောက်က သက်ပြင်းချလိုက်သံ။ လွှမ်း တစ်ကိုယ်လုံး တုန်ခနဲခါသွား၏။ နောက်ကိုလှည့်ကြည့်ရင်း တံခါးမှာ ကျောနဲ့ကပ်ထားလိုက်မိသည်။ မီးတွေထိန်နေသောတိုက်ကြီး၏ အောက်ထပ်တစ်ပြင်လုံးမှာ ဘာမှမရှိပါ။

သို့သော် စောစောက သက်ပြင်းချသံက ကိုယ့်နားကပ်ကပ်လေးမှဖြစ်သည်။ မဟုတ်ပါစေနဲ့ လွှမ်း အိပ်မက်မက်နေတာဖြစ်ပါစေ။ အိပ်မက်ဆိုးတစ်ခုပဲဖြစ်လျက် ထိုအိပ်မက်မှ အမြန်ဆုံးနိုးထပါရစေ။

တံခါးမှာ ကျောကပ်မှီရင်း တအင့်အင့်ရှိုက်ငိုမိသည်။ ခြေလှမ်းလိုက်တော့ တင်ပါးတစ်ခြမ်းလုံးက စူးအောင့်နာကျင်ကာ လူက ယိုင်ခနဲ... ဒါ အိပ်မက်ဖြစ်ဖို့ဆိုတာ မျှော်လင့်မနေနဲ့လို့ ပြောပေးလိုက်တာ...

သော့တွဲကို တင်းတင်းဆုပ်ကာ အပေါ်ထပ်က နိုး...ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က တုန်ခါသွားပြန်သည်။ ဒီနေ့ကျမှ အပေါ်အောက် ရှိသမျှပြတင်းတံခါးတွေ ဘာဖြစ်လို့ ပွင့်နေခဲ့တာလဲ။ လေတိုက်လို့ပွင့်ကုန်တာလား။ သူမ ပေါ့ဆခဲ့၍လား။

လှမ်း အောက်နှုတ်ခမ်းကိုဖိပိတ်ထားရင်း အသံတိတ်ရှိုက်နေသည်။ ညှို့ခန်း၏ဘေးတံခါးဆီကို တရွေ့ရွေ့လှမ်းခဲ့စဉ် ကိုယ့်နောက်မှာ တစ်စုံတစ်ယောက် ကပ်လိုက်နေသလို ခံစားလာရ၏။

အသက်အောင့်ထားကာ နောက်ကို အာရုံစိုက်ကြည့်လိုက်တော့ လှုပ်ရှားနေသည့် တစ်စုံတစ်ရာ၏အငွေ့အသက်ကို ခံစားမိလာသည်။ သူမ မရပ်ရဲပေ။ ရှေ့ကိုပဲဆက်တိုးသွားနေရင်း တစ်ခြမ်းပိတ်နေသည့် ပြတင်းမှန်တံခါးကို မျက်လုံးရောက်သွားလျှင် ...

"ဟင် ..."

ရတ်တရက် တစ်ကိုယ်လုံး အကြောတွေဆိုင်းသွားသည့်နှယ်၊ မှန်ထဲမှာ ဆံပင်ဖားလျားနှင့် သူမနောက်မှာ ဦးခေါင်းတစ်လုံး။

"သွား ... သွား"

မျက်လုံးတွေပိတ်ကျကုန်အောင် အော်ပစ်လိုက်ကာ လှမ်း ပြေးထွက်လိုက်သည်။ တံခါးဆီကိုဖြစ်သော်လည်း လက်ထဲမှသော့က ချွမ်းခနဲ လွင့်ကျသွားတာ လွှင့်ပစ်လိုက်သလိုပင်။ သော့ကို အလန့်တကြားလိုက်ကြည့်ရှာမိစဉ်...

"အား ..."

ဆံပင်ဖားလျား၊ အကျီအဖြူကွက်နှင့်ပုံသဏ္ဌာန်ကို ထင်းထင်းကြီး မြင်လိုက်၏။ သော့ကို ပြေးကောက်ဖို့က သူမ၏ခြေထောက်ရှေ့မှာဖြစ်နေခဲ့သည်။ လှမ်း တံခါးဖွင့်၍ အပြင်ရောက်ဖို့ မဖြစ်နိုင်တော့ပေ။

မျက်လုံးထဲမှာ ပြာသွားလိုက်၊ ကြည်လာလိုက်ဖြစ်လျက် ဆံပင်ဖားလျားကြီး ဖြန့်ချထားသောသူမသည် ကိုယ့်ရှေ့ကို တိုးလာနေသလိုလို





ရပ်နေဆဲလိုလို။

"ဟင့်အင်း မလာနဲ့ မလာနဲ့နော်"

ပြေးပေါက်မှားကာ လှမ်း အပေါ်ထပ်သို့ နောက်ပြန်ဆုတ်တက်ခနမိသည်။ သူမက ရှေ့တိုးနောက်ငင်ဖြစ်နေရင်း လှေကားရင်းထိ လိုက်လာ၏။ လှမ်း နောက်ကို ချာခနဲလှည့်၍ ပြေးတက်ခဲ့သည်။

ထိုစဉ် ပြတင်းတံခါးအားလုံးသည် တဒိုင်းဒိုင်းဆောင့်ပိတ်ကုန်ကြတာ ဆက်တိုက်။ ထိုအခါ ပွင့်နေသည့်တံခါးတစ်ချပ်က လှမ်းကို လက်ယပ်ခေါ်နေလေသည်။

ဝရန်တာတံခါး...

နောက်လှည့်ကြည့်လိုက်တော့ တစ်လှမ်းချင်းတက်လိုက်လာသည့် သူမသည် လှေကားထိပ်မှာ စုံရပ်လျက် 'မင်း ဘယ်ပြေးဦးမလဲ'ဟု မေးနေသည့်နှယ်၊ လှမ်း ကြည့်နေတုန်း သူမက ဆက်တိုးလာ၏။

"သွား ..."

ပုံတင်သံပါအောင် အော်ဟစ်ရင်း လှမ်း ဝရန်တာအပြင်ကို ပြေးထွက်သည်။ ပြီးတော့ တံခါးကို ကတုန်ကယင် လှမ်းဆွဲပိတ်၏။ ဒါပေမယ့် လေလား၊ လူလား မသိ၊ တံခါးက နှစ်ဖက်ဖွေပြီးကာမှ အထဲက ဆောင့်ဆွဲလိုက်သလို လွတ်ထွက်ပါသွား၏။

"ဟင် ..."

တံခါးတစ်ချပ် ပြန့်ပါသွားကာ အတွင်းမှာရပ်နေသည့်သဏ္ဌာန်က ဆံပင်ရှည်ကြီးတွေ လွင့်ပျံလျက် လှမ်းကို ခုန်အုပ်လိုက်တော့မည့်အတိုင်း။

"မောင် ... မောင် ကယ်ပါဦး"

လှမ်း နောက်ဆုတ်နေရင်း ခေါင်းတွင်တွင်ခါသည်။ မောင့်ကို တ[illegible]တခေါ်ငင်နေခြင်းက နှုတ်ခမ်းဖျားမှာပဲ ပျောက်ကွယ်လျက် ဘာ[illegible]လည်း မထွက်တော့ပေ။ ထိုစဉ် ခြံဝမှ ကားတစ်စီးမီးရောင် ဝင်[illegible]နေလက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုမီးရောင် ဝင့်လိုက်စဉ်မှာပဲ လွှမ်း ကို မောင် လှမ်းမြင်လိုက်၏။

"လွှမ်း"

မောင် တအားလှမ်းအော်ကာ ကားကို နေရာမှာတင်ရပ်ပစ်လိုက်၏။

"လွှမ်း ရပ်နေ၊ နောက်မဆုတ်နဲ့တော့၊ လွှမ်း"

တံခါးတွေပွင့်နေသည့်ဝရန်တာမှာ အိမ်ထဲကမီးရောင်က ဆလိုက်ထိုး ပေးထားသလိုဖြစ်နေသည်။ လွှမ်း ကို ကျလုကျခင် အစပ်နားမှာ ထင်း ထင်းကြီးမြင်နေရကာ ဟိုဘက်မှာ တစ်ယောက်။

ဆံပင်ဖားလျားရဲ့ပုံသဏ္ဍာန်ကိုပဲ ရိပ်ခနဲမြင်လိုက်ရပြီး သူ လှမ်းခေါ် လိုက်တော့ ဆံပင်တွေ ဝေ့ခနဲလွင့်ပျံ့သွားသည်။ အထဲကို လှည့်ဝင်တာ လား၊ လွှမ်း ဆီပြေးကပ်လိုက်တာလား။

"လွှမ်း"

သူ ရောက်လာပြီမှန်း လွှမ်း ကြားအောင် အော်ဟစ်အသံပေးရင်း ဝရန်တာအောက်ရောက်အောင် တအားပြေးမိသည်။ လွှမ်း သည် သူ့ကို လုံးဝလှည့်မကြည့်ဘဲ နောက်ဆုတ်နေသည့်ခြေလှမ်းကို နည်းနည်းမှ မတုံ့ဆိုင်း။

ဝရန်တာတန်းက နှစ်တန်းတည်းဖြစ်ကာ လက်ထောက်ရပ်နေလို့ ရသဖြင့် နိမ့်နိမ့်လေးပဲဖြစ်၏။ လွှမ်း ဆက်လက်ဆုတ်နေဦးမည်ဆိုလျှင် မတွေးဝံ့တော့ပါ။

"လွှမ်း ကိုယ်ပြောနေတာ နားထောင်၊ ရပ်လိုက်တော့၊ ရပ်.. ဟာ.."

သူ့မျက်လုံးတွေ မီးပွင့်သွားသလိုပင်၊ လွှမ်း တစ်ကိုယ်လုံး နောက် ပြန်ကျွမ်းထိုးလိုက်သည့်အတိုင်း ပစ်စလက်ခတ်ပြုတ်ကျလာလေသည်။

မောင် ဘာမှစဉ်းစားမနေနိုင်။ လွှမ်း ပြုတ်ကျလာသည့် အောက်က နေ အချိန်မီ ဆီးပွေ့နိုင်ဖို့ပြေး၏။





"အား ..."

"အင့်..."

အလွန်လေးလံသော နွေးခဲသည့်ကိုယ်လုံးလေးက အရှိန်နှင့်ပစ်ကျ လာသည်။ မောင် ဘယ်လိုမှ မထိန်းသိမ်းနိုင်ခဲ့ပါ။ ခန္ဓာကိုယ်သည် တစ်စုံ တစ်ယောက်က ကိုင်ပေါက်ပစ်လိုက်သည့်နှယ် အုန်းခနဲမြည်ဟီးလျက် မြူနီပြာဝါ ရောင်စုံလင်းလက်သွားခဲ့ပြီးနောက်တွင် ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၀)

မျက်လုံးတွေကိုဖွင့်ဖို့ အသိစိတ်မှာ နိုးကြားနေလျက်နှင့် ဖွင့်တော့မရပေ။

"အား … ကျွတ် ကျွတ်"

"လွှမ်း …"

မောင့်ခေါ်သံက နားထဲမှာ နီးနီးကပ်ကပ် တိုးဝင်လာ၏။

"မစိုးရိမ်ပါနဲ့တော့၊ ခင်ဗျားမှာလဲ ဒဏ်ရာတွေနဲ့"

"ဟုတ်သားပဲ မောင် ရာ၊ သူ့မှာ ဘာဒဏ်ရာမှ မရှိဘူး၊ မင်းက ခေါင်းမှာရော လက်တွေမှာရော၊ ငါမြင့် ဒီတစ်ခါ မင်း သွားပြီလို့ တွက်လိုက်တာ"

"ငါဖြစ်သွားပါစေကွာ၊ အဲဒါဆိုရင် ကျေနပ်လိုက်နိုင်ပါတယ်၊ လွှမ်းသာ တစ်ခုခုဖြစ်သွားရင် ငါ အသက်ရှင်နေလဲ အလကားပဲ၊ ငါ့ဘဝ ဒီတစ်ခါမှ အဖြစ်ဆိုးမှာ၊ လွှမ်း …"

စကားသံတွေကို ပီပီသသ ကြားနေရသည်။ ပြီးတော့ လွှမ်း နာမည်ကို ခေါ်၍ လက်ဖဝါးချင်းထပ်ဆုပ်ရင်း ဖျစ်ညှစ်နေခြင်း။





"လွှမ်း သတိရပါကွာ၊ မင်း ဘာမှမဖြစ်ဘူးမဟုတ်လား၊ မဖြစ်ရဘူး၊ မင်း မျက်လုံးတွေဖွင့်ပါ၊ မောင် ရင်ကွဲအောင်မလုပ်ပါနဲ့"

ရှိုက်သံသဲ့သဲ့နှင့်အတူ လွှမ်း ၏လက်ခုံနှင့်ပွတ်တိုက်နေသည့် ပါးပြင်မှာ စိုစိုစွတ်စွတ်ဖြစ်လာနေ၏။

"လွှမ်း"

အထပ်ထပ်ခေါ်နေခြင်းကို လွှမ်း ပြန်ထူးပါသည်။ ဒါပေမယ့် မောင်မကြားဖူးထင်သည်။ ပြီးတော့ လွှမ်း ရှေ့မှာ ရုတ်ခနဲပေါ်လာသည်က ဆံပင်ဖားလျားကြီးနှင့်မိန်းမ။

"အား …"

"လွှမ်း …"

ဒီတစ်ခါ လွှမ်း အသံထွက်သွား၏။ ကိုယ့်အော်သံကိုလည်း ပြန်ကြားလိုက်သည်။ လွန်စွာမောဟိုက်ခြင်းနှင့်အတူ လူသံတွေ ပို၍များပြားလာသလိုရှိ၏။

"မောင်… မောင် ဘယ်မှာလဲ၊ ဟိုမိန်းမ… ဟိုမိန်းမ ဟိုမှာ…"

"လွှမ်း"

လွှမ်းက ကျုံးထလိုက်မိ၏။ အိပ်မက်ထဲမှာမဟုတ်ဘဲ တကယ်ထလိုက်တာဖြစ်သည်။ သို့သော် လွှမ်း တစ်ကိုယ်လုံးကို မောင် က ဖက်ထားကာ …

"လွှမ်း … လွှမ်း သတိထားလေ၊ ဘာမှမရှိတော့ဘူး"

"မောင်"

"ဟုတ်တယ်၊ လွှမ်း ဘေးမှာ မောင် ရှိတယ်၊ ဒီမှာ ဆရာဝန်တွေရော မိတ်ဆွေတွေရော အများကြီးပဲ၊ မကြောက်နဲ့တော့နော်"

မိုးလင်းနေပြီလား၊ ဒါ ဘာလဲ၊ ချောက်ချောက်ချားချားတွေ့ကြည့်တော့ ဆေးရုံပေါ်မှာဆိုတာ သိလိုက်ရသည်၊ ပြီးတော့ မောင့် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ပိုင်းနေ၏။ ဂျူတီကုတ်နှင့်ဆရာဝန်ကြီးတွေက နူးညံ့နွေးထွေးသည့်မျက်ဝန်းများနှင့်ကြည့်နေကြသည်။ ဘေးမှာ သူနာပြုဆရာမလေးတွေ ရံလျက်...

"သမီး စိတ်မလှုပ်ရှားနဲ့နော်၊ ဘာအန္တရာယ်မှ မရှိတော့ဘူး"

"ဟုတ်တယ် လွှမ်းရဲ့၊ ရာသီဥတုဆိုးရွားနေတဲ့ညမှာ တစ်ယောက်တည်းရှိနေရတော့ စိတ်ချောက်ချားတာဖြစ်တတ်ပါတယ်"

"မဟုတ်ဘူး"

ကောင်းစျာန်က ဝင်၍နှစ်သိမ့်စကားပြောသည်။ လွှမ်း မျက်ဝန်းတွေ စူးစူးရဲရဲဖြစ်သွားရင်း ချက်ချင်းခေါင်းခါ၏။

"မောင်"

"လွှမ်း"

"လွှမ်း ... လွှမ်း စိတ်ချောက်ချားတာမဟုတ်ဘူး၊ တကယ်..တကယ်သူလိုက်နေတာ၊ ဆံပင်ဖားလျားနဲ့ သူ... သူ... တကယ်..."

"လွှမ်းရယ်"

တဆတ်ဆတ်တုန်နေသည့် လွှမ်းကိုယ်လေးကို သိမ်းကျုံးဖက်ထားကာ မောင် ဘယ်လိုနှစ်သိမ့်ရမှန်းမသိ၊ သူလည်းမြင်လိုက်သည်။ ဒါပေမယ့် ...

"မမိုးဝါကလဲ ဆံပင်အရှည်ကြီးပဲ မင်း သိသားနဲ့ကွာ၊ ပြီးတော့ ဒီမနက်(၆)နာရီလောက်မှာ မမိုးဝါရဲ့အလောင်းကို နှင်းဆီကုန်းထိပ်မှာ တွေ့ကြတယ်"

"ဟုတ်ပါတယ်၊ သူ့ကို စိတ်ကျန်းမာရေးဆေးရုံ ပို့မှာစိုးလို့ ထွက်ပြေးနေတာ တစ်နေကုန်ပဲ၊ မင်းလဲ သူ့ကိုပိုင်းရှာပေးရင်း ကားအက်ဆီးဒင့်ဖြစ်ခဲ့ရတယ်မဟုတ်လား၊ မိုးရွာလို့ သူ ပြေးနိုရင်း မင်းအိမ်ထဲ တိုက်တိုက်ဆိုင်ဆိုင်ရောက်သွားတာပါ"





သူ သတိရလို့ လွှမ်းနဲ့ သူ့အဖြစ်ကိုပြောပြတော့ ဆရာဝန်ကြီးနှင့် ကောင်းစျာန်တို့က ဒီတိုင်းပဲပြောကြသည်။ ညအချိန်မတော်ကြီး အော်ဟစ်ဆူညံသံတွေကြားသဖြင့် ခြံချင်းကပ်လျက်က မသက်ဘလို့ လာကြည့်ကြသည်တဲ့။

ခြံစောင့်လည်းမရှိ တံခါးကြီးလည်းပွင့်နေသဖြင့် အထဲဝင်လာကြရင်း နှစ်ယောက် ထပ်လျက်သား မိုးရေထဲမှာ သတိလစ်နေကြတာကို တွေ့သွားကြသည်။

လွှမ်းမှာ ဘာဒဏ်ရာမှမတွေ့သော်လည်း ခေါင်းနဲ့လက်ပြင်မှာ သွေးတွေရဲနေသောမောင့်ကို စိုးရိမ်သဖြင့် ဆေးရုံကို တစ်ခါတည်း ပို့ပေးခဲ့ကြခြင်းဖြစ်သည်။ ထိုညနေမှာ ဖြစ်ချင်တော့ မောင့်စိတ်တွေက အိမ်ကိုပဲ ပြန်ရောက်နေ သည်။

"လူလေးရယ် သမီးလေးကို ရှာပေးပါဦး၊ အမေ့မှာ လူလေး တစ်ယောက်ပဲအားကိုးစရာရှိတာပါ၊ သမီးလေးက ငယ်ငယ်ရွယ်ရွယ်လေးပါ၊ စိတ်ကမနှံ့ ဟိုသွားဒီရောက်နဲ့ မသမာသူတွေ စော်ကားခံရင်တော့ အမေရင်ကျိုးပါပြီကွယ်"

သူ့လက်တွေကိုဖယ်ချမရလောက်အောင် ကတုန်ကယင်ဖိဆုပ်၍ ငိုနေသော ဒေါ်မေကြည် ဆိုသည့် မိန်းမကြီး၏သောကကို ဥပေက္ခာထားလိုက်ဖို့လည်း ခက်နေသည်။

ထို့ကြောင့် ညနေစောင်းသည်အထိ ပတ်ရှာပြီး မတွေ့သည့်အဆုံးမှာ ကောင်းစျာန်ကို ဖုန်းဆက်ဖို့စိတ်ကူးမိ၏။ အိတ်ထဲမှာစမ်းတော့ ဖုန်းက ပါမလာ။ ဖုန်းကိုကိုင်ထားပြီးဖြစ်လျက်နှင့် လွှမ်းကိုနှိုးရင်း ခုတင်ခြေရင်းနားမှာပဲ ခဏချထားလိုက်တာ ပြန်ကောက်ခဲ့ဖို့မေ့သွားသည်။

သိပ်လည်းမဝေးတော့သဖြင့် ကောင်းစျာန်ဆီကို ကိုယ်တိုင်[illegible]ခဲ့သည်။ မမိုးဝါအကြောင်း ကောင်းစျာန်လည်းသိထားသ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဖို့ တာဝန်လွှဲကာ သူ ပြန်လှည့်ခဲ့တာပါ။

ထိုခရီးမှာပဲ မောင် လူတစ်ယောက်ကို တိုက်မိမလိုဖြစ်သွားသည်။ ထိတ်ခနဲထူပူကာ စတီယာရင်ကို ကမန်းကတန်းဆွဲလှည့်ပစ်လိုက်၏။ လူကို မတိုက်မိပေမယ့် အရှိန်လွန်ကာ ပလက်ဖောင်းနှင့်ပစ်ဆောင့်လေသည်။ ကားက ဒိုင်းခနဲဆောင့်ခုန်တက်သွားပြီး သူ့ခေါင်းထဲမှာ မီးစနှင့်ထိုးခံလိုက်ရသလို ဘာဖြစ်သွားမှန်းမသိလိုက်ပေ။

သူ သတိရတော့ ဆေးရုံပေါ်ရောက်နေ၏။ ခေါင်းမှာ ဒဏ်ရာပြင်းသည်ဟု ဝိုင်းပြောနေကြသည့်ကြားကနေ သူ အတင်းထသည်။ ဘာမှမဖြစ်ပါဟု အားလုံးရှေ့မှာ နေကောင်းကြောင်းပြောပြီး ကားပေါ်ရောက်ခဲ့၏။

မိုးစက်တွေကို ထိုးခွင်းမောင်းလာခဲ့ရင်း နာရီကြည့်လိုက်တော့ ခုနစ်နာရီခွဲပြီးနေပြီ။ စိတ်ချင်းဆက်သွယ်နေတာလား၊ ဒါမှမဟုတ် လွှမ်း က မသေထိုက်သည့်မိန်းကလေးဖြစ်နေ၍လား။

အိမ်မှာ လွှမ်း တစ်ခုခုဖြစ်နေပြီဟု စိတ်ထဲမှာတိုက်ရိုက်ကြီးခံစားနေရသည်။

ခေါင်းကဒဏ်ရာ တရိပ်ရိပ်တက်နေတာကိုလည်း သတိမထားနိုင်။ ကားကို အရှိန်လည်းမချဖြစ်ဘဲ အိမ်ကို မောင်းချလာခဲ့တာဖြစ်သည်။

သူ ရောက်သွားတာ လက်မတင်လေးပါလား။ နောက်ထပ် စက္ကန့်ပိုင်းလောက်သာနောက်ကျသွားခဲ့လျှင် ...

"လွှမ်း ရယ်၊ မင်း ... မင်း ဘာမှမဖြစ်ရဘူး"

သူ့စကားတွေက စိတ်ဓာတ်ဆန်နေပြီထင်သည်။ လွှမ်း ၏ စိတ်ဓာတ်ကို ဖြေသိမ့်ဖို့ သတိမရဘဲ သူ့ကိုယ်သူပင် ဘယ်လိုမှဖြေလို့မရ။ လွှမ်း က သူ့ကိုယ်ဖက်ထားရင်း တရှိုက်ရှိုက်ငိုနေသဖြင့် ရင်ထဲမှာ နင့်နေသည်။

ဘေးကနေမြင်ရသူတွေမှာလည်း တစ်ယောက်မျက်နှာတစ်ယောက်



BURMESE CLASSIC .com



ကြည့်၍ သက်ပြင်းချနေကြရုံအပြင် ဘာမှမတတ်နိုင်တော့ပေ။

သို့သော် ဆရာဝန်ကြီးကတော့ နှစ်ယောက်နှင့်နီးအောင် ရှေ့တိုးလာကာ ...

"ရောဂါလက္ခဏာ အမြစ်တွယ်လာပုံအမျိုးမျိုးမှာ စိတ်ကြောင့်အခြေခံတာတွေ အများကြီးရှိတယ်ကွယ့်၊ အထူးသဖြင့် အစွန်းရောက်ခွဲလမ်းမှုဖြစ်လာရင် စိတ်ဓာတ်ဖြစ်သွားတတ်တယ်၊ တစ်ယောက်က အခွဲအလမ်းဖြစ်နေရင် တစ်ယောက်က တည့်မတ်ပေးနိုင်ဖို့လိုတယ်"

ဆရာဝန်ကြီးကို မောင် မော့ကြည့်လိုက်တော့ စကားက ဒီမှာပဲရပ်သွား၏။ မျက်လုံးချင်းဆုံမိခိုက်မှာ "မင်းကပါရောပြီး ခွဲလမ်းမနေနဲ့တော့"လို့ သတိပေးနေသလိုပင်။ မောင် အံတင်းတင်းကြိတ်၍ မျက်ဝန်းတွေကို ရှေ့ပစ်လိုက်မိ၏။ သူ အခွဲအလမ်းကြီးခဲ့တာလား၊ တကယ်ပဲတစ်ယူသန်စိတ်ဓာတ် ဖြစ်နေခဲ့သလား။

မျက်လုံးထဲမှာ သူ မော့ကြည့်လိုက်မိစဉ် ဝေ့ခနဲလွင့်မျောသွားသည့်ဆံပင်ရှည်တွေကို မြင်ယောင်လာသည်။

မမိုးဝါရဲ့ဆံပင်တွေက ရှည်သည်၊ ဒါပေမယ့် အမြဲတမ်းဖြန့်ထားတတ်သည့်ဆံပင်တွေလို အုပ်မောင်းဝဲဖြာနေဖို့တော့ မရှိပေ။ ဒီအဖြစ်တွေကို သူ ဘယ်လိုခွဲထုတ်ပြရမလဲ။

တုတ်ပြနေဖို့ရော သင့်သလား။ မမိုးဝါ အိမ်ထဲရောက်သွားခဲ့သည် အမှန်ပဲဖြစ်ခဲ့လျှင်တောင် သူ ဆုံးဖြတ်ချက်ချပြီးသားပါ။

လွှမ်း နဲ့ သူ ဒီအိမ် ဒီနေရာကနေ ခွာဖို့ ဘယ်ဟာက အမှန်ဖြစ်ဖြစ်အားလုံးကို မေ့လျော့ပျောက်ပါးစွာ နေလိုက်ချင်သည်။ ကံဆိုးစွာ နောက်ထပ်သိလိုက်ရသည့်အဖြစ်တစ်ခုက လွှမ်း၏ ခြေထောက်တစ်ဖက် မထောက်နိုင်တော့ခြင်းပင်။ လွှမ်း ကတော့ သတိရလာကတည်းက ငိုနေသည့်မျက်ရည်က မစဲခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ကိုလည်း မျက်စိအောက်က အပျောက်မခံ၊ ဆူညံသံ တစ်ချက်ကြားတာနှင့် တုန်ခနဲဖြစ်သည်။ ပေးနေတုန်းခေါ် လျှင် "အား" ခနဲထအော်၏။

သူမ ခြေထောက်တစ်ဖက် မထောက်နိုင်ခြင်းကိုလည်း ထူးခြားခံစား မိပုံမပြပေ။ မျက်ရည်မစဲနိုင်ခြင်းက ဘာကြောင့်ဆိုတာ မပြသော်လည်း မောင့်လက်ကို မလွှတ်တမ်းဆွဲထားလျက် ...

"မောင် မသွားရဘူး"

ဆိုတာကို တတွတ်တွတ်ပြောနေ၏။

"သူ တကယ်ရှိနေတာ မောင်"

ဟု ပြော၍ ရှိုက်ငိုတာလည်းရှိသည်။ လူနာလာမေးတိုင်းငိုနေတာပဲ မြင်နေရသဖြင့် ကောင်းချွန်တို့လည်း စိတ်မကောင်းဖြစ်နေကြသည်။

"သူ့ကို မင်း စိတ်ပြေလက်ပျောက် တစ်နေရာကိုခေါ် သွားသင့်တယ် မောင်၊ ပြီးတော့ မင်းကိုယ်တိုင် အဲဒီအကြောင်းတွေကို လုံးဝ ပါးစပ်ထဲ ထည့်မပြောနဲ့တော့"

အားလုံးက ဒီလိုပဲအကြံပေးကြ၏။ ဆေးရုံကဆင်းသည့်နေ့မှာ မေမေ ပြန်ရောက်လာသည်။ ဒေါ်မြဆက် ဆိုသော လွှမ်း၏အဘွားလည်း ပါလာ ကာ ...

"ကြားတယ်၊ ရန်ကုန်ရောက်လာမှ အဖြစ်သနစ်အစုံကို ကြားရတာ၊ ဖုန်းဆက်တုန်းကတော့ နေမကောင်းဘူးလို့ဘဲ ပြောတာကိုး"

ဒေါ်မြဆက် က လွှမ်း ဘေးမှာဝင်ထိုင်ကာ ကလေးလို ထွေးပိုက် ထားရင်း ကျန်တဲ့လူတွေကို တစ်ခွန်းမှ နားဝင်ချိုစရာ မပြော။

"ကျွန်တော်က လူကြီးတွေ စိတ်အရမ်းပူသွားကြမှာစိုးလို့ပါ"

မောင် တောင်းပန်ပေမယ့် မကျေနပ်ပါ။

"စိတ်ပူတာပေါ့ကွယ်၊ မင်းနဲ့ လုံးဝကို သဘောမတူနိုင်တာ အဲဒီလိုဖြစ်





မှာကို သိလို့ပဲလေ"

ပြောသည့်စကား ဘယ်ရောက်ရောက် ဘယ်မျက်နှာပျက်နေနေ ဂရု မစိုက်။

"မင်းအမေ လာပြီးဆွေးနွေးတာကို သဘောမကျပေမယ့် ကျုပ် လက်ခံခဲ့တာ၊ အဲဒါ ကြည်ဖြူလွန်းလို့တော့မဟုတ်ဘူး၊ ဒီမှာ ကြာကြာ ထားရင် နှလုံးဖြစ်လာမှာစိုးလို့ ကျုပ်မြေးကို ကျုပ်ရဲ့ဘေးမှာ ခေါ်ထားမလို့ ခုတော့ ဖြစ်သွားပြီ၊ ကံကြီးလို့ မသေပေမယ့် ဒုက္ခိတပဲ"

"ဒီလိုရှိပါတယ် ဒေါ်လေးရယ်၊ သမီးလေးခြေထောက်က ခြောက်လ လောက် ဂရုစိုက်လေ့ကျင့်ပြီး ကုလိုက်ရင် လုံးဝ ပြန်ကောင်းသွားမယ်လို့ ဆရာဝန်က ပြောပါတယ်၊ သမီးလေးနေကောင်းရင် ဒေါ်လေးနဲ့သမီးလေး တို့ စိတ်တိုင်းကျဖြစ်ရပါစေမယ်၊ ဟို... ဆိုလိုတာကလေ သမီးလေး ဘယ် မှာပဲနေနေ စိတ်ချမ်းသာအောင်စီစဉ်ပေးပါ့မယ်၊ မျိုးက တစ်ဦးတည်း သောသား ဆိုပေမယ့် သမီးရှင်နဲ့ပြိုင်ပြီး အခွင့်အရေးမယူပါဘူး"

"မဖြစ်ဘူး မျိုးမျိုး၊ ကျုပ်လိုက်လာတာလဲ မြေး နေမကောင်းဘူး ဆိုလို့ လိုက်လာတာ၊ လိုက်ခဲ့တုန်းကတော့ အစီအစဉ်မရှိပေမယ့် အခု ရှိသွားပြီ၊ မြေးကို ပြန်ခေါ် သွားရလိမ့်မယ်"

"ဗျာ..."

"ဒေါ်လေး.. အဲဒီလို..."

"အို.. မဖြစ်ဘူး၊ နောက်ထပ်ဒီလိုဖြစ်ရင် မြေးအလောင်းကိုကောက် ပြီး ပြန်ရတော့မှာ၊ ဒီမှာ မြေး ..."

ဒေါ်မြဆက် က မောင်တို့အသားအမိကိုပြောနေရင်း လွှမ်း မေးဖျား လေးကို အလွန်နူးညံ့စွာမော့ယူကြည့်ကာ ...

"မြေး ဘွားနဲ့ ပြန်လိုက်ခဲ့နော်၊ ဟိုရောက်မှ မြေး ပြန်ချင်ရင်တော့ မြေးရဲ့မေမေတို့နဲ့တိုင်ပင်၊ ခုတော့ ပြန်လိုက်ခဲ့ရမယ် သိလား



www.burmeseclassic.com

www.burmeseclassic.com



"လွှမ်း"

မောင် မျက်စိမျက်နှာပျက်လျက် လွှမ်းကို လှမ်းခေါ်သည်။ လွှမ်း က မော့ကြည့်၏။

"အိုကွယ် မြေးကို စိတ်ယိုင်အောင် မင်း မလုပ်ပါနဲ့၊ မင်းက ဘာလဲ မင်းအတွက် မိန်းမတစ်ယောက် အနားမှာရှိနေပေးဖို့အတွက် ဘယ်သူ သေသေ မင်းသာယာဖို့ အဓိကပဲလား"

"အဘွား ကျွန်တော့်ကို အဲဒီလိုမပြောပါနဲ့"

"သား

မောင့်မျက်နှာ နီရဲနေသည်။ အံကြိတ်သံနှင့်ပြောလိုက်တာက မသာ ယာပေ။ ဒေါ်မျိုးမျိုးက မောင့်လက်မောင်းကို ဖိဆုပ်ကိုင်လိုက်ရင်း သတိ ပေးသည်။ မောင် က ဒေါ်မျိုးမျိုးလက်ကိုဖယ်ချပစ်ကာ ...

"မိန်းမတစ်ယောက် အနားမှာရှိနေမှဖြစ်မယ်ဆိုရင် ကျွန်တော့် အတွက် မိန်းမ မရှားပါဘူး၊ လွှမ်း ကို ..."

"အေးလေ မိန်းမ မရှားလို့ဘဲ တစ်ယောက်ပြီးတစ်ယောက် သေနေ တာပေါ့၊ မင်းက မြင်လိုက်တာနဲ့ ပစ်ရက်စရာမရှိအောင် ရုပ်လေးသနား ကမားဖြစ်နေတာကိုး။ မြေးလဲ အဲဒီလိုမိန်းကလေးပါပဲ၊ ဘယ်လိုတားလို့မှ မရခဲ့ဘူး၊ ခုတော့ သူလဲ လန့်သွားပြီ၊ မင်း တကယ်ပဲ လူကို တန်ဖိုးထား တာဆိုရင် မြေးစိတ်ကို ယိုင်အောင်ဖြားယောင်းတဲ့စကားတွေ မပြောပါနဲ့"

"အဘွား"

"တော်ပြီ သား"

မောင် အံတင်းတင်းကြိတ်လျက်နှင့် မျက်ရည်တွေ ဝဲလာသည်။ လွှမ်း က မျက်ရည်စက်လက်နှင့် သူ့ကို ငေးကြည့်နေ၏။

သူ့မှာတော့ မိန်းကလေးလို ဟီးခနဲငိုချလို့လည်းမရ၊ ပင့်သက်နဲ့လဲ မရှိုက်နိုင်။ ဒေါ်မြဆက် ပြောနေသမျှ စကားလုံးတွေက မီးကင်ထားသော





သံဆူးချွန်နှင့် ရင်ဝကိုတစ်ချက်ပြီးတစ်ချက် ထိုးနှက်နေသည်နှင့်တူ၏။

ဒဏ်ရာတင်သည့်ဝေဒနာဆိုလျှင်လည်း သူ သေသွားနိုင်သေးသည်။ ခုတော့ သေ ရခြင်းထက် ဆိုးရွားသော ...

"ဒီညနေ ငါတို့ ပြန်မယ်"

"မဖြစ်နိုင်ဘူး ကျွန်တော် ..."

"ဟော့ တိတ်စမ်း၊ ငါ့မြေးနဲ့မင်းကို ငါတို့ သဘောတူပေးစားထားတာ မဟုတ်သေးဘူး၊ မြေးက လိုက်မယ်ဆိုရင် ခေါ်ရမှာပဲ"

ပြောနေရင်း ဒေါ်မျိုးမျိုးဘက်ကို လှည့်လိုက်ရင်း ...

"မင်းတို့တွေ တို့ထက် အများကြီးချမ်းသာတယ်ဆိုတာ တို့ သိပါ တယ်၊ ဒါပေမယ့် ခက်တာက တို့က လူထက် ဘာကိုမှ တန်ဖိုးမထားတဲ့ သူတွေ"

"ကျွန်တော်တို့လဲ ဒီတိုင်းပဲ ဘွား၊ လွှမ်း ကို ပြန်ပေးဖို့ လုံးဝ မဖြစ်နိုင် ပါဘူး၊ အဲဒီအတွက် ဘာတွေဆုံးရှုံးသွားပါစေ၊ ကျွန်တော့်ဘဝ ဘာဖြစ် သွားသွား"

ပြောနေရင်း မောင့်စကားသံ အက်ကွဲတုန်ရီကာ ပျောက်ကွယ် သွား၏။

"သား"

ဒေါ်မျိုးမျိုးမျက်ဝန်းမှလည်း မျက်ရည်တွေနဲ့ပင်။ သူမ သွားတာက ပြေလည်အောင်ဆွေးနွေးဖို့ပါ။ ပြေလည်လို့ ဒေါ်မြဆက်ကလည်း ခေါ် ညိတ်ခဲ့ပြီးဖြစ်သည်။

သူမ ပြန်မည့်ညကျမှ လွှမ်း နေမကောင်းဘူးဟု ဖုန်းဝင်လာ ဒေါ်မြဆက် ရင်ဘတ်ထုပြီး ထ လိုက်လာခြင်းဖြစ်၏။

အကျိုးဆောင်ခဲ့ခြင်းက အကျိုးမအောင်ဘဲ ကိုယ့် ကို ရင် အောင်ပြုမိသလိုဖြစ်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သား... သားရယ်၊ မေမေ့ကို နှောင်တရအောင် မလုပ်ပါနဲ့ လူကြီးကို မာရေကျောရေပြောမိတာလဲ မကောင်းဘူး"

လက်သီးနှစ်ဖက်ကို ကျစ်ဆုပ်ထားရင်း လွှမ်း ကိုစူးစိုက်ကြည့်နေသည့် မောင့်အသားတွေ ဟုန်နေရှာသည်။ ဒေါ်မျိုးမျိုးက ထိုလက်သီးဆုပ်ပေါ်မှာ မချိတရိဆုပ်ကိုင်လိုက်ကာ ...

"သူက လွှမ်း ရဲ့ အဘွားဆိုတာကို မမေ့နဲ့ ခုချိန်မှာ သား အပြောအဆိုမှားယွင်းသွားရင် တစ်သက်လုံး ကြေကွဲသွားရလိမ့်မယ်၊ စကာလေးရှောင်နေပေးလိုက်နော် သား"

"မေ...မေ"

မောင် မသွားနိုင်ပါ။ လွှမ်း က ကြောင်ငေးငေးလေးထိုင်လျက် ဘာမှဝင်မပြော။ ဒါကိုထားခဲ့ပြီး သူ ထွက်သွားလျှင် လွှမ်း ကို စွန့်လွှတ်ပေးလိုက်ရတော့မည်။

"ကျွန်တော် ..."

မေမေ့ကို ဒါတွေပြောချင်သည်။ ပြောလို့မရ၊ ငို၍မရသည့်သောကတွေက လည်ချောင်းထဲမှာ နိုင်ခဲကျပ်သိပ်လျက် ဘာစကားမှပြောမထွက်တော့အောင် ဆီးတားကြသည်။

"မေမေ သိပါတယ်၊ မေမေက လွှမ်း ကို..."

"မြေး လိုက်ခဲ့ရမယ်နော်"

ဒေါ်မျိုးမျိုးစကားက ဒေါ်မြဆက်၏အသံကြောင့် ပြတ်တောက်သွား၏။

"လွှမ်း... မင်း ....မင်းကို မောင်သိပ်ချစ်တာ သိတယ်နော်၊ မင်း မောင့်ကို ဘဝပျက်အောင် ရက်စက်မသွားပါနဲ့"

စကားသံ ပြတ်တောက် ပြတ်တောက်ရှိသော်လည်း ပြည့်စုံအောင်တော့ ပြောလိုက်နိုင်၏။ ထို့နောက် သူ အခန်းထဲကနေ ချာခနဲလှည့်ထွက်





လာခဲ့မိသည်။

"လွှမ်းရယ်... မင်း ..."

ဧည့်ခန်းထဲမှာ ဘယ်လိုမှမငြိမ်သက်နိုင်သည့်စိတ်ကြောင့် သူ ယောက်ယက်ခတ်နေခဲ့၏။ မေမေက လွှမ်းကိုမေးမှာပါ၊ လွှမ်း ဘယ်လိုဖြေမလဲ။

ဒါမှမဟုတ် ဒေါ်မြဆက်က မေးမြန်းခွင့်တောင်ပေးပါ့မလား။ မဖြစ်ဘူး၊ လွှမ်းကို အရုပ်တစ်ရုပ်လိုပဲ ခြေကန်လုရလုရ နှစ်ပြည်ထောင်စစ်ခင်းသလိုပဲ ရင်ဆိုင်ရပါစေ၊ သူ ဆုံးရှုံးမခံနိုင်။

အချစ်ကို ကိုယ် ရင်မဆိုင်ချင်တော့တဲ့နောက်မှာ မင်းပဲ လာပေးခဲ့တာလွှမ်းရယ်။ ပထမဆုံးချစ်ခြင်းဟာ အရိုင်းစိတ်နှင့် ရူးရူးမူးမူးဖြစ်ကောင်းဖြစ်ခဲ့မည်၊ ဒါပေမယ့် စွဲလမ်းအမြစ်တွယ်တာဘ်ခြင်းတော့ မရှိဘူးထင်သည်။

လွှမ်း ကိုချစ်ရသလောက်၊ လွှမ်း အတွက် နေရာတကာ ဖြစ်ခဲ့ရသလောက် သူ့မှာ ဘာမှဖြစ်ခဲ့တာမရှိပေ။

ကိုယ့်ကို စွဲလမ်းတပ်မက်လာအောင် အချစ်တွေပေးထားခဲ့ပြီးမှ မင်းဘာဖြစ်လို့ ကျောက်ရုပ်လေးလို အသက်မဲ့စွာ ထိုင်နေခဲ့တာလဲ။

ဆိုဖာမှာထိုင်မလို့ အနားမှာရပ်လိုက်ပြီးမှ မထိုင်ဖြစ်၊ လမ်းလျှောက်နေရင်း လှုထက်ပို၍ ရင်ဘတ်ထဲမှာ ယောက်ယက်ခတ်တိုက်နေသည်။

မီးလောင်နေပြီလား၊ တစ်စစီပြုတ်ထွက်နေသည်လား၊ ဘယ်လိုနှိုင်းနှိုင်းရမှန်းမသိလောက်အောင် ပြင်းထန်စွာ လောင်မြိုက်နေခြင်းက ဆိုးရွားလှသည်။

မင်းက ပြိုင်ဆိုင်ပြီး လုရဲလို့လား မောင်၊ မင်းကြောင့် လွှမ်း ခုကဲ့[illegible] ဖြစ်သွားခဲ့တာ အရှင်းကြီးပဲ။ ဒါကို မင်း ကာကွယ်နိုင်ပါတယ်လို့ [illegible] အာမခံမှာလဲ၊ ဘယ်လို အင်အားတွေနဲ့ မင်းက လွှမ်းကို မ[illegible] မာနတွေထားပြနေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



တလွှားလွှားလှမ်းနေသည့်မောင့်ခြေလှမ်းတွေ နှေးကျသွား၏။ သူ့ဘက်မှာ တကယ်ပဲ အင်အားမဲ့ခဲ့ပြီလား။

"သား"

"ဟင်"

မေမေ့ခေါ်သံကြောင့် သူ ဆတ်ခနဲလှည့်ကြည့်မိ၏။ သူ ကြည့်လိုက်စဉ်မှာပဲ မေမေနောက်မှာ ဒေါ်မြဆက်လည်း ထွက်လိုက်လာသည်၊ မျက်နှာပြင်သည် တင်းမာနေဆဲဖြစ်သော်လည်း...

"အေးပေါ့လေ၊ ကာယကံရှင်ကမှ 'ဟင့်အင်း' ဆိုတော့လဲ မတတ်နိုင်ဘူးပေါ့"

မောင့် ကို စေ့စေ့ကြည့်ပြော၍ ရှေ့ကို လှမ်းထွက်လာသည်။

မောင့် ရင်ထဲမှာ လှိုက်ခနဲဖြစ်သွား၏။ ခြေလှမ်းတို့သည် အခန်းထဲကို ဘယ်လိုပုံစံနှင့် ပြေးလွှားသယ်ဆောင်သွားခဲ့မှန်းမသိ။

"လွှမ်း"

"မောင်"

လွှမ်းတစ်ကိုယ်လုံးကို တင်းကျပ်စွာ သိမ်းကျုံးဖက်ထားလိုက်မိ၏။ လှိုက်လှိုက်လှဲလှဲဆို့ကျပ်သွားသည့်ရင်ဘတ်က မျက်ဝန်းမှာ မျက်ရည်များအဖြစ် ရိုစွတ်ကျလာကြ၏။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း နှစ်ရပ်ကြားမှာ ဝိုကြွေးတာမဟုတ်ဘဲ မောင့်မျက်ဝန်းမှာ မျက်ရည်ဝေ့ခဲ့၏။ ပြီးတော့ လွှမ်း၏ ဆံပင်တွေထဲကို မျက်ရည်စက်တို့ စွန်းထင်းကုန်သည်။

သူမကို သူ အသက်လောက်ချစ်မိသည်။ သူမကို မစွန့်လွှတ်နိုင်။ သူမကို ဘာအကြောင်းနဲ့မှ မခွဲရက်နိုင်သော သူ၏ချစ်ခြင်းအမှန်ဖြစ်ခဲ့၍ လား။

"လွှမ်းရယ် ... မင်း မောင့်ဘက်မှာနေခဲ့တယ်နော်၊ မောင် ဝမ်းသာလိုက်တာ"





လွှမ်း သည် သူ့ကျောပြင်ကိုပြန်၍ဖက်ထားခဲ့လျက် ရှိုက်သံလေး ထွက်လာသည်။

"လွှမ်း မောင့်ကိုချစ်တယ်၊ သေရမယ်ဆိုရင်တောင် မောင့်ရင်ခွင်ထဲမှာပဲ သေမှာပါ"

"လွှမ်းရယ်... မင်း ဘယ်တော့မှ ခုလို နောက်ထပ်မဖြစ်စေရဘူး၊ မောင် အသက်ရှင်နေသရွေ့ မှဲ့တစ်ပေါက်မှမစွန်းရအောင် မောင် စောင့်ရှောက်မယ်၊ အဲဒါကိုယုံပါ၊ မင်းကို မောင့်အသက်နဲ့ထပ်တူချစ်တယ်"

လွှမ်း ၏ပါးပြင်လေးတွေမှာ မျက်ရည်တွေကို လုံးဝ ခြောက်သွေ့စေနိုင်သူဟာ မောင်ပဲဖြစ်လေသည်။ ပြီးတော့ ရှိုက်သံမစဲခဲ့သော နှုတ်ခမ်း ပါးလေးတွေမှာ ငြိမ်းချမ်းစွာ တိတ်ကျသွားခဲ့၏။

လွှမ်း ၏မျက်နှာလေးကို တပ်မက်မြတ်နိုးစွာနမ်းရင်း နာကျင်စွာ ကြည့်နေမည့် ပုံရိပ်လွှာတစ်ခုကို သတိရမိသည်။ သူမသည် ပုံရိပ် ပဲ ဖြစ်လေသည်။

မင်း သွားပါတော့၊ ကိုယ့်ကို ဒီလောက်ထိဒုက္ခပေးခဲ့ပြီးပြီပဲ သွားပါတော့ ပုံရိပ် ရယ်။ အချစ်မှာ ပုံသေနည်းမရှိဘူး၊ အဲဒါကို တမလွန်ကနေ မင်း နားလည်ဖို့ကြိုးစားပါ။

ပြောချင်တာက မင်း ကိုယ့်ကို ခွင့်ပြုပါ၊ ကိုယ် ဒီလိုဆုံးဖြတ်ခဲ့တာကို ခွင့်လွှတ်ပါ၊ မင်းနဲ့မသက်ဆိုင်တော့တဲ့နောက်မှာ ခွင့်ပြုပါ၊ ခွင့်လွှတ်ပါ။

လရောင်ကျူးရင့်

ဝေဖန်အကြံပြုစာများကို
ရွှေသမင်စာပေ
အမှတ်(၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်သို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com